
ပုဏ္ဏမိ
နှောင်ဝင်
L လင်း

# ပုဏ္ဏမိ

# နောင်ငင်


စာမူခွင့်ပြုချက်အမှတ်
၅၀၁၈၁၅၁၂၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၀၄၇၀၁၁၀
၂၀၁၀ ခုနှစ်၊ မတ်လ
ပထမအကြိမ်
တန်ဖိုး
၁၀၀ ကျပ်
အုပ်ရေ
၅၀၀
ထုတ်ဝေသူ
ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ
အမှတ် (၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်။
ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃) စေတနာ OFFEST
အမှတ်(၅၉)၊ (၁၉) လမ်း၊ ရန်ကုန်

ပုဏ္ဏမိ ၈၉၅.၈၃

နောင်ငင်/ပုဏ္ဏမိ၊ -ရန်ကုန်။
စေတနာစာပေ၊ ၂၀၁၀။
၂၉၆-စာ၊ ၁၂x ၁၈ စင်တီ။
(၁) နောင်ငင်


## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး





# ပုဏ္ဏမိ

## နှောင်ငင်

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ




ယု
မန်းမေ
စံ
ပုလဲ
တိုင်းကျော်
ကျော့စန္ဒာ
ဒေါ်မြတ်ဦး
မင်းထွဋ်





## ၁

မေမေ့ရဲ့လှုပ်ရှားမှု သွင်ပြင်ဟန်ပန်ကို ဖျတ်ခနဲမြင်လိုက်ရရုံနှင့်ပင် "ဒါပုံမှန်မဟုတ်ဘူး၊ တစ်ခုခုတော့ တစ်ခုခုပဲ" ဆိုတာကို "မန်းမေ"က ကောင်းကောင်းကြီး ရိပ်မိလိုက်သည်ပင်။ မေမေ့ရဲ့ပုံစံက အဲဒီလိုပဲ ဖျတ်ဖျတ်လတ်လတ် သွက်သွက်လက်လက်နဲ့ လှုပ်ရှားမှုတိုင်းက မြန်ဆန်ပြီး အလျင်စလိုဟန်မျိုးပါ အမြဲပေါက်နေတတ်တာကတော့ မဆန်းတော့ဘူးပဲ ဆိုပါစို့။ မန်းမေရဲ့သူငယ်ချင်းမကလေးတွေကတောင် ...

"အန်တီက ကြည့်လိုက်တိုင်း ဖျတ်လတ်သွက်လက်နေတာပဲ၊ ငါတို့အမေတွေနဲ့တော့ တကယ်ကွာတယ်။ အန်တီ့ကြည့်ရတာ လူငယ်ပုံပဲ ပေါက်နေပြီး ငါတို့နဲ့တောင် ဘယ်လောက်မှ ကွာတယ်မထင်ရဘူး၊ အရမ်းနုတာရော၊ အမြဲတမ်းဖျတ်လတ်တက်ကြွနေတာရောနဲ့ တကယ်ကြည့်လို့ကောင်းတယ်၊ (.........)နဲ့တောင် တူနေသေးတယ်"

ရုပ်ရှင်မင်းသမီး(.........)ကို မန်းမေက မကြိုက်ပါ။ အကြောင်းရင်းကတော့ သူငယ်ချင်းမတွေပြောသလိုပဲ မေမေနဲ့တကယ့်ကိုဆင်နေလို့ ဖြစ်ပါသည်။ ဖျတ်လတ်သွက်လက်တာထက် လွန်ကာ အငြိမ်မနေတဲ့ဟန်ပန်မျိုး အထိပင် တစ်ခါတရံပေါက်နေတတ်တဲ့ မင်းသမီးဟာ မင်းသမီးဆိုတော့လည်း သူ့ရဲ့နေတတ်ထိုင်တတ်ပုံ ကိုယ်နေ့သွင်ပြင်ကို အပြစ်မြင်မယ့်သူ မရှိ။ "ချစ်စရာလေးသွက်လိုက်တာ"လို့ အချစ်ဝင်နေကြသူချည်း နေမှာပေါ့။

သို့သော် မေမေကတော့ မင်းသမီးလည်း မဟုတ်ဘူးလေ။ မန်းမေရဲ့ မေမေလေ။ မိခင်တစ်ယောက်မှာမှ အသက်နှစ်ဆယ်အရွယ် ကြီးကောင့်ကြီးမား သမီးကြီးတစ်ယောက်ရဲ့အမေတစ်ယောက်လေ။

"အန်တီက အရမ်းနုတာလား၊ တကယ်ပဲ ငယ်ငယ်ကလေးပဲ ရှိသေးတာလား"ဆိုတဲ့ သူငယ်ချင်းတွေရဲ့စိတ် ဝင်တစားမေးခွန်းမျိုးကို မန်းမေ ငယ်ငယ်တုန်းကတော့ "ငယ်ငယ်ကလေးရှိသေးတာကိုး၊ မေမေက ငါနဲ့ဘယ်လောက်မှမကွာ ဘူးလေ၊ မေမေက ဆယ့်ရှစ်နှစ်မှာ ငါ့ကိုမွေးတာ"လို့ ဂုဏ်ရှိသလိုလိုပြုံးပြုံးလေး ဖြေခဲ့ဖူးပါရဲ့။ ဒါပေမဲ့ အခု အသက်နှစ်ဆယ်အရွယ်ရှိလာတော့ "ငါ့အမေက ခုမှသုံးဆယ့်ရှစ်နှစ်ပဲ ရှိသေးတာကိုး" ဆိုတဲ့ စကားမျိုးကို ဘာ့ကြောင့်မှန်းမသိ။ မန်းမေက ထက်ထက်သန်သန်ကြီး မဖြေချင်လှတော့ပါ။





သူငယ်ချင်းတွေက သူတို့ရဲ့အမေတွေ လူကြီးပိုင်းထဲဝင်စ၊ ငါးဆယ်နီးပါး ငါးဆယ်ကျော် အဘွားအိုပေါက်စလေးတွေကို မေမေနဲ့ယှဉ်နိုင်းပြီး မေမေ့ကို သဘောတွေကျ၊ အားတွေကျဖြစ်နေကြချိန်မှာ မန်းမေကတော့ တည်ငြိမ်ရင့်ကျက်စ ပြုနေကြပြီဖြစ်တဲ့ လူကြီးဆန်ဆန် သူတို့အမေတွေကိုပဲ တိတ်တခိုး အားကျကြည်ညိုနေမိတတ်တာ။

Skiny Type Jeans တွေကို သားအမိနှစ်ယောက်ဆင်တူဝတ်တတ်ကြတဲ့အခါ၊ ဟန်ပိုသွက်ပြီး လူကောင်လည်းပိုသေးတဲ့ပြင်၊ ချစ်စရာကောင်းလောက်အောင် ကြွရွလှနေတတ်တဲ့မေမေ့ထံ မြင်မြင်သမျှ ပုရိသတွေ မျက်လုံးစိုက်နေရတတ်ကြတာကို မန်းမေက ဂုဏ်ယူစရာဟု မမြင်ပါ။ ရှက်ပဲ ရှက်မိနေတတ်သည်။

မေမေကတော့ မန်းမေစိတ်ထဲ ဘယ်လိုရှိရှိ၊ သူ့ရဲ့နေတတ်ထိုင်တတ်ပုံနဲ့ စိတ်နေစိတ်ထားတို့ကို ဘယ်တော့မှပြောင်းလဲမယ့်သူတစ်ယောက် မဟုတ်ပါ။ "အရမ်းလှတာပဲ"ဆိုလျှင် "ဟင်းဟင်း ဟင်းဟင်း"။ "နုလိုက်တာ"ဆိုလျှင် တပြုံးပြုံး။ "ကလေးလေးနဲ့တူတယ်"ဆိုလျှင်တော့ ပါးစပ်မပိတ်တမ်း သဘောကျကာ "လျှောက်ပြောနေ"တို့၊ "အပိုကြီး"တို့ စတဲ့ ခပ်ချွဲချွဲကလေးဆန်ဆန် စကားလုံးများနှင့် အမျှင်မပြတ် ဖြစ်နေတော့မည်။

အဲဒီလိုမေမေမို့လည်း မန်းမေမှာ မေမေနဲ့ပတ်သက်လာရင် တစ်နေ့မှ ရင်မအေး၊ စိတ်မချနိုင်တာ သိတတ်လာတဲ့

အရွယ်မှုစလို့ပါ။ အကြောင်းကတော့ အဲဒီလောက် နုလှငယ်သွက်နေတဲ့ မေမေဟာ မန်းမေ ငါးနှစ်သမီးလောက်အရွယ်ကတည်းက မုဆိုးမလေးတစ်ယောက်လည်း ဖြစ်နေခဲ့ရလို့ပါပဲ။

ထုံးစံအတိုင်းပေါ့။ လူ့လောကသဘာဝကြီးအရ နှစ်ဆယ့်သုံးနှစ်လောက်နဲ့ မုဆိုးမဘဝ ရောက်သွားရတဲ့ မိန်းမတစ်ယောက်ဟာ ဖျတ်လတ် တက်ကြွမြန်ဆန်နေတတ်တာအပြင် ဒီပြင် တခြားနေတတ်ထိုင် တတ်ပုံတွေနဲ့ပါ ပေါင်းသောအခါ မန်းမေရဲ့မေမေဟာ ပတ်ဝန်းကျင်မှာတော့ နာမည်ကောင်းထက် နာမည်ပျက်နဲ့ကျော်တဲ့သူမျိုးပဲ ဖြစ်နေရတော့တာပေါ့။

“နာမည်ပျက်၊ နာမည်ကောင်းဆိုတာ အဲဒီလူရဲ့ဥစ္စာဓနငွေကြေးအပေါ်မှာပဲ အများကြီးတည်တယ်။ မေမေ အဲဒီနှစ်ဆယ့်သုံးနှစ်မှာ ကိုယ့်ကားကိုယ်မောင်းပြီး တိုက်ကြီးတာကြီးနဲ့ စိန်ရွှေသီးနေတဲ့ လုပ်ငန်းရှင် သူဌေးမပေါက်စတစ်ယောက် ဖြစ်ပြီးနေကြည့်စမ်း။ ခု ဝမ်းသာအားရ ပွင့်ဟာနေကြတဲ့ ပါးစပ်ပေါက်တွေ ခုလိုပဲ ပါးဖြိုနားဖြိ အတင်းကာရော ပြောချင်ဆိုချင်နေကြဦးမလား။ ပြောဝံ့ဆိုဝံ့နေကြပါဦးမလား ...

လူဆိုတာ မြေနိမ့်ရာ လှံစိုက်တတ်တယ်။ ကလေးတစ်ယောက်အမေ မုဆိုးမလေးဟာ ရုန်းကန်နေရလို့ ဖိပြောချင်နေကြတာ။ လူတကာရဲ့ ခေါင်းပေါ်မှာသာဆိုရင် ပြောချင်လွန်းတာတောင် ဗိုက်ထဲပဲ မျိုချသိမ်းထားကြ





လိမ့်မယ်။ ဘာနာမည်ပျက်မှ လွယ်လွယ်နဲ့ ထွက်လာတော့မှာ မဟုတ်ဘူး”

အမေနဲ့သမီးဟာ အယူအဆ၊ သတ်မှတ်နားလည်ပုံတွေမတူကြလည်းပဲ လွတ်လပ်စွာ သဘောထား ကွဲလွဲခွင့်ကတော့ ရှိတယ်ပဲ မဟုတ်လား။ မန်းမေကတော့ မေမေ့ခံယူချက်တွေကို သဘောအတူကြီး မဟုတ်တာတောင် ပြိုင်ငြင်းဆန့်ကျင်မနေတော့ဘဲ (မေမေ ဖြစ်စေချင်သလိုမျိုးပေါ့) ဗိုက်ထဲမှာပဲ မျိုချထားလိုက်တော့တာပါ။

စိတ်ထဲကတော့ မကန့်ကွက် မကွဲလွဲဘဲ ဘယ်နေမလဲ။ “နာမည်”တစ်လုံးဟာ “လုပ်ရပ်”ထက် “ပိုက်ဆံ”နဲ့ပဲဆိုင်တယ်ဆိုတဲ့ အယူအဆကို လက်မှမခံနိုင်တာလေ။

မန်းမေတို့နဲ့ အတူနေအဘွား မေမေ့အမေကတော့ ...

“ညည်းအမေဟာ ကနေ့ညနေလည်း အိမ်ထောင်ထပ်ပြုနိုင်တယ်။ နက်ဖြန်သန်ဘက်လည်း ဖြစ်ချင်ဖြစ်မယ်။ သူ့ယောက်ျားဆုံးပြီးကတည်းက ဆယ့်ငါးနှစ်လုံးလုံး နောက်တစ်ပင်မထူခဲ့တာဟာ သူ့စိတ်ထဲ ဘာမှမရှိတော့လို့လဲ မဟုတ်ဘူး၊ ညည်းရှိနေတာပဲလေလို့ ညည်း တစ်မျက်နှာကိုပဲ ထောက်ငဲ့နေပေးလို့လည်း မဟုတ်ဘူး။ စိတ်ကြိုက်မတွေ့သေးလို့ပဲ ဆိုတာ ညည်း မြဲမြဲလေး ခေါင်းထဲထည့်ထားပြီး ရင်ဆိုင်နိုင်ဖို့ အမြဲအသင့်ပြင်ထားပါ မန်းမေရယ်...

အဘွားရဲ့သမီး 'ယု'ဟာ ပိုက်ဆံရှိချင်လိုက်တာ၊ သူဌေးဖြစ်ချင်လိုက်တာကလည်း လွန်ရော။ သူ့ခေါင်းထဲ အဲဒီအတွေးက ထာဝရလွှမ်းမိုးနေတယ်။ ညည်းအဖေ မောင်အောင်သက်ကိုလည်း ဒီတစ်တွေးတည်းနဲ့ သူလက်ထပ်ခဲ့တာ၊ ကံကမပေါ်တော့ ဟိုကစောစောစီးစီး တိမ်းပါးသွားရတယ်လို့။ မောင်အောင်သက်သာ ရှိသေးရင်တော့ ဒီအချိန်လောက်မှာ သူမျှော်မှန်းခဲ့သလို ဂရိတ်ကြီး ဒိတ်ကြီးဖြစ်နေရရင် သူလည်း သူပြောသလိုပဲ ခလောက်ထိ သွက်သွက်ခါနေမယ်၊ နာမည်ပျက်နေရမယ် မထင်ပါဘူး ငါ့မြေးရယ် ...

အဘွားကတော့ ထိပ်ထိပ်ကြဲ ဂရိတ်သူဌေးမင်းတစ်ယောက်ယောက်နဲ့ တည်တည်တံ့တံ့ အမြန်ဆုံး အဆင်ပြေနိုင်ပါစေလို့ပဲ ဆုတောင်းတယ်။ ဒို့ပြင်တော့ နားချတာတွေ ဆုံးမတာတွေလည်း ဘာမှမလုပ်နိုင်တော့ဘူးကွယ်"

ဘယ်လောက်ပဲ "ငယ်နုချောလှနေပါသေးတယ်" ဆိုဆို ငါးနှစ်သမီးတစ်ယောက်ရဲ့အမေ နှစ်ဆယ့်သုံးနှစ်အရွယ်မှာတောင် စိတ်ကြိုက်မတွေ့နိုင်ခဲ့ရင် အသက်နှစ်ဆယ်အရွယ်သမီး ဖားဖားကြီးရဲ့အမေ သုံးဆယ့်ရှစ်နှစ်တောင် ရှိလာပြီဖြစ်တဲ့ မုဆိုးမတစ်ယောက်ဟာ ခေါင်က၊ ထိပ်က သူဌေးမင်းကြီးမျိုးကိုတော့ စိတ်ကြိုက်မှန်းနိုင်ပါဦးမတဲ့လား။ မန်းမေကတော့ သက်ပြင်းမောတွေကိုသာ လိုမ့်ချနေမိပေမယ့် မေမေကတော့ ဟိုတစ်လောလေးကတင် ...





"မန်းမေ ... ဟဲန်းဖုန်းကိုင်မလား သမီး။ ရော့ ... ဒါလေး ယူထားလိုက်မလား"

"ဟဲန်းဖုန်း ... ! "

မန်းမေကား "နင့် အဲဒီလိုအကြည့်မျိုးကြီး ငါမကြိုက်ပါဘူး" ဟု မေမေက ဘယ်နှကြိမ် ဘယ်နှခါ သတိပေးဖူးဖူး ကိုယ့်စိတ်ထဲ မအီမလည်ကြီး ဖြစ်လာရင် အဲဒီလိုအကြည့်မျိုးကြီးနဲ့ပဲ မေမေ့ကို ပြန့်ပြန်ကြည့်လိုက်မိသည်ပင်။

"ကတ်ဖုန်းလား"

"အမယ်လေး ... ဘုရား ... ဘုရား ... ကြီးကျယ်လို့။ ကတ်ဖုန်း မဟုတ်ပါဘူးရှင်၊ နံပါတ်ဖုန်းပါ။ လစဉ်ကြေးနဲ့ ပေါပေါကြီး ပြောသုံးနိုင်တဲ့ GSM အစစ်ကြီးပါ။ ယူမှာလား မယူဘူးလား"

"ဟင့်အင်း ... မယူချင်ပါဘူး မေမေ"

ကြီးကျယ်တာ မဟုတ်ရပါ။ ကတ်ဖုန်း ဖြစ်နေရင်မှ မေမေ့ရဲ့အတိုင်းအတာနဲ့ ဖျစ်ညှစ်ပြီး တတ်နိုင်ကောင်း တတ်နိုင်မယ့် အမျိုးအစား ဖြစ်နေနိုင်တာမို့ မန်းမေက စိတ်ညစ်စရာတွေကို ကြံဖန်တွေးတောနေဦးမည် မဟုတ်။ ခုဟာကတော့ ဆယ့်ငါးသိန်း သိန်းနှစ်ဆယ်နီးပါးလောက်ကို မေမေ ဘယ်ကရလို့ ဘယ်လိုလွယ်ကူစွာ သုံးစွဲပစ်လိုက်နိုင်သလဲ။

အဲဒီအချိန်ကစလို့ မန်းမေဟာ မေမေ့ကို မျက်စိဒေါက်ထောက် အပျောက်မခံတော့တာ ဖြစ်ပါသည်။ "ဒါပုံမှန်

မဟုတ်ဘူး၊ တစ်ခုခုတော့ တစ်ခုခုပဲ”ဆိုတာ သိပ်သေချာသည်။ ပိုသတိထားလိုက်မိတဲ့ အခါမှာတော့ ဖျတ်လတ်မြန်ဆန်နေတတ်တဲ့ မေမေ့ရဲ့သွင်ပြင်တွေဟာ နှစ်ဆလောက် ပိုသွက်လာသလိုပါ ရှိနေတာကို မြင်လာသည်။ ဓာတစ်ခု ထက်သန်နေပြီဆိုရင် မေမေဟာ အဲသလိုပဲ။

“အန်တီ့ကို တွေ့တယ် သိလား၊ ဟဲ့ … အန်တီ့လူကြီးက ချောတယ်တော့ အမိုက်စားပဲ၊ အတွဲညီတယ်၊ ကြည့်လို့ သိပ်ကောင်းတာပဲ”

မန်းမေရဲ့သူငယ်ချင်းမလေးတွေဟာ မန်းမေအပေါ် အ,မနာပ တမင်နှိမ်ချ ပြောဆိုချင်နေကြသူမျိုးတွေ မဟုတ်ကြတဲ့ အပြင် ခေတ်လူငယ်တွေပီပီ ချစ်စရာ့အရွယ်ငယ်ငယ် မုဆိုးမက လေးတစ်ယောက်ကို အတွဲနဲ့တွေ့ခြင်းကိစ္စမှာ “သူငယ်ချင်းရဲ့ အမေ”ဆိုတာထက် “သူတို့ရဲ့ဝမ်းကွဲအစ်မ”တစ်ယောက်လောက် လိုသာ သဘောထားပြီး စိတ်ဝင်တစားတွေ ဖြစ်နေကြတာပါ။

“ ‘လူကြီး’ ဆိုတော့ အသက်ကြီးပြီပေါ့နော်”

“ကြီးပြီပေါ့၊ အန်တီ့ထက်တော့ ဘယ်လိုမဆို ပိုကြီးတာပေါ့၊ ဒါပေမဲ့ သူကလည်း နုနုပဲ၊ ချောလည်းချောတယ်လေ”

တခြားမုဆိုးဖိုမုဆိုးမ၊ တစ်ခုလပ်တို့ရဲ့သားသမီးတွေ ပူပင်ရသလိုမျိုး “ငါ့အဖေ၊ အမေရဲ့ နောက်အိမ်ထောင်ဟာ ငါနဲ့မှ ရွယ်တူလောက် သွားဖြစ်နေမှာလား”ဆိုတဲ့ အပူမျိုး မန်းမေမှာ ရှိဖို့မလိုပါ။ မေမေ့ထက် ငယ်နေဦးမယ့် ယောကျ်ားတစ်





ယောက်ဟာ ဂရိတ်ဒိတ်ဒိတ်ကြီ သူဌေးမင်းဖြစ်ဖို့ထက် သူဌေးသားပဲ ပိုဖြစ်နေနိုင်သေးတာ မေမေက မသိဘဲနေမလား။ မေမေရွေးချယ်ပြီဆိုရင် “အသက်ကြီးကြီးထဲကပဲ ဖြစ်လိမ့်မည်”ဆိုတာ ကြိုယုံထားလို့ရသည်။

ဒါပေမဲ့ “အသက်ကြီးပါပြီ”ဆိုမှတော့ “လူပျိုကြီး” ဆိုတာသည် ဆယ်ရေးတစ်ရေး၊ ကိုးရေးတစ်ရာ အင်မတန်မှ မေးမိုန်လှသော မျှော်လင့်ချက်မျိုးသာ ဖြစ်နေလိမ့်မည်လေ။ လူလွတ် မုဆိုးဖို၊ တစ်ခုလပ်လောက်ဆိုလျှင်တောင် ကသိကအောက်နဲ့ပဲ သက်ပြင်းချနိုင်ရမှာမျိုး။ ဒါ့ထက်လည်းပိုဆိုးကာ “လက်ရှိတရားဝင်ကတော့ လွတ်လွတ်လပ်လပ် မရှိသေး”ဆိုတာမျိုးအထိလည်း ဖြစ်နေနိုင်တာကိုး။

“နင်ကလည်း … အန်တီက နင်ငယ်ငယ်ကလေးတည်းက နေ ခုထိ ဒီလိုပဲ နေလာတာလေ၊ ခုဆို နင်လည်းကျောင်းပြီးတာနဲ့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ပြန်ရပ်နိုင်တဲ့ အနေအထားမျိုး ဖြစ်တော့မယ်။ ဒီကိစ္စကို ခုမှ ကြံရမှာ၊ ဒီလောက်ကြီး ခံစားမနေပါနဲ့၊ ငါက ကိုယ်ချင်းမစာပြောတာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ နားလည်ပေးလိုက်ပါ။ အဆင်ပြေပြေထဲကပဲဆိုရင် ပြဿနာလုပ်မနေပါနဲ့ မန်းမေရယ် … ကြားလား”

မန်းမေက လုပ်ချင်နေရင်တောင် အဲဒီပြဿနာဆိုဘက တော့တော့ဆိုင်ဆိုင် ဖြစ်လာခွင့်ရမှာကျလို့။ မေမေက သူ

ကိုယ်တိုင်က ပြဿနာလို့ မထင်ရင်၊ ဘယ်သူ့ရဲ့ပြဿနာကိုမှ ပြဿနာအဖြစ် အသိအမှတ်ပြု ခေါင်းထဲထည့်မှာမှ မဟုတ်တာ။

မေမေ နှစ်ဆလောက် ပိုသွက်လာရခြင်းဟာ "အတွဲညီတဲ့ အဲဒီလူကြီး"တစ်ယောက်ကြောင့် ဆိုတာ သိလာရပြီးတဲ့အခါ မန်းမေရဲ့ အဖြစ်ချင်ဆုံးဆန္ဒက "အဲဒီလူကြီးက ဘယ်သူ" ဆိုတာထက်၊ "အဲဒီလူကြီးမှာ သားသမီးရှိသလား၊ ဘယ်နှစ်ယောက်တောင်မှ ရှိနေသလဲ"ဆိုတာကို သိချင်နေတာပင်။ ရင်တော့ ရင်ဆိုင်ရမှာပါပဲ၊ ဒါပေမဲ့ ဘယ်လိုရင်ဆိုင်ရမှာမျိုးလဲ ဆိုတာကို ကြိုသိချင်သည်။

ဘွားဘွားပြောသလို "ညည်းအမေက စိတ်ကြိုက်မတွေ့သေးလို့ပဲ"ဆိုလျှင် အခုလို ဟန်းဖုန်းတစ်လုံးတောင် နေရင်းထိုင်ရင်း အလကားပဲတင်း လက်ဆောင်ပေးထားနိုင်သူမျိုးဟာတော့ "စိတ်ကြိုက်"အမျိုးအစားထဲ ပါဝင်နေနိုင်လောက်ပြီမဟုတ်လား။

သို့သော် ...။ စိတ်တိုင်းကျ ကျေနပ်မှုတွေနဲ့ နှစ်ဆသွက်လာခဲ့တဲ့ မေမေ့ရဲ့သွင်ပြင်ဟန်ပန်တွေက စိတ်ငြိုငြင် မကြည်ရွှင်နိုင်ပုံတွေနဲ့ လေးငါးဆလောက် ထပ်သွက်လာခဲ့ပြန်တဲ့အခါမှာတော့ မန်းမေမှာ အေးအေးမနေနိုင်ပြန်တော့ပြီ။

သူငယ်ချင်းဖြစ်သူကိုလည်း ဖွင့်ပြောရ၊ တိုင်ပင်ရ၊ အကူအညီတောင်းရ၊ ကိုယ်တိုင်လည်း လိုက်ရ ချောင်းရ၊ အကဲခတ်ရ။





"ထားလိုက်ပါဆိုဟာ၊ နင်ကလည်း သိပ်အပြောရကျပ်တာပဲ"

"ထားချင်နေတာ ... ထားချင်နေတာနော် ... သိရဲ့လား၊ ထားလိုက်ခွင့်မရမှာကိုသာ စိုးရိမ်နေတာ"

မေမေ့ကို အနည်ထိုင် တည်ငြိမ်စေချင်လှပါပြီ။ ပြဿနာမလုပ်မယ့်အပြင် မေမေ့စိတ်ကြိုက် ဆိုတာမျိုးနှင့် တည့်တဲ့စစ်မှန်စွာ ပေါင်းဖက်ပြေလည်သွားတာမျိုးကိုသာ မြင်ချင်နေပါပြီ။ "ဒီတစ်ယောက်နဲ့လည်း ပြတ်သွားပြန်ပြီ"ဆိုတဲ့ နာမည်ပျက်မျိုးကိုသာ ထပ်ရင်မဆိုင်စေချင်တော့တာပါ။ မန်းမေအဖို့ကတော့ ဘာကို ဘယ်လိုရင်ဆိုင်ရ၊ ရင်ဆိုင်ရ။

အမေလုပ်တဲ့သူကို စိတ်မချနိုင်ခြင်းများစွာတို့နဲ့ (သူမကြိုက်နိုင်မှာကိုလည်း သိသိကြီးနဲ့) နောက်ကနေ လိုက်လိုက်ချောင်းနေမိသလိုရှိတဲ့ မန်းမေဟာ မေမေကိုယ်တိုင်ကလည်း ကိုယ့်လိုပဲ ခိုးကြောင်ခိုးဝှက်နဲ့ စုံထောက်မကြီးတစ်ယောက်လို လှုပ်ရှားပြုမူနေခဲ့တာပဲ ဆိုတာကို ရိပ်စားမိလာရပါသည်။ သူ့နောက်ကဘာရစပ်ပါနေတတ်တဲ့ မန်းမေကိုမှ မရိပ်မိနိုင်ရအောင် မေမေ့မှာတစ်စုံတစ်ရာအတွက် ဗျာများရတက်ပွားကာ သွက်သွက်ခါနေရသည်။ မေမေ ဘာကိုများ သဲကြီးမဲကြီး စုံစမ်းသိချင်နေရပြန်တာလဲ။

"ငါ့အမေတို့အတွဲ ဆိုတာကို နင် တွေ့မိသေးလားဟင်"

"ဟင် ! နင် ဘာတွေသွားလုပ်လိုက်ပြီလဲ"

"နှင်ဟာလေ ငါ့ကိုပဲ အမြဲမသင်မကာနဲ့ သံသယဖြစ်နေတယ်၊ ဘာဖြစ်လို့လဲ"

"မတွေ့မိတော့လို့ ပြောတာပေါ့ဟဲ့၊ နို့မို့ဆို ငါတို့နားက ကော်ဖီဆိုင်ကို ပုံမှန်တစ်ပတ်တစ်ခါလောက် အမြဲလာတတ်တာ ခုမတွေ့တာကြာပြီ"

မန်းမေမှာ သက်ပြင်းမောကြီးတစ်ခု ထပ်ချရုံကလွဲလို့ ဘာများထူးပြီး တတ်နိုင်ဦးမှာတဲ့လဲ။ ငယ်ချောနုသွက်နေတဲ့ မိန်းမတစ်ယောက် ဖြစ်ပေမယ့် အဲဒီတစ်ယောက်ဟာ နာမည်ပျက်ရှိနေတဲ့အပြင်၊ ကြီးကောင့်ကြီးမား သမီးကြီးတစ်ယောက် ရှိနေတဲ့ မုဆိုးမလည်းပဲ ဖြစ်နေပြန်တယ်လေ။ မေမေရော ကိုယ့်ဘက်မပါတဲ့ ကံကြမ္မာကို ဘာများတတ်နိုင်နေဦးမှာလဲ။

မန်းမေမှာ မေမေ့ရဲ့အရိပ်လို နောက်ယောင်ခံခြင်းအမှုကိုသာ စိတ်မောမောနဲ့ ဆက်ပြုနေရပါတော့သည်။

✦❤✦





ရှေ့ကသွားနေတဲ့ ကောင်မလေးရဲ့ ခြေဖနောင့်နဲ့ ဖိနပ်လေးတွေကို မျက်လုံးအကြည့် ရောက်နေမိရင်း "စစ်"ရဲ့ရင်ထဲမှာ တဒုတ်ဒုတ် ခုန်ပေါက်လှုပ်ရှားလျက်ရှိသည်။ ဖြူအိပြီး နုညံ့ချောမွတ်နေမယ်မှန်း သိသာနေတဲ့ ခြေဖနောင့်လေးတွေက ဝင်းလက်ပြီး အရောင်အသွေး တောက်ပနေကြသလောက် ရေတွေစိုရွှဲကာ နူးအိပျော့ဖတ်နေတဲ့ ဖိနပ်ပါးလေးတို့ကတော့ မွဲတဲတဲ စုတ်ဖတ်ဖတ်နဲ့ ပြုတ်လုပြုတ်ခင်လိုလို။

ဒီကောင်မလေးနာမည်က "မန်းမေ"တဲ့။ "မန္တလေးမှာ မွေးလာတဲ့ မန္တလေးသူမို့ ဖြစ်မှာပေါ့၊ အဲဒါကြောင့် သူ့ပုံစံလေးက ရန်ကုန်သူစစ်စစ်နဲ့ မတူဘဲ တစ်မျိုးကလေး ဖြစ်နေတာ" ဆိုတဲ့ သင်တန်းက ဘိန်းစားလိုလို၊ အခြောက်လိုလို ငနဲနှစ်ကောင်ရဲ့စကားတစ်ခွန်းနဲ့တင် မန်းမေကို စစ်က စသတိပြုမိ၊ အမှတ်သိသိရှိခဲ့ရတာ။ ဒီအရင်ကတော့ ဂိုယ်လည်း စိတ်ပါတာမဟုတ်ဘဲနဲ့ အဘွားနဲ့ဦးလေးတော်ကြီး အတင်းတွန်းထိုး ပို့လွှတ်ထားလို့ တက်ရောက်နေရတဲ့ SAT အင်္ဂလိပ်စာသင်တန်းတစ်ခုမှာ ဘယ်သူ

တွေ လာတက်နေကြလို့၊ ဘယ်သူတွေ ပါဝင်နေကြသလဲဆိုတာကို စစ်က ဂရုကို ထားခဲ့တာမှ မဟုတ်တာ။

"မန်းမေ"ဆိုတာလေးကို ပထမဦးဆုံး စတင်မြင်မိတဲ့ အမြင်တစ်ချက်နဲ့တင် "စစ်"က စိတ်တိုင်းကျ နှစ်ခြိုက်သွားမိတာ။ ကိုယ်တိုင်က ဟေးဟေးဝါးဝါးနဲ့ ပျော်ပျော်ပေါ့ပေါ့ နေတတ်လေ့ မရှိတဲ့ စစ်ဟာ အလကားနေရင်း စိတ်ပုပ်တယ်ပဲပြောပြော၊ နေရင်းထိုင်ရင်း ပျော်ရွှင်ပေါ့ပါးနေကြတဲ့ သူမျိုးတွေဆိုရင် ကြည့်လို့မရတာ အမှန်ပင်။ မန်းမေကတော့ အရွယ်ကလေးနဲ့မှ မလိုက်။ ငြိမ်နေတဲ့မျက်နှာထားမျိုး ရှိတာရယ်။ သူ့ပုံစံလေးဟာ လွတ်လပ်ပျော်ရွှင်နေဖို့ထက် တစ်ခုခုကို တလေးတနက်၊ အရေးတကြီး စဉ်းစားနေတဲ့ပုံမျိုး အမြဲပေါ်နေတတ်တာရယ်တွေကြောင့်ပဲ စစ်က မန်းမေကို မြင်မြင်ချင်းပဲ နှစ်ခြိုက်သဘောကျမိသွားပါသည်။

အဲဒါကြောင့်ပဲ အမြဲသတိထား စောင့်ကြည့်နေမိတဲ့အခါ မပျော်တတ်သလိုလို ခပ်အိုအိုမျက်နှာထားလေးနဲ့ မန်းမေဟာ တစ်စုံတစ်ခုကိုလည်း လျှို့လျှို့ဝှက်ဝှက် ကြံစည်နေသလိုလို သူ့ရဲ့လုပ်ပုံကိုင်ပုံလေးတွေက စုံထောက်လိုလို၊ စပိုင်လိုလို တိတ်တခိုး နိုင်နေတတ်လေ့ ရှိတာလေးတွေကိုလည်း သတိထားမိလာသည်။

SAT သင်တန်းကို ဘယ်လိုကျောင်းလစ်ရပါ့မလဲပဲ အမြဲချောင်းနေတတ်တဲ့ စစ်ဟာ သူ့လိုပဲ သင်တန်းကို ရောက်





လာလိုက်၊ ခိုးထွက်သွားလိုက်၊ ရက်ပျက်များလိုက် ဖြစ်နေတတ်တဲ့ မန်းမေကို ဘဝတူမို့ ပိုသဘောကျသည်။ ကောင်မလေးဟာ သင်တန်းကနေ ပြန်ခိုးထွက်သွားပြီဆိုရင် မြို့ထဲမှာ ဟိုလမ်းဝင်၊ ဒီလမ်းထွက် တက္ကစီတစ်စီးစီးပေါ် တက်ပြေးလိုပြေး။ ရည်ရွယ်ချက်မဲ့ ဦးတည်ရာမဲ့လိုလိုနဲ့ ခရီးရှည်ကြီးတွေကို လမ်းလျှောက်လိုလျှောက်။ သူ့ကြည့်ရတာ တစ်စုံတစ်ယောက်နောက်ကို သဲကြီးမဲကြီး လိုက်လံချောင်းမြောင်း နောက်ယောင်ခံလိုက်နေတာမျိုးနဲ့တောင်မှ တူနေသည်။

အဲဒီလို စုံထောက်ဆန်ဆန် ပြုမူနေတဲ့ ကောင်မလေးဟာ သူ့နောက်က တကောက်ကောက် လိုက်ပါနေတတ်တဲ့ သူ့လိုပဲ နောက်ထပ် နောက်ယောင်ခံတစ်ယောက်ကို သတိမပြုမိတာကတော့ ပြုံးချင်စရာ ကောင်းလှတော့သည်။ သူက ရှေ့ကိုပဲ အမြဲစိတ်ဝင်စားနေတတ်တာလေ။ နောက်ကို သတိမပြုမိ။ တကယ့်စပိုင်ဇာတ်လမ်းသာ ဆိုရင်တော့ နောက်ကနေ ချောင်းလုပ်ကြံလိုက်တာနဲ့တင် အသက်ထွက်နေမှာ ကြာလှရှိလောက်ပြီ။

ဒီနေ့လည်း စစ်က မိုးရွာထဲမှာတောင် အသဲအမဲခဲကြီးနေပြန်တဲ့ ကောင်မလေးရဲ့နောက်ကနေ ထပ်ကြပ်လိုက်ပါနေမိပြန်ခြင်း ဖြစ်ပါသည်။ ထုံးစံအတိုင်းပင် မန်းမေကလည်း စစ်ပါလာတာကို မသိပြန်ပါ။ မိုင်လိုရောင် Rain Coat (မိုးကာအင်္ကျီ)ကလေးဟာ သူ့ခြေသလုံးတစ်ဝက်အထိပင် ရှည်နေတာမို့ အောက်ဘက်က သရီးကွာတာ ဂျင်းဘောင်းဘီကလေးနှင့်မှ အတိ

လိုဖြစ်နေတာ။ မိုးကာအောက်ကနေ ခြေသလုံးပြောင်ရှင်းလေးတွေပဲ ထွက်လာတော့သည့်ပုံစံက အရွယ်ရောက်မိန်းမပျိုတွေမှာတွေ့ရတတ်တဲ့ ပုံစံမျိုး မဟုတ်တာမို့ ကြည့်ရတာ ထူးဆန်းပြီး အသည်းယားဖို့လည်း ကောင်းသည်။ ခြေသလုံးရှင်းရှင်းလေးတွေပြီးတော့ ဖနောင့်မွတ်မွတ်ကလေးနှင့် စုတ်တိစုတ်ဖတ် ပျော့အိနေသော ဖိနပ်အနွမ်းလေး။

မပျော်တတ်တဲ့စစ်ဟာ မန်းမေနဲ့ ဆုံရင်တော့ အလိုလိုပဲ ပြုံးနေတတ်ကာ အသည်းယား ချစ်စရာ ကောင်မလေးကို မထိခလုတ်၊ ထိခလုတ် တစ်ခုခု လုပ်ထည့်လိုက်ချင်စိတ်တွေလည်း ပေါ်လာတတ်မြဲ။ စစ်ဟာ ဗရုတ်ကျကျ၊ နောက်နောက်ပြောင်ပြောင် ကောင်လေးမျိုးတွေထဲမှာ မပါပါ။ သို့သော် မန်းမေကိုမို့ ဆိုရင်တော့ တစ်ခုခုကလေး သွား,သွားလုပ်လိုက်ချင်စိတ်ပေါ်လာတတ်တာက ဘာ့ကြောင့်မှန်းမသိ။

သို့ပေမယ့်လည်း စစ်ဟာ မန်းမေနဲ့ အဝည်တကျ၊ သွားရောက်မိတ်ဆွေဖွဲ့၊ နှုတ်ဆက်ပြောဆို ဆက်ဆံဖြစ်ဖို့ကို စိတ်ထဲ အလေ့တလျှင် မရှိမိသေးပါ။ လျှို့လျှို့ဝှက်ဝှက်နဲ့ တစ်ခုခုလုပ်နေပုံရတဲ့ ကောင်မလေးရဲ့ နောက်ကနေ ကိုယ်လည်း သူ့လိုပဲ လျှို့ဝှက်လိုက်ပါနေရတာကိုပဲ သဘော်အကျကြီးကျလျက်ရှိနေတာ။

ခင်မင်ခွင့် မရချင်သေးပေမယ့် တစ်ခုခုတော့ လုပ်ချင်လာတဲ့ စစ်ဟာ ခြေလှမ်းလိုက်တိုင်း "ဗွိ ... ဗွိ"နှင့် ပိုပြီး





ချိနဲ့နဲ့ ဖြစ်,ဖြစ်သွားတဲ့ ဖိနပ်ပါးပါး စုတ်စုတ်လေးကို ကြည့်နေရင်းနှင့်ပင် အသည်းက အရမ်းယားလာပြီး ဘယ်လိုမှ စိတ်မထိန်းသားနိုင်အောင် ဖြစ်လာသည်။ နောက်ဆုံးမှာတော့ စစ်က ကိုယ့်ရှေ့က တဗွိဗွိပျော့အိချိနဲ့လေးကို တမင်ကြီးပင် နောက်မြီးပါးကလေးကနေ တတ်နင်းဖိပစ်လိုက်မိပါတော့သည်။

"ဟာ ... ဟာ ... အား ... ဆောရီး ... ဆောရီး"

နောက်ကနေ ဆွဲထားလိုက်သလိုမို့ ရှေ့ဘက်ကိုငိုက်ငိုက် ငိုက်ငိုက်ကြီးနဲ့ စိုက်စိုက်ကြီး ဖြစ်သွားတဲ့ ကောင်မလေးဟာ အရှေ့ကိုသုံးလေးလှမ်းလောက် ချော်ထွက်သွားပြီးမှ နောက်ဘက်သို့ အံ့ဩတကြီးပုံစံကြီးနှင့် လှည့်ကြည့်လာလေသည်။ ကောင်မလေးရဲ့ ပျော့အိစုတ်ဖတ်ကလေးကတော့ ကောင်မလေးနှင့်အတူ ရှေ့ကိုပါမသွားဘဲ စစ်ရဲ့ခြေတစ်ဖက်အောက်မှာပဲ ပိမိပြီး ကျန်နေလျက်။ ကောင်းကောင်းကန်းကန်းနှင့်တော့ မဟုတ်ချေ။ သဲကြိုးတစ်ချောင်းက ပြတ်လျက် အနေအထားနှင့်သာ ဖြစ်ပါသည်။

မဟုတ်တာလည်း လုပ်လိုက်သေး။ ရယ်လည်းရယ်ချင်သေး ဖြစ်သွားတဲ့ စစ်ရဲ့တောင်းပန်စကားဟာ အရယ်မျက်နှာနှင့်မို့ မပိမရိနဲ့ တစ်မျိုးဖြစ်နေမှာတော့ သေချာပါသည်။ မန်းမေရဲ့မျက်နှာက အံ့ဩရာကနေ စိတ်ရှုပ်ထွေးသွားတဲ့ ပုံစံမျိုးပြောင်းလဲသွားသည်။ သာမန်မိန်းကလေးတွေလို ဒေါသတကြီး၊ စိတ်ဆိုးမာန်ဆိုးကြီး ဖြစ်မလာတာကိုပဲ စစ်က ပိုပြီးအသည်းယား၊ ချစ်စနိုးတွေ ဖြစ်နေမိတော့သည်။

မန်းမေက စစ်ကို ဘာမှပြောမနေဘဲ သူ့မိုးကာအင်္ကျီအောက်က ဘေးတစောင်းလွယ်အိတ်ထဲကနေ ကြွပ်ကြွပ်အိတ်ခပ်ရှယ်ရှယ်တစ်လုံးကို ဆွဲထုတ်လိုက်ပါသည်။ "ဘာလုပ်မလို့ပါလိမ့်" ဟု စဉ်းစားမရ ဖြစ်နေဆဲမှာပင် သူမလေးရဲ့ စီးထားရက်သား ဆက်ဖြစ်နေသေးတဲ့ ဖိနပ်တစ်ဖက်ကို ခြေမြှောက်ဆွဲချွတ်ကာ ကြွပ်ကြွပ်အိတ်ထဲ ထည့်လိုက်ပြီး စစ်ရဲ့ခြေထောက်အောက်က ဖိနပ်တစ်ဖက်ကိုလည်း ...

"ဟာ ... ! အဲ ... ဟို ... အဲဒါ ... ဘာလုပ်မလို့လဲဟင်"

မန်းမေက မျက်လွှာချထားရာမှ စစ်ကို မော့ကြည့်လာသည်။

"ပြန်သိမ်းတာပါ"

"ပြတ် ... ပြတ်သွားပြီ"

"သိတယ်လေ"

"ဟိုဒင်း ... လွှင့်မပစ်ဘူးလား"

"အရမ်းစုတ်နေပြီလေ" ဆိုတဲ့ စကားမျိုးကို ပြောမထွက်သွားအောင် မနည်းထိန်းလိုက်သည်။ ကိုယ့်ကိုယ်ကိုယ် အပြစ်ပေါ့အောင် ပြောချင်တာတော့ မဟုတ်ပါဘူး။ ဒီဖိနပ်ဟာ စစ်က တမင်တကာ မကျီစယ်မိလိုက်ရင်လည်း ဒီမိုးဒီရေထဲမှာ ဒီကနေ့အဖို့ ပြတ်ကိုပြတ်မယ့်ပုံမျိုးလို ဖြစ်နေတာပါ။ ပြန်ချုပ်ပြီး ပြန်ဝတ်လို့လည်း မကောင်းတော့ပါဘူး။ SAT သင်တန်းက ကောင်မလေးတချို့လို တအားကြီး အပျံစား သားနားတောက်





ပြောင်နေတာမျိုး မရှိပေမယ့် အရမ်းကြီးလည်း မွဲမှိန်စုတ်ပြတ်မနေတဲ့ မန်းမေဟာ ဖိနပ်တစ်ရံကောင်းကောင်း အသစ်ထပ်မဝယ်နိုင်လောက်အောင်တော့ မဆင်းရဲလှဘူးပဲ မဟုတ်လား။

"လွှတ်ပစ်မယ် ဆိုရင်တောင်မှ ဖိနပ်အပြတ်ကို လမ်းမကြီးပေါ်မှာ ဒီအတိုင်းပစ်စလွှတ်ခတ်ချန်ထားပစ်ခဲ့လို့ရပါ့မလား။ ပြန်ကောက်သိမ်းခဲ့ပြီး အမှိုက်ပုံးတစ်ခုခုထဲ သေချာထည့်မှ ဖြစ်မှာပေါ့။ ဒါပေမဲ့ မန်းက လွှင့်မပစ်ပါဘူး၊ ပြန်ချုပ်မှာ"

စစ်ရင်ထဲ တစ်မျိုးကြီးဖြစ်သွားကာ နောင်တရ,ရမလိုလို ဘာလိုလိုတွေ ဖြစ်လာသည်။ မန်းမေကတော့ အေးအေးဆေးဆေးပင် ဆက်၍ ...

"မေမေ့ဖိနပ်မို့ပါ။ ဒါ မေမေ အိမ်မှာစီးတဲ့ဖိနပ်။ မန်းက မှားပြီး ကောက်စီးလာမိတာ။ ဒီလောက်ဟောင်းနေပေမယ့် ဘာ့ကြောင့်မှန်းမသိ မေမေက လွှင့်မပစ်သေးဘဲ ခုထိ ဆက်စီးနေတာ သူကြိုက်လို့၊ အကြောင်းတစ်ခုခုရှိလို့နေမှာပေါ့။ လွှင့်မပစ်ပါဘူး ပြန်ချုပ်လိုက်ပြီး အိမ်မှာပြန်ထားပေးလိုက်မယ်"

ဖိနပ်ချုပ်သမားကတောင် "ချုပ်ခနဲ့မကိုက်တော့ပါဘူးဗျာ၊ လွှင့်ပဲလွှင့်ပစ်လိုက်ပြီး အသစ်ပဲ ဝယ်စီးလိုက်ပါတော့" လို့တောင် စေတနာနဲ့ အကြံပေးရင် ပေးနေဦးမှာပါ။ ဘာပဲဖြစ်ဖြစ် ကိုယ့်လုပ်ရပ်ကိုယ် အတော်ကြီး စိတ်မကောင်းဖြစ်သွားရတဲ့ စစ်က ...

“တောင်းပန်ပါတယ်၊ အများကြီး တောင်းပန်ပါတယ်ဗျာ”

“အဲလောက် မလိုပါဘူး၊ တမင်လုပ်တာမှ မဟုတ်တာ။ မတော်တဆ ဖြစ်ကြရတာပဲ။ ဘယ်သူကမှတော့ သူများ ဖိနပ်တစ်ခုကို တမင်လာတက်မနင်းပါဘူး”

တမင့်ကို တက်နင်းလိုက်တဲ့ စစ်မှာ ဘာဆက်ပြောရမှန်းတောင် မသိတော့ပါ။ မန်းမေက “သွားလိုက်ပါဦးမယ်”ဟု ပြောပြောဆိုဆိုနှင့် လှည့်ထွက်သွားတော့မှပင် ...

“ခြေထောက်ဗလာကြီးနဲ့ ကျွန်တော့်ဖိနပ် ယူလိုက်ပါလား။ ဆောင်းဘီနဲ့ပဲဟာ ဝေါကင်းရှူးစ်ကိုစီးလို့ ဖြစ်မှာပါ”

“ဒါပေမဲ့ အရမ်းချောင်နေမှာ။ လမ်းလျှောက်လိုက်တိုင်း ဖနောင့်ကနေ ကျွတ်ထွက်သွားပြီး ဖိနပ်က လမ်းမပေါ် ကျန်,ကျန်နေရစ်လိမ့်မယ်”

“ဒါပေမဲ့လည်း ဖိနပ်မပါတော့ ...”

မန်းမေက ရပ်နေရာက ဟိုဟိုဒီဒီ ဘေးဘီဝဲယာတွေကို ကိုယ်လေးလှည့်ပတ်ပြီး လှမ်းမျှော်ကြည့်လိုက်ပါသည်။ ဒီနားတစ်ဝိုက်မှာ ဖိနပ်ဆိုင်တစ်ခုခုများ ရှိနေမလားလို့ ရှာကောင်းရှာတာလည်း ဖြစ်နိုင်သည်။ ဒါပေမဲ့ တစိမ့်စိမ့်စွေပြီး ရွာနေသော ညနေခင်းမိုးရဲ့အောက်မှာ သွားလာနေကြတဲ့ ထီးပေါင်းများစွာက လမ်းမထက်က ဆိုင်းဘုတ်သေးသေးတွေကို မြင်ကွင်းကွယ်ထားကြသလိုဖြစ်ကာ ဘာကိုမှ ရှင်းရှင်းလင်းလင်း လှမ်းမမြင်သာပါ။





“အိမ်ပြန်မှာလားခင်ဗျ၊ ဘာနဲ့ပြန်မှာလဲ၊ ပြန်လိုက်ပို့ပေးရမလား”

“ဘတ်စ်နဲ့။ လိုက်မပို့ပါနဲ့ မလိုဘူး။ ဒီလိုလုပ်ပါ။ ဖိနပ်ကတော့ မဖြစ်ဘူး။ အထဲမှာ ခြေအိတ်ပါရင် ခြေအိတ်ပဲ ပေးလိုက်ပါ။ ခြေဗလာက အကြောင်းမဟုတ်ပေမယ့် အကာအကွယ်မပါရင် တစ်ခုခု တက်နင်းမိပြီး ထိခိုက်ကွဲရှနိုင်တယ်။ နောက်နေ့တွေကျမှ သင်တန်းမှာ ခြေအိတ်ပြန်ပေးမယ်”

“မန်းမေလည်း စစ်ကို တစ်သင်တန်းတည်း အတူတက်နေသူမှန်း သိနေသားပဲ”ဆိုတဲ့အတွေးက စစ်ရဲ့ရင်ထဲမှာ နွေးခနဲ ဖြစ်သွားစေပါသည်။ သူမလေးဟာ အပိုဆိုတတ်သူမျိုး ဟုတ်ပုံမရတော့ “သင်တန်းကလား !”တွေ ဘာတွေ လုပ်မနေတော့ဘဲ လိုရင်းကိုသာ တန်းပြောလိုက်ပုံရသည်။

ဟုတ်ပါရဲ့။ ဖိနပ်ဆိုရင်တော့ ပြောမနေနဲ့တော့။ ယောက်ျားဝတ်၊ ဖရီးဆိုဒ်ခြေအိတ်ကတောင်မှ မန်းမေရဲ့ခြေထောက်မှာ ခပ်ချောင်ချောင်လိုလို ဖြစ်လျက်ရှိသည်။ မျက်နှာထား ခပ်အိုအိုထားတတ်တဲ့ ကောင်မလေးဟာ သူမရဲ့ခြေထောက်ထက်က ခြေအိတ်ပွချောင်ချောင် ရေစွဲဇက်တွေကို ငုံ့ကြည့်နေရင်းက မျက်နှာပေါ်မှာ အပြုံးရိပ်ကလေးတစ်ချက်တော့ လှစ်ခနဲ ဖြတ်ပြေးသွားလေသည်။

နောက်နေ့ကျတော့ သချာလှော်ဖွပ် မီးပူပြန်တိုက်ပေးထားတဲ့ ခြေအိတ်တစ်စုံကို မန်းမေက လာပြန်ပေးရင်း သူမရဲ့မူပိုင်မျက်နှာထား ခပ်အိုအိုနှင့်ပင်။

"ပေါက်သွားတယ်"၊

"ဗျာ ! "

"လမ်းမှာ ဘာတက်နင်းမိလိုက်သလဲ မသိဘူး၊ နာပါတယ်လို့တော့ ထင်နေတာ။ အိမ်ကျတော့မှ ဖနောင့်နေရာလောက်မှာ အပေါက်ဖြစ်နေတာကို တွေ့တယ်"

စကားတစ်ခါပြောဖူးထားပြီးသား မိန်းကလေးတစ်ယောက်ကို လုံးလုံးထွေးထွေး၊ တရင်းတနှီးနဲ့ စကားရောဖောရောဆက်လုပ်ဖို့ မကျွမ်းကျင်လှတဲ့ စစ်က ...

"ဟာ ... ကိစ္စမရှိပါဘူး၊ ကျွန်တော်လုပ်လိုက်လို့ မန်းမေရဲ့ဖိနပ်ကလည်း ပြတ်သွားတာပဲဟာ။ ဖိနပ်ပြတ်တာနဲ့ ခြေအိတ်ပေါက်တာ ကျေပြီပေါ့၊ အားမနာပါနဲ့ ရပါတယ်"

စသဖြင့် စလိုက်လျှော ပြန်ပြောဖို့။

"ဟာ ... ခြေအိတ်က အစကတည်းက အကောင်းမဟုတ်ပါဘူး။ အစုတ်ကြီးပါ။ အဲဒီအပေါက်က မန်းမေ ယူစီးမသွားခင်ကတည်းက အဲဒီခြေအိတ်မှာ ရှိနေတဲ့ဟာ။ မန်းမေကြောင့် မဟုတ်ပါဘူး။ စိတ်ထဲ ဘယ်လိုမှမထားနဲ့"

စသဖြင့် ဖြီးဖြန်းရှီးရှမ်းပြီး ရင်းနှီးမှုတိုးအောင်လုပ်ဖို့။ ဘာတစ်ခုကိုမှ ခေါင်းထဲပေါ်မလာ။ ဆက်မလုပ်ဖြစ်ပါ။





မန်းမေ လှမ်းပေးလိုက်တဲ့ ခြေအိတ်ထည့်ထားတဲ့ စက္ကူအိတ်ကလေးကို လက်လှမ်းပြီး ယူလိုက်လျှင် မန်းမေကလည်း သူမရဲ့တာဝန် ကုန်သွားသလို စစ်ရဲ့ရှေ့ကနေ ခပ်ဖြည်းဖြည်းပဲ လှည့်ထွက်သွားပါတော့သည်။

အဲဒီအခါကျမှ ဘာတစ်ခွန်းမှ ပြန်ပြောမထွက်လိုက်ရတာကို ရင်ထဲ ဖျတ်ခနဲ တစ်မျိုးကြီးဖြစ်ရပြန်တဲ့ စစ်ဟာ မန်းမေ ရဲ့နောက်ကနေ ခပ်သွက်သွက် ပြေးလိုက်သွားမိရင်း ...

"ဟိုဒင်း ... ဖိနပ်က ပြန်ချုပ်ပြီးသွားပြီလား"

မန်းမေက စစ်ကို အံ့သြသလို ကြည့်လိုက်ကာ "ဟုတ်ကဲ့"ဟု ခပ်တိုးတိုးပဲ ပြန်ဖြေသည်။

"အဲဒါလေ ... အဲဒါ ဟိုဟာပေါ့၊ အဲဒီတုန်းက ဖြစ်သွားတာ၊ အဲဒါ ကျွန်တော် တမင်လုပ်လိုက်တာ"

ပြောမယ့်ပြောမိတော့လည်း ကိုယ့်ရဲ့ပေါက်ကရလုပ်ရပ်ကို သွားဝန်ခံနေမိတာမျိုး ဖြစ်နေသည်။ မန်းမေရဲ့ အံ့သြသလိုလိုရှိနေတဲ့ မျက်နှာလေးမှာ မျက်ခုံးတွေက ပိုမြင့်တက်သွားသည်။

စစ်မှာ မထူးတော့ပြီမို့ ...

"နောက်ကနေ ဖိနပ်ကို တမင် တက်နင်းလိုက်တာကို ပြောတာ"

"မဖြစ်နိုင်တာ"

"ဟာ ... တကယ်ပြောတာ"

"ဘယ်လိုမှ မဖြစ်နိုင်ဘူး။ ဒီအတန်းထဲက ဟိုဗရုတ်တွေ၊ လောင်မီးကျနေတဲ့ အုပ်စုထဲက ကောင်တွေထဲက တစ်ယောက်ယောက် လာပြောတာ ဆိုရင်တော့ ဒီစကားမျိုးက အကြွင်းမဲ့ မယုံစရာမရှိဘူး။ ခုဟာကတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ ဘာဖြစ်လို့မဟုတ်က ဟုတ်က အပိုသက်သက်တွေကို လုပ်ကြံပြီး ပြောချင်နေတာလဲ"

ခက်တော့နေပြီ။ ကာယကံရှင်ကိုယ်တိုင်က အမှန်အတိုင်း လွှတ်ခနဲ ဖွင့်ဝန်ခံလိုက်မိတာကိုပင် "အပိုလုပ်ကြံပြီး ပြောတာ"ဟု ပြန်စွပ်စွဲနေတော့ စစ်မှာ ဘာဆက်လုပ်ရမှန်းမသိ ဖြစ်နေသည်။ မန်းမေကတော့ သူ့ရဲ့ ပင့်တင်မြင့်တက်ထားတဲ့ မျက်ခုံးတွေကို မသိမသာ ခပ်ကုပ်ကုပ်လုပ်လိုက်ကာ စစ်ရဲ့အပေါ်က ဒုတိယအကြိမ်မြောက်အဖြစ် လှည့်ထွက်သွားပြန်ချေပြီ။

ဘယ်လိုကောင်မလေးမျိုးလဲတော့ မသိပေ။ အဲဒီနောက်ပိုင်းမှာလည်း စစ်နဲ့ မန်းမေတို့ဟာ အရင်ကပုံစံအတိုင်းပဲ။ ဖြစ်ရပ်တစ်ခုခုနဲ့ သိက္ခမ်းလိုက်ရတာမို့ ပိုတိုးပြီး ခင်မင်လာကြတယ်လို့မရှိ။ "တစ်ယောက်အတန်းထဲမှာရှိတာ တစ်ယောက်က သိနေသားပဲ"ဆိုတဲ့အဖြစ်ထက် ဘာမှပိုလာတယ် မရှိပါ။ မန်းမေဟာ နဂိုမူလအတိုင်း အတန်းတွေလစ်လိုက်။ မြို့ထဲမှာ ခိုးကြောင်ခိုးဝှက်၊ လျှို့လျှို့ဝှက်ဝှက် ပုံစံတွေနှင့် လျှောက်သွားနေလိုက်။ စစ်ကလည်း အတန်းတွေလစ်ကာ မန်းမေရဲ့နောက်ကနေ တကောက်ကောက် နောက်ယောင်ခံလိုက်နေလိုက်။ သူ့နောက်က





တကောက်ကောက် ပါနေတတ်တဲ့ ယောကျ်ားလေးတစ်ယောက်ကို မန်းမေကလည်း ဘယ်လိုမှ မရိပ်မိ၊ မသိရှိဘဲ ဖြစ်နေလိုက်။

ကိုယ်တိုင်က စပိုင်စုံထောက်ကြီး မဟုတ်တဲ့အပြင် အရာရာမှာ လည်ဝယ်မွတ်နေတာမျိုး မရှိတတ်တဲ့ စစ်ဟာ "မန်းမေတစ်ယောက်တော့ တစ်စုံတစ်ယောက်ကို လိုက်လံချောင်းမြောင်းနေပုံပဲ"ဟု ရိပ်မိရုံသာရှိလျက် ဒီလောက် သူ့နောက်ကနေ တရစပ် လိုက်နေတာတောင်မှ "မန်းမေရဲ့ Target (ပစ်မှတ်)က ကော ဘယ်သူလဲ"ဆိုတာကို ခုထိမရိပ်မိ၊ မတွေ့မိနိုင်သေးပါ။ "ကောင်ကလေးတစ်ယောက်ယောက်တော့ ဟုတ်မှာမဟုတ်ပါဘူး" ဟု တစ်ဖက်သတ် စိတ်ချစွာ စိတ်မဝင်စားမိလို့လည်း ဖြစ်ချင်ဖြစ်မှာပေါ့လေ။

တချို့အချိန်တွေမှာတော့ မန်းမေဟာ ကုပ်ချောင်းချောင်း ပြေးပြေးလွှားလွှားနှင့် ဖြစ်နေရာက မြို့ထဲလမ်းမကြီးတစ်နေရာရာပေါ်မှာ စိတ်ပျက်လက်ပျက်၊ မျှော်လင့်ချက်မဲ့မဲ့ကြီးဖြစ်သွားသလို၊ မတ်တတ်ကြီးရပ်လျက် ရုတ်တရက် ငြိမ်သွားတတ်လေသည်။

အဲဒီလိုအခါမျိုးကျ နီးရာအအေးဆိုင် တစ်ဆိုင်ဆိုင်မှာ ဖြုန်းစားဖြင်းစားကြီး ဝင်ထိုင်ပစ်လိုက်တတ်ကာ ငိုချင်နေသလိုလို ရုပ်မျိုးလေးနှင့် ရှိတတ်သည်။ အဲဒီလိုအချိန်မှာ တရင်းတနှီးသွားပြေးချော့မော့ ဖျောင်းဖျခွင့် မရှိတဲ့အဖြစ်ကို စစ်က တဖြည်းဖြည်းချင်း နာကျင်ခံစားတတ်လာပြီ ဖြစ်လေသည်။

အရင်ကတည်းက သူ့လိုပဲ စုံထောက်ကြီးလို ချို့ချက်လိုက်လုပ်နေရတာကို သဘောကျနေရမယ့်အစား ရင်းနှီးရော့ရှိ မြန်မြန်ထက်ထက် ရင်းနှီးပြီးသား ဖြစ်နေအောင် ကြိုးစားယူထားခဲ့ရမှာ။ ခင်မင်ပြီးသား ဖြစ်နေတော့ ဘာများထိခိုက်ဆုတ်ယုတ်စရာရှိလို့လဲ။ ခုလို အချိန်မျိုးကျတော့ အင်မတန် အသုံးတည့်အဖိုးတန်နိုင်တာပေါ့။ တော်တော်တုံးပြီး အဖြစ်မရှိတဲ့ ငါပါလား။

နောက်တစ်ကြိမ် ထပ်ပတ်သက် စကားပြောခွင့်ကို တမင်ကြီး ဘယ်လိုဖန်တီးယူရမလဲ။ စစ်မှာ ခေါင်းစားလှသည်။ အရင်တစ်ခါက ပုံစံအတိုင်း ချွတ်စွပ်(အရှက်မရှိ) ဖိနပ်အစုတ်လေးတစ်ဖက်ကို သွားထပ်တက်နင်းဖို့ရာတောင် မိုးတွင်းက ကုန်စပြုနေကာ မန်းမေကလည်း သူ့အမေရဲ့ဖိနပ်ပါ ဆိုတာကို နောက်တစ်ကြိမ်တော့ ထပ်မှားမစီးလာတော့ဘူးပဲ မဟုတ်လား။

စစ်မှာ မန်းမေရဲ့အရိပ်လို နောက်ယောင်ခံခြင်းအမှုကိုသာ စိတ်မောမောနဲ့ ဆက်ပြုနေရပါတော့သည်။

✦❤✦





အစ်ကိုနဲ့ မရီးတို့က နိုင်ငံရပ်ခြားမှာ။ နှစ်ယောက်တစ်တွဲလည်း မဟုတ်။ တစ်ယောက် တစ်ကွဲစီ။ တစ်ယောက်တစ်နေရာစီမှာ နောက်ထပ် သီးသန့်အဖော်တစ်ယောက်စီ ကိုယ်စီနှင့်ဖြစ်လေသည်။ အဲဒီတော့ သူတို့ရဲ့တာဝန်ပေးအပ်ခြင်း အသီးသီးတွေဟာ ဗြဟ္မာကြီးဦးခေါင်းလို မြေဝယ်မကျစေရေး "တိုင်းကျော်"ရဲ့ ခေါင်းပေါ်မှာသာ ဖိစီးပြီး အလိုလိုနေရင်း ရောက်ရှိလာရတော့တာပေါ့။

တစ်ဦးတည်းသော တူတော်မောင်ကလေး ဖြစ်သူ "စစ်"ရဲ့အထွေထွေကိစ္စ အဝဝဟာ တိုင်းကျော်ရဲ့ကိစ္စချည်းဖြစ်လျက် ကိုယ်တိုင်က ကိုယ်ပိုင် ကလေးတစ်ယောက်ယောက်လောက်များ မွေးထားမိရင်တောင် စစ်ကိုလောက် ပူတောင့်ခန်းပင့်နဲ့ စားဒီစိတ်၊ သွားဒီစိတ် ဖြစ်နေရလောက်မည် မထင်မိပေ။

စစ်ကိုတော့ အစ်ကိုဖြစ်သူက ပေလျှာက်လောက်အပ်ရင်တောင်၊ မရီးဖြစ်သူနဲ့ တိုင်းကျော်ရဲ့မိခင်ကြီးတို့ကတော့

တတွတ်တွတ် တဖွဖွ ဆိုသလို အားမနာစတမ်း ကိုယ်ချင်းမစာစတမ်း ထိုးအပ်ခေါင်းပေါ်ပုံကြတော့တာဖြစ်သည်။ အမေဖြစ်သူ (စစ်ရဲ့အဘွား)ကတော့ မိတကွဲ ဘတကွဲ ဖြစ်နေရှာတဲ့ မြေးငယ်ကို သနားချစ်နဲ့ အမြဲသည်းသည်းလှုပ်တတ်သူမို့။ မရီးဖြစ်တဲ့ "မပုလဲ"ကတော့ဖြင့် သူ့ကို တိုင်းကျော်တို့က လက်ညှိုးထိုးအပြစ်ပြောမှာစိုးလို့ သူကိုယ်တိုင်ကအရင် လက်ဆယ်ချောင်းစလုံးထိုးထားပြီး" ဂရုစိုက်၊ ဂရုစိုက်၊ ဂရုစိုက်"ဟု Non-stop အော်နေပုံမျိုး ဖြစ်လေသည်။

အဲဒီ မပုလဲ အကြောင်းကတော့ မပြောချင်ပါဘူး။ တိုင်းကျော်မို့ဆို သူကငယ်နိုင်။ နိုင်ဆို အစ်ကိုဖြစ်သူ "ပြည့်ကျော်" နှင့်သာ ချစ်ကြိုက် ညားကွဲ အထိတွေ ဆက်တိုက်ဖြစ်သွားတာ၊ တကယ့်တကယ်က မပုလဲ ဆိုတာ တိုင်းကျော်ရဲ့ ငယ်ချစ်ဦးကိုး။ ကိုယ့်ထက် နှစ်နှစ်လားကြီးတဲ့ အိမ်နီးချင်း အစ်မကြီးမို့ တန်ဖိုးထားပြီး မြတ်နိုးလိုက်ရတာ။ သူကတော့ တိုင်းကျော်ကို လက်ညှိုးလေးတစ်ချောင်းပေါ်တင်ကာ လှည့်ပတ်ကစားပြီးမှ အပြီးသတ်ကျတော့ (အဲဒီအချိန်ကတည်းက ငယ်ငယ်ရွယ်ရွယ်နှင့် ဆရာဝန်ကြီးဖြစ်ကာ ဝင်ငွေကောင်းနေပြီဖြစ်တဲ့) အစ်ကိုပြည်ကျော်နှင့်သာ ဖြုန်းခနဲ လက်ထပ်ပစ်လိုက်သည်။

"မိဘတွေက အဲဒီလိုပဲ စီစဉ်ကြတာကိုး တိုင်းရယ်" ဆိုတဲ့ ရှုံ့ရှုံ့မဲ့မဲ့ အပြောလေးကို တစ်စက်မှ အဲယုံအကြည်မရှိပေမယ့် တိုင်းကျော်က ဘာမှပြန်မချေပခဲ့သလို ရမ်းရမ်းကားကား





ပေါက်လားကွဲလားလည်း ဘာတစ်ခုမှ မလုပ်ခဲ့ပါဘူး။ ဒါပေမဲ့ သူတို့နှစ်ယောက်လည်း ပြန်ကွဲကြရော (တူကလေး"စစ်"ကိုတော့ အရမ်းသနား ကရုဏာသက်မိပေမယ့်) စိတ်ပုပ်တယ် စိတ်ယုတ်မာရှိတယ်ပဲပြောပြော တိုင်းကျော်တို့ ဝမ်းသာလိုက်တာ။ ပြုံးမနေမိအောင် မနည်းနှုတ်ခမ်းကိုက်ထားရတယ်ပဲ ပြောပါတော့။

"အစ်ကိုနဲ့ကွဲတဲ့ ငယ်ချစ်ဦးကို ကိုယ်များပြန်ရဦးမလား"လို့ ကြာကူလီတွေးနဲ့ မဟုတ်ရပါဘူး။ တိုင်းကျော်မှာလည်း အဲဒီအချိန်က လူကြီးမိဘတွေပဲ စီစဉ်ပေးစားထားကြတဲ့ အိမ်ထောင်ဖက်ဇနီးသည်နဲ့ ဖြစ်နေပါပြီ။ ဒါပေမဲ့ ဝမ်းကိုသာတာ။ ဖြစ်နိုင်ရင် "မှတ်ကြပလား"လို့တောင်မှ နှစ်ယောက်စလုံး မျက်နှာတွေ စေ့စေ့ကြည့်ပြီး သွားပြောချင်တာ။

လှတာလေးလောက်ရှိပြီး ပါးစပ်တစ်ပေါက် အင်မတန်ဆိုးကာ သူချည်းနိုင်ချင်တဲ့ မိန်းမမျိုးကို အင်မတန် ချစ်မြတ်နိုးခဲ့တဲ့ တိုင်းကျော်လို ငယ်နိုင်ကြီးကသာ သည်းခံနိုင်တော့မပေါ့။ သူကိုယ်တိုင်က မာနကြီး ဘဝင်မြင့်နေတဲ့ အစ်ကိုကလား ကြာရှည်ကြာမျှား သည်းခံနိုင်မှာ။ တစ်ဖက်က ကြည့်ပြန်တော့လည်း ချောမောခန့်ညား အဆင့်မြင့်ပညာတတ်တဲ့ ပြည်ကျော်ဟာ တိုင်းကျော်လို သူနိုင်တိုင်းခံမယ့် အချစ်ရူးကြီး မဟုတ်တဲ့အပြင်၊ မာနသာကြီးတာ သစ္စာကျတော့ ကောင်းကောင်းကန်းကန်းမှ မတည်မြဲတတ်တဲ့သူပဲဟာ။ မပုလဲသည်လည်း ကိုပြည်ကျော့်ကို ဘယ်နှလဘယ်နှနှစ် သည်းခံပေါင်းနေနိုင်မှာတဲ့လဲ။

နဂိုတည်းက ရှေ့ရေးကို မျက်စိတစ်ဆုံးကြည့်ပြီးမှ တန်ရာ တော်ရာ တူရာ ကြည့်ရှုမစီစဉ်ခဲ့ကြတဲ့ မိဘတွေရော၊ လှတာမက်ပြီး ညှိချစ်သူကိုမှ လုချင်တဲ့ အစ်ကိုရော၊ ဂုဏ်မက်ပြီး သစ္စာဖျက်ချင်တဲ့ ငယ်ချစ်ဦးရော ကယောင်ကတမ်း မျှော်လင့်ချက်အိပ်မက်တွေကနေ လန့်နိုးကြတဲ့အချိန်မှာ သူတို့ရဲ့အိမ်ထောင်ရေးက လက်ထဲကကြွက်ဥ မြေကြီးပေါ် လွတ်ကျသလို "ခွပ်"ခနဲမြည်၊ "ဖျတ်"ခနဲ ကြေမွပျက်စီးသွားရပြီပေါ့။

စိတ်ပုပ်ပုပ်နဲ့ "ရှကောင်းတယ်"ဟု ဝမ်းသာခဲ့ရပေမယ့် နောက်ဆုံးကျတော့ သူတို့ရဲ့တာဝန်ဟာ တိုင်းကျော်ရဲ့ခေါင်းပေါ်မှာ။ သူတို့ကတော့ "နောက်ကျတဲ့ခြေထောက် သစ္စာဖောက်" လို့ မကြွေးကြော်ရုံတမယ်။ မိခင်တိုင်းပြည်ထဲကပင် အလုအယက်ပြေးထွက်ကြကာ တစ်ပြည်တစ်ရွာတွေမှာ သွားရောက်အခြေချကြ။ အိုးသစ်အိမ်ရာသစ်တွေ ထူထောင်ကြ။

စစ်ကိုတော့ တိုင်းကျော်တို့ မိခင်ကြီးက "အမိအဘမပီသကြတဲ့ဟာတွေ။ ကလေးကို တစ်ယောက်မှ ခေါ်သွားမယ် မကြံကြနဲ့ ငါနဲ့ ဒီမှာပဲ ထားခဲ့ကြ"လို့ တစ်ချက်လွှတ်အမိန့်နဲ့ ဆွဲခေါ်ထားလိုက်တာပါ။ အမေကတော့ သူ့အမိန့်အောင်တယ်ပဲ ထင်ပြီး ကျေနပ်နေမှာပေါ့။ တိုင်းကျော်ကတော့ အမေ့ရဲ့စကားကြောင့် ကိုပြည်ကျော်နဲ့ မပုလဲတို့ ဝမ်းမနည်းကြမယ့်အပြင် ကျိတ်တောင်မှ ဝမ်းသာနေကြဦးမှာဟု တစ်ထစ်ချ သိနိုင်သည်။





စစ်ခမျာ အဘွားရဲ့မေတ္တာ၊ ဦးလေးရဲ့စောင့်ရှောက်မှုတွေနဲ့ ငွေရေး ကြေးရေး စီးပွားရေးဆိုလည်း မပူပင် မကြောင့်ကြရဘဲ အလျှံပယ်ပေါများစွာ သုံးစွဲကြီးပြင်းခဲ့ရတယ် ဆိုပေမယ့် မိဘမေတ္တာနဲ့ မိသားစု စည်းလုံးသိုက်ဝန်းမှု ဆိုတာကြီးတွေကတော့ လုံးဝပျောက်ဆုံးနေသလို ရှိတာမို့ ပြည့်ပြည့်စုံစုံ ကြားကပဲ မပြည့်မစုံ ကြီးပြင်းလာခဲ့ရတဲ့ ကလေးပဲ ဆိုပါစို့။ ဆိုးသွမ်းမိုက်မဲနေတာမျိုး အထူးမရှိပေမယ့် သူ့မှာ inferiority complex (အငုံ့စိတ်)ကတော့ အပြည့်အဝ ရှိနေသည်။

ရွယ်တူယောကျ်ားလေးတွေတိုင်းမှာ တွေ့ရနိုင်တဲ့ ဖျတ်လတ်တက်ကြွစိတ်၊ ရဲရင့်လူရာဝင်စိတ်တို့လည်း နည်းပါးကာ အေးတာထက် အ,တာဆိုတဲ့ ပုံမျိုးလေးပါ ပေါက်နေသည်။ တိုင်းကျော်သာ နောက်ကနေ တကောက်ကောက် မျက်စိဒေါက်ထောက် လိုက်စောင့်ရှောက်မနေနိုင်ရင် သူများနှပ်သမျှ နိုင်သမျှခံသွားရမယ့်ပုံမျိုးလေး ဖြစ်တဲ့အပြင် မသမာသူတွေရဲ့ ဆွဲဆောင်မှုနောက်မှာ နည်းမျိုးစုံနဲ့ ပျက်စီးရင်လည်း ပျက်စီးသွားနိုင်မည့် ကလေးမျိုး ဖြစ်ပေသည်။

တိုင်းကျော်အနေနဲ့ကလည်း အမေနဲ့ တူတို့နဲ့ အတူတစ်အိမ်တည်းနေတာ မဟုတ်တဲ့အပြင် စီးပွားရေးအလုပ်ကိစ္စတွေကလည်း ရှိနေပြန်တဲ့အခါ စိတ်ရှိသလောက် စက္ကန့်မလပ် မျက်ခြည်မပြတ်စောင့်ရှောက် နေနိုင်တာမျိုးတော့လည်း မဟုတ်ပါပေ။ နောက်တစ်ခုရှိတာက တိုင်းကျော်နဲ့ မပုလဲတို့ရဲ့ဇာတ်လမ်းဟောင်း

ကို ကြားဖူးနားဝရှိတဲ့ တိုင်းကျော်ရဲ့ဇနီးကလည်းပဲ တစ်မော်ကဲဆို သလို။ အမေ့ကိုတော့ ကြိုက်သလောက် ပေးကမ်း၊ ဂရုစိုက်။ သူ ဘာမှမမှုတတ်ပေမယ့် စစ်ကိုမို့ အချိန်ပေး ဂရုစိုက်ချင်ပြီဆိုရင် သူ့မှာလည်း တက်မတတ် ချက်မတတ် မနာလိုလုံးက ဆို့နေ ပြီ။

တိုင်းကျော်တို့ကလည်း ကိုယ်ပိုင်ကလေး မရကြဘူး ဆိုတော့ သူ့မှာ စစ်ကို အဲဒီဘက်ကလည်း လှည့်ပြီး တစ်မျိုးစိတ်ပူ၊ မနာလိုရပြန်လေသည်။ "သူ့ရဲ့ဆွေမျိုးညာတိ၊ ဝမ်းကွဲမိတ်သင်္ဂဟတွေထဲက ကလေးတစ်ယောက်ယောက်ကို မွေးစားပါမယ်" ချည်း တစ်ချိန်လုံးလုပ်နေလို့ ...

"သူများကလေး မွေးစားဖို့ဆိုတာ လုံးလုံးကို ဝါသနာမပါဘူးကွာ၊ ငါလည်း စစ်ကိုတောင် မမွေးစားရင် မင်းလည်း မင်းရဲ့ပတ်ပတ်လည်တွေထဲက တစ်ယောက်ယောက်ကို မွေးစားဖို့စကားတော့ နောက်တစ်ခါ ထပ်မပြောတော့ကြေး၊ ဟုတ်ပြီလား"

တိုင်းကျော်ရဲ့ ကြင်သူဇနီးက စစ်ကိုပဲ သဲမဲပြီးမနာလိုနေတတ်တာ တစ်မျိုးတော့ ကောင်းသည်ဟု တိုင်းကျော်က ထင်ပါသည်။ "တိုင်းကျော် တစ်ယောက်တော့ စစ်ကို ဘာတွေများ ပေးကမ်းနေ၊ ကျွေးနေပြီလဲ" ဆိုတာရယ်၊ "ဘယ်လောက်ဖူးဖူးမှုတ် အလိုလိုက်နေပြီလဲ" ရယ်၊ "စစ်မှာ ဘာအပြစ်တွေများ ရှိနေနိုင်မလဲ" ဆိုတာတွေရယ်ကို အမြဲကို ချောင်းမြောင်းအနံ့ခံနေ





တဲ့ သူ့အကျင့်ကြောင့် တိုင်းကျော်မှာ ပိုက်ဆံပေးခန့်ထားစရာ တဲ့ "လက်ထောက်စုံထောက်ကျော်" တစ်ယောက် အလိုလိုနေ ရထားသလိုဖြစ်နေတာပါ။ တစ်ခုခုဆိုရင် တိုင်းကျော်ကမသိ က်ဘဲ လွတ်သွားရင်တောင် "အပြစ်ရှာ" နေတဲ့ ဇနီးသည်က ဖြစ်အောင်တွေ့ကာ ပြောဖြစ်အောင် ပြန်ပြောပေလိမ့်မည် ။

ခုတလောတော့ တိုင်းကျော်က စစ်ကို နည်းနည်း သော်ဖြစ်နေသည်။ အလုပ်ကိစ္စတွေများလို့ တစ်လကိုးသီတင်း လောက် မျက်ခြည်ပြတ်သွားမိပါတယ် ပြန်သတိထားမိတော့ ဟာ အချိုးတွေပြောင်းနေတာကို တွေ့ရတော့သည်။ တစ်ခုခုကို ကြောင်ခိုးဝှက်နဲ့ ကျိတ်လုပ်နေသလားလို့။

စိတ်မလေအောင် ပေးတက်ခိုင်းထားသော သင်တန်း တွေကို လစ်နေတာလောက်ကတော့ တိုင်းကျော်က တစ်ခါတလေ က်စိမှိတ် လျစ်လျူပြုရှုထားလိုက်တာပါ။ ခုဟာက သင်တန်း တွေကို လစ်နေတဲ့အပြင် မြို့ထဲမှာ ဟိုနေရာ ဖျတ်ခနဲ၊ ဒီနေရာ လစ်ခနဲတွေ အတွေ့ရများလာကာ သူငယ်ချင်းအပေါင်းအသင်း တွေလည်းမပါ၊ တစ်ယောက်တည်းပင် တစ်ခုခုကို ကြံစည်နေ သလိုလို သူခိုးပုံစံ ကုပ်ချောင်းချောင်းနှင့် အမြဲမြင်မြင်နေရပါ သည်။

"အေး ... စစ်ရေ၊ မင်း သင်တန်းတွေ ဘာတွေရော ပုံမှန် တက်ဖြစ်နေရဲ့လားကွ"

စစ်ဟာ တစ်ခါတလေကျ မေးတစ်ခွန်း ပြောတစ်ခွန်း။ တစ်ခါတလေကျတော့ အဲဒီထက်ဆိုးကာ ခေါင်းညိတ်ခေါင်းခါသာ ပြန်ရတတ်တဲ့ ကလေးမျိုးဖြစ်သည်။ အဲဒီထက်ပင် ပိုဆိုးဦးမည် ဆိုရင်တော့ ခေါင်းပင်မလှုပ်တော့ဘဲ မေးခွန်းထုတ်တဲ့လူကို ခပ်စိုက်စိုက်ကြီးပဲ ပြန်ကြည့်နေတတ်ကာ သူ့ဟာက "အင်း"လား၊ "ဟင့်အင်း"လား၊ ငြင်းတာလား၊ ဝန်ခံထောက်ခံတာလား ဆိုတာကို မေးတဲ့လူကိုယ်တိုင်ကပဲ သူ့မျက်နှာရိပ်အကဲကိုကြည့်ပြီး ကိုယ့်ဘာသာ ပြန်လည်အဖြေထုတ်ယူရမှာမျိုးတည်း။

ခုလည်းပဲ စစ်က တိုင်းကျော်ကို စိုက်ကြည့်ရုံသာ ကြည့်နေသည်။

"မင်းကို မြို့ထဲ ဟိုဟိုဒီဒီမှာ တော်တော်တွေ့နေရတယ်လို့ လူပြောများနေကြတယ်ကွ"

သူ့ကိုမကြည်လင်လှတဲ့ ဇနီးသည်ကို စစ်ကလည်း မကြိုက်တတ်လှတာမို့ တိုင်းကျော်က "လေးလေး အလုပ်ထဲက လူတွေက ပြောလာကြတာပါ"ဟု မြန်မြန်ဖြည့်စွက်လိုက်ရသည်။

"အကြောင်းထူး တစ်ခုခုများ ရှိနေလို့လားကွ၊ ဥပမာ ... ကောင်မလေးကိစ္စတို့ ဘာတို့"

ခေါင်းခါပြသည်။

"မင်း ဒီအချိန်အထိ မိန်းကလေးတစ်ယောက်ယောက်ကို စိတ်မဝင်စားသေးဘူး ဆိုတာလည်း ပုံမှန်တော့ မဟုတ်ဘူးကွ။ ဦးလေးတန်မဲ့နဲ့ ကိုယ့်တူအတွက် လိုက်ရှာဖွေ





ဖန်တီးပေးရမလိုတောင် ဖြစ်နေပြီ။ ဘယ်လိုလဲကွ မင်းကလည်း"

စကားပြန်မရ။

"အေးပါကွာ ... သင်တန်းတွေမှာ ရက်ပျက်ရှိနေတာက အကြောင်းတော့ မဟုတ်ပါဘူး။ အပြီးသတ်ကျ အရည်အချင်းစစ် စာမေးပွဲတွေမှာ အဆင်ပြေရင် ပြီးတာပါပဲ။ ဒီ့ပြင်တစ်ခုခုရှိရင်တော့ လေးလေးကို ဖွင့်ပြောစေချင်တယ်ကွာ။ စစ်ကိုတော့ လေးလေးက တခြားလူငယ်လေးတွေကို ပူရသလို ဆေးတို့ ဘာတို့တော့ မပူပါဘူး၊ ဒါမျိုးမှာတော့ လုံးဝယုံကြည်စိတ်ချထားလိုက်မယ်ကွာ"

မပူကတော့ ဘယ်ရှိမလဲ။ ဒီလိုပဲ ပြောရတာပေါ့။ စကားခေါ်ပြောကြည့်ပြီး မျက်နှာရိပ် မျက်နှာကဲကိုပါ မပြတ်အကဲခတ်နေလိုက်တဲ့အခါ တကယ်ပဲ လျှို့ဝှက်ချက် တစ်ခုခုက ဒီကလေးရဲ့ရင်ထဲမှာ ရှိနေပြီဖြစ်ကြောင်း မျက်လုံးတွေကတစ်ဆင့် တိုင်းကျော်က ရိပ်မိသေချာလိုက်ရသည်။ ဘာများဖြစ်နိုင်မလဲ။ သူ့ဟာက လူမမြင်ကွယ်ရာမှာ ကျိတ်လုပ်နေရမယ့်ဟာမျိုးတော့ ဟုတ်ပုံမရ။ လမ်းမကြီးတွေထက်မှာ ဟိုဟိုဒီဒီ အတွေ့ရများလာခြင်းသာမို့ သူ့ရဲ့လျှို့ဝှက်ချက်ဟာ လမ်းတွေပေါ်မှာသာရှိရမည်။

ထိုအချိန်မှာ တိုင်းကျော် သတိထား တွေ့ရှိလိုက်မိတာက မိန်းမနှစ်ယောက် ဖြစ်ပါသည်။ တစ်ယောက်ကတော့ နီးနီးစပ်စပ်မို့ ဦးစွာ ခြေရာကောက်မိလိုက်ခြင်းဖြစ်ကာ ပထမ

တစ်ယောက်က စစ်နဲ့ မတိမ်းမယိမ်း ကောင်မလေး။ ချောတယ်လှတယ်လည်း မဆိုသာတဲ့ မှုန်ကုပ်ကုပ် မှိုင်တိုင်တိုင်နဲ့ ကလေးမလေးမှာ စစ်အတွက် ဘာများစိတ်ဝင်စားစရာ ရှိပါလိမ့်ဟု စဉ်းစားမရ ဖြစ်နေချိန်မှာ ဒုတိယတစ်ယောက်ကိုပါ တိုင်းကျော်က နောက်တစ်ဆင့် ထပ်မံပြီး သတိထားမိသွားရခြင်းဖြစ်သည်။

ဒုတိယတစ်ယောက်ကတော့ ချောလှ သွက်လက်ဖျတ်လတ်နေလိုက်တာ ... ပညာသည်ရုပ်ပင်ပေါက်နေပြီဟု တိုင်းကျော်က ထင်မိသည်။ ဒီလိုမိန်းမမျိုးဟာ မနူးမနပ် အတီးအတကောင်ကလေးမျိုးကို အလွယ်လေး ကစားသွားနိုင်တဲ့ Type မျိုးပေါ့။ စစ်လောက် မအဘူးဟု ကိုယ့်ဘာသာ ထင်ထားတဲ့ တိုင်းကျော်ပင်လျှင် နစဉ်က မပုလဲနဲ့ ခံလိုက်ရတာ ကြည့်ပါလား။ ခုတစ်ယောက်က မပုလဲထက်ပင် ပညာပြည့်ဝမယ့်ပုံ။ အသက်ကလည်း စစ်နဲ့ဆို ခုနစ်နှစ် ရှစ်နှစ်လောက်တော့ ကြီးနေနိုင်တာပေါ့။

အဲဒီတော့ စစ်ရဲ့အမိက တားဂက်က ရုပ်သိပ်မရှိလှတဲ့ မှိုင်တိုင်တိုင် ရှယ်တူကိုလား။ လှပကြော့မော့ သွက်လက်နေတဲ့ အရွယ်ချင်းမမျှ၊ ပညာချင်းမမျှသူကိုလား။

[တိုင်းကျော်မှာ ကိုယ့်တူအတွက်သာ တစိုက်မတ်မတ်အာရုံထည့်ထားခြင်းမျိုးဖြစ်ရာ စစ်ရောက်ရှိနေတတ်တဲ့ ပတ်ဝန်းကျင်တွေမှာ အမြဲလိုရှိနေတတ်တဲ့ မိန်းမနှစ်ယောက်ကို တစ်ဦးစီ





ရိပ်မိလိုက်ခြင်း ဖြစ်ပါသည်။ ကိုယ့်ကိုယ်ကိုယ်တော့ လူကဲခတ်ကောင်းလှပြီ လည်လှပြီလို့ အထင်ရောက်နေပေမယ့် "အဲဒီနှစ်ယောက်ဟာ အဆက် အစပ်တွေပဲ"ဆိုတာကိုရော၊ "အရွယ်ကြွာတဲ့တစ်ယောက်ဟာ စစ်အတွက်ထက် ကလေးမလေးရဲ့ Target (ပစ်မှတ်)တစ်ခုသာ ဖြစ်နေတယ်"ဆိုတာတို့ကိုပါ မှန်မှန်ကန်ကန် ရိပ်မိနိုင်ခြင်းတော့ မရှိပါ။]

စိတ်ထဲမှာ အတော်ကြီးကို ကျလိကျလိနဲ့ နောက်ကျိပူပင်လာချိန်မှာတော့ တိုင်းကျော်က မိန်းမ မသိအောင် စစ်နှင့်နှစ်ယောက်တည်း ညဘက်တစ်ခုမှာ စားသောက်ဆိုင်အတူထိုင်ဖြစ်ကြကာ ...

"ဒီအရွယ် တူတစ်ယောက်ကို အုပ်ထိန်းသူ ဦးလေးကနည်းနည်းပါးပါးတော့ သောက်တတ်ဖို့ သင်ပေးနေရတာတော်တော် ကမောက်ကမနိုင်တဲ့ ကိစ္စပဲကွ။ မင်းအဘွားကတော့ ငါ့ကို ဒါမျိုးကိစ္စတွေမှာ မင်းအတွက် မာရ်နတ်မင်းပဲလို့သာ သဘောထားတာကွ"

ပြုံးဖော်ရသည်။

"မင်းသိတဲ့အတိုင်း မင်းနဲ့ နှစ်ယောက်တည်း အေးအေးလူလူ စားသောက်ချင်လို့ အိမ်ကဟာကိုလည်း မနည်းလိမ့်ချန်ထားခဲ့ရတာ။ လက်ပေါက်ကပ်လိုက်တာကွာ။ မိန်းမဆိုတာ ဒါမျိုးပဲကွ စစ်ရ။ မင်းကတော့ မိန်းမတွေအကြောင်းဘယ်လောက်ထိ သိပြီးပြီလဲတော့ မသိဘူးပေါ့။ မရှိမကောင်း

ရှိမကောင်း၊ မပေါင်းလည်းခက် ပေါင်းလည်းခက် ဆိုတာ ဘယ်သူတွေ စ,ပြောခဲ့တဲ့ ဆိုရိုးလဲကွာ။ ကောင်းလိုက်တာ၊ မှန်လိုက်တာ၊ ငါ့ပတ်ဝန်းကျင်က အနီးစပ်ဆုံးမိန်းမနှစ်ယောက်ကိုပဲ ကြည့်လေ။ အမေကတစ်မျိုး၊ မိန်းမကတစ်မျိုး။ နှစ်ယောက် နှစ်မျိုး။ အမယ်လေး"

ကိုယ်ကပဲ "မိန်းမဇိကာ"တစ်ကျမ်းလုံး အရည်ကျိုသောက်ထားပုံနဲ့ စကားဝိုင်းကို မိန်းမ မကောင်းကြောင်းနဲ့စဖွင့်လိုက်တဲ့အခါ စစ်ထံမှ စိတ်ဝင်စားသလို မျက်လုံးမျိုးတွေကို ပြန်ရသည်။

"မင်း မိန်းမတွေအကြောင်းများ သိချင်ရင် ငါ့ကိုသာ ဆရာတင်စမ်းပါ။ အောင်မြင်ပျော်ရွှင်နေပုံနဲ့ ငါသာလျှင် အနိုင်ရတာပါဆိုတဲ့ အကောင်မျိုးတွေကိုတော့ သွားဆရာမတင်မိလေနဲ့။ ခံစားနေရပါတယ်ဆိုတဲ့ ကောင်တွေကို ဆရာတင်မှ ကိုယ်လည်း တကယ်ကြုံရရင် ဘယ်လိုရှောင်နိုင်တိမ်းနိုင်၊ ကြည့်ကျက်လှုပ်ရှားနိုင်မလဲ ဆိုတာ ခံနေရတဲ့ ကောင်မျိုးတွေမှာသာ နည်းလမ်းကောင်းတွေ ဘဝနဲ့ရင်းပြီး ရှိနေနိုင်တာ။ အဲဒါ သဘောပေါက်ထားကွ"

စစ်က အသံခပ်သဲ့သဲ့ထွက်ကာ ရယ်လေသည်။

"မင်းသာဆိုရင်ကော ! ဘယ်လိုမိန်းမမျိုးကို သဘောကျတတ်သလဲ၊ မိန်းမတွေနဲ့ ကင်းကင်းနေတတ်တဲ့သူဆိုတာ 'အရူး'တဲ့။ မိန်းမတွေနဲ့ချည်း ထွေးလုံးရစ်ပတ်နေနေတဲ့





ကောင်မျိုးကျတော့ 'အလကားလူ'ပေါ့ကွာ။ မင်းကအလကားလူတော့ ဘယ်တော့မှ ဖြစ်မှာမဟုတ်ပေမယ့် 'အရူး' တော့လည်းပဲ မဟုတ်ဘူး မဟုတ်လား"

တိုင်းကျော်က ရတ်ခဲ့တရက် ခြေတစ်လှမ်းတိုး ထိုးခ်ဆင်ကာ အလစ်အငိုက်ဖမ်းပစ်လိုက်ဖို့ ဆုံးဖြတ်လိုက်သည်။

"ဥပမာဆိုရင်ကွာ ငါ့တုန်းက ကိုယ့်ထက်ကြီးတဲ့ မိန်းမနဲ့လည်း ခံခဲ့ရတာပဲ၊ ခု ကိုယ့်ထက်ငယ်တဲ့ မိန်းမနဲ့ကျပြန်တော့လည်း ခံဘက်ကပါပဲ။ ဒီတော့ မင်းသာဆိုရင် ကိုယ့်ထက်ကြီးပြီး ထာဝစဉ် အုပ်ချုပ်နေမှာမျိုးကို သဘောကျမှာလား။ ကိုယ့်ထက်ငယ်ပြီး အမြဲပုန်ကန် အနိုင်ယူနေမှာမျိုးကို သဘောကျသလား"

"အဲဒီလိုပဲ ဖြစ်ဖြစ်ကိုဖြစ်နေတော့မယ် ဆိုရင်တော့ ကြီးလို့အုပ်ချုပ်ခံရတာကမှ တော်သေးဦးမှာပေါ့၊ ငယ်ပြီးပုန်ကန်ခေါင်းပေါ်ထက်နေတာက ပိုမဆိုးဘူးလား"

သူသာ စိတ်မပါရင် ဘာမှပြန်ပြောတတ်လေ့ မရှိ ဲ တူတော်မောင်ထံက လိုလိုလားလား တုံ့ပြန်လိုက်တဲ့ အဖြေ ကား ထွက်လာတာကိုပဲ ဝမ်းသာရမလား။ လမ်းကြောင်းပေး ်က်တာနဲ့ ဖြတ်ခနဲ "အကြီး"လို့ ပြန်ထွက်လာတာကိုပဲ စိတ် င်းရဲရမလား။ တိုင်းကျော် တစ်ယောက် အီလည်လည်ကြီးဖြစ် နေသည်။

"ဒါဆိုရင် လှတာနဲ့ မလှတဲ့သူနဲ့ ဆိုရင်ကော"

"လေးလေးဟာက မေးရမယ့် မေးခွန်းမှ မဟုတ်တာ။ လှတာနဲ့ မလှတာဆိုရင် လူတိုင်းက လှတာချည်း လိုချင်ကြမှာပေါ့၊ သူကတော့ လှတယ်၊ ဒါပေမဲ့ နောက်ဆက်တွဲ ဂုဏ်ပုဒ်တွေက ဘယ်လို ဘယ်လို။ သူကတော့ မလှဘူး၊ ဒါပေမဲ့ သူ့ရဲ့အကျင့်သီလ စာရိတ္တတွေ၊ ကောင်းကွက်တွေကတော့ ဘယ်လို စသဖြင့် မေးခွန်းကို အဲဒီလို ပြည့်ပြည့်စုံစုံ မေးမှပေါ့"

"မင်းက မိန်းမတစ်ယောက်ကို အဲဒီလို ပြည့်ပြည့်စုံစုံသိခွင့်ရပြီးမှ ရွေးချယ်ခွင့်ရမယ်လို့ ထင်နေတာလား။ နောက်ဆက်တွဲ အကြောင်းအရာဆိုတာ တဖြည်းဖြည်းမှ ပေါ်လာမှာ။ ကနဦး ကြုံလိုက်ရရင်တော့ ဘယ်သူက အလုံးစုံသိပြီးသားကြီး ဖြစ်နေမှာလဲ"

"ဒါဆိုရင်တော့ 'လှတာ'ပေါ့ဗျ၊ နောက်ကဟာတွေက ဘာမှန်းမသိနိုင်ဘူး ဆိုရင်တော့ 'လှရင်ဆိုးမယ် မလှရင်ကောင်းမယ်'လို့ ပုံသေတွက်ထားလို့မှ မရနိုင်တာ၊ လှလည်းမလှ၊ ကောင်းလည်းမကောင်းဆို ပိုဆိုးမနေပေဘူးလား။ မိန်းမဆိုတာ တစ်ယောက်တစ်မျိုး ကြံဖန်မကောင်းနေကြတာချည်းပဲ ဖြစ်ရိုးမှန်ရင် လှတာပတာလေး ရထားတာကမှ မျက်စိတစ်ခုတော့ ပဒါသ ဖြစ်နေခွင့် ရှိသေးတာပေါ့"

ဒုက္ခ။





"ဒါဖြင့်ကွာ ထုံပေပေ အေးစက်စက်နဲ့ သွက်သွက်လက်လက်"

"အရုပ်ကြီးတစ်ရုပ် အနားရောက်နေသလိုမျိုးကိုတော့ ဘယ်သူမှကြိုက်မှာ မဟုတ်ပါဘူး"

ဗုဒ္ဓေါ ...။

"စကားများနဲ့ စကားနည်း"

"ကျွန်တော်က သိပ်ပြောတတ်မယ့်ကောင်မျိုး မဟုတ်တော့ ပျင်းခြောက်ခြောက်ကြီး ဖြစ်မနေအောင်ဆိုရင် တစ်ဖက်က အဖော်လုပ်ပြောဆိုနေတာမျိုးက ပိုကောင်းမှာပေါ့"

မြတ်စွာဘုရား ...။

"ဒါဖြင့် စစ်ရာ ... မင်း ရွေးချယ်မယ့် မိန်းမမျိုးက အသက်ကြီးကြီး၊ စကားများများ၊ သွက်သွက်လက်လက်၊ လှလှပပနဲ့ ကိုယ့်ကို ကြိုးကိုင်ဆရာလုပ်ပြီး ဆွဲခေါ်သွားနိုင်မယ့်သူမျိုးပေါ့၊ ဟုတ်သလား"

"အဲဒီလိုကြီး ကံသေကံမ၊ တစ်ထစ်ချ ကောက်ချက်ဆွဲပစ်လိုက်လို့တော့ ဘယ်ရပါ့မလဲဗျ။ ဒါတွေက လေးလေးလျှောက်မေးလို့ နှစ်ခုယှဉ်ရှားတာတွေထဲက ကောင်းမယ်ထင်တဲ့ တစ်ခုကိုပဲ ရွေးဖြေထားတာမျိုးပဲဟာ၊ အချက်တွေအားလုံးကို ပြန်ပူးစုပြီး 'ဒီလိုမိန်းမ'လို့ မှတ်ချက်ချလိုက်ဖို့ကတော့ စောပါသေးတယ်"

နောက်ဆုံးတစ်ချက် အပိုင်ပဲဆိုပြီး အငိုက်ဖမ်းကာမှ လှလှလေး ရှောင်ထွက်သွားတာ တွေ့လား။ ပြောမယ့် ပြောတော့လည်း၊ စစ်ဟာ လောလောဆယ် သူစိတ်ဝင်စားနေရတဲ့ Topic အကြောင်းအရာမို့ ထင်ပါရဲ့။ ခါတိုင်းလို ပိတ်ပိတ်ကြီး လုပ်မနေဘဲ စိတ်ပါလက်ပါနဲ့ စကားတွေအများကြီး ပြောသွားလိုက်တာ။ အားလုံးပေါ်ပြီးမှ ပြန်အုပ်ချင်နေသေးသည်။

"စောပါသေးတယ်"သာဆိုတယ်၊ မျက်လုံးတွေကတော့ တလက်လက်ဖြာလို့။ တိုင်းကျော်မှာ 'လူရည်မလည်လှသေးသော တူတော်မောင်အတွက် ရင်ထဲ ကျပ်ခဲလို့ပင် စိတ်ညစ်ညူးနေရတော့သည်။ ခံလိုက်ရပြီဆိုရင်တော့ ငါ့ထက်တောင် အဖြစ်ဆိုးပြီး အလူးအလဲ အကွဲကွဲ ဖြစ်ကျန်ခဲ့မယ့်ပုံမျိုးပဲ။ အဲဒီအခါကျဝိုင်းထိုးလာကြမယ့် လက်ညှိုးတွေက တိုင်းကျော်ရဲ့မျက်နှာပေါ်မှာ၊ ခေါင်းပေါ်မှာ။

တိုင်းကျော်မှာ ပညာသည်ရုပ်ပေါက်နေတဲ့ မိန်းမတစ်ယောက်ကို ဘယ်လိုသွားစီမံကိုင်တွယ်ရမလဲ ဆိုတာကို ဆုံးဖြတ်လို့ မရနိုင်သေးခင် စစ်ရဲ့အရိပ်လို နောက်ယောင်ခံခြင်းအမှုကိုသာ စိတ်မောမောနဲ့ ဆက်ပြုနေရပါတော့သည်။

✦❤✦





"အချစ်"ဆိုတဲ့ နတ်သမီးကို "ကျော့စန္ဒာ"ကတော့ "စိတ်ကောင်းမရှိသည့် ကဝေမကြီး"ဟုသာ မြင်သည်။ သူ့မှာ "တရားမျှတတယ်။ လိုက်လိုက်လျောလျောရှိတယ်။ လူတကာကို ပျော်ရွှင်စေတယ်။ သူ့ကြောင့်ပဲ ကောင်းမွန်တဲ့ ကံဇာတာတွေကို သယ်ဆောင်လာပေးတယ်"ဆိုတာ ဘယ်တုန်းကများ ရှိခဲ့ဖူးလို့လဲ။

"အချစ်"နဲ့များ ပတ်သက်မိပြီဆိုရင် လူတွေဟာ မျှတတဲ့ သဘောသဘာဝတွေကို ရင်ဆိုင်ရ။ တနင့်တပိုး ခံစားကြရ။ မျှော်လင့်ချက်တွေမဲ့ပြီး စိတ်ဆင်းရဲကြရ။ ကိုယ့်ရဲ့ကံကြမ္မာဇာတာတွေ မှေးမှိန်ပြီး သိမ်ငယ်ကြရ။ ဒါမျိုးတွေနဲ့ချည်း ကြုံလိုက်ကြရတာ။

အဲဒါကြောင့်ပဲ ကျော့ကျော့က ချစ်ရမှာကိုကြောက်သည်။ "ကိုယ်ချစ်တော့ ဘယ်တော့မှ မရှာဘူး၊ သူချစ်ပဲ"ဟုပင် ကြွေးကြော်ခဲ့ပါရက် အဲဒီ ကဝေမကြီးက ကျော့ကျော့ကို "လူကြီးဘောစီစဉ်ပေးစားသော အိမ်ထောင်ရေး"တစ်ခုအတွင်းသို့ သက်ဆင်းစေခဲ့ကာ၊ အပြီးသတ်ကျတော့ "ကိုယ်ချစ်"ပဲ လာဖြစ်နေရပြန်သည်။

ကိုယ့်ရဲ့အိမ်ထောင်ဖက်က ငယ်ချစ်ဦးကြီး တန်းလန်းနဲ့ တတမ်းတမ်း တ,တတ ဆိုတာမျိုးကို လက်ခံနိုင်တဲ့ မိန်းမသား ဘယ်နှယောက်လောက်များ ရှိပါသလဲ။ ကျော့ကျော့ကတော့ လက်မခံနိုင်တဲ့အပြင် အင်မတန်မှကို ခါးသီးစက်ဆုပ်နေရတာ။ ကိုယ့်ရဲ့လင်ယောကျ်ား (ကျော့ကျော့က "ကိုကို" လို့ တမြတ်တနိုးခေါ်တဲ့ ကိုတိုင်းကျော်)ဟာ အဲဒီငယ်ချစ်ဦးအတွက်မို့ဆိုရင် ထိုင်ဆိုထိုင် ထဆိုထ။ "ဟဲ့" တစ်ချက် ဝေါက်ရင်ပဲ "ဘုရား"ပြန်မထူးရုံတစ်မယ်နဲ့။ ဒါတောင် ဟိုက သူများတကာတွေနဲ့ အိမ်ရာထူထောင်သွားတာက နှစ်ဆက်ကြီးများပင် ရှိပြီမို့လို့။

"ကိုကို ... ရှင် တစ်နေ့ တစ်နေ့ အဲဒီ ဒေါ်ပုလဲနဲ့မပတ်သက်ရရင်ကို မနေနိုင်ဘူးလား"

"ကျွတ် ... ကျော့ကျော့ရာ။ မင်းဟာ အဲဒီကိစ္စနဲ့ပတ်သက်ရင် စိတ္တဇတောင် ဆန်နေပြီ။ တကယ်တမ်း တစ်နေ့တစ်နေ့ ကိုယ်ရောစိတ်ပါ ပတ်သက်နေတာက မင်းပဲကွ၊ ငါ မဟုတ်ဘူး"

"စစ်ဟာ ကိုကို့အစ်ကို ကိုပြည်ကျော်နဲ့ရတဲ့ သားဆိုတာကော ဟုတ်မှဟုတ်ရဲ့လား။ ကိုကို့သားများ ဖြစ်နေမလား"

"ဟား ဟား ဟား ... တော်တော်ရယ်ရတဲ့ စကားပဲ။ ငါနဲ့ကလေးရမှတော့ သူက ဘာလို့ ကိုပြည်ကျော်နဲ့ ယူသွားရမှာလဲ။ အလကားနေရင်း အကျိုးမရှိတဲ့ အဲဒီလိုတလွဲကြီးကို ဘယ်သူက ဘာကြောင့် လုပ်နေရမှာလဲ။ စစ်သား





ငါနဲ့ရတဲ့သား ဖြစ်နေလို့ကတော့ သူနဲ့ငါပဲ လက်ထပ်မင်္ဂလာဆောင်ပြီး နေကြမှာပေါ့၊ မင်းနဲ့စီစဉ်တဲ့ စခန်းဖောင်ရောက်လာတော့မှာ မဟုတ်ဘူး"

"ဒါပေမဲ့ ကိုကိုဟာ စစ်ကိုမို့ဆို ဒေါ်ပုလဲရဲ့သား ဖြစ်နေတာနဲ့ပဲ သည်းကိုသည်းလွန်းတယ်"

"သည်းတာမဟုတ်ဘူး။ ငါ့မှာ တာဝန်ရှိတယ် ထင်လို့ အဲဒီတာဝန်ကို ငါယူထားတာကွာ။ သည်းတယ်ဆိုရင်လည်း မိတစ်ကွဲ ဖတစ်ကွဲ တူကလေးမို့ ကိုယ့်တူမို့ ကိုယ်သည်းတာ။ မပုလဲရဲ့သားဖြစ်လို့ သည်းတာတော့ မဟုတ်ဘူး"

"အဲဒါပဲ ပြောနေတာလေ၊ ကိုကို့မှာ ဘာတာဝန်ရှိသလဲ၊ ကိုကို့သားမှ မဟုတ်ဘဲ"

"သားမဟုတ်ပေမယ့် တူတော့ ဟုတ်နေတယ်လေ"

"အဖေရင်း အမေရင်းတွေကတောင် ကိုကို့လောက် မသည်းကြတဲ့ဟာ"

"အဲဒီလို တာဝန်မသိသူတွေက တာဝန်မဲ့ကြလို့ တာဝန်သိသူက ပိုပြီးတာဝန်ရှိသလို ဖြစ်နေရတာပေါ့"

"သံယောဇဉ်အကြွင်းအကျန်တွေကို တစ်စခန်း မဖြတ်နိုင်တာလည်းပါတယ်လို့ ပြောပါ"

"ဘာမှမဆိုင်ဘူးကွာ၊ အဓိပ္ပာယ်မရှိတာတွေ"

"ဒါဖြင့် ကိုကိုက ဒေါ်ပုလဲအပေါ်မှာ ဘာသံယောဇဉ်မှ မရှိတော့ဘူးပေါ့။ နေဦး ... နေဦး အဲဒီလို မမေးဘူး။

တော်ကြာကျ မရီးဟောင်းပဲ မိတ်ဆွေတွေပဲဆိုတဲ့ အဖြေမျိုး
က လာနေဦးမယ်။ သံယောဇဉ်တွေ ဘာတွေနဲ့ ကွေ့ပတ်
ပြီး ဝက်ဝုတ္တိတွေ လုပ်မနေတော့ပါဘူး။ တည့်ပဲမေးမယ်
တည့်ပဲ ဖြေပါ။ ကိုကို အဲဒီမိန်းမကို ချစ်နေသေးသလား
မချစ်တော့ဘူးလား”

“မချစ်ဘူး … လုံးဝပဲ။ သူ့အတွက် အချစ်ဆိုတာ ငါ့မှာ
မရှိတော့ဘူး”

အဖြေက ကောင်းပေမယ့်၊ နှစ်သက်သဘောကျစရာ
ပေမယ့် မြန်လွန်း လွယ်လွန်းနေသလားလို့။ ကျော့ကျော့မှာ
“ဘုရားရှူး”တွေ၊ “မိုးကြိုးပစ်”တွေ အကြိမ်ကြိမ် ကျိန်တွယ်ကာ
သေချာအောင် လုပ်ယူလိုက်ပေမယ့် လူက မျက်စိမှိတ်မယုံကြည်
ထိုက်နိုင်သေးတာက ခက်လှသည်။

“သူ့အတွက် အချစ်တွေ မရှိတော့ဘူး”ဆိုတော့
“ဘယ်သူ့အတွက် အချစ်တွေကျတော့ ရှိသလဲ။ ကိုကို့ရဲ့အချစ်
တွေ အခု ဘယ်ဆီရောက်နေသလဲ”ဆိုတာကိုပါ တစ်လက်စတည်း
သိတော့သိချင်သာ။ ဒါပေမဲ့ မမေးရဲတော့တာက ခက်သည်။
တော်ကြာကျ “အချစ်ကို မရှိတော့တာ၊ ငါက ဘယ်သူ့ကိုမှထပ်
မချစ်နိုင်တော့တာ”ဆိုတဲ့ အဖြေမျိုး။ “ဘယ်သူ့ဆီရောက်ရောက်
ပေါ့ကွာ၊ မင်းဆီတော့ မရောက်တာက သေချာတယ်”ဆိုတဲ့ ရှဲ့
ဖြေသလိုလိုနဲ့ တကယ်စိတ်ရင်းထဲ ရှိတာကို ထုတ်ပြောလိုက်တဲ့
အဖြေမျိုးတွေ ပြန်ထွက်လာရင် ဘယ့်နှယ်လုပ်ပါ့မလဲ။





လူကို“အရူး”ဟု ကိုကိုက စွပ်စွဲချင်သလိုလို ရှိတာ
ကိုလည်း ကျော့ကျော့က မနာလှပါ။ ကျော့ကျော့ဟာ အချစ်ဆို
တဲ့ “ကဝေမကြီး”ရဲ့ ပြုစားချက်နဲ့ တကယ်ပဲ ရူးလုရူးခင်ကလေး
အောင် ဖြစ်ချင်နေတာ မဟုတ်လား။ သင်းလက်ချက်နဲ့ ကံဇာ
တာတွေက မှေးမှိန်သိမ်ငယ်နေရလေတော့ ကံကဆိုးတဲ့ဘဝမှာ
အိမ်ထောင်သည်ဘဝ ရောက်ရက်နဲ့ ကလေးက မရ။ ချစ်ရတဲ့
ကိုကို့ကို အဲဒီသံယောဇဉ်ကြိုးတစ်ချောင်းနဲ့ တုပ်ဆွဲမထားနိုင်တဲ့
အဖြစ်ကတော့ ကျော့ကျော့အတွက် ရင်အနာရဆုံးကိစ္စပေ။

ကျော့ကျော့ရဲ့အဖြစ်က ဘယ်လောက် ကမောက်
ကမနိုင်ပြီး အသည်းယားစရာကောင်းရသလဲဆိုရင် မချစ်မနှစ်
သက်သူအတွက် ဆီမီး၊ ရေချမ်း၊ ဆွမ်းတော်၊ ပန်းတွေ ကပ်လှူ
ပြီး “ဒေါ်ပုလဲတို့အိမ်ထောင်ရေး သာယာခိုင်မြဲပါစေ၊ ဒီလင် ဒီ
မယား အိုအောင်မင်းအောင် ပေါင်းသွားကြရပါစေ”လို့ နေ့စဉ်နဲ့
အမျှ မေတ္တာပို့ ဆုတောင်းပေးနေရတာ။ ကဲ … ခါးသီးစက်ဆုပ်
ချင်စရာကြီး မဟုတ်ဘူးလား။

တော်ကြာကျ“ဒုတိယအိမ်ထောင်ကလည်း မကောင်း
ပါဘူး။ မြန်မာပြည်ပဲ ပြန်လာပြီး ကလေးအဖေနေရာမှာ အကောင်း
ဆုံးရှိနေပြီးသားဖြစ်တဲ့ ငယ်ချစ်ဟောင်းကလေးနဲ့ပဲ ပြန်ပေါင်းပါ
တော့မယ်”ဆိုရင် မခက်လား။ မလုပ်ဘူးလို့ ပြောနိုင်တာမဟုတ်။
အဲဒီ ဒေါ်ပုလဲဆိုတာကြီးက အဲဒီလိုမျိုး သူကောင်းဖို့ပဲ သူသိတဲ့
ခွတ်တရွတ်မကြီးပေ။

ဟိုက"လာပေ့"ဆိုရင် ဒီက ကိုကိုတို့ကလည်း "မချစ်ဘူး ... လုံးဝပဲ"ဆိုတာကို ဘယ့်လောက် ဘုရားစူးကျိန်ကျိန် ...

"ချစ်လို့တော့ မဟုတ်ပါဘူး၊ တူကလေးနှောင်ရေးအဆင်ပြေအောင်လို့ပါ"

ဘာညာ သာရကာနဲ့ ကောက်ကောက်ပါမသွားဘူးလို့ မပြောနိုင်ပေ။ ကိုယ်ကတော့ အရင်လက်မှတ်ထိုး လက်ထပ်ထားလို့ နံပါတ်တစ်ပေါ့။ ဒါပေမဲ့ စာရွက်ပေါ်က တစ်ကြီးကဘာလုပ်ရမှာလဲ။ ကိုကို့အတွေးထဲမှာ နံပါတ်တစ် ဖြစ်နေဖို့ကသာ အဓိကလေ။

မချစ်မနှစ်သက်သူရဲ့ အိမ်ထောင်ရေးအတွက် အမြဲမေတ္တာပို့ဆုတောင်းပေးနေရတဲ့နည်းတူ အဲဒီမိန်းမကြီး မြန်မာနိုင်ငံကို ဘယ်တော့များ တိတ်တိတ်ပြန်ရောက်နေပါလိမ့်မလဲလို့ မျက်စိဖွင့် နားစွင့်နေရတာကလည်း နိစ္စဓူဝ အလုပ်တစ်ခုပေ။ ကိုကိုလား။ အမယ်လေး ...။ "မင်း နားပူနားဆာတိုက်မှာ ကြောက်လွန်းလို့ပါကွာ"ဆိုတဲ့ အကြောင်းပြချက်လောက်ကလေးနဲ့ နှစ်ခါကြီးများတောင်မှ ရှိနေပြီလေ။ သင်း ပြန်လာတိုင်း ဖုံးဖိသိုဝှက်ထားတာ။

ဘယ်ရမလဲ။ ကျော့ကျော့တို့က မသိစရာလား။ ယောက္ခမကလည်း နှစ်ခါမအစ်ရသလို ကိုတိုင်းကျော်ရဲ့အလုပ်ထဲက ကိုယ်ထောက်ပံ့ပေးကမ်းထားတဲ့ စပိုင်တွေ စုံထောက်တွေ





ကိုလည်း ဘယ်သွားထားရမလဲ။ လူကိုလေ ရက်စက်ကြပုံများ။ အဲဒီ ကိုကိုနဲ့ ဒေါ်ပုလဲဟာ စစ်ကိုပါခေါ်ပြီး ဟိုနေရာတတွဲတွဲ၊ ဒီနေရာတတွဲတွဲ၊ စားသောက်ဆိုင်တွေ လှည့်ပတ်ထိုင်လိုထိုင်၊ သားအမိသားအဖသုံးယောက် မိသားစုအတွဲလိုက်ကြီးသဖွယ်ကျလို့။

နှစ်ယောက်တည်း တစ်တွဲဆိုရင်လည်း လဲကျသေရမတတ် အထိနာ အခံရခက်ဦးမယ့် ကျော့ကျော့ဟာ သုံးယောက်ပူး မြင်ကွင်းကြီးကျပြန်တော့လည်း (ကိုယ့်ဘက်က အားနည်းချက်ကို ကိုယ်ပဲအသိဆုံး ဖြစ်တာမို့)တစ်မျိုး လှည့်ပတ် ရင်နာရပေသည်။

အဲဒီစစ်ဆိုတဲ့ သတ္တဝါလေးကလည်း သူတို့တွေကသာ "အေးတယ် ... အ,တယ်"တဖွဖွ ပြောနေကြတာပါ။ ကျော့ကျော့ မျက်စိထဲမတော့ အေးတဲ့ပုံစံမျိုး တစ်စက်မှ မမြင်မိဘာ။ ကျော့ကျော့နဲ့က တစ်ယောက်နဲ့တစ်ယောက် မျက်နှာချင်းမှ မတည့်ကြတဲ့ဟာ။ ကိုယ့်ဘက်က မေတ္တာမရှိလို့လားတော့မသိ၊ သူကလည်း ကလန်ကဆန် ခံတန်တန်နှင့်။

စကားနည်းတယ် ... နည်းတယ် ဆိုပြီး ကိုယ့်တော့ လူရာမသွင်းဘဲ သူ့ဦးလေးဆီပဲ လာ,လာပြီး ကျိတ်ကျိတ် ကျိတ်ကျိတ် လုပ်ချင်နေတတ်တာက ရှိသေးသည်။ အဲဒီလိုအခါမျိုးကျ ကျော့ကျော့ကလည်းပဲ ကိုကို့လက်မောင်းကြီးကို ချိတ်တွယ်ထားပစ်လိုက်ကာ မသိတတ်သလိုလို ဘာလိုလိုပုံမျိုးဖမ်းပြီး ကပ်မခွာကို လုပ်နေပစ်လိုက်တာပဲ၊ ပြီးရော။

ခုတလောတော့ အိမ်ကကိုကို မလည်ရှုပ်တစ်ယောက် အကြံအစည်တစ်ခုခုနဲ့ တိတ်တခိုး ကျိတ်လုပ်နေပြန်တာ တစ်ခုခု ရှိနေပုံရကာ အကဲခတ်လိုက်တိုင်း ရေးကြီးသုတ်ပျာပုံစံမျိုးနဲ့ချည်း တွေ့တွေ့နေရတာ။ ခါတိုင်းများဆိုရင် ဒေါ်ပုလဲကြီးအတွက်ပဲ ဖြစ်ဖြစ်၊ စစ်အတွက်ပဲဖြစ်ဖြစ် အရေးသယ် ကျွန်ခံရတော့မယ် ဆိုရင် ကျော့ကျော့ မရိပ်မိအောင်၊ ပြန်မသိအောင် ... အမယ်။ မှင်နဲ့မောင်းနဲ့ ဣန္ဒြေကြီးဆယ်ပြီး အကယ်ဒမီဆယ်ထပ်ကွမ်းရပ် လောက် ဖမ်းဟန်ဆောင်ထားတတ်တာမျိုးနော်။ ခုကတော့ မဟုတ်။

တယ်လီဖုန်းများ ဝင်လာပြီဆိုရင် "ဟာ ... ဟုတ်လား၊ အေး... အေး" ဆိုပြီး ချက်ချင်း ထကိုပြေးတာ။ "ကျော့ကျော့ ရေ... ဒီနားဟော့" ဆိုတာကိုလည်း ဘယ်နားမှန်းမသိအောင် လုံး ထွေးဖြီးဖြန်း အော်ဟစ်ပစ်ခဲ့ကာ "ဘယ်နားလဲ ... သေချာပြော" ဆိုတဲ့ စိုးရိမ်တကြီးမေးခွန်းမှ မဆုံးခင်၊ အပြေးကိုလာသည့်လူမှ အနားမရောက်ခင် သူက ကားပေါ်တက် စက်နှိုးပြီး မောင်းထွက် သွားပြီးသားပင် ဖြစ်နေပြီ။ ခါတိုင်းလို ဖုန်းပြန်ချ၊ ဟန်မပျက် နေနေပြီး လစ်မှထွက်တာမျိုးတောင် မရှိတော့ဘူးနော်။

"မေမေ ... မပုလဲများ ဒီကိုပြန်ရောက်နေသလား"

"ဟဲ့ ... မရောက်ပါလား သမီးရယ်၊ မေမေတော့ မသိပါဘူး၊ ဘာဖြစ်လို့လဲ"

"မဟုတ်ပါဘူး၊ ကြားသလားလို့ မေးကြည့်တာပါ"





ယောက္ခမက လိမ်တတ်သူ မဟုတ်တဲ့အပြင် ကျော့ ကျော့ရဲ့ အဲဒီစိတ္တဇကိုလည်း နားလည်သဘောပေါက်ထားသူမို့ သူက မရောက်ဘူးဆိုရင် တကယ့်ကိုမရောက်တာပင်။ ဒါဆို အိမ်က ဘုံကျွန်ကြီးက ဘာများဖြစ်နေရတာတဲ့လဲ။ ဒါမှမဟုတ် ဟိုမိန်းမကြီးဟာ ပြန်ရောက်နေရက်နဲ့ သူ့ယောက္ခမဟောင်း မသိ အောင်များ သိုဝှက်ဖုံးဖိထားသလားပင်။

ကျော့ကျော့မှာ ရှုံးကစပိုင်တွေထဲ တစ်မျိုးထောက် လှမ်းရပြန်ပါသည်။

"အမယ်လေး ... မမကျော့၊ ဆရာက ခြေလှမ်းပျက်တော့ ပျက်တယ်၊ ဒါပေမဲ့ ဘာမှန်းတော့ မသိဘူး။ သူ့စက္ကူထဲရှိ တောင် သူ့ဆရာ ဘယ်ပျောက်ပျောက်နေသလဲမသိ ဖြစ် နေပါတယ်ဆို။ ကောင်မလေးက ကျွန်မတို့ကို လာပြောပြ တာ၊ ဒီကိစ္စတွေ မောင်သောင်းတော့ အကုန်သိမယ်တဲ့၊ ဆရာက မောင်သောင်း တစ်ယောက်လောက်သာ အယုံ ထားပြီး သုံးနေပုံပဲ"

"ဘယ်မောင်သောင်းလဲ၊ သူ တစ်ခါတလေစီးတဲ့ ရုံးက ကားကိုမောင်းတဲ့ မောင်သောင်းလား"

"ဟုတ်တယ် မမကျော့၊ အိမ်ကားက ဒရိုင်ဘာကိုတောင် အရင်းသဘော မထားတာ ကြည့်ပါလား။ အိမ်ကားက လူဆိုရင် မမကျော့ဆီ ပြန်ပေါက်မှာစိုးလို့ ရှိမှာပေါ့"

ကျော့ကျော့မှာ မျက်နှာလိုအားရ သတင်းပေးသူကို ပင် "ဒါတွေသိနေရက်နဲ့ ငါ့လာမပြောရကောင်းလား။ ငါလာမေးမှပဲ ပြန်ပြောဖော်ရတော့သလား"ဟု ပြစ်တင်မောင်းမဲလိုက်ပါသေးသည်။ မေးများသာ မမေးမိရင်တော့ ကိစ္စတွေ များကုန်ပြီးမှ သိရတော့မယ့်ပုံပဲ။ ခုကကော ... ကိစ္စတွေက များကုန်ပြီလား မများသေးဘူးလား။

အမယ်လေး ... အဲဒီ မောင်သောင်းဆိုတဲ့ လူကတော့ ရွှေတိဂုံငုံပြီး ကျိန်တွယ်သစ္စာဆိုထားသလား ထင်ရအောင်ကိုလုံတာနော်။ ဘာမေးမေး "ဘူး" ချည်း။ တစ်ကမ္ဘာလုံးက ဘူးသီးတွေ ဘူးစင်တွေ သူ့တစ်ယောက်တည်း ကန်ထရိုက်ဆွဲထားသလား မှတ်ရအောင် သူ့မှာ "ဘူး"တွေချည်း ပေါများနေလိုက်တာ ဆိုတာလေ။ ဒါပေမဲ့လည်း "ဘူးသီး"မှာတောင်မှ "အညှာ" ပါသေးတာပဲ မောင်သောင်းရဲ့။ အဲဒီဘူးသီးတွေကို ဆောင်ထားတဲ့ မောင်သောင်းမှာကော "အညှာ" ကောင်းကောင်း မရှိဘဲ နေတော့မလား။

မောင်သောင်းရဲ့ "အညှာ" ကား မောင်သောင်းမိန်းမ "မနု" ဖြစ်ပေသည်။

"မိန်းမတစ်ယောက်နောက်ကို သူတို့ အသည်းအသန်လိုက်စုံစမ်းနေကြတယ် အစ်မ။ ကျွန်မ ပြောတယ်လို့တော့ ပြန်မသိပါစေနဲ့နော်"





"ဘုရားရေ ... မိန်းမတစ်ယောက် ! ဘယ် ... ဘယ်က မိန်းမလဲ၊ ဘယ်သူလဲ !"

"ဘယ်ကဆိုတာတော့ ကျွန်မလည်း တကယ်မသိသေးဘူး အစ်မရဲ့၊ မြွေကြီးမျိုရစေရဲ့"

"နာမည်က ဘယ်သူတဲ့လဲ၊ 'ပုလဲ' မဟုတ်လား"

"ပုလဲ ! အဲဒီနာမည်မျိုးတော့ မဟုတ်ပါဘူး၊ ဘယ်သူဆိုလား"

"ကျွတ် ... ရှင်ကလည်း အရေးထဲမှာ ဉာဏ်ထိုင်းမနေစမ်းပါနဲ့၊ သေချာ ပြန်စဉ်းစားပြီး မှတ်မိအောင် လုပ်စမ်းပါ၊ ရှင် သိတော့ သိတယ်မဟုတ်လား"

"အင်းလေ ... အင်း ... ကျွတ် ... တစ်လုံးတည်းပါ၊ အဲဒီ တစ်လုံးတည်းကိုပဲ ကပ်သီးကပ်သပ်နဲ့ မေ့နေတာ"

"တစ်လုံးတည်းဆိုတော့ ချစ်စနိုးနဲ့ အတိုကောက် ဖြတ်ခေါ်တာလား၊ ရှင့်လို တကယ်ပဲ တစ်လုံးတည်းပဲလား၊ လုပ်လုပ် ... မြန်မြန်လုပ်၊ မြန်မြန်စဉ်းစား"

"ကျွန်မလို ... ! မနု ...။ အာ ... ဟုတ်ပြီ။ အဲဒီတစ်ယောက်က 'ယု' တဲ့"

"ယု ... !"

ကျော့ကျော့မှာ နာမည်ကျော် နိုင်ငံကျော် "ယု" သီချင်းက ပါးစပ်ဖျားသို့ ရုတ်တရက် ရောက်လာရသဖြင့် ကိုယ့်နှုတ်ခမ်းကိုယ် မနာ့နာအောင် အတင်းဖိကိုက်ပစ်လိုက်ရင်း "တဒိန်း

ဒိန်း”ခုန်လာသည့်ရင်ကို မနည်းဖိထားရပါသည်။ “ယု”တဲ့ ... ကိုကို့ဘဝထဲသို့ ဝင်လာပြန်သော ဒုတိယမိန်းမတစ်ယောက်က “ယု”တဲ့။

“ကိုကို ဒေါ်ပုလဲကို ချစ်နေသေးလား”ဆိုတော့ “မချစ်ဘူး ... လုံးဝပဲ၊ သူ့အတွက် အချစ်ဆိုတာ ငါ့မှာမရှိတော့ပါဘူး”ဆိုတဲ့ အဖြေက တစ်ဆိတ်ကလေးတော့ မြန်လွန်းတယ်၊ လွယ်လွန်းတယ် ထင်လိုက်မိသေးတာလေ။ ခုကျမှ အကြောင်းမှန်ကို သိသည်။ လက်စသတ်တော့ အသစ်ပေါ်နေတာကိုး။ ဘယ်လိုလုပ်ပြီးတော့များ ပေါ်လာတာလဲ။ ဘယ်လိုအလစ်အငိုက်တစ်ကွက်မှာ အချောင်ဝင်နိုက်သွားတာလဲ။ တောက် ... ! ဒီလောက်မျက်ခြည်မပြတ် တောက်လျှောက် အကဲခတ်နေခဲ့တာတောင်မှ မထင်မှတ်တဲ့ထောင့်က ရန်သူအသစ် ပေါ်လာရတယ်လို့။

ကိုကိုကတော့ ကျော့ကျော့ကို ကွယ်ရာမှာ ကျိတ်ဟားရင်လည်း ဟားနေမည်။ “ငါ့ဇာတ်လမ်းကဖြင့် အသစ်အသစ်တွေနဲ့ ဝေဆာနေတာကို ဒီမိန်းမခများတော့ ခုနစ်ဆွေး ရှစ်ဆွေး အဟောင်းကြီးကိုပဲ မပြီးနိုင်အောင် အရစ်ရှည်နေရတာ သနားစရာ”ဟု တွေးရင်လည်း တွေးနေပေလိမ့်မည်။

မောင်သောင်းရဲ့မိန်းမ မနုဆီကတော့ဖြင့် ဒီ့ထက်ပို၍ ဘာမှမသိနိုင်ပြီ။ ကျော့ကျော့မှာ ဘေးဘီကလူတွေထက် အခိကကျတဲ့ ကာယကံရှင်ဆီကပဲ မရအရ ပြန်စုံစမ်းသတင်းနှိုက်ယူရတော့မှာပဲဟု ဆုံးဖြတ်လိုက်ပြီမို့ ကျော့ကျော့ရဲ့ မလွဲမသွေ၊





ဘစိုက်မတ်မတ် ဦးတည်ရာပစ်မှတ်မှာ ကိုကိုသာလျှင် ဖြစ်တော့သည်။

“ကျော့ကျော့ ... မင်း အခုတလော နည်းနည်းသောင်းကျန်းလာသလိုလိုပဲ”

မဟုတ်တာ ခိုးလုပ်ချင်ကြတဲ့ သူများဟာ “သူတို့လုပ်နေတာတွေများ ပေါ်သွားမလား။ ဘေးလူတွေများ သိနေပြီလား”ဆိုတာကို သူတို့ကပင် တစ်ပြန်စီး အမြဲထောက်လှမ်းနေတတ်မြဲ။ ကျော့စန္ဒာရဲ့ ကိုကိုဟာလည်း ခပ်အ,အထဲက မဟုတ်လေတဲ့အခါ ဘာမှမကြာလိုက်တဲ့ ခဏတွင်းချင်းမှာပဲ ကျော့ကျော့တစ်ယောက် သူ့ကို အသည်းအသန် ချက်ကင်(Checking)လိုက်နေလေကြောင်းကို ရိပ်မိသွားတော့တာပေါ့။

“ငါ့ပိုက်ဆံအိတ်တွေ၊ ရုံးအိတ်တွေဆိုလည်း မွှေနှောက်ထားလိုက်တာ နေ့တိုင်းမွှမွကြဲ။ အိမ်က အလုပ်စားပွဲကလည်း ငါ့ဘာသာ သတ်သတ်မှတ်မှတ်နဲ့ ထားသိုနေရာချထားတာကတစ်မျိုး။ ခဏကြာကျ ဖြစ်ချင်တိုင်း ဖြစ်,ဖြစ်သွားတတ်တာကတစ်မျိုး။ အစီအစဉ်တွေ ပျက်ကုန်တော့ ပြန်ရှာရ ဖွေရတာ အချိန်ကုန်ပြီး စိတ်ပျက်စရာကောင်းတယ်ကွ။ ငါ့အဝတ်ဗီရိုကြီးထဲမလည်း မင်းပဲရှင်း၊ မင်းပဲဖွမျိုးစုံကို ဖြစ်ပျက်နေတော့တာပဲ ...

အဆိုးဆုံးကတော့ ငါ့ Laptop ကို မင်း ဘာမှနားမလည်ဘဲ မလုပ်တတ်ဘဲ ဖွင့်ပြီးမမွှေစမ်းပါနဲ့ကွာ။ Data

တွေ အတွဲလိုက် ပျောက်လိုပျောက်။ နှိပ်ချင်တဲ့ခလုတ်လျှောက်နှိပ်တော့ Virus တွေ ဝင်လိုဝင်နဲ့။ အရေးကြီးတဲ့အလုပ်ကိစ္စတွေပါကုန်ရင် ငါ့မှာ ဒုက္ခရောက်ရပါလိမ့်မယ် ကျော့ကျော့ရာ။ မင်းက ဘာဖြစ်နေရတာလဲကွ”

သူ့ကို တရစပ် ပိုက်စိပ်တိုက် ချက်ကင်လိုက်နေကြောင်းသာ ရိပ်မိတာ။ နောက်ဆုံးပေါ် ဇာတ်လမ်းသစ်ကိုပါ သိနေပြီဆိုတာကိုတော့ သိဟန်မတူသေးတဲ့ ကိုကိုဟာ “ဟိုတစ်ယောက်လည်း ခုတလော မြန်မာပြည်ကို ပြန်ရောက်မနေပါဘူး။ ငါနဲ့လည်း လောလောဆယ်ဆယ်တော့ အဆက်အသွယ်ကို မရှိပါဘူးကွာ၊ တကယ်ကြီးပါ၊ ယုံစမ်းပါ”တဲ့။ အဟောင်းကြီးကို ဇာချဲ့ပြီး ကိုယ်လွတ်ရုန်းပြထားနိုင်ရင် ဟုတ်လှပြီ၊ ပိုင်လှပြီဟု ပဲ ထင်နေပုံရလေသည်။

ကျော့ကျော့လား ... ! ဒီတစ်ကိစ္စမှာတော့ မပုလဲတုန်းကလို သူ့ဖုံးကွယ်ချက်တွေကို ပေါ်တင်ဖော်ထုတ်ပစ်လိုက်ပြီး အတိအလင်းကြီး ဗြောင်မချပစ်လိုက်ဖို့ ဆုံးဖြတ်ထားပါသည်။ ကျော့ကျော့က ဒီလောက်တော့ ငတုံးမကျပါဘူးလေ။ အတိတ်ဟောင်းကို တမ်းတတယ်။ စိတ်မပြတ်နိုင်ဘူး ဆိုတာကတစ်မျိုး။ ဇာတ်လမ်းအသစ်တွေကို ထပ်မံဖန်တီးထားတယ်ဆိုတာက ရည်းစားဟောင်းကို တသ,သဖြစ်နေတာထက်တောင်မှ ပိုဆိုးသေးတာပေါ့။ ဘယ်တူပါ့မလဲ။ ပိုမွှန်နေနိုင်တဲ့အရာ၊ ကိုယ့်အပေါ် ပိုအကြင်နာကင်းနေနိုင်တဲ့အချိန်။





ဗြောင်ထုတ်ချပစ်လိုက်လို့ကတော့ “အေး ... ဟုတ်ဘယ်ပေါ့”လို့ ဝန်ခံချင်နေရက်လက်တို့နဲ့ အကိုက်ပဲ သွားကျနေရင် ဘယ့်နှယ်လုပ်ပါ့မလဲ။ ကိုယ့်ဘက်က ဘာမှ မတိကျ မသေချာသေးဘဲ သွားလုပ်လိုက်ရင် ကိုယ်ပဲ“ခွမ်း”ခနဲ ကွဲသွားနိုင်တဲ့ အခြေအနေကြီးလေ။ ဒီ့ထက် တိကျသေချာရေရာအောင် လိုက်၊ လိုက်ဦးမည်။ ပြီးမှ လူအတိအကျ၊ နေရပ်လိပ်စာ အပြည့်အစုံနဲ့ ဇာတ်လမ်း ဇာတ်သွား အမှန်အကန်ကို ပိုင်နိုင်သေချာပြီဆိုမှ ကိုယ် ဘာဆက်လုပ်သင့်သလဲ၊ ဘယ်လိုဖြေရှင်းသင့်သလဲဆိုတာကို ကျော့ကျော့က ဉာဏ်ကလေးတစ်လွှာချင်း ထုတ်သုံးပြီး ဆုံးဖြတ်မည်။

ဟို ... “အချစ်”ဆိုတဲ့ ကဝေမစုတ်ကြီးဟာလေ။ ကိုကို့ရင်ထဲ “အချစ်”သစ်တစ်ခု ထပ်ထည့်ချင်းထည့်၊ ကျော့ကျော့ဘက်ကိုပဲ ဖိပြီးအာရုံစိုက်ပေးလိုက်တဲ့ အဖြစ်ကိုတော့ မဖြစ်စေဘူး။ အဲဒါကြောင့် ပြောပါပြီကော။ “အင်မတန် စိတ်ကောင်းမရှိတဲ့ ကဝေမကြီး”ပါလို့ဆိုနေ။

အိမ်တွင်းစစ်ဆေးရေး ချက်ကင်နည်းလမ်းတွေ နည်းပေါင်းစုံသွားပြီဆိုတဲ့အခါ ကျော့ကျော့က အိမ်ပြင်ထွက်လိုက်တဲ့ နည်းလမ်းကို တစ်ဆင့်တက်လှမ်းဖို့ပါ ထပ်ဆုံးဖြတ်လိုက်သည်။ ဟိုကဒီ ...၊ ကားကလေးနဲ့ ဗိုးခနဲ ရှတ်ခနဲ ထွက်,ထွက်သွားတတ်တဲ့ ကိုကို့နောက်ကို ထက်ကြပ်လိုက်ပါ စုံစမ်းနိုင်ဖို့ဆိုတာ လွယ်လှတဲ့အလုပ်တော့ မဟုတ်ပေ။ ကိုကိုက ကျော့ကျော့သိမှာစိုးလို့

အိမ်ကားကို မသုံးသလို ကျော့ကျော့ကလည်းပဲ ကိုကို့ဆီမျက်နှာလိုအားရ သတင်းပြန်ရောက်မှာစိုးလို့ အိမ်ကဒရိုင်ဘာကို လူရင်းထားပြီး မသုံးရဲဘူးလေ။ ဒီတော့ တက္ကစီကြီးနဲ့မို့ စတိုင်ပဲ့၊ ပင်ပန်းသလို၊ မျက်ခြည်ပြတ် အရာမထင် ဖြစ်နေရတာကလည်း မကြာခဏ ဆိုသလိုပင်။

ခုချိန်မှာတော့ ကျော့ကျော့ဟာ အကောင်းဆုံး ဆုံးဖြတ်ချက်တစ်ခုကို မချနိုင်သေးခင်စပ်ကြား၊ ကိုကို့ရဲ့အရိပ်ကလေးလို နောက်ယောင်ခံ လိုက်လံချောင်းမြောင်း စစ်ဆေးခြင်းအမှုကိုသာ စိတ်မောမောနဲ့ ဆက်ပြုနေရပါတော့သည်။

✦❤✦





ဒီအရွယ်ကြီး ရောက်နေတဲ့အထိ သားသမီးအရေးနဲ့ ရင်မငြိမ်းနိုင် တရားမရှာနိုင်သေးတာက "ဒေါ်မြတ်ဦး"ပဲ ဖြစ်လေသည်။ အသက်ကြီးတွေပဲ သုံးဆယ်ကျော် လေးဆယ်ကျော်ကြီးတွေ ရှိကြပြီ။ သားဟာ သားမို့၊ သမီးကလည်း သမီးမို့၊ ဒီအမေအိုကြီးအိုမကြီး တစ်ယောက်ကို အမျိုးမျိုး အဖုံဖုံသော စိတ်ဆင်းရဲကိုယ်ဆင်းရဲစေခြင်းတွေနဲ့ ဒုက္ခအမျိုးမျိုး လှည့်ပတ်ပေးတတ်ကြသည်။

နှစ်ယောက်လုံး တစ်ယောက်တစ်မျိုး မကောင်းကြတဲ့အထဲမှာ ပိုဆိုးတာက သမီးဖြစ်သူ "ကျော့စန္ဒာ"ပင်။ သူ့အတွက်ကတော့ နေ့စဉ်နဲ့အမျှကို ပူပင်စိတ်မောနေရတာက ဒေါ်မြတ်ဦးရဲ့သမီးအငယ် ကျော့စန္ဒာဟာ မျိုးရိုးလည်းမရှိ။ အကြောင်းအရာသည်း ဘာမှ သေချာမရှိလိုက်ပါဘဲနှင့် အသက်နှစ်ဆယ်ကျော်အရွယ်(အိမ်ထောင်မကျသေးခင်အချိန်)က **Psychologically Nervous Breakdown** (စိတ်ကျန်းမာရေး ယိုယွင်းခြင်း)ရသွားဖူးခဲ့သေး၍ပင်။

ဒီသမီးလေးတစ်ယောက်တော့ အရူးလုံးလုံးဖြစ်ပါပြီလားဟု ပူပန်စိုးရိမ်လိုက်ရတာ။ တဖြည်းဖြည်းချင်း အခြေအနေတွေ ပြန်တည်ငြိမ် ကောင်းမွန်လာပြီး ပုံမှန်ပြန်ရောက်လာကာမှ ပင် တစ်ချိန်လုံး ရှိုက်ထားခဲ့မိသည့် သက်မကြီးကို "ဟင်း"ခနဲ အသာချနိုင်ခဲ့ပါသည်။ ဒါပေမဲ့လည်း တစ်သက်တာအတွက်ပါ ယုံစားစိတ်ချပြီး ချခွင့်ရလိုက်တဲ့ သက်မမျိုးတော့ ဘယ်ဟုတ်ပါမလဲ။ ဆေးပညာဗဟုသုတမှာ အပြည့်အဝကြီး မဟုတ်လှပေမယ့် ဒီလိုရောဂါမျိုးဟာ အချိန်မရွေး Breakdown ပြန်ရသွားနိုင်တဲ့ အနေအထားမှာ ရှိနေတယ်ဆိုတာလောက်ကိုတော့ နားလည်နိုင်ပါသည်။

"ဦးအေးကျော်တို့ရဲ့ သားအငယ်လေး တိုင်းကျော်နဲ့ စီစဉ်လိုက်ကြဖို့ ကျွန်မ အားလုံးနဲ့ ညှိနှိုင်းပြောဆိုထားပြီးပြီ"

"အာ ... မင်းဟာက ဖြစ်ပါ့မလား အမေကြီးရယ်၊ ဒါမျိုးဝေဒနာရှင်ဟောင်းတွေဆိုတာ အိမ်ထောင်ရက်သား ချထားပေးလို့ကော ရလို့လား"

"အိမ်ထောင်ကျသွားရင် သွေးသား အပြောင်းအလဲနဲ့ဆိုတော့ ..."

"ဒါက ရှေးခေတ်မြန်မာ့အယူအဆဟောင်းကြီး မဟုတ်လား။ ခုခေတ် အနောက်တိုင်းဆေးပညာမှာရော ဒါမျိုး အယူအဆက ရှိလို့လား"





"ရှိရှိ မရှိရှိတော်။ ကိုယ့်သမီး နောင်ရေး စိတ်အေးရအောင်ကတော့ မိဘတို့ဝတ္တရားရှိတဲ့အတိုင်း လုပ်ကိုလုပ်ပေးရမှာပဲ။ ရောဂါသည်ဖြစ်ဖူးလို့ အိမ်ထောင်မချတော့ဘူး၊ ဒီအတိုင်းပဲ ထားတော့မယ်ဆိုရင် နောင်တစ်ချိန် ကျွန်မတို့နှစ်ယောက်လုံး မရှိတော့တဲ့အခါကျတော့ ဒီသမီးလေးကို ဘယ်သူနဲ့စိတ်ချခဲ့ရမလဲ၊ သူ့တာဝန်ကို ဘယ်သူက ယူမှာတဲ့လဲ။ အားနေ ကမ္ဘာပဲ ပတ်နေပြီး မိဘသတိမရ၊ ညီမသတိမရနဲ့ ရေထဲမှာ သင်္ဘောပေါ်မှာပဲ ပျော်နေတဲ့ သူ့အစ်ကို,ကိုပဲ မျက်စိစုံမှိတ်ပြီး ရှင်က ယုံကြည်စိတ်ချသွားချင်တာလား။ အဲဒီအခါကျ သောင်ပြင်လွတ်တဲ့ ခွေးထက်တောင် ဆိုးသွားလိမ့်မယ်၊ ဘာမှတ်နေလဲ"

"အိမ်ထောင်ရေး ဆိုတာမျိုးက ကိုယ်ချစ် သူချစ်ချင်း ယူဖြစ်ကြရင်တောင် ပျော်စရာ စိတ်ချမ်းသာစရာကြီးပဲ အမြဲတွေ့နေမယ်လို့ ကံသေကံမ ပြောနိုင်တာ မဟုတ်ဘူး။ မတော် အဆင်မပြေနိုင်တာ တစ်ခုခုနဲ့ စိတ်ဆင်းရဲစရာများကြုံခဲ့မယ်ဆိုရင် အဲဒီ အိမ်ထောင်ရေးသောကတွေကို မင်းသမီးက ခံနိုင်ရည်ရှိပါ့မလား"

"အဲဒါကြောင့်လည်း သေချာ့ကို ရွေးချယ်စဉ်းစားပြီးမှ စိတ်ချရနိုင်လောက်မယ်ထင်တဲ့ လူမျိုးနဲ့မှ စီစဉ်တာပေါ့ရှင့်"

"ကံသေကံမကြီးကတော့ တစ်ထစ်ချ မပြောနိုင်ပါဘူးကွာ"

"ဒုက္ခရောက်သွားမယ်၊ ကံဆိုးမယ်လို့ကော ရှင်က တစ်ထစ်ချ ပြောနိုင်လို့လား"

"ဒါဖြင့် ကောင်ကလေးနဲ့ သားရှင်များဘက်ကတော့ ဒါတို့သမီးရဲ့ နောက်ကြောင်းကို ကြည်ကြည်ဖြူဖြူနဲ့လက်ခံတယ်။ သဘောတူတယ်ပေါ့။ နောင်တစ်ချိန် မပြောကောင်းမဆိုကောင်း တစ်ခုခု ဖြစ်ခဲ့သည်ရှိသော် အပြစ်မမြင်ဘဲ ကြင်ကြင်နာနာ ဆက်ရှိနေနိုင်ပါမယ်လို့လည်း ကတိကဝတ် ရပြီးပြီပေါ့၊ ဟုတ်သလား"

"အို ... ရှင်ကလည်းလေ၊ နေရာတကာမှာ ရိုးရိုးကြီးတွေးပြီး တစ်ဖြောင့်တည်းကြီးပဲ လုပ်ချင်နေလို့ ရပါ့မလား"

"ဟင် ... ! ဒါဖြင့် မင်းဟာက နွားမရွံ့ပိတ် မလိမ့်တစ်ပတ်နဲ့"

"ရှင်က ဘာစကားပြောတာလဲ။ ကြမ်းကြား လေကြားသူများက အဟုတ်မှတ်ပြီး ကိုယ့်သမီးကို အပျိုမစစ်၊ စာရိတ္တမကောင်းလို့ ထင်ကုန်ကြပါဦးမယ်။ အဲဒီလိုစကားလုံးရိုင်းရိုင်းကြီးနဲ့ ကျွန်မတို့သမီးလေးနဲ့ ဘာဆိုင်သလဲ"

"ဒါပေမဲ့ ဒီလိုကိစ္စမျိုးကလည်း အမှန်အတိုင်း ကြိုအသိပေး ဖွင့်ပြောထားဖို့တော့ လိုတာပေါ့ကွာ"

"စိတ်ကစဥ့်ကလျား ဖြစ်ဖူးတယ်၊ အချိန်မရွေးလည်း ပြန်ဖောက်သွားနိုင်တယ်လို့ ပြောပြီးစပ်ဟပ်ရင် ဘယ်သူက လက်ခံမှာလဲ။ ရှင်ဆိုရင်ကော ဝမ်းသာအားရ လက်ခံချင်ပါ့မလား။ ချိုကျိုးကို လက်ခံတယ်ဆိုရင်လည်း နားရွက်ပဲ့နေတဲ့အထဲကပဲ ဖြစ်မှာပဲ။ အကောင်းစားတစ်ယောက်ကို ရပါ့မလား။ ကျွန်မတို့သမီးလေးက ဒါလေးတစ်ချက်ဖြစ်နေတာကလွဲရင် ရုပ်ကလေးရော၊ စိတ်ဓာတ်ကလေးရော ပညာအရည်အချင်းလေးနဲ့ ပစ္စည်းဥစ္စာဘက်မှာပါ ဘယ်တစ်ချက်မှာ ဘာပြောစရာရှိသလဲ။ ကိုယ်ကသာ ဘာမှ ထုတ်မပြောရင် ဘယ်လိုအကောင်းစားကိုမဆို ခေါင်းခေါက်ရွေးချယ်လို့ ရနိုင်တယ် ...

တစ်ချိန်ချိန်ကျ အရင်တစ်ခါကလို ပြန်ဖြစ်ကိုဖြစ်မယ်လို့လည်း သေချာပေါက် ပြောနိုင်တာမှ မဟုတ်တာ။ သူ့ကံကလေးကလည်း ရှိသေးတဲ့ဥစ္စာ။ ရှင့်ဘာသာ အသေဖြောင့်ဖြောင့် မဖြောင့်ဖြောင့် ကျွန်မ အသေမဖြောင့်အောင်တော့ ရှင် ဘာမှကန့်လားကွက်လား၊ နှောင့်ယှက်လား၊ ရိုးသားလားတွေ ဝင်လုပ်မနေပါနဲ့။ ဒီတိုင်းလေးပဲ ပါးစပ်လေးပိတ်ပြီး ငြိမ်နေပေးပါ။ ကျွန်မပဲ အားလုံးကြည့်စီစဉ်ပါ့မယ် ...

မတော်တဆ ကံကဆိုးလာခဲ့လို့ တစ်ခုခု မျက်နှာပျက်စရာ၊ စိတ်မကောင်းစရာ ကြုံရပြီဆိုရင်လည်း ရှင့်နာမည် မပါစေရဘူး။ အားလုံး ကျွန်မတာဝန်ထား။ ကျွန်မလည်း အဲဒီအထုပ်ကြီးကို သေတဲ့အထိ ခေါင်းပေါ်ရွက်ထားပါ့မယ်။ ရှင် ငြိမ်းငြိမ်းပဲနေပါ"




စေတနာ၁၀၁ပေ

သွားလေသူ ကလေးတို့ အဖေနဲ့ ငြင်းခုန်တိုက်ပွဲဝင်
ခဲ့ရသည်များကို ပြန်သတိရမိသည်။ "ပါးစပ်လေးပိတ်ပြီး ငြိမ်ငြိမ်
ငြိမ်းငြိမ်းနေပါ"ဆိုတဲ့အတိုင်း အဖေကြီးဟာ ပြောစကားနားထောင်
ပြီး နေသွားလိုက်တာ။ သူ ဆုံးပါးသွားတဲ့အထိ သမီးငယ် ကျော
ကျော့ကလည်း ဘာမှဖြစ်မလာခဲ့လေတော့ ကုသိုလ်ကံကြီး
သူ့မှာတော့ မျက်နှာနာစရာလည်း မရှိတော့။ စိတ်သောကဆင်း
နဲ့ ကြုံစရာလည်း မလိုတော့။ "ဘယ်တော့လဲ၊ ဘယ်ချိန်လော
များ ဖြစ်မလဲ"နဲ့ နေ့စဉ်နဲ့အမျှ ရင်တမမ စိတ်မချနိုင်ရခြင်းများ
နဲ့ ဆက်ရင်ဆိုင်နေစရာလည်း အကြောင်းမရှိတော့။

အဖေ ဆုံးသွားပြီးတော့ ကျော့ကျော့ဟာ တစ်မျိုး
ကလေးတော့ တစ်မျိုးကလေး၊ နည်းနည်းထူးထူးခြားခြားကလေး
တစ်ခုခု ဖြစ်လာသည်ဟု ဒေါ်မြတ်ဦးက ထင်နေသည်။ သူ့ဘဝမှာ
မိသားစုဝင်တစ်ယောက်ဖြစ်ရက် အစ်ကိုအရင်းခေါက်ခက်ကြီး
အားကိုးချင်စရာမရှိဟု သူ့ဘာသာ ခံစားသိမြင်ထားခဲ့ပုံရကာ
အိမ်ထောင်မကျခင်ကတော့ ယောကျ်ားသနာ အားကိုးရာအဖြစ်
ဒီအဖေကြီးတစ်ယောက်ကိုပဲ ပုံအပ်၍။ အိမ်ထောင်ကျပြီးချိန်မှာ
တော့ အဖေနဲ့ လင်ယောကျ်ားခင်ပွန်း နှစ်ယောက်စလုံးအပေါ်
မှျမှျတတ။ အဲဒီမှာ အဖေက ဆုံးပါးသွားပြီဆိုတဲ့ အခါကျတော့
သူ့ယောကျ်ားမှ သူ့ယောကျ်ား။ သူ့မှာ ဒီတစ်ယောက်ပဲ တစ်
ဘဝထင်ကာ ပိုပြီး မျက်စိစုံမှိတ် ယုံမှတ်အားကိုးသွားခဲ့ပုံရသည်





သနားစရာကောင်းတဲ့ သမီးငယ်ဟာ မိဘက ရှာဖွေ
စီစဉ်ပေးစားထားတဲ့ အိမ်ထောင်ရေးမျိုး ဖြစ်ပေမယ့် သူ့ခင်ပွန်း
ယောကျ်ားအပေါ်မှာလည်း အင်မတန်မှ ချစ်မြတ်နိုး စုံမက်ပုံရရှာ
ပါသည်။ နံဘေးက ကြည့်နေမြင်နေရတဲ့သူတွေပါ သိသာပြီး
သက်ပြင်းချရလောက်တဲ့အထိ သည်းသည်းလှုပ် ဗျာများနေတတ်
တာတွေကို သိနေရတော့ ကိုယ့်သမီးအပေါ် တူညီတဲ့တုံ့ပြန်မှုမျိုး
တော့ ရှိပုံမရတဲ့ သမက်ဖြစ်သူအပေါ် ဒေါ်မြတ်ဦးက စိတ်တော့
အကွက်ချင်သား။

ဒါပေမဲ့ သူ့မှာကလည်း အဲဒီတစ်ချက်ကလွဲရင်
ဘာအပြစ်မှ သိပ်ရှိရှာတာ မဟုတ်ဘူးလေ။ ကိုယ့်သမီးလို အချစ်
မကြီးပေမယ့် ရိုးသားကြင်နာစွာ ပေါင်းနေတာကို သိနေရတော့
လည်း "ဟဲ့ ... နင်က ငါ့သမီးကို ဘာကြောင့် သူချစ်နေသ
လောက် ပြန်မချစ်ရတာလဲ။ နည်းနည်းပါးပါး တုံ့ပြန်မှုလောက်
ကတော့ ရှိဦးမှပေါ့ဟဲ့"လို့ မနေနိုင် မထိုင်နိုင် အပြစ်တင်သတိ
ပေးချင်နေလို့ကော ရပါ့မလားလေ။

တစ်ခါတလေကျရင်တော့ ဒေါ်မြတ်ဦးဟာ အဖေ
ကြီးလောက် စောစောစီးစီး ဝဋ်ကျွတ်သွားတဲ့ ကုသိုလ်ကံမျိုးမရှိ
လေတော့ ကိုယ်စ,ထားမိတဲ့ ဇာတ်တစ်ခုမှာ ဇာတ်ဆရာ ခေါင်းခဲ
ရတဲ့ကိစ္စမျိုးတွေနှင့် ကြုံရတတ်သည်။ သူ့အဖေဆုံးပြီးကတည်းက
နည်းနည်း ပြန်ထူးခြားတာမျိုးဖြစ်လာတဲ့ ကျော့ကျော့ကို သူ့
ယောကျ်ားက သင်္ကာမကင်းနဲ့ သံသယစိတ်တွေ ဝင်လာတတ်တဲ့
အခါမျိုးတွေမှာ ဖြစ်ပါသည်။

"အမေဦး ... ကျွန်တော် တစ်ခုတိုင်ပင်ချင်လို့။ ကျော့ကျော့
ကိုလေ ကျွန်တော့်စိတ်ထဲ နည်းနည်းတစ်မျိုး ဖြစ်သလား
လို့။ ဒီလိုပါ ... ကျွန်တော် ပြောချင်တာက ဆရာဝန်
တယ်၊ ဆေးကုတယ် မဟုတ်တောင် တတ်ကျွမ်းနားလည်
တဲ့ သမားတော်တစ်ယောက်ယောက်နဲ့ တိုင်ပင်ဆွေးနွေး
ကြည့်တာမျိုးပေါ့။ ဟို ... ပုံမှန် Physician တစ်ယောက်
တော့ မဟုတ်ဘူးလေ။ Psychiatrist ကောင်းကောင်းတစ်
ယောက်ယောက်နဲ့ပဲဖြစ်ဖြစ်"

"ဘာကွယ့် ... ဘယ်လို။ မင်း ပြောလိုက်တာက ဆိုက်
ရားထရစ်စ် ... ! ဟုတ်ရဲ့လား။ အဲဒါ ဘာသဘောလဲ
အရူးဆရာဝန်နဲ့ ငါ့သမီးက ဘာကြောင့်ပြရမှာလဲ"

ရင်ထဲ ဒိန်းခနဲဖြစ်ကာ ရင်ခုန်သံတွေမြန်၊ မျက်လုံး
တွေပြာ၊ နားတွေပါအူပြီး ပူထူသွားခဲ့ရပေမယ့်လည်း ဓာတ်ဆ
ဒေါ်မြတ်ဦးဟာ "ဟန်ကိုယ့်ဖို့" ဆိုတဲ့အတိုင်း အမူအရာတစ်ချ
မှ မပျက်စေရေးကိုတော့ မမေ့မလျော့ပါ။ ကျော့ကျော့အပျိုဘ
က Breakdown ရဖူးစဉ်က ဒေါ်မြတ်ဦးတို့ မိသားစုက နယ်မှာ
ကုသပေးဖူးသော ဆရာဝန်ကြီးကလည်း မြန်မာနိုင်ငံမှာ မရှိတော့
ပြီဖြစ်ရာ သမီးအဖေ ပူပင်ခဲ့တဲ့ "ဒီအသိုင်းအဝိုင်းတစ်ခုထဲမှာ
ဟိုက ဒီက သတင်းတွေ ပြန့်ကြားပြီး ကိုယ့်မရိုးသားမှုတွေ
တစ်နေ့ကျ ဘူးပေါ်သလို ပေါ်သွားခဲ့ရင်" ဆိုတဲ့ အဖြစ်မျိုး
လာစရာကို မရှိဘူးဟုလည်း တစ်ထစ်ချ စိတ်ဒုံးဒုံးချထားပြီ
သားပဲ မဟုတ်လား။





"အဲဒီလိုသဘောမျိုးကြီးတော့ မဟုတ်ပါဘူး အမေဦးရယ်။ နိုင်ငံခြားမှာ ဆိုရင်တော့ လူကောင်းစစ်စစ်ကြီးတွေပါဆိုတဲ့ သူတွေလည်း psychiatrist နဲ့ မကြာခဏ သွားစကားပြော ဆွေးနွေးကြည့်ကြတာတွေက အဆန်းမဟုတ်တော့ပါဘူး"

"ဒါပေမဲ့ ဒါက မြန်မာနိုင်ငံကွယ့်။ အရူးဆရာဝန်ဆီသွားရရင် ပတ်ဝန်းကျင်က အရူးလို့ပဲ သတ်မှတ်မှာပဲ"

"မြန်မာတွေလည်း တဖြည်းဖြည်းနဲ့တော့ ခေတ်မီ ..."

"အို ... မင်းတစ်ယောက်တည်း ခေတ်မီရုံမကလို့ ခေတ်လွန်ထွက်ချင်လည်း ထွက်ပါကွယ်။ မြန်မာတစ်မျိုးသားလုံးနဲ့ချီပြီးတော့,တော့ ခြုံမပြောပါနဲ့။ နားမလည်နိုင်ကြသူတွေလည်း အများကြီးရှိကြပါသေးတယ်။ မဖြစ်ပါဘူး၊ တို့များက ဒါမျိုး မျိုးရိုးလည်း မရှိဘူး"

"ဒါက မျိုးရိုးနဲ့လည်း ဆိုင်ချင်မှ ဆိုင်မှာပါ၊ လူတစ်ဦးချင်းစီရဲ့ ပြောင်းလဲမှု"

"ငါ့မျက်စိထဲမှာတော့ ငါ့သမီးက ဘာမှမပြောင်းလဲဘူး"

"ကျွန်တော်ကလည်း ရူးနေပြီလို့ မပြောပါဘူး၊ နည်းနည်းတစ်မျိုးပေါ့"

"ဒီမှာ မောင်တိုင်းကျော်၊ မင်းကို ငါ့သမီးက မင်းရဲ့ဓာတ်လမ်းဟောင်းနဲ့ပတ်သက်ပြီး အမြဲရန်ရှာနေတတ်လို့ မင်းက ဒါကို မဖြေရှင်းနိုင်တိုင်း ငါ့သမီးကို အရူးစွပ်စွဲပြီး မဟုတ်

အဟုတ်က လုပ်ကြံပုံချချင်တာမျိုးတော့ မလုပ်ပါနဲ့။ ဒါ အိမ်ထောင်ရှင်မိန်းမတိုင်းရဲ့ ပုံမှန်သဝန်တို၊ မနာလိုမှုမျိုး ပါပဲ။ ပေါက်ကွဲခံစားကြပုံချင်းကတော့ မိန်းမတွေတစ် ယောက်နဲ့တစ်ယောက် တူချင်မှ တူနိုင်မယ်ပေါ့။ ကိုယ့် ယောကျ်ားကို မသင်္ကာ သဝန်တိုလို့သာ အရှုံးဖြစ်ရမယ် ဆိုရင် လောကမှာ အိမ်ထောင်ရှင်မိန်းမသား အရှုံးမဲ့ နဲ့ချည်း နေရာ တော်တော်များများ ပြည့်နေလိမ့်မယ် ကွယ် ...

မင်းကို အမေက မင်းရဲ့ဇာတ်လမ်းဟောင်းအတွက် ဘာမှအပြစ်မမြင်ပါဘူး။ ငါ့သမီးကသာ သဝန်တိုလို့ ရန် လုပ်နေတာ။ အမေကတော့ ဖြစ်ရိုးဖြစ်စဉ် သဘာဝလို့ပဲ မြင်တယ်။ ခုချိန်မှာ မင်းရဲ့ရိုးသားမှုကိုလည်း ယုံကြည်တယ်။ သမီးက နွဲ့ဆိုး ဆိုးချင်ပေမယ့် အမေကြီးကတော့ မင်းကို ယုံကြည်တယ်ဆိုတာကို မင်းကလည်း အသိအမှတ်ပြုပါ။ ပုံမှန်ဖြစ်ရပ်တစ်ခုကို ဇာချဲ့ပုံကြီးချဲ့ပြီး ဆရာဝန်ပြရမလေး ဘာလေးတွေတော့ မလုပ်ချင်ပါနဲ့ကွယ်၊ မဟုတ်တာ"

ချော့တစ်ချီ ခြောက်တစ်လှည့် မြှောက်တစ်ချီ ဗိ တစ်လှည့်နဲ့ သမက်ဖြစ်သူကို ကိုင်တွယ်ဖြေရှင်းလိုက်နိုင်တာမို့ သမက်ဖြစ်သူဟာ စိတ်ပဲရှင်းသွားတာလား၊ ဒီကိစ္စနဲ့ပတ်သက်လို့ ထပ်မပြောချင်တော့တာမျိုးလား မသိဘဲ ကျော့ကျော့ကို အရူး ကုဆရာဝန်နဲ့ပြသရေးဆိုတဲ့ အဆိုကို နောင် ဘယ်တော့မှ ထပ်





တင်လာတော့ပါ။ တစ်ရန်က အေးပေမယ့် နောက်တစ်ရန်က တော့ ဘယ်တော့မှ အေးမယ့် ငြိမ်းမယ့်ဟာမျိုး မဟုတ်ပါ။ "ငါ့ မျက်စိထဲမှာတော့ ငါ့သမီးက ဘာမှမပြောင်းလဲဘူး" ဆိုတဲ့ မျက်စိ စုံမှိတ် "ဘူး"ကွယ်ခြင်းဟာ မှန်သောစကားမှ မဟုတ်ဘဲ။

ကျော့ကျော့ဟာ တစ်ခါတလေကျရင် သူ့ရှေ့ကနေ ကာဆီးကာဆီးနဲ့ လိုက်ကာကွယ် ဖုံးကွယ်နေရတဲ့ အမေဖြစ်သူ "ဟိုက်"ကျသွားရအောင်ကို စိတ်ပျက်စဖွယ်၊ အခိုပွာယ်မရှိတွေကို ပြုမူတတ်သူမျိုးဖြစ်သည်။

"ကျော့ကျော့ ... ညည်းက ဘာဖြစ်လို့ ညည်းယောကျ်ား ရုံးထဲ အလုပ်ထဲအထိလိုက်ပြီး ပေါ်တင်တက်ကြဲလိုကြဲ။ သူ့ဟာသူ အေးအေးနေနေတဲ့ ယောက္ခမကြီးကို တက်ချဲ လိုချဲတွေ လျှောက်လုပ်နေရတာလဲ။ ယောကျ်ားက မပြော ချင်လို့ နေနေတိုင်း အဟုတ်ကြီး မှတ်မနေနဲ့လေ။ ဒါမျိုး ပုံစံနဲ့ ငါမရှိတော့တဲ့ တစ်နေ့ ညည်းနာခေါင်း ကျည်ပွေ့ ကောင်းကောင်းတွေ့မယ်။ ကိုယ့်ယောကျ်ားက ကိုယ့်အပေါ် မှာ စိတ်ပျက်လက်ပျက် ဖြစ်သွားအောင်အထိတော့ မဆိုး ရဘူး။ ညည်း နားလည်လား"

"အို ... မေမေ ဘာမှမသိပါဘူး"

"သိတယ် ... သိတယ်။ ဘာလို့မသိရမှာလဲ၊ ငါအကုန်သိ တယ်။ သိတာမှ ညည်းထက်တောင် ငါက အစစအရာရာ ကို သိနေသေး"

ကျော့ကျော့ဟာ သူ့ဘာသာသူ အရင်က Nervous Breakdown တစ်ခါ ရဖူးခဲ့ခြင်း အကြောင်းကို သူ ပြန်မမှတ်မိ၊ *မသိတော့သူလေ။ ကိုယ့်အကြောင်း ကိုယ်သိတဲ့သူဆိုရင်တောင်* "ငါ့စိတ်ကို ထင်တိုင်းကြဲပြီး အရမ်းကြီး လွှတ်လိုက်လို့မဖြစ်ဘူး။ သတိတရားလေးနဲ့ စိတ်မထိန်းနိုင်ရင် ငါကသူများနဲ့တူတာမဟုတ်ဘူး။ အရမ်းပေါက်ကွဲထွက်သွားရင် အရင်ကလို အဖြစ်မျိုးအထိ ပြန်ရောက်သွားနိုင်တယ်၊ ထိန်းမှ ဆင်ခြင်မှ"ဆိုတဲ့ အသိစိတ်နဲ့ ဆင်ခြင်မိနိုင်တာမျိုး ရှိဦးမည်။ ခုတော့ သူ့စိတ်က ဘာမဟုတ်တာလေးတွေနဲ့ကို လွှတ်လိုက်ပြီဆိုရင် တစ်ဆုံး။

နည်းနည်းလေး ထိန်းထိန်းသိမ်းသိမ်းလေးနဲ့ ဆုံးမချင်လို့လည်း မရချေ။ အရင်တစ်ခါ အဲဒီလိုဖြစ်ဖူးပြီးကတည်းက မိဘနှစ်ပါးစလုံးဟာ ဒီသမီးတစ်ယောက်ကို စိတ်မညစ်ရ၊ မငြိုငြင်ရအောင် ဖူးဖူးမှုတ်ထားကြသလိုကလည်း ရှိခဲ့တော့၊ ကျော့ကျော့ဟာ အမေဖြစ်သူအပေါ်မှာ ဆိုးကိုဆိုးလှသည်။ တစ်စက်မှပြောစကားနားမထောင်တဲ့အပြင် ဖျောင်းဖျချော့မော့ရသူ အမေဆို့အောင် ကက်ကက်လန်တတ်တာက ရှိသေးသည်။

ကိုယ့်အကြောင်း ကိုယ်မသိ၊ မမှတ်မိသူကို "ညည်းက ဒီလိုဖြစ်ဖူးလို့ပါ သမီးရယ်" လို့ ဖွင့်ပြောဖို့ကလည်း မဝံ့ရဲပါ။ အတိတ်ကို ပြန်ဖော်ပြီး သိစေတာမျိုးဟာ သူ့အတွက် ကောင်းစေမလား၊ ဆိုးသွားစေမလား ဒေါ်မြတ်ဦးကမှ ဆေးပညာ၊ စိတ်ပညာသဘောကို နားမှမလည်ဘဲ။





အဲဒီလိုဆိုတော့ ဒေါ်မြတ်ဦးခမျာ "ကျွန်မပဲ ဒီအထုပ်ကြီးကို သေတဲ့အထိ ခေါင်းပေါ်ရွက်ထားပါ့မယ်" လို့ အဖေကြီးကို ပြောခဲ့မိတဲ့ ကိုယ့်စကားနဲ့ကိုယ် နေ့စဉ်နဲ့အမျှ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲခြင်းကြီးစွာနဲ့ တထိတ်ထိတ် တလန့်လန့် အမြဲရှိနေရတော့သည်။ ကိုယ်ပါ မျက်စိမှိတ် ဆုံးပါးသွားခဲ့ပြီ ဆိုရင်လည်း (သောင်ပြင်လွှတ်တဲ့ ချွေး၊ အဖြစ်မျိုး ဖြစ်မကျန်ရလေအောင် အကောင်းဆုံး စီစဉ်ပေးခဲ့ပေမယ့်) သူ့ကုသိုလ်နှင့်သူ ယောကျ်ားဖြစ်သူက ရိပ်မိသိရှိသွားပြီး မကြင်နာချင်တော့ရင်လည်း ကိုယ်ဘာမှမတတ်နိုင်။ တဖြည်းဖြည်း ပိုပိုဆိုးလာကာ သွက်သွက်ပါလည်သွားခဲ့ပြီဆိုရင်လည်း ကိုယ် ဘာမှမတတ်နိုင်ပါ။

ဒါပေမဲ့ မသေခင့်စပ်ကြားကလေးထဲမှာတော့ကောင်းကောင်းမှ အသေမဖြောင့်နိုင်အောင် သမီးဖြစ်သူ သွက်သွက်လည်သွားတာမျိုးကိုလည်း မြင်မသွားချင်။ ဖုံးကွယ်သိုဝှက်ခဲ့မိတာတွေ ဘွားခနဲ အဖြစ်မှန်ပေါ်ပြီး သူ့ယောကျ်ားနဲ့ အသိုင်းအဝိုင်းတစ်ခုလုံးရဲ့ လက်ညှိုးတွေ ကိုယ့်အပေါ် ကျလာကြမှာကိုလည်း မလိုချင်ပါ။ အဲဒီတော့လည်း ဒေါ်မြတ်ဦးခမျာ အိုကြီးအိုမကျကာမှ ဒီသမီးတစ်ယောက်ကို မျက်ခြည်မပြတ်၊ မျက်စိဒေါက်ထောက် မပြတ်တမ်း လိုက်အကဲခတ်နေရတော့ကာ တရားမရှာနိုင်၊ မငြိမ်းချမ်းနိုင်။ ဝဋ်ကြီးလိုက်တာ ဆိုတာလေ။

ခုတလောလေးမှာတော့ ကျော့ကျော့ရဲ့ အခြေအနေက ခါတိုင်းထက်တောင် ပိုဆိုးလာသလား ထင်ရပါသည်။

"ကျော့ကျော့ ... ညည်းကြည့်ရတာ ပျာယာတွေ၊ ယောက် ယက်တွေခတ်ပြီး မျက်စိကလည်း ကျိုးကန်းမျက်စိ၊ ပုံစံက သူခိုးပုံစံနဲ့။ ဘာများဖြစ်နေရပြန်တာလဲ သမီးရယ်"

"အို ... မေမေ ဘာမှမသိပါဘူး"

သမီးအလိမ္မာကတော့ သူ့ ထုံးစံအတိုင်း သူပြော နေကျစကားက တစ်ခွန်းတည်း။ အမေတစ်ခု၊ သမီးတစ်ခုရယ် လို့ အစစအရာရာ ဖွင့်တိုင်ပင်မယ်လည်း မရှိ၊ ထင်ရာတွေပဲ ကျိတ်လုပ်နေမည့်ပုံနှင့် ဂနာမငြိမ် ဖြစ်နေတတ်တာတွေက အခြေ အနေ ပိုဆိုးလာကာ အိမ်တွင်းမှာနေ အိမ်ပြင်လမ်းမပေါ်သို့ပါ ရောက်ရှိသွားသည်။

အိမ်မှာ အိမ်ကကားကို ဒီအတိုင်းကြီး အသားလွတ် ချန်ထားရစ်ကာ တက္ကစီအစီးစီးနှင့် ဟိုဟိုဒီဒီလမ်းသလား ဗျာများ နေသည့် သမီးဖြစ်သူကြောင့် ဒေါ်မြတ်ဦးခမျာမှာလည်း ကိုယ့် အိမ်ကကားနှင့် ဒရိုင်ဘာကို အမြဲ Stand by အဆင်သင့် လုပ် ထားရတာ။ သူ့ အိမ်မှာ ကျော့ကျော့ မရှိတော့ဘူးဟု သတင်းရ ဖုန်းရတာနဲ့ တစ်ပြိုင်နက် ကားပေါ်ပြေးတက်ကာ သူသွားတတ်မယ် ထင်တဲ့ နေရာတွေနောက်၊ မြို့လုံးပတ်လည် လျှောက်လိုက်ရတော့ ကာ ကိုယ်တိုင်လည်း အင်မတန်လမ်းများရတော့တာ။

"ငါးသေလို့ ဝင်စားသလား" ထင်ရအောင် ရေထဲက ဘယ်တော့မှ မတက်တဲ့ သားအကြီးဖြစ်သူ သဘော်သားက ခု တစ်ခေါက်တော့ ခြောက်လ ခုနစ်လကြာအောင် ကမ်းကပ် နိုင်ငံ





ြနေပေမယ့် အားကိုးလို့မှ မရတာ။ ဘာကြောင့်မှန်းမသိ ဒီနိုင်ငံ ထဲ ဒီမြို့ထဲမှာသာပြန်မြဲနေတာ၊ အိမ်မှာမှ မမြင်ရတာ။ ကျော့ကျော့ ရဲ့ ပျာယာခတ် ဂနာမငြိမ်မှုဟာ သူ့ယောက်ျားတွေအတွက်က လွဲရင် တခြားအကြောင်း မရှိနိုင်တာလည်း ရိပ်မိနေရတော့ ...

"ကိုယ့်ညီမအတွက် မင်းယောက်ဖကို ယောက်ျားချင်း အကဲလေး ဘာလေး ခတ်လို့ရအောင် ပေါင်းပေါင်းသင်း သင်း ခင်ခင်မင်မင်လေးများ နေပါတော့လား သားရယ်"

လို့ အကူအညီ တောင်းချင်တာတောင်မှ တောင်းလို့ ရနိုင်ပါ။ ဒါပေမဲ့လည်း တစ်ဖက်ကကြည့်ရင်တော့ သမက်ဖြစ် သူက တကယ်ပဲ ဖောက်ဖောက်ပြန်ပြန် ပြောင်းပြောင်းလဲလဲ ဖြစ်နေပြီဆိုရင်တော့ သမီးဖြစ်သူရဲ့သိက္ခာကို ငဲ့ကွက်ကာ သမီးက သိစေချင်ပုံမရလျှင် သူ့အစ်ကို,ကို ယောက်ဖအကြောင်းတွေ ဘာမှစကားသွားစပ်မပြဖို့ ဒေါ်မြတ်ဦးက ဆုံးဖြတ်ထားသည်။

သမီးရော သမက်ရောကိုပါ "ငါ အားလုံးသိတယ်၊ အကုန်သိတယ်" လုပ်ထားရပေမယ့် ခေတ်အခြေအနေနဲ့၊ ကိုယ့် အရွယ်နဲ့ ဒေါ်မြတ်ဦးက ဘယ် ဒီလောက်စွမ်းစွမ်းတမံကြီး ရှိနိုင် မှာလဲ။ သမီးကို မျက်ခြည်မပြတ်ချင်သလို သမက်ကိုလည်း "ပြောင်းများ ပြောင်းလဲလာပြီလား" လို့ အကဲခတ်နိုင်ရအောင် ကိုယ့်တစ်ယောက်တည်းနဲ့ ဘယ်လိုလုပ် နှစ်ကိုယ်ခွဲပြီး လုပ်နေ နိုင်မှာလဲ။ ခုတောင် စကားပုံရိုးရိုးပဲ ပြောသုံးရရင် "ယုန်တောင် ပြေး ခွေးမြောက်လိုက်" ဖြစ်ချင်တိုင်းတွေ ဖြစ်နေရတာမျိုးလေ။

စိတ်သွားတိုင်း ကိုယ်ပါ ထင်တိုင်းကြဲနေတော့တဲ့ သမီးတစ်ယောက်နောက်ကို အိုကြီးအိုမနဲ့ နောက်ယောင်ခံ လိုက်လံချောင်းမြောင်းနေရတာကြီးက ဘယ်လိုမှ မကိုက်ညီစွာ စိတ်မော လူမော ရှိရလွန်းလေသည်။

✦❤✦





"ဘယ်က မိန်းကလေးတဲ့လဲ၊ အို ... ဘယ်လိုပဲဖြစ်ဖြစ် ဒီအသက် ဒီအရွယ် ဒီလိုအခြေအနေနဲ့ ယောက်ျားတစ်ယောက်ကို အမိဖမ်းထားမှတော့ မျိုးကောင်း ရိုးကောင်းထဲကတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး။ ပိုက်ဆံမက်တဲ့ ဆပ်စလူးစိန်ထဲကပဲ ဖြစ်မှာပေါ့။ ဟုတ်တယ် မဟုတ်လား"

အမေ့အသံက တိုးတိုးကျိတ်ကျိတ်နှင့် ပြောနေဆိုနေသလိုတော့ ရှိပေမယ့် စိတ်ကဆောင်နေလေတော့ ကျယ်ချင်တိုင်းကျယ်နေပါသည်။ "မင်းထွဋ်"မှာ ထမင်းစားခန်းထဲက ရေခဲသေတ္တာဆီ ရေပုလင်းသွားယူသလိုလိုနဲ့ ဧည့်ခန်းထဲမှာ ဖုန်းပြောနေသည့် အမေ့ဘက် အပြင်းအထန် နားစွင့်ထားလိုက်မိ၏။

"သြော် ... မဖြစ်သင့်တာကတော့ မဖြစ်အောင် ထိန်းရသိမ်းရမှာပေါ့ ဒေါ်စိန်ချစ်ရယ်၊ အဖေကြီး မရှိတော့ကတည်းက ကျွန်မပဲ အဖေ၊ ကျွန်မပဲ အမေ မဟုတ်လား။ ကိုယ့်သားသမီးကြီးတွေက ဘယ်အရွယ်ရောက်ရောက် လေးဆံယ်ကျော်ဆိုလည်း လေးဆယ်ကျော်ကိုမို့၊ သုံးဆယ်ကျော်

ကျပြန်တော့ သုံးဆယ်ကျော်မို့ သုံးလေးနှစ်သား သမီးလေးတွေလိုပဲ ဒီအမေကြီးမှ ဝင်မပါရင် ဖြစ်ချင်တိုင်း ဖြစ်နေကြတဲ့ အမျိုးအစားတွေလေ ...

ခုလို သတင်းပေးတာကို ကျေးဇူးတင်ပါတယ်ရှင်။ ကျွန်မအကြောင်းကတော့ ဒေါ်စိန်ချစ်လည်း သိတဲ့အတိုင်း ကိုယ်ဖြစ်ချင်တာကို မဖြစ်,ဖြစ်အောင်လုပ်ယူတတ်တာကတော့ ကျွန်မရဲ့ဝသီပဲလေ။ မဖြစ်သင့်တာတွေကို ဖွတ်ခွဲပစ်ရမယ်။ ဖြစ်သင့် ဖြစ်ထိုက်တာကိုပဲ ဖွတ်ပြန်စီစဉ်ပေါင်းစပ်ပေးရမယ်။ မဖြစ်နိုင်ဘူးဆိုတာ မရှိစေရဘူး။ မမြတ်ဦးပါ ဒေါ်စိန်ချစ်ရဲ့။ သားပဲဖြစ်ဖြစ် သမီးပဲဖြစ်ဖြစ် အမေဆိုတာကတော့ အမေပါပဲ”

မင်းထွဋ်ရဲ့ မျက်နှာကြီးတစ်ခုလုံး ရှုံ့မဲ့လို့သာ နေပါတော့သည်။ ဒေါ်စိန်ချစ် ဆိုတာကတော့ မင်းထွဋ်တို့ ငယ်ကတည်းက အမေ့ရဲ့ ကျေးဇူးခံ ကျေးဇူးစား မကင်းသည့် Informer သတင်းပေးကြီးတစ်ယောက်သာလျှင် ဖြစ်ပေသည်။ အဖေရှိစဉ်ကတည်းကစလို့ အဖေ၊ သား၊ သမီး မိသားစုဝင်တွေသာမက အိမ်ကအလုပ်သမားပေါင်းစုံနဲ့ ဆွေမျိုးညာတကာမှန်သမျှတို့ရဲ့ သတင်းပလင်းပေါင်းစုံကို ထိုင်ရာမထ၊ အိမ်တိုင်ရာရောက် စုံစမ်းချင်လျှင် အမေက ဒေါ်စိန်ချစ်ကိုချည်း သုံးခဲ့သည်။

မင်းထွဋ်ကတော့ အသက်နှစ်ဆယ်ကျော်စလောက်ကတည်းက ဒီအိမ်၊ ဒီအသိုင်းအဝိုင်း၊ ဒီမြေ ဒီရေနဲ့ ဝေးရာသို့





ည်း အမြဲလို ရောက်ရှိနေတတ်သူဆိုတော့ အဲဒီဒေါ်စိန်ချစ်ရဲ့ ာ်ကို ဒီလောက်ကြီးတော့ မခံခဲ့ရလှပါ။ မခံရဘူးဆိုတာတောင် ်မာနိုင်ငံသို့ ပြန်ရောက်လေတိုင်း ပျော်ပျော်ပါးပါး ပေါ့ပေါ့ ဆ သဘောမျိုးလောက်နဲ့ပဲ အတွဲဖော်ရှာတတ်လေတဲ့ မင်းထွဋ် ာ အဲဒီကိစ္စတွေနဲ့ ပတ်သက်ရင်တော့ ကိုယ်က ခြေတစ်လှမ်း ရှိသေး သတင်းက အမေ့ဆီ ပြန်ရောက်နေနှင့်ပြီ။

အဲဒီတုန်းကတော့ ဘာအရေးလဲ။ အမေက ပြန်မေး ကြိမ်းလည်း ကိုယ်တိုင် စိတ်ထဲက လေးလေးနက်နက်ကြီး ရှိ တဲ့အဖြစ်တွေမှ မဟုတ်တာ။ ပေါ့လားဝါးလားပေါ့။ “မကြိုက် း ဆင်ခြင်ဦးပေါ့”ဆိုရင်တောင် နဂိုတည်းက ဘက်ခ်ဂီယာထိုး ခြေတစ်လှမ်း ကြိုပြင်ထားပြီးသား မင်းထွဋ်က အမေ့စကား းထောင်သလိုလိုနဲ့ အသာလေး ပြန်လှိုနေပေးလိုက်တာမျိုးလည်း တာပဲ။

ခုကကျတော့ အဲဒီလို အခြေအနေမျိုးတွေ မဟုတ် ာဘူးလေ။ ဆယ့်ခြောက်နှစ်သားတုန်းကလို “ဟဲ့ ... ဖြတ်”ဆို င်လည်း မဖြတ်နိုင်။ နှစ်ဆယ်ကျော်ချိန်တွေကလို “မတန်မရာ ွနော်၊ ပြန်စဉ်းစားဦး”ဆိုရင်လည်း ပြောစကား နားထောင်ချင် ာင်တောင် ဆောင်မပြနိုင်တော့တာမျိုး။ အသက်သုံးဆယ်ကျော် ာပြီးကတည်း ...

“ကိုယ့်မှာ ဒီအမေနဲ့ ဒီညီမပဲ ရှိတာနော်၊ ဒါတွေနဲ့ ဆင်ပြေမှဖြစ်မယ် ဆိုတာလေး တစ်ခုတော့ ခေါင်းထဲအမြဲထည့်

ထား” ဆိုတာမျိုးကိုလည်း အားတော့နာပေမယ့် လိုက်လျော
ဖို့ မလွယ်လှဘူး ဖြစ်နေပါပြီ။

လေးဆယ်တင်းတင်း စပြည့်ပြီဆိုတော့ ...

“ဝင်ငွေကောင်းတဲ့ လူပျိုကြီးဆိုတာ ဘယ်လောက်အသ
ကြီးကြီး အသက်ကြီးလေ အဖိုးတန်လေပဲ။ ယူချင်တဲ့မိန်း
တွေက ဝိုင်းဝိုင်းကိုလည်နေတာ။ အမေတို့ အသိုင်းအဝိုင်း
ထဲမှာလည်း အတည်ပေါက်ကော၊ နောက်သလိုလိုနဲ့
လာကမ်းလှမ်းနေကြတာများ တိုးလို့တောင် မပေါက်
မင်းထွဋ်ရေ ...

နောက်တီးနောက်တောက် ပေါ့တီးပေါ့ဆတွေ လု
မနေနဲ့တော့။ အမေလည်း အခု သင့်တော်မယ်ထင်
လေးတွေကို စကားပြန်ပစ်ထားပြီး တီးခေါက်ကြည့်
တယ်။ ရေထဲကတက်ပြီး ကုန်းပေါ်မှာ အခြေကျ
မိန်းမယူဖို့ စ,စဉ်းစားချေတော့။ ရှာဖို့တောင် ပျင်းတယ်
ရင် အမေကိုယ်တိုင် အားလုံးစီစဉ်လာမယ်။ မင်းက ထို
ခေါင်းညိတ် လက်ခံလိုက်ရုံပဲ”

အဲဒီတုန်းကတော့ ကိုယ်တိုင်ကလည်း အမေ
သလို ပေါ့တီးပေါ့ဆကလွဲရင် ခေါင်းထဲ ဘာမှမရှိချိန်။ အမေ့စ
ကြိုက်သာ ရှာရွေးလို့ကတော့ ကိုယ်တိုင် အနှစ်တစ်ရာ လည်
တာထက်လည်း ဘယ်လိုမဆို သာနေဦးမှာပါပဲ ဆိုတာကိုလ
စိတ်ချ။ ကိုယ်တိုင်ကလည်း ပျော်ပါး လေလွင့်နေတာထက် ဘ





ကို တည်တည်ငြိမ်ငြိမ်နဲ့ အခြေချရတော့ရင် ကောင်းမလားလို့
ခေါင်းထဲ စ,ဝင်မိချိန်မျိုးလည်း ဖြစ်နေတာမို့ ...

“ရှာမယ့်ရှာလည်း မြန်မြန်ရှာထားတာ မဟုတ်ဘူး။ နောက်
တစ်ခေါက် ပြန်ရောက်ရင် ရှာထားပြီးသား ဖြစ်နေပစေ။
တစ်ယောက်တည်းတော့ အတိအကျကြီး စီစဉ်မထားနဲ့
နော်။ ကျွန်တော်က ရွေးရမှာ။ လက်ရွေးစင်နှစ်ယောက်
သုံးယောက်လောက်တော့ ရှာထားပေါ့”

နောက်သလိုလိုနဲ့ တကယ်ပဲ “အမေ့တာဝန်”လို့
အတိအကျ ပြန်လွှဲပစ်ခဲ့တာလေ။ တစ်နေ့ တစ်နေ့ သူ့သမီး
ငယ်မအတွက်ပဲ အရေးသယ်နေကာ ဒီတစ်ယောက်အတွက်ပဲ
အလုပ်ရှုပ်နေတတ်တဲ့ အမေက မင်းထွဋ်ဆီက အဲဒီလောက်စကား
မျိုးရရင်တော့ ဝမ်းသာအားရ၊ အားတက်သရောနဲ့ကို တက်တက်
ကြွကြွ ထလှုပ်ရှားနေတော့မှာပါ။ ခုလောက်ရှိ “ခေါင်ပွင့်”တွေ
ဘယ်နှပွင့်လောက်များ ဆုပ်ကိုင်ထားပြီးပြီလဲ မသိ။

ဒါပေမဲ့ မင်းထွဋ်က “အမေ့လက်ရွေးစင်တွေထဲက
ရွေးမယ်”ဆိုတဲ့ “မိန်းမပဲဟာ ဘယ်သူဖြစ်ဖြစ်။ ကောင်းကောင်း
ကန်းကန်း လှလှပပထဲက တစ်ယောက်ယောက်နဲ့ အိမ်ထောင်ပြု
လိုက်ရင်လည်း ပြီးတာပဲပေါ့”ဆိုတာမျိုးမှ မဟုတ်နိုင်တော့တာ။
ဒီတစ်ခေါက် ပြန်အရောက်မှာ ခါတိုင်းလို ကျောမပူ ဖင်မပူခင်
“ပျင်းပြီ။ ပြန်ထွက်တော့မယ်”ဆိုတာမျိုးကိုတောင်မှ မတွေးနေ
နိုင်တော့တာ။

မင်းထွင့်မှာ အသက်လေးဆယ်ကျော်ကာမှ "အချစ်" ဆိုတဲ့အရာကို နမ်းတွေ့ ဒူးတွေ့ စတွေ့ဖူးခဲ့ပြီ။ အရင်ကယော လားဝါးလား အဖော်အဖွဲ့တွေကို ရင်ခုန်လှိုက်မောရတာတွေနဲ့ လားလားမှမဆိုင်တဲ့ "အချစ်"။ "သာယာ"တာနဲ့ "တွယ်တာ"တာ ဟာ "သိမ်မွေ့"ပုံချင်း လုံးဝကွဲလွဲပါသည်။

ဘာများ ထူးခြားသာလွန်နေလို့လဲ ဆိုရင် ဘာမှ မထူးခြား မကောင်းမွန်လှတဲ့အပြင် အမေ့လက်ရွေးစင်ဆိုတဲ့ဟာ တွေကို ခြေဖျားမှ မမီနိုင်တဲ့ အမှတ်လျော့လျော့ အစားမျိုးလေး ထဲက ဖြစ်သည်။ မုဆိုးမ၊ သမီးတစ်ယောက်အမေ။ လှတာလေး တစ်ခုကလွဲရင် နောက်ခံမနေအင်အားရော၊ ပညာ၊ ဉာဏ်တို့နဲ့ဖြ ပြည့်စုံပုံမရတဲ့အပြင် နာမည်ကလည်း အစွန်းအထင်း ရှိနေပုံ ပြန်သည်။ နေတတ်ပုံ ထိုင်တတ်ပုံတို့ကလည်း အမေ့မျက်စိထဲ တော့ "ပွဲကြီး ပွဲကောင်း"တွေ့ကြမည့် အနေအထားမျိုးကြီးဖြ ကာ မင်းထွင့် အမြဲပြောလေ့ရှိတဲ့ ...

"ကိုယ်က လေးဆယ်ကျော်ပေမယ့် ဒွေးချိုးလေးတိုးလော ရွေးထားမှ နှောင်ရေးအတွက် စိတ်အေးရမှာပေါ့။ ကိုယ့် ရပြီး နောက်နှစ်လောက်ကျ ဗြတ်ခနဲ Menopause (သွေး ဆုံး)သွားမယ့် အသက်ကြီးလောက် သွားစဉ်းစားမိရင် မျိုးဆက်ချန်ထားချင်လို့ အတည်တကျ မိန်းမယူပါတယ် အဘွားအိုကြီးတစ်ယောက်ပဲ အဖတ်တင်ကျန်နေတာမျိုး ဘာသွားလုပ်ရမှာလဲ"





အဲဒီလို တင်တင်စီးစီး စကားမျိုးနဲ့လည်း လုံးဝမ ကိုက်ညီတဲ့ တစ်ယောက်မျိုး ဖြစ်နေပါသည်။ အဲဒီတစ်ယောက်ဟာ "သုံးဆယ့်ရှစ်၊ သုံးဆယ့်ကိုးထဲမှာ"ဟုများ သိလိုက်ရရင် အမေတော့ ခံနည်းနှစ်ဖုံနှင့် မျက်ဖြူဆိုက် တက်ချက်သွားနိုင်သည်။ တစ်နည်း ကတော့ "သူ့သမီးဆီက မရနိုင်တဲ့ 'မျိုးဆက်မြေး'ကို ဒီအရွယ် ကြီးကကော ပေးနိုင်ဦးမှာလား"ဆိုတာက တစ်ချက်။ နောက်တစ် နည်းကတော့ "ဒီလောက် ဆတ်ကော့လတ်ကော့ မျောက်စိတ် ညစ်က သုံးဆယ့်ရှစ် !"ဆိုပြီး ရင်လေးသွားနိုင်တာက တစ်ချက်။

ဘယ်လိုပင်ဖြစ်ပစေ မင်းထွင့်ကတော့ ကိုယ့်ရဲ့ ဓမ္မတာစစ်၊ နှလုံးသားအသစ် "ယု"ကို ရူးနှစ်ခိုင်မာနေအောင်ပဲ ချစ်မြတ်နိုး တန်ဖိုးထားရပါသည်။ စတွေ့ကြတာတောင်မှ မကြာ သေးပေမယ့် ကိုယ့်ရဲ့အိမ်ထောင်ဖက် ဘဝခရီးဖော်ဟာ "ယု"ပဲ ဖြစ်ရမည်ဟု စိတ်ဒုံးဒုံးချ ဆုံးဖြတ်ပြီးသား။

စိတ်အပြောင်းအလဲ မြန်လှပုံရတဲ့ ယုရဲ့ဘက်ကသာ သေချာနိုင်သေးရင် ရှိရမည်။ မင်းထွင့်ကတော့ ရာနှုန်းပြည့်ကို သေချာပြီးနေပါပြီ။

"သဘော်သားဆိုတာ ကမ္ဘာပတ်နေတဲ့သူ ဆိုပေမယ့် ရောက် လေရာရာမှာ ကုန်းပေါ်ခြေတက်ပြီး ဗဟုသုတကိုအကောင်း အရော အဆိုးရော မျိုးစုံအတွေ့အကြုံ ရှာနိုင်ပါမှ လည်လည် ဝယ်ဝယ်နဲ့ လူတော်သူတော်တိုး၊ ပေါက်ရောက်တာ။ နို့မို့တော့ လူတွေက သဘော်သားဆိုလိုက်ရင် 'ကမ္ဘာပတ်

လာကြတဲ့ကောင်ဇတွေ’လို့ ‘အလည်ကြီး’ထင်ကြပေမယ့် ဘာမှမသိတော့တဲ့ အ,တောင် အ,သွားတဲ့သူတွေမှ အများကြီးရယ် ...

ကမ်းမမြင် လမ်းမနီး ရေပေါ်ချည်းနေပြီး ဘာဗဟုသုတမှ တိုးမရှာ၊ စာမဖတ်၊ လူပေါင်းသူပေါင်းမဆန့်။ ကိုယ့်နိုင်ငံနဲ့ရော ခေတ်နဲ့ပါ မျက်ခြည်ပြတ်နေကြရင် ကုန်းပေါ်ပြန်ရောက်တော့ သူများနှပ်တာချည်း ခံနေရတဲ့သူတွေ အများကြီး။ အိမ်က တစ်ယောက်ကတော့ သူလည်ချင်တဲ့နေရာ ကွက်လည်ပြီး အ,ချင်တဲ့နေရာကျတော့လည်း နှစ်ယောက်မရှိတဲ့ တစ်ဝက်တစ်ပျက် လူစားမျိုးပေါ့။ အဲဒါကြောင့်ပဲ ဒီအရွယ်ကြီးရောက်တဲ့အထိ အမေကြီးမှာ လိုက်ပူနေရတာ”

သူ့ဘာသာသူ ချချင်တဲ့မှတ်ချက်မျိုးတွေ ချ,ချထားတတ်တဲ့ အမေဟာ ဒီတစ်ချီမှာလည်း မင်းထွဋ်ကို “ငအကြီးတော့ခံလိုက်ရပြီ”ဆိုတဲ့ မှတ်ချက်မျိုး ပေးကိုပေးဦးမှာပါ။ ပေးရုံလောက်ဆို အကြောင်းမဟုတ်ပေမယ့် ကဖျက်ယဖျက် ဝင်လုပ်တာတွေ သူစီစဉ်ချင်သလို လျှောက်စီစဉ်ပစ်တာတွေ ပါဝင်လာရင် ဒီအမေနဲ့ ဒီသားက ပြဿနာတွေ ကြီးကြရတော့မည်။

အခုတောင် ဒေါ်စိန်ချစ်ကြီးနဲ့ ပြောနေကြတဲ့စကားက ကြည့်ပါလား။ “ပိုက်ဆံမက်တဲ့ ဆပ်စလူးစိန်ထဲကပဲ ဖြစ်ရမယ်”တဲ့။ အဲဒီစကားဟာ သူ ခါတိုင်းအမြဲသည်းနေကျ အငယ်မအတွက်တော့ ဟုတ်ပါ့မလား။ မင်းထွဋ်ကိုသာ ရည်ရွယ်ပြောဆိုနေတာပဲ ဖြစ်မှာပေါ့။ “မဖြစ်သင့်တာတွေကို ဖွတ်ခွဲပစ်ရမယ်၊ ဖြစ်သင့်ဖြစ်ထိုက်တာတွေကို ဖွတ်စီစဉ်ရမယ်၊ မဖြစ်နိုင်ဘူးဆိုတာ မရှိစေရဘူး”ဆိုပဲ။

အင်း ...။

ဒီအမေတစ်ယောက်ကို လုံးဝအလစ်ပေးလို့တော့ မဖြစ်တော့ပါဘူး။ ခုမှ သတင်းက စရရုံရှိသေးဆိုတော့ “ယု”ကို အမေ ဘာမှတိတိကျကျ မသိသေးတာတော့ သေချာသည်။ ဒါပေမဲ့ “မမြှတ်ဦးပါ မစိန်ချစ်ရဲ့”ဆိုတဲ့အတိုင်း ဒီနေ့ကစလို့ (ကိုယ့်အသက်အရွယ်ကြီးမှ မထောက်) ဝုန်းဒိုင်းကြဲ ဗျာများပြီး ထလှုပ်ရှား၊ မလှုပ်ရှား ဆိုတာ ဆယ်ဆလောက် အကျောပေးပြီး ဆောင်မှ လောင်းရဲပါသေးသည်။

အမေဟာ “ယု”ထံ ပြုန်းခနဲရောက်သွားပြီး ပေါက်ကရ လျှောက်ပြောပစ်မှာမျိုးလည်း လုပ်နိုင်သလို၊ သူ့ရဲ့ရွေးချယ်ထားပြီးသား လက်ရွေးစင်တွေထဲက တစ်ယောက်ယောက်ကို မြန်မြန်ထက်ထက် ကောက်ကက်ပြီး အတည်ပေါက်တွေ ထစီစဉ်ပစ်လိုက်မှာမျိုးလည်း လုပ်နိုင်သည်။ မင်းထွဋ်ဟာလည်း အမေ အဆက်အစပ် ရမသွားနိုင်အောင် ယုဆီက ခြေလှမ်းရပ် ခဏနောက်ဆုတ်နေတဲ့နည်းနဲ့၊ အမေ့နောက်ကိုတော့ မျက်ခြည်မပြတ်ထက်ကြပ်လိုက်ကြည့်နေတဲ့နည်း နှစ်နည်းစလုံးကို တစ်ပြိုင်နက်တည်းပဲ ပြန်သုံးမှ ဖြစ်မှာပါ။

အမေကား လုံးဝ "မနိုင်စိန်"ထဲက ဖြစ်သည်။ အငယ်မတုန်းကဆိုရင် အဖေက "စဉ်းစားပါဦး၊ စောင့်ကြည့်ဦး" ပဲရှိသေး။ နေ့ကောင်းရက်သာဖင် ရွေးပြီးနေကာ ဒီသမက်တစ်ယောက်ကိုပဲ လွှတ်ထွက်သွားမှာစိုးသည့်အလား ဖြတ်ခနဲ ထစီစဉ်ချလိုက်တာ ရေထဲရောက်နေတဲ့ မင်းထွဋ်ပင် မင်္ဂလာဆောင်ပွဲကို မမီလိုက်ရပါ။ အဲဒီလို ဖြိုးခနဲ ဖြက်ခနဲတွေကို ခုလည်းထကြံစည်ပြန်တယ်ဆိုရင် "လေးဆယ်ကျော်နဲ့ သုံးဆယ့်ရှစ်။ လူပျိုကြီးနဲ့ မုဆိုးမ"လူကြားလို့မှ မကောင်းအောင် ခိုးပြေး ထွက်ပြေးကြရတယ်ဆိုရင် အဖြစ်က ကောင်းနိုင်ပါတော့မလား။

"ဟဲ့ ... ဒီနား ဘာရပ်လုပ်နေတာလဲ"

မင်းထွဋ် တစ်ယောက် ရေပုလင်းကြီးကိုင်ပြီး ရေခဲသေတ္တာနား ရပ်ငိုင်နေမိဆဲ အမေက ဖုန်းပြောလို့ ပြီးသွားခဲ့ပါပြီ။ ဖြုန်းခနဲ အမေးခံလိုက်ရတာမို့ မင်းထွဋ်က ယောင်ယောင်ကမ်းကမ်းနှင့် လက်ထဲက ရေပုလင်းကြီးကို မြှောက်ပြလိုက်မိရာ ...

"အေး ... အေး ... တစ်နေ့ တစ်နေ့ ကိုယ်အေးရာ အေးကြောင်းပဲ ရှာနေ ... ကြားလား။ ဒီအမေတစ်ယောက်မှာတော့ မင်းတို့တွေအတွက် ဘယ်လောက် ရင်ပူနေရမလဲ ဆိုတာ ထည့်မတွက်နဲ့ ကြားလား"

ဟွင်း ...။ နေရင်း ထိုင်ရင်းကြီး။ သို့သော် ... မင်းထွဋ်ဟာ သတင်းပေး ဒေါ်စိန်ချစ်ရဲ့ လိုတိုးပိုလျှော့ သတင်းတွေထဲ အမေတော့ ကိုယ့်ကို ဘယ်လောက်ထိ ဒေါသထွက်နေ





ပြီလဲ ဆိုတာကို တွေးနိုင်သည်ဖြစ်ရာ အသာလစ်ထွက်သွားဖို့ ဟန်ပြင်ခိုက် ...

"ဒါ့ကြာ ဘယ်လဲ၊ ယောကျ်ားကျင့် ယောကျ်ားကြံနဲ့ အောက်သွားမရှိတာတွေ သွားလုပ်ဦးမလို့လား"

မင်းထွဋ်မှာ အမေက တိုက်ရိုက်နာမည်နဲ့တစ်ကွ ထုတ်ဖော်မမေးမချင်း ကိုယ့်ဘက်ကလည်း လုံးဝမစတင်ဘူး၊ ကားဦးတောင်မှ မသမ်းဘူးဟု ဆုံးဖြတ်လိုက်ပါသည်။

"အမေကလည်းဗျာ"

"ဘာ ... အမေကလဲလည်း၊ မင်းတို့အားလုံး အတူတူပဲ၊ မင်းရော မင်းယောက်ဖရော ယောကျ်ားတွေလေ။ အလကားနေ စိတ်ကစဉ့်ကလျားနဲ့ နွားကျဖို့ပဲ စဉ်းစားနေကြ"

ယောက်ဖက ဘယ်ကပါလာရပြန်တာလဲ မသိပေ။ ခများမှာ မင်းထွဋ် မြင်သလောက်တော့ ဘာအပြစ်မှလဲ ရှိပုံမရ။ ကာ သူ့မိဘတွေရဲ့လက်ချက်နဲ့ မင်းထွဋ်ရဲ့ညီမတော်အပြင် အမေကြီးကိုပါ သည်းခံနေရတဲ့ သနားစရာကောင် တစ်ကောင်ပဲဖြစ်သည်။

"ဘယ်သွားဦးမလို့လဲ၊ ငါ အပြင်ထွက်စရာရှိတယ်၊ ကားမသုံးနဲ့"

"မသုံးပါဘူး၊ အမေ့ဘာသာ ထွက်စရာရှိတာ ထွက်ပေါ့၊ ကျွန်တော် ထွက်စရာပေါ်လာရင် တက္ကစီနဲ့ပဲ သွားလိုက်မယ်"

ပြောနေရင်းက အမေ ခုတလော တအားလမ်းများလာတာကို ဖျတ်ခနဲ ကောက်စဉ်းစားလိုက်မိသည်။ လမ်းများတာမှ တစ်ခုခုကို အပြေးအလွှား လုပ်ကိုင်ကြံစည်နေတဲ့ ပုံမျိုးတောင်မှ ပေါက်နေသည်။ ဒီလိုဆို အမေဟာ ယုရဲ့သတင်းကို ခုမှ ဒေါ်စိန်ချစ်က စသတင်းပေးကာမှ သိလိုက်ရတာမျိုး က,ပါ့မလား။ ဘယ်လောက်စောစောကတည်းက ဘာတွေကိုပါ ကြိုသိထားပြီးပြီလဲ။

ဒါဆိုရင်တော့ ခုမှ စသိရပြီး ဘာမှတိတိကျကျမရှိသေး ဆိုတဲ့ အခြေအနေထက်လည်း ကျော်နေနိုင်ပြီ။ ဒီမောင်နှမလေးနှစ်ယောက်တည်းရှိတဲ့ ညီမရဲ့မင်္ဂလာဆောင်ကို အစ်ကိုကိုမစောင့်ခဲ့သလိုမျိုး ဖြတ်ခနဲ လုပ်ချပစ်မယ့် တစ်ခုခုကြီးတွေကိုပါ စီစဉ်ပြီးနေပြီလား။ အမေ့ကြည့်ရတာ ဒီပုံအတိုင်းဆို ပွင့်ပွင့်လင်းလင်း ဖွင့်မေးပြီး ပေါ်တင်တားဆီး ကန့်ကွက်သည့်နည်းမျိုးကိုတော့ မသုံးတော့မှာ သေချာသည်။ မင်းထွဋ်ရဲ့မျက်နှာကိုမြင်လိုက်ရလို့ နေရင်း ထိုင်ရင်းကြီး ဒေါပွပြီးမှ (သူ့အစီအစဉ်တွေကို ရိပ်မိသွားမှာလည်းစိုးဆော့)မဆီမဆိုင် ယောက်ဖကိုပါ စကားထဲ ထည့်သွင်းပြီး လျှောက်အပြစ်ပြောပစ်လိုက်တာ ကြည့်ပါလား။

အဲဒါမျိုးက ပိုကြောက်ဖို့ကောင်းတာ။

"ဒါနဲ့ ခုတလော အမေ့ကြည့်ရတာ အတော်အလုပ်ရှုပ်နေသလိုပဲနော်"





"ဒါတွေ မင်းသိဖို့ မလိုပါဘူး။ ငါက အမြဲ အဲဒီလိုပုံစံပဲ၊ မင်းကသာ ရေထဲကမတက်လို့ ဒါမျိုးတွေကို ခုမှထပြီး အထူးတဆန်း ဖြစ်နေတာ"

ဟုတ်ပြီ ... ဟုတ်ပြီ။ အမေ့စကားထဲ မျက်လုံးထဲမှာကိုက တစ်စုံတစ်ရာကို ဖုံးကွယ်ပစ်လိုက်ချင်တဲ့ သဘောထားတွေကို အတိုင်းသားပဲ တွေ့မြင်နေရတာ။ အဲဒီနေ့ကစလို့ အမေ့နောက်ကို သားကလိုက်ပြန်ချောင်းတဲ့အခါ အမေဟာ ယုရဲ့အိမ်အနီးနားတစ်ဝိုက်၊ ယုရှိတတ်ရာ ပတ်ဝန်းကျင်တစ်ဝိုက်တွေမှာ တဝဲဝဲတလည်လည် ဖြစ်လျက်ရှိကြောင်း စိတ်မချမ်းသာစရာမြင်တွေ့သိလိုက်ရပါတော့သည်။

[အမှန်ကတော့ ဒီလောက် ပေါ်တင်ကြီးလိုက်နေတဲ့ ကျော့ကျော့ကို တိုင်းကျော်က မရိပ်မိဘဲ နေပါ့မလား။ ကိုယ့်ကိစ္စမဟုတ်တဲ့ ကိစ္စတစ်ခုမှာ ကျော့ကျော့ဟာ သူ့ထုံးစံအတိုင်း လာဝင်ကြံနေဦးမှာကို စိုးမိတဲ့ တိုင်းကျော်က ကျော့ကျော့ ပါလာတိုင်း သူ့ရဲ့ခရီးစဉ်ကို ရပ်တန့်ကာ ခြေရာပဲ ပြန်ဖျောက်လိုက်တတ်မြဲမို့ ဒီနားတစ်ဝိုက်တွေရောက်တိုင်း လှစ်ခနဲ ပျောက်သွားတော့တဲ့ တိုင်းကျော်ကို ကျော့ကျော့မှာ လိုက်မမီနိုင်ဘဲ အသည်းတယားယားနဲ့ပဲ ဒီအတိုင်းကျန်ရ။

သမီးနောက်ပဲ လိုက်နေတဲ့ ဒေါ်မြတ်ဦး ခမျာမှာလည်း ကျော့ကျော့ရဲ့ခရီးလမ်းဆုံး တစ်ခုမှာပဲ အဆုံးသတ်,သတ်သွားရတာမို့ ဒေါ်မြတ်ဦးဟာ မရည်ရွယ်ပါဘဲ ယုရှိနေတတ်တဲ့

ပတ်ဝန်းကျင်တစ်ဝိုက်တွေမှာပဲ ဝဲလည်နေသလိုလို မင်းထွဋ်က မြင်နေရတော့တာပေါ့။]

အမေ ... အမေ ... ယုရဲ့အိမ်လိပ်စာ အတိအကျ ယု ကျင့်လည်တတ်တဲ့ သူတို့ရဲ့ပွဲစား"ခွင်"လုပ်ငန်းနေရာ အတိအကျတွေကိုတော့ သိမထားသေးဘူးနဲ့ပဲ တူပါရဲ့။

[ထိုအချိန်မှာပင် တိုက်တိုက်ဆိုင်ဆိုင်ဆိုသလို စစ်ရဲ့ မိခင် ဒေါ်ပုလဲက မြန်မာနိုင်ငံသို့ ပြန်ရောက်လာခဲ့ပါသည်။ ဒေါ်မြတ်ဦးမှာ ခမည်းခမက်ဖြစ်သူထံမှတစ်ဆင့် ပုလဲ ဒီပြန်ရောက်နေပြန်ပြီဆိုတာကို မတော်တဆ သိလိုက်ရတာမို့ ဗျာများထွေပြားသွားရတော့ကာ သမီးဖြစ်သူနောက်ပဲ ဆက်လိုက်နေရ ကောင်းနိုးနိုး။ ကိုယ်တိုင်က သိပ်မကြည်လင်လှတဲ့ ပုလဲကိုပဲ သမီးဖြစ်သူကိုယ်စားသွားဆွေးနွေးရကောင်းနိုးနိုး။ သမက်ဖြစ်သူရဲ့ အခြေအနေတွေကို သိချင်လိုက်တာကလည်း အူယားလို့သာ နေရတော့သည်။]

ယောက်ဖဖြစ်သူကိုတောင် တရင်းတနှီး မရှိလှသေးတဲ့ မင်းထွဋ်မှာတော့ တိုင်းကျော်ရဲ့ဇာတ်လမ်းဟောင်း ပုလဲကိုတော့ လုံးဝကြားဖူးနားဝမရှိ။ မြင်လည်း မမြင်ဖူးသူတည်း။ ပုလဲကို မင်းထွဋ် စမြင်ဖူးလိုက်ချိန်ဟာ သူ့အမေ ဒေါ်မြတ်ဦးရဲ့တားဂက်ဟာ ရုတ်တရက် လမ်းကြောင်းပြောင်းပြီး အမေ သေချာမသိသေးတဲ့ ယုရဲ့စန်းကျင်တစ်ဝိုက်ကနေ အထက်တန်းကျကျ၊ သားသားနားနား၊ ဂုဏ်ရှိန်မြင့်မြင့် မိန်းမတစ်ယောက်ဆီ ဖျတ်ခနဲ ပြောင်းသွားခဲ့ချိန်မှာ ဖြစ်ပါသည်။





အမေ့ရဲ့လက်ရွေးစင် "ခေါင်ပွင့်"အဖြစ် ရွေးချယ်ထားခဲ့သူမှာ ဒီတစ်ယောက်လား။ ထိုမိန်းမတစ်ယောက်နဲ့ စားသောက်ဆိုင်မှာချိန်းတွေ့၊ အိမ်လိုက်တွေ့ လုပ်နေတဲ့ ဒေါ်မြတ်ဦးရဲ့လှုပ်ရှားမှုတွေကို ကြည့်နေရင်း မင်းထွဋ် တစ်ယောက် ခေါင်းခဲနေရသည်။ အမေဟာ သားဖြစ်သူအတွက် ရွေးမယ့်ရွေးတော့လည်း သေးဆယ်ကျော် ရွယ်တူတန်းတူထဲကပဲဆိုတော့ ယုရဲ့အသက်ကြီးနေခြင်းတစ်ချက်အတွက်ကိုတော့ သူ မျက်ဖြူဆိုက်စရာ မရှိလောက်တော့ဘူး ထင်ပါသည်။

ဒါပေမဲ့ သူ့ရဲ့အသက်အရွယ်နဲ့မှမလိုက် ခြေလှမ်းပေါ့စိပ် လှုပ်ရှားနေတဲ့ အမေ့ကို စိတ်ချမျက်ခြည်ဖြတ်ထားလို့တော့ မရပါ။ သူ့ရဲ့လက်ရွေးစင်ဟာ ခခယယ အောင်သွယ် စပ်ဟပ်နေရဟန်ရှိတဲ့ အမေ့ရဲ့စကားတွေကို လက်ခံလိုဟန် မရှိသေးတဲ့ရုပ်နဲ့ အထက်စီးအသွင်ကြီးရှိနေဆဲမို့သာ တော်တော့တာပေါ့။

"အမေ့ကို ဒီနေ့ အင်းလျားလမ်းထဲမှာ တွေ့လိုက်ပါတယ်"

မင်းထွဋ်က ဘာမှသိမထားသေးတဲ့ ပုံစံမျိုးနဲ့စကားဆောက်ကြည့်သောအခါ ကွက်ခနဲ မျက်နှာပျက်သွားတဲ့အမေဟာ ဟန်ကိုယ့်ဖို့ ဆိုသလို ...

"အသိတစ်ယောက်နဲ့တွေ့လို့ နှုတ်ဆက်ခေါ်ပြောရုံပါ"

သို့သော် ... မင်းထွဋ်က ခေါင်းတညိတ်ညိတ်နဲ့ လှည့်ထွက်သွားပြီးတဲ့အခါမှာတော့ အမေ့ဆီက ကြိတ်မနိုင်ခဲမရ ထိန်းနိုင် မသိမ်းနိုင် လေသံတိုးတိုးတစ်ခုက ...

"ကိုယ့်ကိစ္စရှိလို့သာ ခေါ်ပြောမေးမြန်းကြည့်ရတာ၊ တ
နိုင်ရင် အဲဒီတစ်ယောက်ကို အောက်ကျို့စကားပြောရ
များ လုပ်ကိုမလုပ်ချင်ဘူး၊ ဒါတောင် သားတစ်ယော
အမေမို့။ အပျိုလေးသာဆို ဘယ်လောက်များ မာန
ခေါင်ခိုက်တက်ပြီး သူ့ကိုယ်သူ Role တွေ စွတ်တင်
တော့မလဲ မပြောတတ်ဘူး"

ဗုဒ္ဓေါ ...။ အမေ့ရဲ့လက်ရွေးစင်ဟာ လေးဆယ်ကျေ
နေခဲ့တဲ့အပြင် သားတစ်ယောက်ပါ အဆစ်ပါသေး ဆိုပါလ
မျိုးရိုးမတိမ်ကောအောင် သေချာတဲ့ ရယ်ဒီမိတ်ကို ရွေးချယ်
အပြင် ကံစမ်းမဲ အပိုဆုကိုပါ တစ်ခါတည်း မျက်စပစ်လ
လာခဲ့တာများလား။ ဒါဆိုရင်တော့ "သမီးတစ်ယောက် အ
သုံးဆယ့်ရှစ်"ဆိုရင်ကော အမေ့ရဲ့စံနဲ့ ပြန်နှိုင်းပြီး "သိပ်အ
ကြီး မဟုတ်ပါဘူး"လို့များ အမေ့ဘက်က တွက်လာပေးဖို့
ရှိနိုင်လေမလား။

မင်းထွဋ်မှာ အမေ့ရဲ့အရိပ်တစ်ခုလို ရှိနေရတဲ့အ
"မာနခေါင်ခိုက်နေတယ်"ဆိုတဲ့ "သားတစ်ယောက်အမေ
ဆယ်ကျော်"လည်း ဘယ်တော့များမှ စိတ်ပျော့ခေါင်းပြန်ညိ
လိုက်ပါမလဲရယ်လို့ စိတ်မောလူမောနှင့် အမြဲလိုက် အကဲခတ်
ရလေတော့သည်။

✦❤✦





"လောကကြီးထဲမှာ ပိုက်ဆံဟာ ဒီလောက် အရေး
ကြီးလှပါဘူး"ဟု တကယ်ပဲ ယုံယုံကြည်ကြည်နှင့် လက်ခံပြောဆို
ကြသူများ ရှိတယ်ဆိုရင် အဲဒီလိုလူတွေဟာ လူနှစ်မျိုးပဲဖြစ်
သည်။ တစ်မျိုးကတော့ ဘယ်တုန်းကမှ လက်ထဲပိုက်ဆံကို
ဖြစ်မည်အောင် မကိုင်ဖူးကြသေးတာမို့ ပိုက်ဆံရဲ့တန်ဖိုးကို
ဆိ နားမလည်နိုင်ကြသေးတဲ့သူတွေ။ နောက်တစ်မျိုးကတော့
လိုလိုနေရင်းနဲ့ကို ပိုက်ဆံတွေ ထားစရာ နေရာပင် မလောက်
တော့လောက်အောင် ပေါများကြွယ်ဝ အလျှံပယ်နေကြသူတွေ
ဖြစ်ပေလိမ့်မည်။

အဲဒီလူစားနှစ်မျိုးကြားက ကျန်တဲ့လူတန်းစားအသီး
တိုင်းအတွက်ကတော့ ပိုက်ဆံဟာ အင်မတန်အရေးကြီးလှတဲ့
ဘ္မာအရေးအပါဆုံး သက်မဲ့ပစ္စည်းတစ်ခုပဲ မဟုတ်ဘူးလား။
"ယ"ကတော့ အဲဒီလိုပဲ ခံယူသည်။ ကိုယ့်ခံယူချက်နှင့်ကိုယ်
ဒီလောက် အရေးပါတဲ့ပိုက်ဆံကို တန်ဖိုးလည်းထားသည်။
က်လည်းပဲ မက်မောပါသည်။

အဲဒါ အပြစ်လား။

လူတစ်ယောက်ဟာ ပိုက်ဆံချည်းပဲ ကျုံးမက်နေ
တခြားအဘက်ဘက်မှာ လူသားမပီသ လူမဆန်တော့လော
အောင် ဖြစ်နေပြီဆိုရင်လည်း တစ်မျိုးပေါ့။ ယုကတော့ အဲဒီ
မဟုတ်ပါ။ ပိုက်ဆံကိုလည်း မက်မောသလို လူပီပီ မေတ္တ
စေတနာ၊ ကရုဏာ၊ အကြင်နာနဲ့ တခြား လူမှုရေးစိတ်ဓာတ်
လည်း မခေါင်းပါးတဲ့အပြင် ဖောဖောသီသီပဲ ရှိနေပိုင်ဆိုင်နေ
သူတစ်ယောက် ဖြစ်ပါသည်။

ဒါပေမဲ့လည်းပေါ့လေ။ ဘာကြောင့်မှန်းမသိ။ အ
ကိစ္စတစ်ခုခု ရှိလာပြီဆိုရင်တော့ ယုရဲ့အဲဒီမေတ္တာ၊ ကရုဏ
စေတနာတွေက ဘယ်တော့မှ မပေါ်လွင်တော့ဘဲ "ယု ဆို
ငွေမက်မကြီး"ဆိုတဲ့ မှတ်ချက်တစ်ခုပဲ ကြွင်းကျန်ရစ်ကာ စေတ
အကြင်နာနဲ့ လူမှုရေးအသိစိတ်တို့ကိုကျတော့ ခုတုံးလုပ်သွားကြ
သူတွေချည်း။ ပြီးကျ ယုပဲ နာမည်ပျက်ကာ ကျန်ရစ်သည်။

နာမည်ပျက်တာမှ စာရိတ္တကပဲ မခိုင်ကျည်သလို
အပေါစား၊ အချောင်၊ အရလွယ်သလိုလို။ ဒီလောကကြီးထဲ
မှန်းချက်နဲ့ နှမ်းထွက် မကိုက်ညီတတ်တာတွေ အများကြီးရှိ
ပေမယ့် "မမှန်းဖူး"တဲ့သူ ဆိုတာရော လူထဲမှာရှိသလား။ လူ
လို့ ဖြစ်လာရင် တစ်ကြိမ်ကြိမ် တစ်ချီချီမှာ တစ်ခုခုကို
တစ်ခါလေးလောက်ပဲဖြစ်ဖြစ် "မှန်း"ဖူးကြတဲ့သူချည်း မဟု
လား။ အဲဒီလို လူတွေချည်းထဲမှာမှ "ယု"ကပဲ ကွက်ကွက်
နာမည်ပျက်နေရတယ်လို့။





ယုလည်း မှန်းခဲ့တာချည်းပေါ့နော်။ ဘဝမှာ အဆင်
ပြေ အဆင့်မြင့်ပြီး နေပျော်နေနိုင်ဖို့။ ကိုယ်လိုချင်တာ တစ်ခုရှိ
ရင် Give and Take သဘောတရားအရ ကိုယ့်ဘက်ကလည်း
ကိုယ်တတ်စွမ်းသာသလောက် "အပေး"ကတော့ ရှိရမယ်ဆိုတာကို
ကြည်သူမို့ ကိုယ့်ရဲ့ "အမှန်း"ကိစ္စကြီးအတွက် ကိုယ့်ဘက်က
ဆောင်ပေးခဲ့တာတွေ ရှိတာပေါ့။ မေတ္တာတွေ၊ စေတနာတွေ။
အပေါ်ယံ ရွှေမှုန်ကြဲ သဘော၊ ဘယ်တုန်းကမှ မဟုတ်ခဲ့တဲ့
ကာယ့်အတွင်းသဏ္ဌာန်တွေ၊ အစစ်တွေ။

ဒါပေမဲ့လည်း အပြီးသတ်ကျတော့ ခုတုံးလုပ်ခံလိုက်
ရပြီး နာမည်တွေကသာ ခဏခဏပျက်။ အဲဒါဟာ "အပေး"
တွေကိုချည်း ယူယူသွားကြပြီး ကျောကော့ရှောင်တိမ်းချင်ကြတဲ့
လူဆန်သူတွေရဲ့ အပြစ်လား၊ ယုရဲ့အပြစ်တွေပဲလား။ ယုက
ကံမတွေးချင်တော့ပါ။ ဒါပေမဲ့ လူဆန်ချင်တဲ့သူကပဲ ခံရကြေး၊
လူဆန်ချင်တဲ့သူတွေကကျတော့အပြစ်တင် အဝေဖန်လည်းမခံရ။
နာမည်ပျက်တွေ မှတ်ချက်တွေကလည်း ကင်းလွတ်ဆိုတာမျိုးကြီး
ကျတော့ ...။

အင်း ... ပြောရရင် ဒါတွေလည်း လောကကြီးထဲ
က ဘာကယ်အရေးကြီးလှတဲ့ "ပိုက်ဆံ"မျက်နှာကပဲ ဆုံးဖြတ်ပေး
သွားတဲ့ အရာတွေ မဟုတ်ပေဘူးလား။

ယုကား အရှုံးကို ကြုံလိုက်ရရင်လည်း လက်လျှော့၊
ခြေတွေချ၊ မျှော်လင့်ချက် ကင်းမဲ့နေတတ်သူမျိုးမဟုတ်။ လုပ်နည်း

လုပ်ဟန်တွေသာ မှားယွင်းကောင်း မှားယွင်းနေခဲ့မှာပါ၊ ကို[illegible] တောက်ပတဲ့ အနာဂတ် ရှိကိုရှိနေသေးပြီး အဲဒီအနာဂတ်အ[illegible] ကိုယ်က အမြဲမပျင်းမရိ ကြိုးစားအားထုတ်နေဖို့လိုတယ် [illegible] အချက်ကိုတော့ ယုံကြည်စွာ ဆုပ်ကိုင်ဖွဲ့ထားသူတည်း။

နို့မို့လို့ကတော့ ဘဝကို စမှမစရသေး။ အ[illegible] ကလေးက နှစ်ဆယ့်သုံးနှစ်လား ရှိသေးတဲ့ အရွယ်လေးက[illegible] က မျှော်လင့်ချက် ကင်းမဲ့တဲ့၊ ဘာမှဖြစ်မလာနိုင်တော့တဲ့ [illegible] သေကြီးတစ်ခုနဲ့လူ ဖြစ်သွားရတော့မှာပေါ့။ မှန်းချက်နဲ့ နှမ်း[illegible] မကိုက်ခဲ့တဲ့ ကိစ္စကတော့ ခုမှမဟုတ်။ မန်းမေလေးရဲ့အ[illegible] ကိုအောင်သက် လူ့လောကကြီးထဲက စောစောစီးစီး ထွက်ခွာ[illegible] ခဲ့ကတည်းကပါ။

သူဌေးသားတစ်ယောက်ကို "ဒေါင်"ခနဲ [illegible] ခေါက်ရွေးချယ်ခဲ့ပေမယ့် အဲဒီနည်းလမ်းဟာ တယ်မနိပ်လှကြေ[illegible] ကို အဲဒီကတည်းက ဘဝနဲ့ရင်းပြီး သိလိုက်ရတာ။ ဘာများ[illegible] ဆုပ်လက်ကိုင် ပိုင်ပိုင်နိုင်နိုင် ကျန်ရှိနိုင်သလဲ။ ကိုအောင်သ[illegible] မရှိတော့ချိန်ကစလို့ ယုဟာ မန်းမေရဲ့ အဘိုးအဘွားတွေ[illegible] ဘာများမျှော်လင့်လို့ ရနိုင်ခဲ့တာမို့လဲ။ ကလေးတစ်ယောက်[illegible] ပြီး အခွင့်အရေးယူချင်လို့တောင်မှ မရနိုင်ခဲ့တာ။ "ပေးချ[illegible] အဲဒီကလေးကို အပိုင်ပေး၊ အပြီးအပြတ်ပေးခဲ့"ဆိုတဲ့ စကာ[illegible] နဲ့ပဲ မှန်းချက်တွေက ပျက်ပြားကာ နှမ်းထွက်ကတော့ ဘာမှ[illegible] ဆုပ်လက်ကိုင် ပြစရာကို မကျန်ခဲ့တာပါ။





မျှော်လင့်ချက် ပျက်ပြားတဲ့ အရှုံးသာသာ အခြေ [illegible]ကိုလည်း အဲဒီတည်းက ရင်ဆိုင်တတ်သွားကာ အခါခါ ထူ [illegible]ပြန်ထဖို့လည်း ဝီရိယရော၊ စိတ်ဓာတ်တက်ကြွမှုနဲ့ ကိုယ့် [illegible]ကိုယ် ယုံကြည်မှုတို့ပါ အပြည့်ပဲ ရှိနေခဲ့တော့တာ။

ဒါပေမဲ့ ခုချိန်ကျတော့ ခြေကုန်လက်ပန်းကလည်း [illegible]ပြီ။ မျှော်လင့်ချက်နဲ့ ယုံကြည်မှုတို့ကလည်း တဖြည်းဖြည်း [illegible]နဲ့ ယိုင်ရွဲ့ကာ ကိုယ့်ဘဝကိုယ် စိုးထိတ်စပြုပြီ။ "အရွယ်"က [illegible]ပြောလာပြီဖြစ်တဲ့ မိန်းမတစ်ယောက်ဟာ ဘယ်တုန်းကမှ [illegible]ကယ်တမ်း မပြည့်ခဲ့ရဖူးတဲ့ "မှန်းချက်"တွေကို ဟိုးအမြင့် [illegible]ကြီးထိ တလူလူ လွှင့်တင်ထားဦးမယ်ဆိုရင် အဲဒါ အသိဉာဏ် [illegible] မိုက်မဲကာ ရူးသွပ်ခြင်းသက်သက် လုပ်ရပ်မျိုးပဲပေါ့။

ယုက အဲဒီလောက်တော့ ခေါင်းရှိ၊ စဉ်းစားတတ်ပါ [illegible]သည်။ အဲဒါကြောင့်ပဲ တအားအမြင့်ကြီးကို မမှန်းတော့ဘဲ [illegible]နိမ့် စုတ်စုတ်ကိုပဲ တော်ရိရော်ရိသဘော စဉ်းစားလုပ်ဆောင် [illegible]တော့မယ် ဆိုတာမျိုးကကျတော့လည်း မဟုတ်သေးဘူးပေါ့။ [illegible]ချိန်မရှိတော့ဘူး"ဆိုရင် ခါတိုင်းလို နောက်ဆုံးကျတော့ [illegible]ပဲ ခံလိုက်ရပြီး ဒီတိုင်းကြီး ငုတ်တုတ်လက်ပိုက် ကျန်ရစ် [illegible]ဘယ်ဆိုတဲ့ အဖြစ်မျိုး ထပ်ပေါ်မလာရအောင် ခါတိုင်းတွေ [illegible]ပိုပြီး ပညာသားပါပေါ့။ အသိဉာဏ်ထည့်ပေါ့။ လုပ်ရည် [illegible]ရည် ပြည့်ဝပေါ့။ ကိုယ့်ဘက်က "ပေး"စရာရှိတာတွေကို [illegible] များများပုံပေးပေါ့။ ဒါပဲရှိတာ။

အဲဒါကြောင့်ပဲ ခုလက်ရှိနဲ့ (နောက်ဆုံးလည်း ဖြ
ချင်မိတဲ့) "ကိုမင်းထွဋ်"ဟာ ယု အတွက်တော့ သိကြားမင်းရဲ့
ဘိုးအေပဲ ဆင်းဖျက်ဖျက် မပျက်ချင် မပျက်နိုင်တော့တဲ့ "မှန်
ချက်"ကြီးပဲ ဖြစ်နေရပါတော့သည်။

အစစအရာရာ ပြည့်စုံတဲ့အပြင်၊ ရည်ရပ်ကလည်
ချောမော၊ ယုကိုလည်း (နာမည်ပျက်တွေ၊ ဘာတွေကိုလည်းမ
အမှန်တကယ်ကြီးပါဆိုတဲ့ပုံမျိုး ပြထားတဲ့ လူပျိုကြီးလေ။ ကဲ
ဘာလိုသေးလို့လဲ။ တွေ့ကြတာ မကြာသေးပေမယ့် "လက်ထ
ကြရအောင်"ဆိုတဲ့ စကားကို စပြောလာခဲ့သူမှာ အဲဒီနောက်ဆုံ
မှန်းချက်ကြီးဆီကသာလေ။ ခါတိုင်းလို ယုဘက်ကချည်း ပည
တွေအကုန် ထုတ်သုံးပြီး ချော့တစ်ချီ ခြောက်တစ်လှည့်၊ ခ
တစ်လီ မောင်းမဲတစ်လှည့် တောင်းဆိုနေရတာမျိုးများ လုံးဝမဟုတ်
ပါဘူး။

လက်လွှတ်ခံစရာလား။ "ဝမ်းဂိုး တူးကမ်းမ်ပဲလေ"
လို့ ဟန်ဆောင် လက်မထောင်ပြထားစရာလား။ ဘယ်နည်းနဲ့
ကို အဆုံးရှုံးမခံနိုင်တဲ့ ကိစ္စပါ။ ဆယ့်ခြောက်နှစ်သမီးအရွယ်တုန်
ကလို ဘာပဲလုပ်လုပ် "မိုက်လိုက်ကြတာ"ဆိုတဲ့ ပတ်ဝန်းကျင်
ဆွေမျိုးအသိုင်းအဝိုင်းတို့ရဲ့ စကားတစ်ခွန်းနဲ့ အရာရာက အောင်
မြင်ပြီးစီးသွားနိုင်တဲ့ ကိုယ့်စိတ်ထင်တိုင်း ကြဲလို့ရတဲ့ အနေအထား
မျိုးနဲ့သာဆိုရင် အဲဒီ ဆယ်ကျော်သက်အရွယ်တွေရဲ့ မျက်စိမှိတ်
လုပ်ရပ်လိုမျိုး လက်မှတ်တောင် အမြန်ဆုံးပြေးထိုးထားလိုက်ချင်





း။သည်။ " 'လက်မှတ်က ဘာလုပ်ဖို့လဲ၊ 'လူ'က ကိုယ့်ဘက်
ကယ်ပါမှ"ဆိုတဲ့ စကားက အလကားပါ။ လက်မှတ်ကလည်း
က်မှတ်ပေါ့။

အရေးကြုံလာရင် ဘာမှမကျန်တာနဲ့စာရင် တစ်ခုခု
တော့ ကိုယ့်လက်ထဲ"ရှိ"ကျန်ရစ်တာပေါ့။ မဟုတ်ဘူးလား။

ခုကျတော့ အဲဒီလောက်အဆင့်ထိကိုမှ မရောက်လိုက်
သေးခင် (ဒီလောက် အပြင်းအထန် ကြိုးစား၊ အားထည့်ထား
တောင်မှ) မောင်မင်းကြီးသား အကောင်းစား နောက်ဆုံးမှန်း
ချက်က (သူ့ကိုယ်သူ ဆယ့်ခြောက်နှစ်သား လူမမယ်လေးလိုလို
ဘာလိုလိုနဲ့) "အမေကြီးရန်ကြောင့် နည်းနည်းလေး ဆင်ခြင်ကိုယ်
နေ်သတ်လိုက်ဦးမယ်"ဆိုတဲ့ စကားမျိုးကို စလာတာနော်။

လေးဆယ်ကျော်၊ လူပျိုကြီး၊ ဒီလို အခြေအနေဆို
ဘာ ရည်းစားတွေမကလို့ ပေါက်ကရတွေပါ မှိုလိုပေါက်နေနိုင်
ဘာ ကိုယ်တိုင်က လက်ခံနိုင်ပေမယ့် ..."မေမေက ပြောလိမ့်မယ်"
ဆိုတဲ့ ဆင်ခြေမျိုးကတော့ လက်ခံနိုင်စရာလား။ အဲဒီလို မဟုတ်က
ဘတ်က ဆင်ခြေကြီးနဲ့ စခွာဖို့ ကြံပြန်သောလူကို ထက်ကြပ်
အလွှတ်မပေးဘဲ မျက်ခြည်မပြတ်ကလေး လေ့လာလိုက်သောအခါ
"ဘွား"ခနဲ သိလိုက်ရတဲ့အချက်က ...

"ယုတော့ ပြိုင်ဘက်ပေါ်နေပြီ"

ဆယ်ကျော်သက်တွေ၊ နှစ်ဆယ်ကျော်တွေ ဆိုရင်
သောင်မှ "အရွယ်၏ကောင်းခြင်း"မှာ ယုဘက်က အသက်ကွာ၊

အမှတ်လျော့နေနိုင်ပေမယ့် ယုက ဒီလောက်ကြီး မမှုလှပါဘူး။ ကလေးတွေဆိုတာက "နောက်ဆုံးရထား"ဆိုတဲ့ ဝေါဟာရရဲ့ အဓိပ္ပာယ်ကို ကောင်းကောင်း သဘောပေါက်နိုင်ကြသေးတာမှ မဟုတ်တာ။ ဒီရထားဟာ ကိုယ်မျှော်မှန်းတဲ့ ခရီးလမ်းကို ရောက်နိုင်ဖို့ ဒီဘူတာရုံမှာ နောက်ဆုံး လာဆိုက်မယ့် "နောက်ဆုံးရထား"။

ဒီရထားကိုမှ မမီလိုက်ရင် အပါမတက်နိုင်ရင် ဒီဘူတာမှာပဲ အထီးကျန် တစ်ယောက်တည်း ကျန်ရစ်ပေတော့။ ခရီးပန်းတိုင်ကိုရောက်ဖို့ (ဘယ်တော့များမှ ထပ်ပေါ်လာမယ်မသိတဲ့၊ လုံးဝထပ် ပေါ်မလာတော့ဘူးလည်း ဖြစ်နိုင်တဲ့) နောက်တစ်ကြိမ် နောက်တစ်စီးကို ထပ်မျှော်လင့်လို့ မရနိုင်တော့ဘူး ဆိုတာမျိုးကို ဆယ်ကျော်သက်တွေ နှစ်ဆယ်ကျော်တွေထက် ယုတို့လိုလူတွေကမှ အတိအကျ နားလည်နိုင်တာ။

အဲဒါကြောင့်ပဲ ပြိုင်ဘက်ဟာ ရွယ်တူပတ်လည်လေးဆယ်ဝန်းကျင်ထဲက ဖြစ်နေတာကို ယုမှာ မျက်ကလဲဆန်ပျာထူပူမိရတာ။ တကယ် သဲကြီးမဲကြီးနဲ့ "မရမနေ ကြံမှဖြစ်မယ်" ဆိုတဲ့ သင်ခန်းစာနဲ့ သန္နိဋ္ဌာန်မျိုး။ တစ်ဆယ်ကျော်၊ နှစ်ဆယ်ကျော်တွေမှာ ဘယ်ရှိနိုင်မလဲ။ ခုဟာကမှ တကယ့်ကြောက်စရာ အကောင်းဆုံး ရန်သူပြိုင်ဘက် ဖြစ်တော့သည်။

"ကိုမင်း ... ဟိုတစ်နေ့က မိန်းမတစ်ယောက်နဲ့ အတူတွဲပြီး တွေ့လိုက်ပါတယ်၊ အဲဒါ ဘယ်သူလဲ၊ ဘယ်ကလဲ"





"အာ ... အမေ့မိတ်ဆွေပါ။ အမေ့အသိထဲက ဆိုတော့ အပြင်မှာတွေ့တုန်း ဒီလိုပဲ နာမည်ပြောပြီး မိတ်ဆက်ကြည့်လိုက်တော့ သူက ယောက်ဖတို့ ညီမလေးတို့နဲ့ပါ သိနေတဲ့သူ ဖြစ်နေတယ်"

"ဒီလောက်ပဲလား"

"ဟာ ... ဘာလဲ"

"အမေ့အသိထဲက ဆိုရုံနဲ့ ဘာကိစ္စ 'ကျွန်တော် ဒေါ်မြတ်ဦးရဲ့သားပါ ခင်ဗျာ' လို့ အလကားနေရင်း သွားမိတ်ဆက်နေစရာ ဘာအကြောင်းရှိသလဲ။ လုံးဝအဓိပ္ပာယ်မရှိပါဘူး။ အမေ့အသိဆိုလည်း အသိပေါ့။ ထားလိုက်ပေါ့ သူ့ဘာသာ။ မနေနိုင် မထိုင်နိုင် သွားမိတ်ဆက်တယ်ဆိုတော့ ဘာပတ်သက်ချင်တာလဲ။ ဘာအတွက်လဲ"

"အာ ... မဟုတ်ဘူးကွ၊ သူကကျတော့ အမေနဲ့အဆက်အစပ်ရှိပုံက တစ်မျိုးလားလို့ ယူဆစရာ အကြောင်းကရှိ..."

"ဇေ့လည်ကြောင်ပတ်တွေ လုပ်မနေပါနဲ့၊ လိုရင်းကိုသာ တည့်တည့်ပြောပါရှင့်"

"အမေက အဲဒီလိုပေါ့၊ သူ သဘောတူတဲ့လူတွေ ဘာတွေ ရှာရတာ၊ စပ်ရ ဟပ်ရတာ ဝါသနာပါတယ်၊ တော်တော်လေးကိုပါတာ"

"ဘာဖြစ်တယ် ! "

"ညီမလေးတုန်းကလည်း ဒီလိုပဲ၊ အမေပဲလေ"

"လေးဆယ့်ကျော်သားကြီးက ! ... ကမ္ဘာပတ်လာတဲ့သား က ဒီအမေကြီးစီစဉ်ပေးစားတဲ့ သူကိုမှ အာရုံထား ဂရုစိုက် ကိုစိုက်ရတော့မယ် ... ဟုတ်စ ! "

"အဲဒီလိုတော့လည်း မဟုတ်ဘူးပေါ့၊ သူနဲ့အနီးကပ် သိ ကျွမ်းခင်မင်ထားနိုင်ရင် အမေ့ရဲ့ခြေလှမ်းတွေကို ကြိုသိ နိုင်တာမျိုး ရှိတာပေါ့"

"ဘာမှမဆိုင်ဘူး၊ လောကကြီးမှာ ကာယကံရှင်ရဲ့ဆုံးဖြတ် ချက်ကသာ အဓိကပါ ကိုမင်းရဲ့။ ကြိုရှောင်နိုင်ဖို့ သွားလုံး ထားမှ ဖြစ်မယ်ဆိုတာကြီးက ဒီအရွယ်ကြီးရဲ့ ပါးစပ်က ထွက်နေတော့ ရယ်စရာ ကောင်းမနေဘူးလား၊ ဘယ်သူ က ယုံမှာလဲ"

"လူတစ်ယောက်နဲ့ တစ်ယောက်က ရပ်တည်နေကြပုံချင်း မတူနိုင်ကြဘူး ယုရဲ့။ အဲဒီလိုကတော့ ရှိသေးတယ်"

"ဘယ်လိုရှိရှိ။ ဒါဖြင့် အဲဒီမိန်းမကြီးက ရှင့်အမေက ရှင်နဲ့ သဘောတူထားတဲ့ မိဘသဘောတူသူကြီးပေါ့ ...ဟုတ်လား"

"ထင်တာပဲ"

"ဘာထင်တာပဲလဲ၊ ကိုမင်းကို ဝေ့လည်ကြောင်ပတ် မလုပ် ပါနဲ့လို့ ယု တောင်းပန်ထားတယ်လေ။ ထင်တာတွေကို မပြောပါနဲ့။ အမှန်စင်စစ်တွေကိုသာ အတိအကျပြော၊ ပြောလေ ... ကြည့် ...။ အဲဒီလိုကျတော့ သူ ပါးစပ်ကြီး ပိတ်ပြီး ငြိမ်နေပြီ"





"မဟုတ်ဘူးလေ၊ ယုက အမှန်ကိုသာ အတိအကျပြောဆို တော့ ကိုယ်က အဲဒီလိုကျတော့ တကယ်သေချာမှ မသိ သေးတာတစ်ခုကို ဘယ်လိုပြောလို့ ရတော့မလဲ။ အဲဒါ ကြောင့် ဘာမှမပြောတော့တာလေ"

သူ့ဆင်ခြေနဲ့သူကျတော့ ဟုတ်လို့ ... လိုလို။ ဒါပေမဲ့ လက်မခံနိုင်ပါဘူး၊ ဒါ ချိုပြစ်လိုက်တာလေ။ ကိုမင်းဟာ ဒီအရွယ် ဒီအခြေအနေ ဒီလိုလူတွေထဲမှာတော့ ခပ်အေးအေးလိုလို၊ ခပ်ရှင်း ရှင်းလိုလို စတိုင်မျိုး ချိုးထားပေမယ့် ခံရပေါင်းများလို့ အံတိုနေ ပြီဖြစ်တဲ့ ယုကတော့ "ယောကျ်ား"ဆိုရင် သုံးနှစ်သားကအစ ဘဏ်များလှည့်ပတ်တတ်ကြတဲ့ အရာတွေပါလို့ အတွေ့အကြုံအရ သဘောပေါက်နိုင်ပြီးသားလေ။

ဒီအရွယ်ကြီးနဲ့များ အမေကြီးနာမည်သုံးပြီး ဘဏ် များချင်လာတာ ရယ်စရာတောင် ကောင်းမနေဘူးလား။ ယုံစရာ လား။ ဟိုတစ်ယောက်ဟာ တကယ်ပဲ သူ့အမေစိတ်ကြိုက် တစ် ယောက်ပါ ဆိုရင်တောင် "ခြေလှမ်းတွေ ကြိုသိချင်လို့ပါ"ဆိုတာ ကြီးကတော့ သုံးနှစ်သားတွေတောင် မသုံးတော့မယ့် ယုတ္တိမရှိတဲ့ အကြောင်းပြချက်မျိုးပါ ကိုမင်းရယ်။ "ဘယ့်နှယ်နေပါလိမ့်၊ လက်ရှိ ငါတွဲနေတဲ့ တစ်ယောက်ထက် ပိုကောင်းများ ကောင်းနေ မလား၊ စိတ်ဝင်စားစရာများ ဘာရှိနေမလဲ"လို့ သွားအကဲခတ် တာမျိုးကသာ အနည်းဆုံးလောက် နေမှာပါ။

သူက အကဲခတ်တယ်ပဲ ထားပါဦး။ ဟိုကတော့ မလွှတ်တမ်းကို ဖမ်းဆွဲထားလိုက်တော့မှာ အသေအချာကြီးလေ။ ကိုယ်နဲ့ပဲ "စာ"တွေးတယ်, ပြောပြော။ မိန်းမတွေရဲ့သဘောကို လည်း ယုတို့က နောနောကိုကျေပြီးသားပါ။ ဘယ်တတ်နိုင်မလဲ။ မိန်းမဆိုတာမျိုးဟာ ဆယ့်ခြောက်နှစ်သမီးတုန်းကလောက်သာ သမီးရည်းစားချင်း ရန်ဖြစ်ကြရင် "မလုပ်ရဘူး၊ မကိုင်ရဘူး၊ မသွားရဘူး၊ မလာရဘူး"စတဲ့ တစ်ချက်လွှတ် "မ"တွေ "ဘူး"တွေနဲ့ နိုင်ချင်တိုင်း နိုင်နေခွင့်ရှိခဲ့တာ။ ကိုယ့်အခြေအနေ၊ အနေအထား ကိုယ်သဘောမပေါက်ဘဲ အခွင့်မရှိတော့ချိန်၊ "အသာစီးအခြေအနေ"တွေ နည်းနေချိန်တွေမှာ "မ"တွေ"ဘူး"တွေချည်း သွားလုပ်နေလို့ကတော့ စိတ်ညစ်မခံနိုင်တဲ့ အမျိုးအစားတွေက အလွယ်တကူလေးပဲ "တာ့တာ"ပြသွားကြတော့မှာပေါ့။ ဟုတ်တယ် မှတ်လား။

လိုက်ပေါ့ ... တကောက်ကောက်။ သူ့နောက်လည်း လိုက်။ ဟိုတစ်ယောက်နောက်ကိုလည်းလိုက်။ ဒါပဲရှိတော့တာပဲဟာ။ "ကိုယ်မှကိုယ်ပါ"ဆိုတဲ့ ပုံမျိုး (တကယ်ပဲ သူ့စိတ်ရင်းထဲမှာ ရှိရှိ မရှိရှိပေါ့) ပြထားပြီးကာမှ တစ်ဖက်ကို တိမ်းချင်ယိမ်းချင်လာသလိုရှိရင် ကိုယ်ညံ့လို့ပေါ့။ ဒါမှမဟုတ် တစ်ဖက်သားက ကိုယ့်ထက်ဘာတွေများ သာနေလို့လဲ။ စုံစမ်းပေါ့၊ အတုယူပေါ့။

"ကိုမင်းက လက်ထပ်ကြစို့ ဆိုလို့ ယုကတောင် သမီးကို သူ့အဘိုးတွေ အဘွားတွေဆီ မန္တလေးကိုပို့ပြီး အပြီးပဲပေး လိုက်ရတော့မလားလို့ ဆုံးတောင်ဆုံးဖြတ်ကြည့်နေပြီ"





"အာ ... ဇွတ်ကြီးတော့လည်း မလုပ်ပါနဲ့၊ ဒီလောက်မြန်မြန်ထက်ထက်ကြီး မဆုံးဖြတ်လိုက်ပါနဲ့ဦး။ ကလေးရဲ့စိတ်ထဲ ဘယ်လိုဖြစ်သွားမလဲ ဆိုတာက ရှိသေးတယ်လေ။ ရတယ်၊ အချိန်ယူပါ။ ယု အဆင်ပြေသလို အချိန်စောင့်ပါ။ ကိုယ်က အဲဒီလိုကြီးတော့လည်း အတင်းအကျပ်ကြီး မလောချင်ဘူးလေ"

ဟော ...။ တစ်ပုံစံတည်းတွေပါပဲ။ တစ်သဘောတည်းချည်းပဲ။ ယုဘက်က ခြေတစ်လှမ်း ရှေ့တိုးပြလိုက်ရင် သကောင့်သားတို့ရဲ့နောက်ပြန်ခြေလှမ်းတို့ဟာ အဲဒီလိုတွေချည်း စတတ်ကြတာပါ။

ယုက ဝတ္ထုတွေ ရုပ်ရှင်တွေထဲကလို "မေမေသဘောတူထားတဲ့သူ"ဆိုတဲ့ မိန်းမနဲ့ တွေ့ကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။

✦❤✦

## ၂

"ကျွန်တော့်အဖေနဲ့ အမေနဲ့က ကွဲနေတာ"

"ကျွန်မကတော့ အဖေက မရှိတော့တာလေ၊ ဆုံးသွားပြီ"

"ကျွန်တော့်အဖေကလည်း ရှိသေးတယ် ဆိုပေမယ့် မရှိတော့တာနဲ့ ဘာမှမခြားလှဘူး၊ အဆက်အသွယ်ဆိုလည်း အဘွားတို့နဲ့ပဲရှိတာ။ လူချင်းမတွေ့ဖြစ်ကြတာကတော့ အဖေ ဩစတြေးလျားကို ထွက်သွားပြီးကတည်းကပဲ။ အမေနဲ့ကတော့ အဆက်အသွယ်လည်းရှိ၊ လူချင်းလည်း မကြာခဏ တွေ့ဖြစ်ပါတယ်။ အမေကလည်း စင်ကာပူမှာ နေတာဆိုပေမယ့် ဒီကို ပြန်ပြန်လာတတ်ပါတယ်။ ဒါပေမဲ့ ဘယ်လိုခေါ်မလဲ၊ အမေနဲ့ကကျတော့လည်း ..."

"စိတ်ချင်းက ဘယ်လိုမှ မနီးစပ်နိုင်ဘူး၊ အတွေးအခေါ်တွေ အနေအထိုင်၊ အပြောအဆို၊ ဆုံးဖြတ်ချက်တွေချင်းက တခြားစီလိုပဲ ဖြစ်နေတာ၊ ညှိကြည့်လို့ မရနိုင်ဘူး၊ မလွယ်ဘူး"





"ဟင် ... မန်းမေက ဘယ့်နှယ်လုပ် ကြိုသိနေတာလဲ"

"ကြိုသိတာ မဟုတ်ပါဘူး၊ ကိုစစ်ရဲ့ အမေအကြောင်းကို မသိဘဲနဲ့ ဝင်ပြောနေတာလည်း မဟုတ်ပါဘူး။ ကိုယ့်အမေအကြောင်းပဲ ကိုယ်ပြောချင်လာလို့ ဝင်ပြောလိုက်တာ"

"ဒါပေမဲ့ ကျွန်တော်လည်း အဲဒီလိုပဲ တစ်ထပ်တည်းပဲ"

"တစ်ခါတလေတော့လည်းလေ၊ ကျွန်မက ညီအစ်မအရင်းတစ်ယောက်လောက် လိုချင်တယ် သိလား။ တစ်ခုခုလေးဆိုရင် ရင်ဖွင့်တိုင်ပင်လို့ရတဲ့ တိုးတိုးဖော် တစ်ယောက်လေ"

"အဘွားနဲ့ ဦးလေးတော့ ရှိပါတယ်၊ နှစ်ယောက်စလုံးလည်း ကိုယ်ပြောချင်တာမှန်သမျှကို လိုလိုလားလားကြီးနားထောင်ဖိုင်းဝန်းပေးချင်ကြတဲ့စိတ်တွေ အပြည့်နဲ့ပါပဲ။ ဂရုတစိုက်နဲ့ ကြင်နာချစ်ခင်မှု ပြကြဖို့လည်း အမြဲအသင့်ဖြစ်နေကြတဲ့ သူတွေပါ။ ဒါပေမဲ့ ကျွန်တော်က သူတို့ကိုကျတော့ မပြောချင်တာ။ 'အစစ အရာရာ' ဆိုတာမျိုးအထိ လုံးဝသွားပြောပြမနေချင်ဘူး။ ကျွန်တော်က မကောင်းတာပဲ နေမှာပါ။ အဘွားနဲ့ ဦးလေးက ကောင်းပါတယ်"

"ကျွန်မကကျတော့ အဘွားနဲ့ ကျွန်မနဲ့ စကားပြောလို့မရနိုင်ဘူးလို့ မြင်တာ။ ဘာတွေကွာပြီး လွဲနေကြသလဲတော့ မသိဘူး။ ကွာတာကတော့ အရမ်းကို ကွာနေတာ။ ကိုစစ်က ဦးလေးနဲ့ကျတော့ရော အသက်ကွာနေလို့လား။

ယောက်ျားချင်းလည်းဖြစ်၊ အသက်ချင်းလည်း သိပ်မကွာရင် စကားပြောလို့ မရနိုင်ဘူးလား"

"ရနိုင်မယ် ထင်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်က မပြောတာ"

"ဟင် ... ကျွန်မ ဆိုရင်တော့ ညီအစ်မအရင်းတစ်ယောက်လောက် မရနိုင်ရင် အဒေါ်ဆိုရင်လည်း မဆိုးပါဘူးလို့ ထင်မှာပဲ"

"ဒါဆိုရင် မန်းမေရဲ့အဒေါ်မှာ မန်းမေအပေါ် အမြဲသဘောထား အမြင်ဆိုးနေမယ့် ယောက်ျားတစ်ယောက် ရှိနေဦးမယ်ဆိုရင်ရော"

"ဟင်း ဟင်း ဟင်း ... အခုက အဲဒီလို ဦးလေးရဲ့မိန်းမတစ်ယောက်က ရှိနေတာလား။ ဒါဆို တစ်ဝမ်းကွဲရော၊ သက်တူရွယ်တူ ဝမ်းကွဲညီအစ်ကိုမောင်နှမမျိုးလေ"

"သူတို့က ကလေးမရှိကြဘူး"

"ကျွန်မမှာတော့ ရှိတယ် သိလား၊ ဒါပေမယ့် ဒီမှာတော့ မဟုတ်ဘူး။ မန္တလေးမှာ။ သူတို့နဲ့လည်း တစ်ခါတလေတော့ ဖုန်းလေး ဘာလေး ပြောပါတယ်။ ဒါပေမဲ့ အတူမနေ၊ အတူမကြီးရတော့ ဒီလောက်ကြီးတော့လည်း မရင်းနှီးကြဘူး"

"ကျွန်တော်ကတော့ ဝမ်းကွဲမရှိပေမယ့် ဘယ်လိုပြောမလဲ၊ အရင်းပဲ ပြောမှာပေါ့။ ကျွန်တော့်အဖေမှာ နောက်ထပ်သား၊ သမီးတွေတော့ ရှိတယ်တဲ့၊ ဒါပေမဲ့ ဘာလုပ်ဖို့လဲ"





"နောက်ထပ် သားသမီး ! ခပ်ငယ်ငယ်လေးတွေပေါ့နော်"

"ဟုတ်မှာပေါ့၊ သူတို့အသက်အရွယ်တွေကို မသိပါဘူး။ သားလား၊ သမီးလား၊ ဘယ်နှစ်ယောက်လဲ ဆိုတာကို တောင်မှ သိမထားတာ"

မန်းမေရော စစ်ပါ အတွေးကိုယ်စီနှင့် ခဏဆိတ်ငြိမ်သွားကြပါသည်။ နောက်ထပ်သားသမီး ခပ်ငယ်ငယ်ကလေးတွေတဲ့။ အဖေတူ အမေကွဲ၊ အမေတူ အဖေကွဲ ဆိုတာတွေဟာ တော်ထားတတ်ရင်တော့ အရင်းတွေလိုပါပဲလေ။ မန်းမေရဲ့မေမေ ငယ်ငယ်ပဲ ရှိသေးတာဆိုတော့ တကယ်ဆို မန်းမေမှာလည်း ဒီလို မောင်၊ ညီမ ငယ်ငယ်ကလေးတွေ ရကောင်းရလာနိုင်သေးတာပဲ။ အရွယ်က ကွာနေမှာဆိုပေမယ့် မန်းမေ ကိုယ်တိုင် ထိန်းခွင့် ရခဲ့ရင် သူတို့ကြီးပြင်းလာတဲ့အခါ ဘယ်လိုမဆို ယ့်အတွက် အဖော်တော့ ဖြစ်ချင်ဖြစ်လာနိုင်မှာပဲ။

သို့သော် ...။

သို့သော် ... မေမေက ဘာ့ကြောင့်မှန်းမသိ မန်းမေ မန္တလေးက (ဖေဖေ့ဘက်က)အဘိုးအဘွားများထံ အပြီးအပိုင် ပစ်တော့မယောင်ယောင် လေသံတွေ ပစ်လျက်ရှိလေပြီ။ မန်းမေ က်စုံစမ်း ချောင်းမြောင်းနေတဲ့ မေမေ့ဇာတ်လမ်းတွဲ အသစ်တွေ ရှေ့ခရီးစဉ်ကတော့ ဘယ်လိုဆက်ဖြစ်လာမည် မသိရသေး။ း မေကတော့ ဒီက(မေမေ့အမေ) အဘွားလောက်မျှပင် တရင်း

တနိုး မရှိလှသေးတဲ့ နောက်ထပ်(အရွယ်ကွာ၊ အဖော်မဖြ
စကားပြောလို့မရ၊ စိတ်ချင်းမညီနိုင်မည့်)ဘိုးအိုဘွားအိုများဆီ
ရောက်ရတော့မယ့်အဖြစ်မျိုး ဖြစ်နေပါပြီ။

ဘာဖြစ်နိုင်မှာလဲ။ မေမေ့ရဲ့ ဇာတ်လမ်းအသစ်မ
မန်းမေနဲ့ သက်တူရွယ်တူ သားသမီးမျိုးတွေ ရှိနေတဲ့သူ ဖြစ်
တဲ့အပြင် (ဒီထက်ပိုဆိုးသေးပါက) လွတ်လွတ်လပ်လပ်တော
မဟုတ်တဲ့သူတစ်ယောက်ပါ ဖြစ်နေနိုင်ပြီ မဟုတ်လား။

"ကျွန်မသာဆိုရင်တော့ အဲဒီ နောက်ထပ် မောင်ညီမ
တာလေးတွေကို ချစ်မှာ"

ကျွန်တော်ကတော့ မန်းမေကိုပဲ ချစ်တယ်။

စစ်က မန်းမေကို ခပ်ပြုံးပြုံး စိုက်ကြည့်နေ
စိတ်ထဲမှာပဲ ပြောနေလိုက်ပါသည်။ အဝေးတစ်နေရာက ဘယ်
မှန်း ကိုယ် သေချာမသိနိုင်တဲ့ ဟာလေးတွေကိုပဲ သွားမျှော်
ချစ်ခင်နေရဦးမလား။ ကိုယ့်အနီးက၊ ကိုယ်နဲ့ဘဝတူ၊ စိတ်
ချင်းညီပြီး "အဖော်ကောင်း"တစ်ယောက်ယောက်ကို အပြင်းအ
တောင့်တနေကြတာချင်းပါ တူနေတဲ့ သူကလေးတစ်ယောက်
သာ သဲကြီးမဲကြီး ချစ်နေရရင် ပြီးတာပဲ။ ကိုယ့်အသည်းနှလုံး
သူ ရောက်ရှိနေခြင်းဟာ ကိုယ့်ဘဝကို ပြီးပြည့်စုံစေသော လ
ဆောင်ကောင်းတစ်ခု ဖြစ်သည်။

စစ်ဟာ ဘဝမှာ ဘာမှအဓိပ္ပာယ်သေချာ မရှိလှ
ခြောက်ကပ်ကပ် အသက်ရှင်နေရခြင်းတို့ကနေ လွတ်မြောက်





နိုင်သူ ဖြစ်နေပြီလေ။ သူကလေးကို တိတ်တဆိတ် ခိုးဝှက်လိုက်လံ
ချောင်းမြောင်းရင်း တွယ်တာနေရစဉ်က ခံစားချက်သည်တစ်မျိုး။
လေည်းပဲ ကိုယ့်ရဲ့ချစ်ခြင်းမေတ္တာတို့ကတော့ တိတ်တဆိတ်က
တိတ်တဆိတ်ပါပဲ၊ အဆင့်မတက်သေးပါဘူး။ သို့သော်) ခုလို
ိတ်ချင်းဖလှယ်မိပြီး စကားပြောဖော်တွေအဖြစ် တစ်ဆင့်တက်
သမ်းလာနိုင်တဲ့ အချိန်မှာ ခံစားရပုံတွေက တစ်မျိုး။

တစ်ခါတလေကျတော့ ကိုယ့်ရှေ့က အရေးတကြီး
ာလေးတနက်၊ ငြိမ်သက်သက်နဲ့ ခပ်အိုအို အမြဲရှိနေတဲ့ မျက်နှာ
ာလေးကို အလန့်တကြားကြီး မျက်လုံးပြူး မျက်ဆန်ပြူး မှင်
သက်မိသွားစေလောက်အောင် ဖြုန်းခနဲ ထပြီးပွေ့ဖက်ဖျစ်ညှစ်ပစ်
ိုက်ချင်သည်။

"ခုနေ ရင်ထဲမှာ အဖြစ်ချင်ဆုံး ဆန္ဒတစ်ခု ပြည့်ဝခွင့်ရမယ်
ဆိုရင်လေ ကျွန်မ မန္တလေးကို မသွားချင်ဘူး၊ သိလား"

"ကျွန်တော်ကတော့ ..."

"အင်း ... ... ..."

တစ်ယောက်တစ်ခွန်းစီ ကိုယ့်အကြောင်းတွေ ကိုယ်
လျှောက်ပြောနေကြသလို ရှိတာမို့ မန်းမေက "အင်း"တစ်ချက်
ိုက်ကာ စကားထောက် လုပ်ပေးလိုက်ပေမယ့် စစ်ထံမှ ဘာမှ
ဆက်ထွက်မလာလျှင် "ပြောလေ"ဟု တစ်ခွန်းထပ်ပြောလိုက်ပါ
သည်။ စစ်က ခေါင်းခါပြီးတော့ပဲ နှုတ်ပိတ်နေသည်။

"မရဘူး ... ပြောရမယ်၊ ကျွန်မတောင် ပြောပြတာ"

အပြန်အလှန် နားလည်မှုညီညီနှင့် စကားပြောဖေ
ရင်ဖွင့်ဖော်တစ်ယောက် မမျှော်လင့်ဘဲ ကောက်ရထားသလို ရှိ
တဲ့အဖြစ်ကို မန်းမေက ဘယ်လိုမှ လက်လွှတ်ဆုံးရှုံးမခံနိုင်
ဘဝတူအဖော်လေးသည် မန်းမေကို "အစစအရာရာ" အတွ
ထုတ်ပြောလို့ရတဲ့သူတစ်ယောက်အဖြစ် မသတ်မှတ်မှာကို မန်း
က ခံနိုင်ရည်မရှိနိုင်ပါ။ ကိုယ့်ဘက်ကတော့ သူ့ကို (မေ
အကြောင်းလိုဟာမျိုးကိုတောင်မှ) ရင်ဖွင့်လို့ရတဲ့ အဖော်ကော
တစ်ယောက်အဖြစ် သတ်မှတ်လိုက်မိပြီးပြီလေ။

"ပြောလေ ... ခုနေ အဖြစ်ချင်ဆုံး ဆန္ဒတစ်ခု ပြည့်
ရမယ်ဆိုရင် ..."

စစ်က ခေါင်းခါပြီး ချီမလို ချဥ်မလို မျက်နှာ
ပဲရှိလျှင် မန်းမေက စိတ်တိုချင်လာသည်။

"မပြောလည်းနေလေ၊ ဒါဆို ကျွန်မလည်း ဘာမှပြော
တော့ဘူးပေါ့၊ နောက်ဆုံးတစ်နေ့ မန္တလေးကို ထွက်သ
ရပြီဆိုရင်တောင် နှုတ်ဆက်မသွားဘူး"

"နေပါဦး၊ မန္တလေးက ဘာလို့သွားမှာလဲ"

"ဘာလို့ပြောပြရမှာလဲ"

"ဟင်း ဟင်း ဟင်း ... မဟုတ်ဘူး မန်းမေ။ ကျွန်တော်
ပြောလို့မရလို့"

"ပြီးရောပေါ့"

"ပြောရင်လည်း ပိုဆိုးမှာ"





"အခိပ္ပာယ်မရှိတာ၊ မပြောတာကမှ ဆိုးတာပေါ့။ ကိုစစ်နဲ့
ကျွန်မနဲ့ကြားမှာ ဘာမဆို ပြောလို့ရကြေး၊ ပြောပြကြေးလို့
တော့ လုပ်မထားကြပါဘူး။ ဒါပေမဲ့ အဲဒီလိုမဟုတ်ဘူး
လား။ အဲဒီလိုပဲ မခံယူထားဘူးလား"

"ကဲ ... ဒါဖြင့် ခုနေ ကျွန်တော့်ရင်ထဲမှာ အဖြစ်ချင်ဆုံး
ဆန္ဒတစ်ခု ပြည့်ဝခွင့်ရမယ်ဆိုရင် မန်းမေနဲ့ ချစ်သူတွေ
ဖြစ်ချင်တယ်"

"အင်"

မရမက နှိုက်ထုတ်အစ်မေးနေမိသော မန်းမေတစ်
ယောက် "အင်" ခနဲ နှုတ်ပိတ်သွားသည်။

"ဒီထက်ပိုပြီး နားလည်မှုတွေ ခိုင်မာတဲ့၊ အပြန်အလှန်
စိတ်ချင်းရော အချစ်ချင်းရောညီတဲ့ ချစ်သူနှစ်ယောက်
ဖြစ်ချင်နေတယ်"

စစ်က မန်းမေရဲ့မျက်နှာလေးကို ငုံ့ကိုင်းကြည့်ကာ
ပြောလိုက်ပြီးမှ ကိုယ့်အတတ်နဲ့ ကိုယ်စူး၊ ကိုယ့်ရှူးကိုယ်ပတ်ပြီး
ရောက်နေသည့် မန်းမေရဲ့အီလည်လည်အဖြစ်ကို ရိပ်မိကာ
"ဆောရီး" ဟု ခပ်တိုးတိုး တစ်ခွန်းဆိုလိုက်သည်။

"မန်းမေပဲ မပြောတာကမှ ဆိုးတယ်ဆိုလို့၊ ပြောရင်မဆိုး
ဘူးဆိုလို့"

"ဒါပေမဲ့ ဒီအကြောင်းအရာလို့မှ သိမထားတာကွ"

"ဒါဖြင့် 'အကြောင်းအရာကတော့ ဒီလိုပါ၊ ပြောလို့ရလား
မပြောတာနဲ့ ပြောပြလိုက်တာ ဘယ်ဟာက ပိုဆိုးသလဲ
လို့ အရင်မေးကြည့်ရမှာလား။ ဒါဖြင့် အခု အဲဒီလိုအရင်
မေးကြည့်တာလို့ သဘောထားလိုက်လေ"

ရယ်ချင်သွားရသည့် မန်းမေရဲ့မျက်နှာအိုအိုမှာ အပြုံး
လေးတစ်ချက် "လုစ်"ခနဲ စွက်လာကာ "ဘယ်လိုမှန်းမသိဘူး"
ဟုဆိုသည်။

"ဘာမဆို ပြောလို့ရကြေး၊ ပြောပြကြေးဆိုလို့ ပြောတာ
ခုနကဆန္ဒနဲ့ လောလောဆယ် လောလောလတ်လတ်
တစ်မဟုတ်ချင်းမှာ ထဖြစ်လာပြန်တဲ့ ဆန္ဒက မတူတော့
ပြန်ဘူး။ ခုလောလောလတ်လတ် လုံးဝနောက်ဆုံးဆန္ဒ
ကျတော့ ကျွန်တော့်ရဲ့ခုနကဆန္ဒအတွက် မန်းမေဘက်
ဘယ်လိုသဘောထားမလဲ။ ဘာပြန်ပြောမလဲ ဆိုတာကို
ချင်နေတယ်"

"တော်ပါတော့"

"ပြော ... ဆို"

"ဟင့်အင်း ... မပြောနဲ့တော့။ ပြောခွင့်သာ ပေးထား
သူ့ဆန္ဒတွေက နှစ်မိနစ်တစ်ခါ အသစ်ထပ်,ထပ်ထွက်
ပြောင်း,ပြောင်းနေတော့မယ်၊ သိတယ်"

"ကျွန်တော်ချည်းပဲ မဟုတ်ပါဘူး၊ မန်းမေလည်း ပြော
ခွင့်ရှိပါတယ်၊ မန္တလေး မသွားချင်ရာကနေ၊ ကျွန်တော့်





ဆန္ဒတွေအတွက် တစ်ခုခု မြန်မြန်ပြန်ပြောပေးလိုက်ချင်တဲ့
ဆန္ဒတို့ ဘာတို့"

"အဲဒီလို ပြောတတ် ဆိုတတ်နေမယ်၊ လူလည်ကျတတ်
မယ်လို့တောင် ထင်မထားရဘူး၊ သိပ်ထူးဆန်းတာပဲ။
ဟင့်အင်း ... ကျွန်မရဲ့ ခုနေဆန္ဒကတော့ လုံးဝမပြောင်းလဲ
သေးပါဘူး 'မန္တလေးကို မသွားချင်တာ'ပဲ"

စစ်က တအားကြီး ရှေ့ဆက် ဖွတ်တိုးပြောမနေဖို့
ဆုံးဖြတ်လိုက်ကာ လေးလေးနက်နက် မျက်နှာထားမျိုးနှင့် ...'

"မန္တလေးက ဘာလို့သွားရမှာလဲ၊ ကိုယ်မသွားချင်ရင် မ
သွားနဲ့ပေါ့"

"မေမေက အဲဒီက အဘိုးအဘွားတွေဆီ ပို့မလိုလို ပြော
နေတာ၊ သူက 'သွား'လို့ ဖွတ်ပို့မယ် ဆိုရင်တော့ သွားရ
မယ်နဲ့တူတယ်"

"ဟာ ... ! ဒါဆို အပြီးလား၊ ခဏတဖြုတ် အလည်သဘော
မဟုတ်ဘူးပေါ့"

"အဲလို ဖြစ်နေတာပေါ့"

"ဟာ ... မသွားပါနဲ့၊ မသွားနဲ့နော်။ မန်းမေ ကိုယ်တိုင်
လည်း သွားမှမသွားချင်တာ မသွားနဲ့ပေါ့၊ ဟုတ်လား !"

"ဒါပေမဲ့ ဖွတ်ပို့ပစ်ရင်တော့ ..."

"ဘာဖြစ်လို့ ဖွတ်ပို့ရမှာလဲ၊ ဟိုက အတင်းခေါ်နေလို့
လား"

"ဟင့်အင်း ... ခေါ်နေလို့တော့ ဟုတ်မယ် မထင်ပါဘူး။ မေမေ နောက်အိမ်ထောင်ပြုမယ် ဆိုရင်တော့ ကျွန်မကိုပို့ကို ပို့မယ်ဆိုတဲ့ သဘောပဲ"

"ဘာဆိုင်လဲ၊ ကျွန်တော့်အဖေနဲ့ အမေလည်း နောက်အိမ်ထောင်တွေ ကိုယ်စီနဲ့ပဲ။ ကျွန်တော်လည်း အဘွားနဲ့ပဲ နေနေတာပဲ။ မန်းမေလည်း ဒီကအဘွားနဲ့ပဲ ဆက်နေနေလေ။ နောက်အိမ်ထောင်ပြုမယ့် အမေကသာ သူ့ဟာနဲ့သူ သပ်သပ်သွားနေပေါ့။ မန်းမေက အိမ်ကအဘွားနဲ့ စကားပြောလို့ မရရင် ကျွန်တော်နဲ့ပဲပြော"

"ကိုစစ်ရဲ့ဒီကအဘွားက သူ့ဘာသာနဲ့သူ ရပ်တည်နေနိုင်တဲ့အပြင် ကိုစစ်ကိုပါ ပေးကမ်းထောက်ပံ့ ကျွေးမွေးထားနိုင်သူ ဖြစ်လိမ့်မယ်။ မန်းမေရဲ့အဘွားကတော့ မေမေ့ကိုပဲ ပြန်မှီခိုနေရတာ။ မေမေ စီစဉ်သလိုပဲ သူပါ လက်ခံရမလို ဖြစ်နေတာပေါ့။ မန်းမေကလည်း ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နေတာမှ မဟုတ်သေးတာကိုး"

မန်းမေရော စစ်ပါ နှစ်ယောက်လုံး တိတ်ဆိတ်သွားကြသည်။ ခဏကြာမှ စစ်က ...

"စိတ်တအားမညစ်နဲ့နော်။ ကျွန်တော် တစ်ခုခု စဉ်းစားကြည့်ဦးမယ်"

"ကျွန်မက သိပ်စိတ်မညစ်တတ်ပါဘူး၊ ကိုယ်ဖြစ်ချင်တဲ့ ဆန္ဒတစ်ခုကို မဖြစ်,ဖြစ်အောင် နောက်ဆုံးအချိန်အထိ လိုက်ကြိုးစားနေရတာမျိုးကိုပဲ ပိုကြိုက်တယ်"





"အဲဒီကို မပို့လိုက်ပါနဲ့လို့ အမေ့ကို ရအောင်ပြောယူမှာလား"

"အဲဒါအပြင် မေမေ့ရဲ့နောက်အိမ်ထောင်ဖက်က ဘယ်သူဆိုတာလဲ စုံစမ်းမယ်၊ ပြီးရင် သူ့ကို ညှိကြည့်တာမျိုးလည်း လုပ်မယ်"

စစ်နဲ့တော့ သဘောထားချင်း မကိုက်လှဖေမယ့် စစ်က ဘာမှကန့်ကွက်မနေတော့ဘဲ ...

"ဒါဖြင့် ကျွန်တော်လည်း ကိုယ်ဖြစ်ချင်တဲ့ ဆန္ဒတစ်ခုကို မဖြစ်,ဖြစ်အောင် နောက်ဆုံးအချိန်အထိ လိုက်ကြိုးစားကြည့်နေမယ်နော်"

"ဟင်း ... 'နောက်ဆုံးအချိန်' ဆိုတာက ဘယ်အထိလဲ ! ကျွန်မရဲ့ နောက်ဆုံးအချိန်ဆိုတာက သတ်သတ်မှတ်မှတ် ရှိတယ်။ မေမေက မဖြစ်မနေ ပို့ပြီဆိုတဲ့အထိလေ"

"ကျွန်တော်လည်း သတ်သတ်မှတ်မှတ် ရှိတာပေါ့၊ သေတဲ့အထိ"

"ကိုစစ်လား"

"မဟုတ်ဘူး မန်းမေ။ ကျွန်တော်ကတော့ ကျွန်တော် သေသွားပြီးရင်တောင် သရဲက လိုက်လှုပ်ရှားနေလို့ ရသေးတယ်"

"အမယ်လေး ... လုံးဝမလျှော့ဘူး၊ တော်ပါတော့ ... ပေါက်ကရတွေ"

ဒါပေမဲ့ (စစ်ရဲ့ဆန္ဒတွေကို အတည်မယူသလိုလို၊ မသိချင်ဟန်ဆောင်ထားတဲ့) မန်းမေရဲ့ မျက်နှာကလေးက စိတ်

အနှောင့်အယှက် သိပ်မရှိသလို ကြည်ကြည်လင်လင်ကလေးနှင့် ပြုံးတုံ့တုံ့လေးလည်း ဖြစ်ချင်လာပါသည်။ ချစ်သူ့အပြုံးကို မြင်ရလျှင် စစ်က အဲဒီအပြုံးကလေး သူမရဲ့နှုတ်ခမ်းလေးထက်မှာ အမြဲတည်တံ့နေဖို့ ကိုယ့်တာဝန်ပဲဟုသာ ဆုံးဖြတ်မိပါသည်။

မေမေ အခု မြန်မာနိုင်ငံကို ပြန်ရောက်နေတာပဲ။ ခုချိန်ထိ ဘာတစ်ခုမှ မတောင်းဆိုဖူးတဲ့ သားဖြစ်သူထံက "ဘဝတစ်ခုကိုစဖို့၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ကြည့်နိုင်ဖို့ တစ်ခုခုစီစဉ်ပေးပါ"ဆိုတဲ့ တောင်းဆိုချက်နဲ့ ကြုံလိုက်ရရင် မေမေဘယ်လိုဖြစ်သွားလိမ့်မလဲ။ လေးလေးနဲ့ အဘွားတို့က ခုချိန်မှာ စစ်နဲ့ပိုရင်းနှီး နွေးထွေးကြပေမယ်လို့ စစ်ရဲ့ အဲဒီတောင်းဆိုချက်ဆန္ဒအတွက် အဓိကတာဝန်ရှိသူမှာ အဲဒီနှစ်ယောက်မဟုတ်ဟု စစ်က ယူဆဆုံးဖြတ်ထားသည်လေ။ မေမေ ပြီးရင်တော့ ပိုပြီးသွေးအေးဝေးလံနေသေးတဲ့ အဖေ့ကိုပါ ထပ်ပြောမည်ဟုပါ ဆုံးဖြတ်လိုက်သည်။

မန်းမေကတော့ စစ်ရဲ့အကြည့်တွေကို ရှက်စနိုးရှောင်ဖယ်ဖို့ ကြိုးစားနေရင်းကပင် နေရင်း ထိုင်ရင်း စိတ်ဓာတ်အင်အားတွေ ပြည့်ဝတက်ကြွလာချင်တာ ဘာကြောင့်များလဲဟု တွေးနေဖြစ်ပါသည်။ လိုအပ်ရင် ကိုစစ်ကိုပါ အကူအညီတောင်းပြီး "မေမေ့လူကြီး"ဆိုတာကို အမြန်ဆုံး သိခွင့်ရဖို့ စီမံချက်ချ ကြိုးစားတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

✦❤✦





"ချွေးနွေးစရာလေး ရှိလို့ပါ"လို့ ဆိုလာခဲ့တဲ့သူကို ယုက အစပထမမှာတော့ အပြုံးကလေးတစ်ခုနှင့်ပဲ ဆီးကြိုလိုက်တာဖြစ်ပါသည်။ ယုရဲ့သဘောကိုက အဲဒီလိုပင်။ "အဲဒီမိန်းမဟာ ယောကျ်ားများဆိုရင် ဘယ်အရွယ်ဖြစ်ဖြစ် ဆီးကြိုပြုံးပြလိုက်ဖို့ ဝန်မလေးဘူး၊ မိန်းမချင်းများ ဆိုရင်တော့ သူ့မေးစေ့က ဟောသလိုကို ကြို့ပင့်ထားတာ"ဟု ယုတို့ အကျိုးဆောင်အချင်းချင်း အသိုင်းအဝိုင်းကြားထဲမှာ အ,မနှာပ ပြောကြသလောက်ကြီးကတော့ မဟုတ်ပေမယ့် ယုရဲ့သဘောကိုက အဲဒီလိုပဲ ဖြစ်နေမိတော့တာပင်။

ပျိုသော၊ အိုသော၊ ငယ်သော၊ ကြီးသောမရွေး ယောကျ်ားသနာမှန်သမျှ ယုရဲ့အပြုံးတစ်ချက်အောက်မှာ မှင်သက်တွေမိနေရလျှင် မိန်းမသားတို့ရဲ့ အတ္တမာန(Ego)တွေ တက်လာတတ်တာ ငယ်ကတည်းက ခုထက်ထိတိုင် ဖျောက်မရနိုင်သေးတဲ့ ယုရဲ့ငယ်ကျင့်။

မန်းမေတို့အဖေ ရှိတုန်းကဆိုရင် "အလကားနေရင်း ခဏ ခဏ ပြုံးပြုံးမနေစမ်းပါနဲ့ကွာ"ဟု မလိုတမာသံ မာဆတ်ဆတ်

ကြီးနဲ့ အဟန့်ခံရလေတိုင်း ယုဟာ "ငါ့ကိုများ ငေါက်ငမ်းဟောက်ဟမ်း အမိန့်ပေးနေလိုက်တာ ကြည့်စမ်း"ဟု ဒေါသထွက်လာရမယ့်အစား "Ego"တွေတက်ကာ အကျေနပ်ကြီး ကျေနပ်ပြီးဝမ်းသာပီတိတွေပဲ ဖြစ်,ဖြစ်လာရတတ်မြဲလေ။

ခုလည်း "ဆွေးနွေးစရာလေး ရှိလို့ပါ"ဟု ဆိုလာခဲ့သူဟာ ကိုယ်နဲ့ရွယ်တူနီးပါး မဟုတ်ရင်တောင် အနည်းငယ်လောက်ပဲ ကြီးနိုင်မည့် ယောကျ်ားတစ်ယောက် ဖြစ်နေတာရယ်။ ပြီးကျတော့ အဲဒီလို "ဆွေးနွေးစရာလေး ရှိလို့ပါ"ဆိုတဲ့ စကားကိုကိုယ်ကိုယ်တိုင်ကလည်း မနေ့ကတင်ကပဲ တိုက်တိုက်ဆိုင်ဆိုင်ဆိုသလို ကောင်ကလေးတစ်ယောက်ကို သွားပြောဖူးခဲ့တာရယ့်ကိုပြန်အမှတ်ရပြီး ယုရဲ့မျက်နှာလေးက အပြုံးလေးတစ်ခုနဲ့ ချိုမြနေရပါတော့သည်။

"ဆွေးနွေးစရာ ရှိလို့ပါ"ဆိုတဲ့ စကားဟာ စကားစရခက်နိုင်တဲ့ အခြေအနေများအတွက် "ခြေဆင်း"သဘောသုံးစွဲကြတဲ့ စကားမျိုးထင်ပါရဲ့။ ယုဟာ သမီးဖြစ်သူ မန်းမေနဲ့မြို့ထဲမှာ အတူတွဲပြီး (တစ်ခါ နှစ်ခါလောက်) တွေ့ဖူးလိုက်တဲ့ ကောင်ကလေးကို "ဘယ်ကလဲ၊ ဘယ်သူလဲ၊ ဘာအကြောင်းရှိသလဲ" ဆိုတဲ့ စုံစမ်းစပ်စုချင်တဲ့ မေးခွန်းများအတွက် အဲဒီလို စကားသွားစလိုက်တာပင်။

အဖေရော အမေပါ နိုင်ငံရပ်ခြားမှာ နေထိုင်ကြတဲ့ အထူးကုဆရာဝန်ကြီးနဲ့၊ Accountant တစ်ဦးတို့ရဲ့တစ်ဦးတည်း





သောသားတဲ့။ ဒီမှာနေတော့ (.........)လမ်းမှာ အဘွားနဲ့နေသတဲ့။ ဒီလောက် သိလိုက်ရရင် တော်ပြီလေ။ ယုမှာ "အိုကေ ... အိုကေ" ဟု ကျေကျေနပ်နပ်ကြီးပင် လက်ခံခဲ့ကာ။ "ကိုယ်က မင်းသူငယ်ချင်း မန်းမေရဲ့အမေလေ"ဟု ဆိုကာ နှုတ်ဆက်ခဲ့တော့ အဲဒီကောင်ကလေး ပါးစပ်အဟောင်းသား ပွင့်ဟပြီး ကျန်ရစ်ခဲ့တာများ တစ်နေကုန် ပြန်တွေးပြီးတော့တောင် ရယ်နေရသေး။

သို့သော် ... ဒီတစ်ယောက်ကတော့ဖြင့် ထစ်မှုထူးခြားသူပါလား။ ယုဆီက ဖော်ရွေပျူငှာတဲ့ အပြုံးမျိုးကို ရလိုက်ကာမှပင် (မှင်သက်မမိလည်းနေပါ။ လူမှုရေးအရတောင်မှ မအောင့်နိုင်၊ မအီးနိုင်) မကျေနပ်သလိုလို၊ စိတ်ကုန်သလိုလို မျက်စိပျက်မျက်နှာပျက်ကြီးပင် ဖြစ်သွားရတာကတော့ ဘာကြောင့်တုန်း။

ဟုတ်ပါသည်။ တိုင်းကျော်တစ်ယောက် တော်တော့ကို စိတ်ပျက်လက်ပျက် ဖြစ်သွားရပါသည်။ တူတော်မောင်ဖြစ်သူ "စစ်"ဟာ မတန်မရာ၊ မထော်မနန်းကို စိတ်မှန်းနဲ့သာချိန်ရွယ်နေပုံ မဟုတ်တော့ဘဲ အနားသို့ပါ ကပ်ကပ်ရပ်ရပ် ခခယယလုပ်လာချင်တဲ့ပုံမျိုး ဖြစ်နေပြီလေ။ ဒီမိန်းမကချည်း ဦးဆောင်ချည်နှောင်နေတော့တဲ့ ပုံစံနဲ့ သူတို့နှစ်ယောက်တွဲကို မြို့ထဲတစ်နေရာမှာ လှမ်းမြင်လိုက်ရတော့ တိုင်းကျော်တစ်ယောက် မနေ့ညကဆို တစ်ညလုံး အိပ်လို့တောင်မပျော်နိုင်ခဲ့ပါ။

သရီးကွာတား၊ ဘောင်းဘီစကတိုလေးနဲ့ ငယ်ချင်ယောင်ဆောင်ထားတဲ့ မိန်းမတစ်ယောက်ထံမှာ စစ်ဟာ ဒူးပင်

ထောက်တော့မတတ် ပုံစံလေးနဲ့ ရိုကျိုးနေလိုက်တာ။ "မဖြစ်ဘူး၊ ဒီမိန်းမတော့ အတိအလင်း အရင်ဆိုင်ပြီး အကျိုးသင့်အကြောင်းသင့်တော့ ပြောမှ"ဆိုတဲ့ ဆုံးဖြတ်ချက်ကလည်း ညကပင်ကျခဲ့သည်။

တကယ်တမ်း ရင်ဆိုင်ကြည့်ကာ အနားသို့ထိအရောက်သွားလိုက်တော့ တိုင်းကျော်ရဲ့ စိတ်ပျက်မှုက ပိုလို့တောင်ဆိုးလာသေး။ နှစ်ဆယ်ကျော်ကလေးကို အလွတ်မပေးချင်သည့်အရွယ်တော် တစ်ဆိတ်ဟိုင်းမိန်းမဟာ လေးဆယ်ကျော်ကို ကျပြန်တော့လည်း ပြုံးစစ ကြိုကြိုဆိုဆိုနှင့် ဣန္ဒြေသိက္ခာတင်းနေမည့်ပုံမျိုးလည်း တစ်စက်မှ မရပါကလား။

"အဲ ... ဘယ်လိုခေါ်ပြောရမလဲတော့ မသိဘူး၊ ကျွန်တော်ကတော့ ပိုကြီးမယ် ထင်ပါတယ်၊ လေးဆယ်ကျော်ပိုင်းငါးဆယ်ပိုင်းဆိုတော့ ဒီက ..."

"ညီမအရွယ်ပေါ့ရှင်၊ ယုက လေးဆယ်မပြည့်သေးပါဘူး။ ဟင်း ဟင်း ဟင်း ... အတိအကျ ပြောရရင်တော့ သုံးဆယ့်ရှစ်ရှင့်။ ကဲ ... စကားဖြင့် အပြန်အလှန် မဆွေးနွေးကြည့်ကြရသေးဘူး၊ အသက်ကိုပါ ဖွင့်ပြောလိုက်မိပြီးကောင်းရောရှင်"

ဘုရား ... ဘုရား ... ဘုရား။ တိုင်းကျော်တစ်ယောက် ယောကျ်ားကြီးတန်မဲ့ ငိုချင်သလိုလိုပင် ဖြစ်သွားရကာပွင့်ပြီးသော ဘုရားအဆူဆူတင်မက ဤဘဒ္ဒကမ္ဘာမှာ မပွင့်ရသေး





တဲ့ အရိမေ္တယျ မြတ်စွာဘုရားကိုပါ ယောင်ယမ်းပြီး တိုင်တည်ဘ,လိုက်မိပါချေပြီ။ မြတ်စွာဘုရား "ခုနစ်နှစ် ရှစ်နှစ်လောက်ဆော့ ကွာနေမယ်၊ ဘယ်ဖြစ်ပါ့မလဲ"လို့ တွက်ထားမိတာလေ။ ခုကျ ဆယ့်ခြောက်နှစ်၊ ဆယ့်ခုနစ်နှစ်တောင် ကွာနေသေးတာကြီးဖြစ်နေပါပေါ့လား။

ရှိရှိသမျှ ဘုရားအဆူဆူအပြင် အရပ်ကတို့ အားလုံးပါ ကယ်တော်မူကြပါ။ ဒီလောက် အသက်အရွယ်ကြီးက ဤမျှလောက်အထိ ငယ်ရုပ်ဆင်ထားရသတဲ့လား။ တူတောင်မောင်တုံး၊ ငအ၊ ဘာမှမသိတဲ့ နလပိန်းတုံးသာသာ အကောင်ဟာဒီမိန်းမတစ်ယောက်ကို အဲဒီလောက် အသက်အရွယ်ကြီးဆိုတာကော သိမှသိပါလေရဲ့လား။

"ဒီလိုပါ ... အခု ကျွန်တော် ဆွေးနွေးချင်တယ်ဆိုတဲ့စကားက ကျွန်တော့်အတွက် ဆိုရင်တော့ ပြောကိုမပြောချင်ဘူး။ ဒါပေမဲ့ မဖြစ်မနေကလည်း ပြောမှဖြစ်တော့မယ့်အဓိက,ကတော့ ကျွန်တော့်အမေအတွက်၊ ကျွန်တော့်အစ်ကိုအတွက် ..."

"ဘာတွေလဲရှင့်"

"ခုလောလောဆယ် လက်ရှိခင်ဗျားနဲ့ တွဲနေတဲ့တစ်ယောက်ဟာ ..."

ယုရဲ့ကိုယ်လုံးလေးက ခပ်မတ်မတ်လေး ဖြစ်သွားပါသည်။ ကိုယ့်ရှေ့ကလူကို ကြည့်နေသော ယုရဲ့အပြုံးမျက်နှာ

ကလေးကလည်း အော်တိုမက်တစ်ပင် ဖောင်းပဲနရွဲပုံစံမျိုး ပေါက်သွားရပါပြီ။ ကြည့်စမ်း ... စော်ကားလိုက်ပုံ၊ ရိုင်းပျလိုက်ပုံက ...။ ကမ္ဘာပတ်လာတဲ့ လေးဆယ်ကျော်အရွယ် ယောကျ်ားကြီးတစ်ယောက်က "အမေကလေ ... အမေက"ဟု သူ့အမေကိုချည်း ရှေ့တန်းတင်ကာ ကြောက်သလိုလို၊ မလွန်ဆန်နိုင်သလိုလို လုပ်ပြနေခဲ့တာကို "ဟာသပဲ"လို့ အစကတော့ ထင်တာပေါ့။ ခုကျတော့မှပင် "ကြုံဖူးပေါင်"ရယ်လို့ ပြောင်းအော်ဟာစ်ရတော့မလိုပင်။ တကယ်ပဲ အဲဒီလေးဆယ်ကျော်ကြီးရဲ့ အိမ်ထောင်ရေးကိစ္စမှာ အမေကြီးက ဝင်ပါလာကာ ပထမအဆင့်အနေနဲ့ ကိုယ်တိုင်မကြိုက်သေးဘဲ သူ့"ညီ"ပါဆိုတဲ့ ကိုယ်စားလှယ်တစ်ယောက်ကို အရင်လွှတ်ကြည့်လိုက်တာလား။

နေပါဦး။ ကိုမင်းမှာ "ညီ"တစ်ယောက်ပါ ရှိနေသေးတယ်လို့လည်း တစ်ခါမှ မပြောဖူးပါလား။ ကြားဖူးသလောက်တော့ "ညီမ"တစ်ယောက်ပဲ ရှိသလိုလိုနဲ့။ အေးလေ ... ဒါပေမဲ့ သူတို့မိသားစုအရေးကို ယုကလည်း သိချင်လွန်းလို့ နှိုက်ထုတ်အစ်မေးနေခဲ့တာမှ မဟုတ်တာ။ စိတ်မှမဝင်စားတာ။ စကားမစပ်လို့ မပြောပြခဲ့ဖူးတာလည်း ဖြစ်နိုင်သလို၊ ပြောပြခဲ့ဖူးရက်သားနဲ့ လုံးဝစိတ်မဝင်စားတဲ့ ယုရဲ့နားထဲ၊ ခေါင်းထဲ မဝင်ဘဲ လျှံထွက်သွားတာမျိုးလည်း ဖြစ်နိုင်တာပဲ။

ဒါမျိုးကိစ္စနဲ့များ မတိမ်းမယိမ်း မိန်းမတစ်ယောက်ကို ဒီမှာ မျက်နှာပြောင်တိုက်ပြီး လာတွေ့ရဲသော သူကိုယ်တိုင်





"ခင်ဗျားနဲ့ လောလောဆယ်တွဲနေတဲ့ တစ်ယောက်၊ ကျွန်တော့်အစ်ကိုအတွက်"။ အဲဒီလို ပေါ်တင်တွေ ပြောနေတော့တာပဲလား။

"ရှင်က ဘာသဘောနဲ့ ခုလို လာပြောတာလဲ၊ အံ့ပါရဲ့ရှင်။ မရှက်ဘူးလား"

"အရေးကြုံလာတော့လည်းပဲ ရှက်စရာကောင်းတာ၊ မျက်နှာပူစရာဖြစ်တာတွေကို ဘေးချိတ်ရမှာပဲ"

"နေပါဦး၊ ဘာတွေများ အရေးကြုံနေကြလို့လဲ"

"အဲဒီကိစ္စအတွက် ကျွန်တော့်အမေဟာ အသက်တောင်ထွက်သွားနိုင်တဲ့အထိ အရေးကြီးပါတယ်"

"တောက် ! ရှင်တို့ စော်ကားလှချေလား၊ မိန်းမတစ်ယောက်ကို ဒီလိုပဲ လာပြောရသလား"

"မတန်မရာ၊ မလိုက်မဖက် အတွဲအစပ်မျိုးကြီး ဖြစ်နေပြီလို့ကော ခင်ဗျားခေါင်းထဲ တစ်ခါမှ ထည့်မစဉ်းစားဖူးဘူးလား"

"ကြည့်စမ်း ... ကြည့်စမ်း၊ ရိုင်းလိုက်တာ ရိုင်းလိုက်တာ။ မတန်ဘူး ပြောရအောင် ရှင်တို့လူက ဗိုက်ထဲကနေ တစ်နေ့ ရွှေတစ်ပိဿာထွက်နေသလား"

"ဒါပေမဲ့ သူ့မှာ အုပ်ထိန်းသူ လူကြီးတွေကလည်း ရှိနေသေးတယ်။ သူ့မိဘတွေအနေနဲ့ကလည်း ဒီကိစ္စကို ဘယ်နည်းနဲ့မှ သဘောတူနိုင်မှာ မဟုတ်ဘူး"

"ဘုရားရေ ... ဒီလောက် ကြီးကောင့်ကြီးမား၊ အို
တော့မယ့်အရွယ်ကြီးကို သူ့သဘောနဲ့သူ ဘာမှလုပ်ခွ
ဘူး၊ မိဘအုပ်ထိန်းခြင်း မကင်းသေးဘူးလို့ လာအကြေ
ပြ ခြိမ်းခြောက်နေတာ ရှင်တို့ ရူးများနေကြသလား
"ဘယ်အရွယ်ကြီးပဲ ဖြစ်နေနေ၊ သူ့နောက်မှာ သူ့အုပ်
သူတွေ ရှိကိုရှိတယ်၊ အဲဒီအုပ်ထိန်းသူတွေက ခင်ဗျာ
မသင့်မတော် တစ်ယောက်နဲ့တော့ ဘယ်တော့မှ သဘော
လာလိမ့်မှာ မဟုတ်ဘူးဆိုတာလေး ခေါင်းထဲထည့်ထား
ရှင် တော်ပါပြီ"
"ရမယ်ထင်ရင် တောင်းနဲ့အုပ်ထားကြပေါ့ရှင်။ အိမ်
ထည့်၊ တံခါးပိတ်ပြီး သော့ခတ်ထား"
"တကယ်ဆို ခင်ဗျားက အဲဒီလောက် ပြန်ပြိုင်ပြီး
Challenge လုပ်(စိန်ခေါ်)နေဖို့ မကောင်းပါဘူး။ ခင်
လောက် အသက်အရွယ်ရောက်နေတဲ့ သူမျိုးဟာ သား
မမွေးဖူးသေးရင်တောင် မိဘချင်း အုပ်ထိန်းသူချင်း
ပေးနိုင်တဲ့ အသိဉာဏ်မျိုး ရှိသင့်ပါပြီ။ ခုတော့ ခင်
ဟာက ..."
"ဟုတ်တယ်လေ၊ သားသမီး မွေးဖူးတယ်။ ဘာဖြစ်သ
ကိုယ့်သမီးကိုလည်း ကိုယ်ကြိုက်တဲ့ပုံစံနဲ့ အုပ်ထိန်း
ရှင်တို့လိုတော့ ဘယ်အရွယ်ကြီးရောက်နေနေ အမေ
နားအောက်က မလွတ်နိုင်သေးဘူးဆိုတဲ့ ပုံစံမျိုးကို
ဘယ်တော့မှ အထင်ကြီးမှာ မဟုတ်ဘူး"





တိုင်းကျော်မှာ ပြောလေ ဆိုးလေ။ အကြောင်းသိလာလေ မျက်ဖြူလန်စရာ ပိုဖြစ်လေလေ ဖြစ်လာရတာမို့ ခေါင်းသာ အဆက်မပြတ် ခါယမ်းနေမိပါတော့သည်။ အသက်ကြီးကလေးဆယ်နားကပ်နေတဲ့အပြင် သမီးတစ်ယောက်အမေပါ ဖြစ်နေသတဲ့။ အိမ်ကကောင် "ငစစ်"ကို ကြိတ်ဆုံထဲထည့်ကာသာ ထောင်းလိုက်ချင်တော့သည်။

တောက် ! ငအ။ ငနွား။ မင်းဦးလေးဟာ မင်းအမေနဲ့ တစ်ခါခံလိုက်ရဖူးတယ် ဆိုတာတောင် မင်းလောက်တော့ အဖြစ်မဆိုးခဲ့ဘူး ဟေ့ကောင်။ မျိုးရိုးလိုက်မယ့်လိုက်၊ သူတို့က ချည်း ကျောမယ်၊ နိုင်လိုက်မယ်၊ သူတကာရဲ့ခေါင်းကို ခေါင်းတုံးတုံး အကွက်ဆွဲပြီး တက်ထိုင်နေမယ် ဆိုတဲ့ မိရင်းဖရင်းတွေရဲ့ စိတ်ဓာတ်မျိုးရိုးကိုပဲ လိုက်တာမဟုတ်ဘူး။ အလကားကောင်။

တိုင်းကျော်တို့ ခံလိုက်ရတယ်ဆိုတုန်းကလည်း မပုလဲဟာ ပါးစပ်လေးတစ်ပေါက်၊ လျှာကလေးတစ်ချောင်းနဲ့တင် တိုင်းကျော်ကို ပတ်ပတ်လည်အောင် မွှေ့ထားခဲ့တာမျိုးပါ။ ခု ဒီအရွယ်မညီတဲ့ ကလေးအမေကြီးကတော့ဖြင့် "ငစစ်"ကို အရူးအမဲသားကျွေးထားသလို ဘာတွေနဲ့များလုပ်ထား၊ ဆွဲဆောင်ထားသည်မို့လည်းတော့ မသိနိုင်ချေ။ ခက်တာပဲ။

"မေတ္တာရပ်ခံလို့မှ မရနိုင်ရင်တော့ ခင်ဗျားဘက်ကမှ အသိတရားမရှိရင် ကျွန်တော်တို့ကလည်း ကိုယ့်နည်းကိုယ့်ဟန်နဲ့ပဲ ဆောင်ရွက်ရပါလိမ့်မယ်"

"သူ့အမေကြီးက ရှုပ်တီးရှုပ်ယှက်နဲ့ စပ်စပ်ဟပ်ဟပ် အတော်ဝါသနာကြီးပြီး သူ့သဘောတူတဲ့သူနဲ့မှလို့ လေသံ ပစ်ထားတဲ့အကြောင်း မသိတာမှ မဟုတ်ဘဲ။ လုံးဝပဲနော် ဂရုကိုမစိုက်တာ"

တိုင်းကျော်မှာ ကိုယ့်ရှေ့ကမိန်းမကို မျက်လုံးကြီး ပြူးကာသာ ကြည့်နေမိပါတော့သည်။ ပုံကြည့်ရတာ မပုလဲကို လည်း တွေ့ဖူး မြင်ဖူး သိဖူးပြီးသူ ထင်ပါရဲ့။ ကောင်းပြီလေ။ မပုလဲလည်း မြန်မာနိုင်ငံကို ပြန်ရောက်နေခိုက်ဆိုတော့ ကိုယ်က အံ့သာလျှို ရှောင်နေလိုက်ပြီး သူတို့ချင်းတွေ့ကြ၊ အပြန်အလှန် အကြောင်းပြနိုင်ကြရင်လည်း ပြီးတာပါပဲ။ ယညာသည်အချင်းချင်း ပဲဟာ။

မပုလဲဟာလည်း ဝေးတစ်မြေမှာသာ အခြေချနေ တာ သူ့သားအကြောင်း ဘာတွေလှမ်းကြားသိထားလို့ "ငါသဘော တူတဲ့သူနဲ့မှ"လို့ လေသံလှမ်းပစ်ထားသလဲမှ မသိတာ။ အဲဒီလိုပြော ထားကြောင်းကိုတောင် ဒီမိန်းမဆီကတစ်ဆင့် ပြန်ကြားမှပဲ တိုင်း ကျော်တို့က သိရတော့သည်။ ဖိုးစစ်ဆိုတဲ့ကောင်က ကိုယ်တွေကို ဆိုရင်တော့ ဘာမှမှ ပြန်မပြောတတ်ဘာ။

ကောင်းပါတယ် ... ကောင်းပါတယ်။ မပုလဲပါ ဝင်ပါလာတော့ ကိုယ်ကလုံးလုံးကြီး မရှောင်သာရင်တောင် ဘာပဲ ဖြစ်ဖြစ် တာဝန်ကပေါ့တာပေါ့။အင်မတန် ခြေလှမ်းကျဲတဲ့ ဒေါ်ပုလဲ ဟာ အုပ်ထိန်းသူတွေဖြစ်တဲ့ တိုင်းကျော်နဲ့ အမေတို့ကိုပင် ဘာမှ





အသိမပေးသေးဘဲနဲ့ အစပ်အဟပ်ကိစ္စတွေတောင်မှ လိုက်စီစဉ် နေပြီတဲ့လား။ ဒါဖြင့် ဒီတစ်ခေါက် အရောက်ပြန်လာတာ အဲဒီ ကိစ္စအတွက်များလား။

"ဟုတ်တယ် ... သူ့အမေက သူ့သဘောတူတဲ့သူနဲ့ပဲ သူ့ သားကို ပေးစားမှာပါ။ ဒါ အမေတစ်ယောက်ရဲ့အခွင့် အရေးပဲ။ သူ့သားက ဘယ်အရွယ်ပဲ ရောက်နေနေ အိမ် ထောင်မကျသေးတဲ့ လူပျိုလူလွတ်မှန်ရင်တော့ အမေတစ် ယောက်မှာ ဝင်စီစဉ်ပိုင်ခွင့် အပြည့်ရှိတယ်။ သူ့သားက လည်း နောက်ဆုံးကျတော့ အမေ့စကားကိုပဲ နာခံမှာပါပဲ။ အမေဆိုတာက အစားထိုးလို့မှ မရနိုင်တာ"

တိုင်းကျော်က ထိုမိန်းမရဲ့စကားကို နင်းပြီး အစီ အစဉ်တွေကို ကိုယ်ပါသိပြီးသယောင်ယောင် အပိုင်ပဲ ပြောချလိုက် ပါသည်။ တိုင်းကျော်ရဲ့စကားကြောင့် ယုမှာ အံ့လေးကို အသာ ကြိတ်၊ လက်သီးဆုပ်လေးနှင့် ကိုယ့်ပေါင်ကိုယ် ကျိတ်ထုရင်း ကိုယ့်"ပြိုင်ဘက်"ရဲ့ရုပ်သွင်ကို တရေးရေး ပြန်မြင်ယောင်မိနေပါ သည်။ "လေးဆယ်ကျော်ကြီးပါ"ဟု ဘယ်လိုပဲ ဂုဏ်နှိမ့်ပြောချင် ချင် အထက်တန်းကျကျ၊ သားသားနားနား၊ ဂုဏ်ရှိန်မြင့်မြင့်ဆို တဲ့ ရုပ်မျိုးက အလိုလိုနေရင်း သိသာပေါ်လွင်နေတဲ့ မိန်းမတစ် ယောက်လေ။

အဓိက,ကတော့ ပိုက်ဆံလေ ... ပိုက်ဆံ။ အဲဒီမိန်းမ ဟာ အလကားနေရင်း "ပိုက်ဆံရှိပါတယ်"ဆိုတဲ့ ရုပ်မျိုးက သူ့

အလိုလိုကို ပေါက်နေတာ။ ယုတို့ကျတော့ "ငွေမက်မကြီး"၊ "အမုန်းမကြီး"အဖြစ် နာမည်တွေ အလွယ်တကူ ပျက်ချင်တိုင်း ပျက်လိုက်ရတာ။ ခုကြည့်စမ်း ...။ ကိုမင်းလို လေးဆယ်ကျော်ကြီးရဲ့အမေဆိုရင် ခြောက်ဆယ်ကျော်၊ ခုနစ်ဆယ်နီးပါးကြီးဖြစ်မှာပေါ့။ ဒီအရွယ်ကြီးမျိုးတွေလည်း ငွေမမက်တာ၊ မမုန်းတာကျလို့။ သူ့သားနဲ့ ပေးစားဖို့ သူ ရှာဖွေရွေးချယ်ထားတဲ့ မိန်းမကြီးက ဒီလောက် "ပိုက်ဆံရှိတဲ့ရုပ်ကြီး" ပေါက်နေခဲ့တဲ့ဟာကို။

"ရှင်ကြည့်ရတာလည်း ဒီအရွယ်ကြီးနဲ့ လူပျိုကြီးတော့ ဟုတ်မယ့်ပုံ မရပါဘူး။ ဒီတော့ ရှင်လည်း ဒါမျိုးတွေကို ကျော်ဖြတ်လာခဲ့တာပဲ၊ သဘောပေါက်မှာပါ။ အမေဆိုတာ အစားထိုးလို့ မရနိုင်သလို "အချစ်"ဆိုတဲ့ အရာကလည်း အစားထိုးလို့ မရနိုင်ပါဘူး။ အထူးသဖြင့်ကတော့ ရှင်တို့ရဲ့အုပ်ထိန်းမှုအောက်က ပူတူတူးကလေးဟာ ကျွန်မကလွဲတဲ့ ဘယ်သူ့ကိုမှ အစားထိုးလက်ခံနိုင်မှာ မဟုတ်ဘူး။ ရှင်လည်း အဲဒါကို ခေါင်းထဲထည့်ထားပြီးရင် ရှင်ပြန်လို့ရပါပြီ"

ယုက နောက်ဆုံးစကားကိုတော့ ပြုံးပြုံးကလေးနဲ့ အိုက်တင်လေးဖွက်ကာ ခေါင်းကလေးငဲ့ကာသာ ပြောလိုက်ပါသည်။ မပြောလို့လည်း မဖြစ်ဘူးလေ။ ယုနဲ့ ဒီလူနဲ့ တွေ့ဖြစ်နေကြတာက ယုတို့ အကျိုးဆောင်အသိုင်းအဝိုင်းက အပေါင်းအသင်းတွေစုံတတ်တဲ့ ဆိုင်မျိုးမှာမှ ဖြစ်နေတာကိုး။ အုပ်စုတွေက လှမ်းလာနေကြပြီ။ ဟန်ကိုယ့်ဖို့ဆိုတာကတော့ ရှိရမှာပေါ့။





"မရွေယုတစ်ယောက် ဒီအရွယ်ကြီးရောက်ကာမှ လေးဆယ်ကျော်ချစ်သူကြီးတစ်ယောက်အတွက် မတူမတန်ဘူးတွေလာအပြောခံလိုက်ရလို့ ညီလုပ်တဲ့သူနဲ့ စကားများရန်ဖြစ်ကြလေရဲ့"

ဆိုတဲ့ သတင်းမျိုးများ အထွက်မခံနိုင်ပါဘူး။

ယုရဲ့စကားနဲ့ ဟန်ပန်မူယာများကြောင့် တိုင်းကျော်တော့ တရှူးရှူး တရှဲရှဲနှင့်ပင် ဆိုင်ရာမှ ထထွက်လိုက်ပါသည်။ ...နာကတော့ အတော်မလွယ်နိုင်တဲ့ကိစ္စပဲ။ မပုလဲနှင့်သေချာ...င်ပင် အကွက်ချနိုင်မှ ဖြစ်ပေမည်။

ချာခနဲ လှည့်ထွက်သွားသော တိုင်းကျော်ကို ယုက ...ဝန်းရီရီကလေးနှင့် လှမ်းကြည့်ပြီးကျန်ကာ "တာ့တာ"ဟုပင် ... လှမ်းပြောလိုက်ပါသေးသည်။ အဲဒီမြင်ကွင်းကို မမိတ်... လှမ်းကြည့်နေသူကတော့ "မန်းမေ"ပင် ဖြစ်သည်။

✦❤✦

"ဟိုနှစ်ယောက်ကို ရှင် အကဲခတ် စောင့်ကြည့်နေတာ မဟုတ်လား"

ကျော့ကျော့မှာ ကိုယ့်စားပွဲသို့ ဖျတ်ခနဲ ရောက် လာသည့် မိန်းမတစ်ယောက်ကို ဇဝေဇဝါ တထိတ်ထိတ် တလ လန့်ကြီးပင် ဆီးကြည့်လိုက်မိပါသည်။ ကိုယ့်စားပွဲမှာပါ လာဝင် ထိုင်ချလိုက်သည့် မိန်းမရဲ့မျက်နှာကို သဲသဲကွဲကွဲ မြင်လိုက်မိ မှ ဒီ **Burger and Milk Shake** ဆိုင်လေးထဲ ကျော့ကျော့ လှ ဝင်လာစဉ်ကပင် ဒီမိန်းမသည်လည်း စားပွဲတစ်လုံးထက်မှ **Milk Shake** တစ်ခွက်နှင့် တစ်ယောက်တည်း ထိုင်နေခဲ့သည့် မိန်းမတစ်ယောက်ဖြစ်ကြောင်း ပြန်မှတ်မိလိုက်သည်။

ကိုယ့်ဖန်ခွက် ကိုယ်ဆွဲကိုင်လာပြီး စားပွဲကူးဝင်ထိုင် လိုက်တဲ့ ယုကတော့ ပြူးကြောင်ကြောင် ယောင်နနပုံစံနဲ့ မိန်းမ "သနားစရာ"ဟုပင် တိတ်တခိုး မှတ်ချက်ချလိုက်မိပါသည်။ ကိုမင်းနဲ့ သဘောတူထားတယ်ဆိုတဲ့ မိန်းမရယ်၊ ကိုမင်းအ အဘွားကြီးရဲ့ကိုယ်စားလှယ်၊ ကိုမင်းရဲ့ညီပါဆိုတဲ့ တစ်ယော





ရယ် ရှိနေတဲ့ လမ်းမျက်နှာချင်းဆိုင်က Snacks Bar တစ်ခုထဲကို ဒီ"ပြူးကြောင်ယောင်န"က မတရားကြီး အကဲခတ်စောင့်ကြည့်နေတာလေ။

ကိုယ့်ရဲ့ Target (ပစ်မှတ်)ကလည်း ဟိုနှစ်ယောက်ပဲ ဖြစ်နေတာရယ်၊ ဒီပြူးကြောင်ယောင်နရဲ့ ပုံစံကလည်း ဗတ်ဝန်းကျင်ကလူတွေ ရိပ်မိလောက်အောင် မပိမရိနဲ့ ဆတ်စလူးပုံပါထွက်နေတာရယ်နဲ့ ဒီမိန်းမရဲ့အရိပ်အခြေကို ယုက တစ်ခဏတွင်းချင်းမှာ ရိပ်မိလိုက်နိုင်သည်။ ဟိုနှစ်ယောက်ကိုပဲ သူလည်း သဲမဲအကဲခတ်နေတော့တာ ဖြစ်ပေမယ့် ယုက ဒီတစ်ယောက်ကိုတော့ ကိုယ့်ရဲ့"ပြိုင်ဘက်ပဲဖြစ်မှာ"ဟု မထင်ပါ။ ဘာဖြစ်နိုင်မလဲ။ မဟုတ်ကာမှလွဲရော ဒီယောင်နနနဲ့ ကြောင်အအဟာ အဘွားကြီးရဲ့ကိုယ်စားလှယ်၊ ကိုမင်းရဲ့ညီတော်မောင် ဟိုလူ့ရဲ့ဇာတ်လမ်းသာလျှင် ဖြစ်တော့မှာပေါ့။ မြေကြီးလက်နဲ့ပုတ်တာကမှ လွဲချင်လွဲဦးမယ်။ ယုရဲ့အထင်အမြင်ကတော့ မလွဲနိုင်တော့ပါ။

ကိုမင်းရဲ့ညီနဲ့ ကိုမင်းနဲ့ သဘောတူထားတဲ့ မိန်းမကြီးဆိုသူတို့ ဒီလိုနှစ်ယောက်တည်း တွေ့ဆုံပြီး၊ အရေးတကြီးတိုးတိုးကျိတ်ကျိတ် ဖြစ်နေကြတာကကော ဘာအကြောင်းများရှိနိုင်မလဲ။ လုံးဝမလွဲစေရ။ ယုရဲ့အကြောင်းတွေကိုပဲ အိတ်သွန်ဖာမှောက် ဇာတ်ကြောင်းလှန်နေကြကာ "ဒီဟာမထက် တစ်ကွက်ကျော်အောင်၊ ဦးအောင် ငါတို့ ဘာလုပ်ကြမလဲ"လို့ တိုင်ပင်နေကြတာသာ ရှိမှာပေါ့။

ကိုယ့်စကားတွေနဲ့ကိုယ် အရေးတကြီးတွေ ဖြစ်နေတဲ့ အဲဒီကိုမင်းရဲ့ညီဟာ ပတ်ဝန်းကျင်လေ့လာရေးမှာကျတော့ အတော်ညံ့ဖျင်းတယ် ထင်ပါရဲ့။ ဒီလောက် လူတကာရိပ်မိသိသာနေနိုင်တဲ့ ပြူးကြောင်ကြောင် ယောင်နနကို သူက မမြင်ဘူးလေ။ မရိပ်မိဘူးလေ။ အေးပေါ့ ... ယု အကြောင်း ပြရသေးတာပေါ့။ နေနှင့်ပစေဦး။

"ဒီမယ် ... ရှင်က အဲဒီလူနဲ့ပဲ ပတ်သက်မှာပါ၊ ကျွန်မ သိပါတယ်"

"ရှင် ... ရှင်ကရော ဘယ်သူလဲ"

"ယုလို့ မှတ်ထားပေါ့၊ ရှင့်နာမည်ကရော ဘယ်သူလဲ"

"ကျော့စန္ဒာပါ"

"ကျော့စန္ဒာ။ ရှင်က အဲဒီလူနဲ့ ဘာပတ်သက်တာလဲ"

ကျော့ကျော့မှာ ကိုယ့်စားပွဲမှာ ဖျတ်ခနဲ လာဝင်ထိုင်ပြီး အမိန့်ဆန်ဆန် ခပ်မာမာ စကားတွေ လာပြောနေသည့် ယု ဆိုသော မိန်းမကို (ကိုယ့်ခံစားချက်နဲ့ကိုယ်၊ ဒိန်းတလိန်းနတ်ဖမ်းနေချိန်ဆိုတော့) "နင်နဲ့ ဘာဆိုင်လို့လဲ။ နင်နဲ့ ငါနဲ့လည်း မသိဘဲနဲ့ ဘာတွေလာမေးနေတာလဲ"ဟု စိတ်တိုရမယ့်အစား အဖော်ရသလိုလို ဘာလိုလို ယောင်ယောင်ကမ်းကမ်းနှင့် လိုလိုလားလားတွေပင် ဖြစ်မိကာ ...

"ကျော့က ကိုတိုင်းကျော်ရဲ့မိန်းမရှင့်"





"ဟာ ... ဒါဆို ရှင်က ဒီမှာဘာထိုင်လုပ်နေတာလဲ။ လမ်းဖြတ်ကူးပြီး တန်းဝင်သွားပါလား၊ အဲဒီဆိုင်ထဲကို"

ဒီ ကျော့စန္ဒာ ဆိုတဲ့ ပြူးကြောင်ကြောင်၊ ယောင်...ကမ်း မိန်းမဟာ မအူမလည်ထဲက ထင်ပါရဲ့။ သူ့ကိုကောင်း...ောင်း အသုံးချရမည်။

"ရှင့်ယောက်ျားနဲ့ ထိုင်နေတဲ့မိန်းမကို ရှင် သိသလား"

"သိ ... သိတယ်။ အဲဒါ ဒေါ်ပုလဲလေ"

"ရှင့်ယောက်ျားတို့ ရှင့်ယောက္ခမတို့က အဲဒါ ရှင့်ယောက်ျားရဲ့အစ်ကိုနဲ့ ပတ်သက်တဲ့ မိန်းမတစ်ယောက်ပါလို့များ ရှင့်ကို မပြောပြကြဘူးလား"

"အဲဒါ ... အဲဒီလိုပဲလေ။ အဲဒီလိုပဲ မဟုတ်လား၊ မပုလဲက ..."

"ရှင့်ယောက်ျားရဲ့အစ်ကိုနဲ့ ပတ်သက်တယ်ဆိုရင် အခုလောလောဆယ် အဲဒီအစ်ကိုနဲ့ ပတ်သက်နေတာ၊ တွဲနေတာ ရှင် မြင်လို့လား။ ကျွန်မ သိသလောက်ကတော့ သူတို့နှစ်ယောက်ပဲ တစ်ချိန်လုံး တွဲနေ၊ ပတ်သက်နေတယ်"

"ဟင် ! ဟုတ်လို့လား၊ မပုလဲက ခုတလောလေးကမှ ဒီကိုပြန်ရောက်လာတာ မဟုတ်လား"

ကျော့စန္ဒာဆီက တစ်ချက်သိလိုက်ရသဖြင့် ယုက...က်လုံးလေးတွေ အရည်လဲ့ တောက်ပြောင်လာကာ သူ့စကားကို...က်နင်းပြီး ...

"ဟုတ်တယ်လေ၊ အရင်ကတော့ နိုင်ငံခြားမှာနေတာလေ"

"အေးလေ၊ ဒါဆို ဘယ်လိုလုပ် ကိုတိုင်းကျော်နဲ့ တစ်ချိန်လုံးတွဲနေမလဲ"

"သြော် ... ရှင်ကလည်း ခက်လိုက်တာ။ ပြန်ရောက်လာတုန်း တွဲကြတာကို ပြောတာပေါ့ရှင့်။ ရှင့်ယောက္ခမကြီးက သူ့အပေါ်မှာ အင်မတန်လိုလား အထင်ကြီး တပ်မက်နေတာလေ။ ခု သူ ဒီကိုပြန်လာတဲ့ကိစ္စကို ရှင်သိလို့လား။ ရှင့်ယောက်ျားနဲ့တင်မက ရှင့်ယောက္ခမကြီးနဲ့ အဲဒီမိန်းမနဲ့ တတွဲတွဲ တကျိတ်ကျိတ် ဖြစ်နေကြတာရော ရှင်သိလား"

ကျော့ကျော့ရဲ့မျက်ဝန်းလေးတွေ မှေးကျဉ်းသွားရပါတော့သည်။ ယုဆိုသော အမျိုးသမီး၏ စကားများကိုလည်း တစ်ခွန်းတည်းနှင့်ပင် ယုံကြည်လိုက်မိသည်။ အင်မတန်အေးသော မွန်မြတ်သော၊ သမီးချင်းစာနာသော၊ ကိုယ့်ကို နားလည်သော (ဟု ကိုယ်အထင်မှားခဲ့မိသည့်) ယောက္ခမသည်လည်း ဒီတစ်ချီတော့ ကိုယ့်ဘက်မပါတော့ဘူးပေါ့၊ ဟုတ်စ။

အေးလေ ... ဟုတ်ရင် ဟုတ်မှာပေါ့။ ယောက်ျားရော ယောက္ခမပါ တစ်ဆိတ်ရှိ "စစ် ... စစ် ... တစစ်စစ်"နဲ့ ဟိုကောင်လေးကိုချည်း ပ,စားပေး၊ ရှေ့တန်းတင်ထားကြတဲ့ဟာ။ ကျော့ကျော့ရဲ့အရေးနဲ့ စစ်ရဲ့အရေး ယှဉ်လာရင်တော ယောက္ခမဟာ အဲဒီ "တစစ်စစ်"အတွက်ပဲ မိုကြည့်တော့မှာပေါ့။ ဒါကြောင့် ဒီတစ်ခါ ဒေါ်ပုလဲ ရန်ကုန်ပြန်ရောက်နေပြန်တာကိုပဲ ကျော့ကျော့ထံ သတင်းမပေးဘဲ မြိုကျိတ်ထားတာကိုပဲ ကြည့်လေ။





"ရှင်က ဘယ်လိုလုပ်သိသလဲ၊ ကျော့ရဲ့ယောက္ခမနဲ့ အဲဒီမိန်းမနဲ့ တကယ်ပဲ ပူးတွဲလုံးထွေးနေကြသလား"

"သြော် ... ရှင်ကလည်း၊ ယုံစမ်းပါ"

"ဒါဖြင့် အဘွားကြီးရဲ့အကြံက ဘာလဲ၊ သူ့သားနဲ့ အဲဒီမိန်းမနဲ့ကို တစ်ဇာတ်လမ်း ပေါင်းထုတ်စေချင်တာမှ ဟုတ်ရဲ့လား"

"အဓိက,ကတော့ အစ်ကိုနဲ့ပဲ သည်းသည်းလှုပ် ဖြစ်စေချင်တာလေ။ ဒါပေမဲ့ အဲဒီအစ်ကိုကမှ အဲဒီမိန်းမကို ဂရုမစိုက်တာ။ တစ်ချက်မှ သဘောကျ၊ ကြည်ဖြူတာမဟုတ်ဘူး။ အဲဒီအစီအစဉ်က ဘယ်ဖြစ်မြောက်နိုင်မလဲ၊ မဟုတ်တာ"

"ဟုတ်တယ် ... ဟုတ်တယ်၊ ကိုတိုင်းကျော်ရဲ့အစ်ကိုက မပုလဲ ဆိုရင်တော့ လုံးဝပဲဟာ။ အဲဒီလိုသာ ကြံနေလို့ကတော့ ဘယ်လိုလုပ် အဲဒီဇာတ်လမ်းက ဖြစ်မြောက်နိုင်ပါ့မလဲ၊ ပြီးတော့ ဟိုမှာက သူ့လူနဲ့သူ ရှိနေပြီးပြီဆိုတဲ့ဥစ္စာ။ မပုလဲကို လှည့်ကြည့်ပါ့မလား"

ယုရဲ့နှုတ်ခမ်းလေးတွေကော မျက်ဝန်းလေးတွေပါ ပြုံးမြလာရပါတော့သည်။ အနေစိမ်းကာ ခပ်ဝေးဝေး ဖြစ်နေကြသည့် ကိုမင်းကိုပင် ခုချက်ချင်းတောင် ပြေးတွေ့လိုက်ချင်လာသည်။ ဝမ်းသာစရာ ကောင်းလိုက်တာ ကိုမင်းရယ်။ "အမေအမေ"နှင့် တစ်မေတည်း မေပြီး ရှေ့တန်းတင်ပြထားသော်လည်း ...သူ့အမေ သဘောတူပါတယ်ဆိုတဲ့ မိန်းမကိုတော့ လှည့်လို့မှ

မကြည့်ဘူးတဲ့။ "သူ့လူနဲ့သူ ရှိပါတယ်"ဆိုတာကိုလည်း
မျိုးထဲပါ လှည့်ကြေညာထားလို့သာ ခယ်မလုပ်တဲ့သူကပါ လိုက်
နေတာပေါ့။ ကျေးဇူးတင်လိုက်တာ။

နေဦး ... နေဦး။ ကျေးဇူးတင်ထိုက်သူကို ကျေး
တင်ပြီးရင် ဒုက္ခရောက်ထိုက်သူကို ဒုက္ခရောက်ရအောင်လု
ဆက်လုပ်ပေးရဦးမှာပေါ့။

"အစ်ကိုနဲ့မဖြစ်ရင် ငါနဲ့ဖြစ်လို့များ အဲဒီညီက
သလားမှ မသိတာ ... နော"

ယုက မအူမလည်မိန်းမရဲ့အသည်းကို
ကလိလိုက်ပါသည်။

"တောက် ! ဒါဖြင့် အဲဒီဒေါ်ပုလဲက နိုင်ငံခြားက
လမ်းကို တစ်ခန်းရပ်၊ သိမ်းလာခဲ့ပြီပေါ့၊ ဟုတ်လား

ဟော ... ! နောက်တစ်ချက် သိရပြန်ပြီ။ ဒီ
ကြီးက ဟိုမှာ မျောက်သစ်ကိုင်းလွတ် ဖြစ်လာလို့ ဒီမှာ
ကို (တကယ့်နောက်ဆုံးမှ နောက်ပိတ်ဆုံးရထားအဖြစ်)မ
အပိုင်ကိုင်ချည်နှောင်ချင်နေတာမျိုးကိုး။ ဒါဆို ပိုအန္တရာယ်
တယ်။ ပိုပြီးသဲကြီးမဲကြီး နိုင်နေမှာ။ မဖြစ်ဘူး ... မဖြစ်

"ဒါဆို ရှင်က ငြိမ်ခံမနေနဲ့လေ၊ ရှင့်ယောက္ခမ၊ အ
ကြီးက အဲဒီမိန်းမကို သူ့ချွေးမအဖြစ် မဖြစ်မနေ
ချင်နေတဲ့သဘောရှိရင် ဖြစ်မလာအောင် ကာကွယ်တာ
ရမှာက ရှင့်တာဝန်ပေါ့။ ရှင်တစ်ယောက်ပဲ လုပ်နိုင်





ရှိတဲ့ဟာ။ နို့မို့ ရှင့်ယောက်ျားက အူကြောင်ကြောင်နဲ့။
အမေ့ဆန္ဒများ ပြည့်ဝမလားလို့ သူပဲ တာဝန်ယူနေပါဦး
မယ်။ သူတို့တွေက အမေမှ အမေ။ အမေ့ဆန္ဒကို ဘိပ်
ရှေ့တန်းတင်ကြတာနော်၊ လျော့မတွက်နဲ့။ အဲဒီမိန်းမနဲ့
အဘွားကြီးနဲ့ကြားမှာ သွေးခွဲတန်ခွဲ။ သပ်လျှိုတန်လျှိုဖို့
လုပ်တော့လေ။ စဉ်းစားလေ။ ငြိမ်မနေနဲ့"

"ကျော့ ... ကျော့က ဘယ်လိုလုပ်ရမှာလဲ။ မလုပ်တတ်
ဘူး"

"အို ... ကျွန်မလည်း သူစိမ်းပဲဟာ၊ ခုတောင် ဘေးက
မြင်နေရတာ မနေသာလွန်းလို့သာ ဝင်ပြောရတာပဲ။ အကြံ
ကတော့ ဘယ်လိုလုပ်ပေးလို့ရမလဲ"

"ဟုတ်သားပဲ။ ဒါ ... ဒါဆိုရင် ရှင်က ဘယ်သူလဲ၊ ခုမှ
တွေ့တဲ့ သူစိမ်းဆိုရင် ကျော့တို့မိသားစုဇာတ်ကြောင်းတွေ
ကို ဘာလို့ ဒီလောက်သိနေရတာလဲ"

"ဩော် ... ကျွန်မက ရှင့်ယောက်ျားရဲ့အစ်ကိုရဲ့ မိတ်ဆွေ
လေ"

"ဩော် ... ဒီလိုလား"

"ယောက္ခမနဲ့ အဲဒီမိန်းမနဲ့ အခန့်မသင့်ဖြစ်ကြအောင်
ကြားဝင်ဖို့က ရုတ်တရက် မလွယ်သေးဘူးဆိုရင် ရှင့်
ယောက်ျားကိုတော့ အဲဒီမိန်းမနဲ့ မပတ်သက်ဖြစ်အောင်၊
အဆက်အသွယ်မရှိအောင် ထိန်းပေါ့။ အဲဒါကတော့ ရှင်

လုပ်နိုင်ရမှာပေါ့။ ခုလို သူတို့ချင်း တစ်နေရာမှာ ချိန်းတွေ့ပြီး တိုးတိုးကျိတ်ကျိတ် လုပ်နေစရာက ဘာအကြောင်းမှ မရှိဘူးလေ။ အဲဒါကို ရှင်က ဒီလိုမသိမသာ ချောင်းနေရုံနဲ့ ပြီးမလား”

“လိုက်ချောင်းတယ် ဆိုတာက ကျော့က ကိုတိုင်းကျော်ကို မပုလဲနဲ့တွေ့နေကြမယ်လို့မှ ထင်မထားတာ၊ ဒီဖြင် မိန်းမတစ်ယောက်ယောက်နဲ့ တစ်ခုခုပဲလို့သာ ထင်ထားတာကိုး၊ အမှန်တကယ်ကတော့ သူ့တပည့်တွေ ဘာတွေထဲ တစ်ယောက်မှကို မကောင်းကြတာ။ ကျော့ကို တမင်တကာ သတင်းတလွဲတွေ ပေးကြတယ်လေ”

“အဲဒီလိုလည်း ရှိချင်ရှိမှာပေါ့။ ရှင့်ယောကျ်ားက တစ်စော မှ ကောင်းတာမှ မဟုတ်တာ။ သူ့အစ်ကိုနဲ့များ တခြား ပဲ”

“ဟင် ! သူ့အစ်ကိုကြီးကသာ အဲဒီလို လည်လည်မွတ်မွတ် ရှုပ်ရှုပ်ထွေးထွေးထဲက မဟုတ်ဘူးလား။ ကိုတိုင်းကျော်က တော့ ရှုပ်ချင်ရင်တောင် မလည်ရှုပ်လောက်နေမှာပါ”

“အဲဒီလို ပုံပြီးများ ယုံမနေနဲ့။ သူ့အစ်ကိုကိစ္စလို့ ပြောသူ က နောက်ဆုံးကျတော့ သူ့ကိစ္စချည်း ဖြစ်နေတော့တာ သူ့အစ်ကိုကဖြင့် ခုလက်ရှိ တစ်ယောက်နဲ့ တစ်ယောက် တစ်ယောက်၊ ရှည်ရှည်ကြာကြာ သစ္စာရှိရှိ စွဲမြဲနေတာ ဘယ်လောက်ကြာသွားပြီလဲ၊ မဟုတ်ဘူးလား”





ကျော့ကျော့မှာ သူများတကာရဲ့ မကောင်းကြောင်း တွေကို မဲ့ရွဲ့အတင်းတုပ်နေတာတောင်မှပင် လှလှပပကလေး ကြည့်ကောင်းရုံလောက် မဲ့တတ် ရွဲ့တတ်တဲ့ ယု ဆိုသူကို တစ် င်တည်းနှင့်ပင် ခင်မင်အားကိုးစိတ်တွေ ဝင်နေမိပါတော့သည်။ ီလိုအဖော်တစ်ယောက်လောက်များ ကိုယ့်နံဘေးနား အမြဲရှိလို့ တော့ အရေးကြုံတိုင်း ပြေး,ပြေးအကြံတောင်းပြီး ကျော့ကျော့ဟာ ိုတိုင်းကျော်ကို မလှုပ်နိုင်အောင်ကို အပိုင်ကိုင်ထားနိုင်မှာပါပဲ။

“ဒီမယ် ... မယု၊ ရှင့်ကိုလေ ကျော့က မြင်မြင်ချင်းကို တအားယုံကြည် အားကိုးမိသွားတာပဲ။ ရှင်သာ လူလွတ် တစ်ယောက်ဆိုရင် ကျော့ရဲ့အစ်ကို လူပျိုကြီးနဲ့ မရမက ကို အောင်သွယ်ပေးစားပစ်ချင်တယ်၊ တကယ်”

“အမယ်လေး ... ကျေးဇူးတင်ပါတယ်။ ကျွန်မလည်း ရှင် နဲ့ အမျိုးတော့ တော်ချင်ပါတယ် ကျော့ရယ်။ တကယ် တော်ချင်တာပါ။ ဟိုလေ ... ညီအစ်မသဘောတွေပေါ့၊ ဟင်း ဟင်း ဟင်း၊ ကံဆိုတာကလည်း ရှိသေးတာပဲနော်၊ မပြောနိုင်ဘူး ... ဟင်း ဟင်း ဟင်း”

လှလှကလေး “တဟင်းဟင်း” ရယ်နေရင်းကပင် ယသည့် အူလည်လည်နှင့် ကလေးသာသာလောက်စိတ်ရှိတဲ့ ကျော့စန္ဒာကို လက်မောင်းလေးကနေ မနာအောင် အသာဆွဲလိမ် ဘ္တန်းထိုးလိုက်ကာ ...

"ဘာလုပ်နေတာလဲ၊ အချိန်ရှိတုန်း တစ်ခါတည်း သွားလိုက်
လေ။ မီးဆိုတာ မလောင်ခင်က တားမှနော်။ ရှင်နဲ့ အဲ
မိန်းမနဲ့က နဂိုအသိဖြစ်ပြီးသားတွေဆိုတော့ ပိုကောင်းတာ
ကျော့ရဲ့။ အဲဒီမိန်းမက မဟုတ်တာသာ လုပ်ချင်တာ
လည်း အထက်တန်းစား အသိုင်းအဝိုင်းထဲကပဲဟာ။ အရှ
နဲ့သိက္ခာကို တန်ဖိုးထားတတ်မယ့်သူလို့ မှန်းရတော့ တစ်
တည်း အရှက်တွေ ဖြန်းဖြန်းကွဲပြီး ရှင့်ယောက်ျားနဲ့ ထ
မပတ်သက်ရဲအောင်၊ ရှင်တို့ အသိုင်းအဝိုင်းထဲ မဝင်ရဲတော
အောင် အပြတ်ဖြတ်ထားနိုင်မှ တော်ကာကျမှာပေါ့ _

ထိုင်မနေနဲ့တော့ သွားလိုက် ... သွား။ ရက်သွား
အောင်ကို ပြောပစ်လိုက်။ ဒီအခွင့်အရေးမျိုးက နှစ်ခါမ
နိုင်ဘူး။ နို့မို့ ဒီလိုပဲ ချိန်းချိန်းတွေ့နေကြရင် ရှင်ပဲ စိတ်
ဆင်းရဲရမှာ။ ရှင် ဒီမှာလုပ်လိုက်တာဟာ ရှင့်ယောက်ျားမကြီးကို
အဲဒီမိန်းမနဲ့ ရှင်နဲ့တော့ ဘယ်လိုနည်းနဲ့မှ ထပ်မပတ်သက်
နိုင်ပါဘူးလို့ အကြောင်းပြ သတိပေးလိုက်ရာလည်း ရောက်
တာပေါ့ ...

အို ... ထားခဲ့ပါ။ ကျော့ စားထားတာတွေ ကျွန်မ
ပဲ ရှင်းပေးလိုက်ပါ့မယ်၊ အမျိုးတွေ တော်ကြရပြီဆိုမှ
ကျော့က ဂုဏ်ပြုတဲ့အနေနဲ့ တစ်ပြန်တစ်လှည့် ပြန်ကျွေး
ပေါ့၊ ဟုတ်ပြီလား"





လမ်းကူးခါနီးတောင် "ကျော့အစ်ကိုနဲ့ မိတ်ဆက်ပေး
ချင်သေးတယ်"ဟု အော်သွားသေးသည့် မအူမလည်ကို ယုက
ခေါင်းလေးအသာယမ်းကာသာ ကျောခိုင်းထိုင်လိုက်ပါသည်။ သမီး
ယောက်မတွေ ဘာတွေ လာပြောမနေပါနဲ့၊ တို့က လင်ညီအစ်မ
တော်ဖို့ ကြိုးစားမှာ ကျော့စန္ဒာရဲ့၊ ဒါမျိုးဟာလေးနဲ့များ အမျိုး
တော်ရလို့ကတော့ ယုတော့ တစ်သက်တာလုံး သူ့ကိုချည်း ရှေ့
တန်းတွန်းလွှတ်ပြီး နောက်ကနေ အသာယပ်ခတ်ကာ အေးအေး
လေး ဒူးနံ့ထိုင်နေတော့ရုံပါပဲ။

ကျော့ကျော့မှာတော့ ဖြူန်းခနဲ သူပေါ်လာတာကို
အံ့သြထိတ်လန့်တကြား ဖြစ်သွားတဲ့ ယောက်ျားဖြစ်သူကို အောင်
နိုင်တဲ့အကြည့်ကြီးနှင့် ကြည့်ပစ်လိုက်ကာ ဒေါ်ပုလဲဘက်ကို
တည့်တည့်ကြီး ပြန်လှည့်လိုက်ပြီးတဲ့ သကာလ ...

"ဒီမှာ မပုလဲ။ စစ် ... စစ်နဲ့ စစ်ကိုချည်း ရှေ့တန်းတင်
ပြောပြီး ရှင်တို့ဘာဇာတ်လမ်းတွေ ပြန်ဆက်ချင်နေသလဲ
ဆိုတာ ကျော့ မသိဘူး မှတ်မနေနဲ့။ ကျော့က နလပိန်း
တုံးကြီး မဟုတ်ဘူး သိရဲ့လား။ မယားကြီးငုတ်တုတ်နဲ့
မတ်တော်မောင်ဟောင်းကို ဒီလို ပြန်ပြန်ချိန်းတွေ့နေရ
အောင် ရှင့်မှာ အရှက်နဲ့သိက္ခာ မရှိဘူးလား ...

နောက် ဘယ်တော့မှ ထပ်မပတ်သက်ပါနဲ့။ ကျော့
မကြိုက်ဘူး။ ခွင့်မပြုဘူး။ စစ်အတွက်ပါလို့လည်း လာပြော
မနေနဲ့။ ဒီလောက် ကြင်နာသနားနေရင် ကိုယ့်သားအရင်

အချာကြီးပဲဟာ တစ်ခါတည်း အပြီးပြန်ခေါ်သွားပါလား။ နိုင်ငံခြားမှာလည်း အိမ်ထောင်ဖက်အသစ်ကြီး ငုတ်တုတ်နဲ့ဟာ၊ မြန်မာပြည် ပြန်,ပြန်လာပြီး ရည်းစားဟောင်းနဲ့ ဇာတ်လမ်းပြန်ဆက်ချင်နေတာ ဗုဒ္ဓဘာသာ မြန်မာအမျိုးသမီးလို့မှ ကိုယ့်ကိုယ်ကိုယ် စိတ်ထဲရှိသေးရဲ့လား။ ရှင်ကျော့တို့အသိုင်းအဝိုင်းနဲ့ ဘယ်တော့မှ မပတ်သက်ပါနဲ့။ ကျော့ယောက်ျားနဲ့လည်း ပတ်သက်စရာ မလိုဘူး။ ကျော့ရဲ့ယောက္ခမနဲ့လည်း ပတ်သက်စရာ မလိုဘူး"

ကိုတိုင်းကျော်သာ ဝုန်းခနဲ ထရပ်ပြီး ကျော့ကျော့ရဲ့ ပါးစပ်ကို ပိတ်အုပ်ချုပ်နှောင်ကာ အတင်းဆွဲခေါ်မသွားလျှင် ကျော့ကျော့ဟာ ပြောကောင်းကောင်းနဲ့ ဘာတွေဆက်ပြောနေမိဦးမည် မသိပေ။ ကိုယ့်ပါးစပ်ကို၊ လက်တွေကို အတင်းချုပ်နှောင်ထားသော ယောက်ျားလုပ်သူရဲ့ အပြုအမူတွေက ကြမ်းတမ်းခက်ထန်နေပေမယ့် ကိုယ့်ဟာနဲ့ကိုယ် အားရကျေနပ်နေမိသော ကျော့ကျော့ကတော့ နာတယ်လည်း မထင်မိပေ။ မမျှော်လင့်ဘဲ ကြုံတွေ့လိုက်ရတဲ့ မိတ်ဆွေကောင်းတစ်ယောက်ကို လိပ်စာလေး၊ အဆက်အသွယ်လေးတောင်မှ မေးမထားလိုက်မိတာ တစ်ခုကိုပဲ စိတ်ထဲ တဖျစ်တောက်တောက် ဖြစ်လျက်ရှိလေသည်။

✦❤✦





မင်းထွဋ်ကို မြင်လိုက်ရလျှင် ပုလဲက ကိုယ့်ကားကိုယ် လမ်းဘေးထိုးရပ်ပြီး ခပ်မြန်မြန်ပဲ ဆင်းချသွားလိုက်ပါသည်။ စိတ်ထဲမှာလည်း "သူ့ညီမနဲ့ အရှုံးပေးလိုက်၊ ခံလိုက်ရပေမယ့် သူ့အစ်ကို,ကို ပြန်ပြောလိုက်နိုင်ရင်လည်း ပြီးတာပဲ"ဆိုတဲ့ လက်တုံ့ပြန်ချင်စိတ်တို့က တလှုပ်လှုပ် ထလို့နေသည်။ ပုလဲရဲ့ဘဝတစ်သက်တာမှာ ကိုယ်ကချည်း သူများကို စိတ်တိုင်းကျ ပြောဆိုပြီးပဲ အနိုင်ယူနေထိုင်လာခဲ့တာ။ ဒီလို စော်ကားမော်ကား ဘစ်ဖက်သတ်အပြောကို ခံလိုက်ရတာမျိုး တစ်ခါဖူးမှ ရှိဖူး၊ ခံဖူးဘာမှ မဟုတ်တာ။ အင်မတန် ဒေါသထွက်စရာ ကောင်းသလို၊ အသက်ထွက်ရမတတ် အသည်းယားဖို့လည်း ကောင်းသည်။

"ဒီမှာ ... ကိုမင်းထွဋ်"

"ဩော် ... မပုလဲ"

"ရှင်နဲ့ တွေ့ရတာ အတော်ပဲ၊ ကျွန်မ ရှင်နဲ့ ပြောဆိုဆွေးနွေးစရာလေးတွေ ရှိနေလို့။ ကျေးဇူးပြုပြီး တစ်ဆိတ် ကျွန်မကို အချိန်နည်းနည်းလောက် ပေးပါ"

မင်းထွဋ်မှာ ဖြုန်းခနဲ အနားရောက်လာသည့် မပုလဲကို မြင်လိုက်ရသည်၌ ခေါင်းနပမ်းတွေပင် ကြီးသွားရကာ "ဒုက္ခပါပဲ၊ ခုနေများ ယု တစ်ယောက် ရောက်ချလာရင်တော့ ပွဲကြီးပွဲကောင်းပဲ"ဟု စိတ်တွေလည်း ညစ်ညူးရှုပ်ထွေးသွားရပါသည်။ ကိုယ်က ယုနဲ့ အချိန်းအချက်ရှိလို့ ဒီနေရာမှာ လာထိုင်စောင့်နေတာလေ။ ချိန်းဆိုတွေ့ဆုံတတ်တိုင်း ...

"ကိုမင်းက ကိုယ့်ကားကလေးနဲ့ကိုယ် ရှတ်ခနဲ ရောက်လာရတာ၊ ယုတို့က ခြေကျင်တစ်လှည့်၊ ဘတ်စ်တစ်လှည့်၊ တက္ကစီတစ်လှည့်။ ဖြစ်သလို အရောက်လာရတာ။ ယုဘက်က အမြဲနောက်ကျနိုင်တာကတော့ ပုံမှန်ပဲ။ ကိုမင်းကသာ ရှတ်ခနဲ ရောက်နိုင်ရက်နဲ့ နောက်ကျမနေပါစေနဲ့ — ဟုတ်လား ... !"

ဒီလို အမြဲပြောတတ်လေ့ရှိတဲ့ ယုဟာ တကယ်လည်း သူကချည်း နောက်ကျမှ ရောက်လာသည်ချည်း ဖြစ်ပါသည်။ ဒါပေမဲ့ မင်းထွဋ်ရဲ့စိတ်ထဲမှာကလည်း "တကယ်နောက်ကျမှ ရောက်လာတာမှ ဟုတ်ရဲ့လား။ ကြိုရောက်နေရက်နဲ့ သူ့ဘက်က ထိုင်စောင့်နေရတယ် ဆိုတာမျိုး မဖြစ်အောင်၊ ဂုဏ်မငယ်အောင် စကားနဲ့အလုပ်နဲ့ညီအောင် ချိန်းထားတဲ့နေရာကို တန်းမလာလိုက်သေးဘဲ မြင်သာတဲ့ တစ်နေရာရာလောက်ကနေ ချောင်းမြောင်း အကဲခတ်နေပြီးမှ ...၊ မင်းထွဋ် ရောက်လာပြီဆိုမှ၊ ခဏကြာမှ ပုန်းနေတဲ့နေရာကနေ ထွက်,ထွက်လာတာမျိုးများလား"လို့ အမြဲ သံသယရှိသည်။





အဲဒီလိုသာ လုပ်နေရိုးမှန်ရင်တော့ ခုလို မပုလဲ အနား ရှေ့ရောက်လာခြင်းအဖြစ်ကို ယုဟာ တစ်နေရာကနေ လှမ်းမြင်နေလောက်ပြီ။ ဒုက္ခပါပဲကွာ။ "ဒီအရွယ်ကြီးကျမှ မိဘသဘောတူတဲ့လူ ဆိုတာကလည်း ရှိရသေးလား၊ ဟာသပဲ"ဟု မကျေနပ်တွေ ဖြစ်နေတဲ့ယုဟာ ဘယ်သူ့ကိုမှ ဘာကိုမှ မငဲ့။ လုပ်ချင်ရာ လုပ်ချတတ်တဲ့ မိန်းမမျိုး ဖြစ်သလို၊ ဒီမပုလဲဆိုတဲ့ မိန်းမဟာလည်း ဂုဏ်ရှိန်မြင့်မြင့် အထက်တန်းကျကျထဲကသာ ဖြစ်တာမို့ မလွှယ်နိုင်တဲ့ မိန်းမမျိုးဆိုတာ မင်းထွဋ်က ရိပ်မိနေပါသည်။

ဒီတော့ လုပ်ချင်ရာလုပ်မယ့် မိန်းမနဲ့ မလွယ်တဲ့ မိန်းမ နှစ်ယောက်ကြားမှာ ပတ်ဝန်းကျင်ကို ဂရုစိုက်တတ်တဲ့ လူပျိုကြီးခမျာ ဘယ်လိုမျက်နှာမျိုးနဲ့ ရပ်တည်နေရပါမည်နည်း။ "ရှင်နဲ့ ပြောဆိုဆွေးနွေးချင်လို့"ဆိုတာကကော ဘာသဘောနည်း။ ကြီးမငယ်သားတော်မောင်ကိုမှ မိန်းမပေးစားချင်နေသည့် မိခင်ကြီးရဲ့သဘောတူသူက "အန်တီဒေါ်မြတ်ဦးရဲ့ သဘောထားတွေကို ကျွန်မဘက်ကတော့ ငြင်းပယ်စရာ မရှိပါဘူး၊ ရှင့်သဘောကိုသာ အတိအလင်း ပြောပါတော့"လို့ အထိ ပေါ်တင်ဖွင့်ဆွေးနွေးလာချင်ကော ဘာဆက်လုပ်ရပါမည်နည်း။

မင်းထွဋ်က "ကြုံလာရမှတော့ မထူးတော့ဘူး။ ကိုယ့်ဘက်က သဘောထားကို သူ သေချာနားလည်သဘောပေါက်သွားအောင် ရွံ့တာတွေ၊ တွန့်တာတွေ၊ အားနာတာတွေ လုပ်မနေဘဲ ခပ်ပြတ်ပြတ်ပဲ ဖွင့်ပြောရင်ဆိုင်ပစ်မှ"ဟု အသက်ပြင်းပြင်း တစ်ချက်ရှူသွင်းကာ ကြံ့ပြင်ထားလိုက်ပါတော့သည်။

"ဒီလိုပါ ကျွန်မကရှင့်ညီမနဲ့ကျတော့လည်း အပတ်အသ
အဆက်အစပ်တွေရှိသလို ရှင်တို့ရဲ့အမေ အန်တီဒေါ်မြတ်ဦး
နဲ့ကျတော့လည်း မကင်းရာ မကင်းကြောင်းတွေ ဖြစ်နေ
ကြတယ်ဆိုတော့ကာ ..."

ပုလဲက စကားကို ခဏရပ်ကာ မင်းထွဋ်ကို အကဲ
ခတ်သည်။ ပုလဲကို တွေ့လိုက်ရကတည်းက မျက်လုံးကြီးပြူးကာ
သရဲသဘက်ကို တွေ့လိုက်ရသလို သတိအနေအထားနဲ့ ဖြစ်သွား
တဲ့ ဒီလူဟာ သူ့ညီမအကြောင်းတွေကို ကြိုသိပြီးနှင့်နေတာများ
လား။ အားနာစရာတော့ ကောင်းသလိုလို ဖြစ်ရပေမယ့် ... အားနာ
လို့ ငြိမ်ခံနေရမယ်ဆိုရင် လောကကြီးမှာ အရှုံးစော်ကားလို့ ခုက္ခ
ရောက်ရသူတွေနဲ့ချည်း တစ်ပုံကြီး ပြည့်နေတော့မှာပေါ့။

ဟုတ်ပါတယ်။ ဟိုတစ်ယောက်ဟာ အရှုံးမှ တကယ့်
အရှုံးမပါပဲ။ တိုင်း တစ်ယောက် ကိုယ်နဲ့လွဲခဲ့ရပေမယ့် ငယ်ငယ်
ချောချော သုံ့ဌေးသမီးလေးနဲ့မှ ရသွားတယ်ဆိုလို့ မုဒိတာပဲ ပွား
ပေးရမလား။ ကိုယ့်ထက်သာလို့ မနာလိုဘဲ ရှိရမလား မှတ်ပါ
တယ်။ ခုတော့ အရှုံးမနဲ့မှ ရ,ရတယ်လို့။ ဒီညီမတစ်ယောက်
အဲသလို ရှုံးနှမ်းနေတာ ဒီအစ်ကိုလုပ်သူက သိကောသိရဲ့လား
ဘာပဲဖြစ်ဖြစ်၊ ဖွင့်ပြောသတိပေးပြီး အပ်နှံထိန်းသိမ်းခိုင်းတာမျိုး
လောက်ကိုတော့ လုပ်ထားမှ ဖြစ်မှာပေါ့။

"အမှန်တကယ်ကတော့ ကျွန်မနဲ့ တကယ်တမ်း ခင်မင်ပတ်
သက်မှုရှိတာကတော့ ကိုတိုင်းကျော်ပေါ့၊ ဒါပေမဲ့ ကိုတိုင်း





ကျော်နဲ့ပတ်သက်ပြီးမှ အန်တီဒေါ်မြတ်ဦးတို့နဲ့ကလည်း
တစ်နွယ်ငင် တစ်စင်ပါ ဆိုသလို အတော်ကြီးခင်မင်လာ
ကြရတဲ့အခါ ..."

"ဒီလိုတော့ ရှိပါတယ် ခင်ဗျ၊ ကျွန်တော့်အမေကတော့
အသက်ကလည်း ကြီးပြီဆိုတော့ ..."

မင်းထွဋ်က "ချီ" လာပြီဖြစ်တဲ့ စကားတွေကို ဖြတ်ချ
ကားဆီးဖို့ အတင်းပင် ဝင်ကြိုးစားလိုက်ပါသည်။

"ဟုတ်ကဲ့ ... ကျွန်မလည်းလေ အဲဒါလေးကိုတော့ ခေါင်း
ထဲရှိပါတယ်၊ အဲဒါကြောင့်ပဲ ကိုမင်းထွဋ်ကိုပဲ ဦးတည်ပြီး
အသိပေးချင်တာက ..."

"အသက်ကြီးသူတွေကတော့ ဒီလိုပါပဲဗျ၊ ကိုယ်ဖြစ်ချင်တာ
တစ်ခုကိုပဲ စွတ်ရှေ့တန်းတင်နေတတ်ကြတော့တာ။ တစ်
ပါးသူတွေရဲ့ အခြေအနေ၊ ဘာညာကို စိတ်ထဲသိပ်မရှိကြ
တော့ဘူးလေ။ ဆိုတော့ ... သူတို့ပြောတိုင်းလည်း အားလုံး
က ဒီတစ်သဘောတည်းပဲ၊ တစ်ဆန္ဒတည်းပဲလို့ တစ်ပြေး
ညီ တွက်လိုက်လို့ကတော့ မဖြစ်နိုင်ဘူးခင်ဗျ"

"ဘာပါလိမ့်၊ ကျွန်မ နားမရှင်းသလို ဖြစ်သွားပြီ"

"ဒီလိုလေ ... မပုလဲက ကျွန်တော့်ယောက်ဖ ကိုတိုင်းကျော်
နဲ့သာ ပတ်သက်တာဆိုတော့ ကျွန်တော်တို့မိသားစုတွေရဲ့
စိတ်ထားတွေ ဘာတွေကို အတိအကျ ကြိုသိနိုင်ဖို့က
မလွယ်ဘူး"

"ဟုတ်တယ် ... ဟုတ်တယ် ... ဟုတ်လိုက်တာ။ ကျွန်မက အဲဒါကိုပဲ ပြောချင်တာ။ ဆိုလိုတာက ကျော့စန္ဒာအပေါ်မှာဆိုရင်တော့ ကျွန်မက တကယ့်ကို ညီအစ်မ အရင်းအချာလေးတစ်ယောက်လိုပဲ သဘောထားပါတယ်၊ အဲဒီတော့ကာ ..."

ဒီလောက် ကြိုးစားပြီး စကားဖြတ်၊ ပုတ်ချနေတာတောင်မှ ဖွတ်ကို အဖြေပေးပစ်တော့မယ့် မီန်းမမျိုးပဲ။ ခက်ပါလား။ "အမေကြီးက ထင်ရာလုပ်ချင်တာပါ"လို့ ပြောနေတာတောင်မှ မရိပ်မိနိုင်အောင် ဖွတ်ကြီးပင် ကျော့ကျော့ကို ညီမအရင်းလေးလို ခင်တွယ်တယ်တွေ ဘာတွေ ဆက်လုပ်နေသေးသည်။ ပြတ်သားမှုကို ဖြစ်တော့မယ့် သဘောပဲ။

"ဒါပေမဲ့ ကျွန်တော်ကတော့ ရှင်းရှင်းနဲ့ ပွင့်ပွင့်လင်းလင်းပဲ ပြောရရင် အဲဒီအစီအစဉ်တွေကို သဘောမကျဘူးခင်ဗျ၊ လက်ခံဆောင်ရွက်ဖို့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"

ပုလဲမှာ ခုမှပင် သို့လော ... သို့လောနှင့် ဇဝေဇဝါတွေ ဖြစ်လာရပါတော့သည်။ လက်စသတ်တော့ ဒီလူက ပုလဲပြောချင်တဲ့ အကြောင်းအရာဆီကိုပင် ကွေ့ဝိုက်လှည့်ပတ်သွားခွင့်မရအောင်၊ သူ ပြောချင်တာတွေကိုချည်း ဖြတ်,ဖြတ်ပြောနေတော့တဲ့ သဘောပါလား။ ဖြတ်ပြောနေတဲ့ သူ့စကားတွေကလည်း ပုလဲရဲ့စကားတွေကို အလိုက်အထိုက် တုံ့ပြန်နေတာမျိုးထက်





သူ့မှာလည်း ပြောချင် ဆိုချင်နေတဲ့ အကြောင်းရင်း တစ်ခုခုခိုင်ခိုင်မာမာ တိတိကျကျ ရှိနေပုံမျိုးတောင်မှ ပေါက်နေတာ။ အံ့သြစရာကြီးပါလား။ ဘာပါလိမ့်။

"ကိုမင်းထွဋ်က ဘာကို ဆိုလိုနေတာလဲ"

"မြန်မာ့ပါးစပ် မြန်မာ့နားနဲ့ ဆိုရင်တော့ အင်မတန် ရိုင်းချင်ရိုင်းနေလိမ့်မယ်ဗျာ။ ဒါပေမဲ့ ကျွန်တော်ကလည်း အမြိုက်မှာလှည့်နေတဲ့သူ ဖြစ်သလို၊ မပုလဲကလည်း နိုင်ငံရပ်ခြားမှာပဲ အလုပ်လုပ်နေတဲ့သူလိုလို ကျွန်တော် သိရပါတယ်။ ဟုတ်သော်ရှိ မဟုတ်သော်ရှိပေါ့၊ ကျွန်တော်တို့ အနောက်နည်း အနောက်ဟန်နဲ့ပဲ ပွင့်ပွင့်လင်းလင်း ဆွေးနွေးတာမျိုးပဲ လုပ်ကြည့်လိုက်ကြရအောင်"

"ဆိုပါဦး"

"ညီမကို ပြန်မပြောရလည်းပဲ အစ်ကို့ကိုပဲ ဖိပြောစ်တော့မယ်"ဆိုတဲ့ ပုလဲမှာ ဤတစ်ချီလည်း ကိုယ့်ထက်ပင်အသည်းအသန် ဖြစ်နေဟန်ရှိတဲ့သူကို နားလည်မှုတွေနှင့်အတူနောက်ဆုတ်၊ အလှည့်ပေးလိုက်ရပြန်ပါပြီ။

"ကျွန်တော့်အမေ သဘောတူ ကမ်းလှမ်းပြီး လာပြောထားတဲ့ ကိစ္စက မဖြစ်နိုင်ဘူးဗျ"

"ဘာကိစ္စပါလိမ့်။ လောလောဆယ်ဆယ်မှာတော့ ကျွန်မကို လာပြောသွားတာက ကျော့စန္ဒာပါ"

"အင်း … သူလည်း ဝင်ပါချင် ပါလိမ့်မပေါ့၊ သူကတော့ ကလေးသာသာ၊ အရူးသာသာပါ။ အမေလုပ်သမျှ လိုက်ထောက်ခံပြီး အဟုတ်ထင်နေသူမျိုးပေါ့"

ဟော … ! သူ့ညီမက "အရူး"ဆိုတာ အစ်ကိုလုပ်သူရဲ့ပါးစပ်ထဲက စ,ထွက်လာပြီ။ သူတို့ရော ဒီလိုပဲ လက်ခံထားကြသလား။ ဟိုတစ်နေ့က သူ့ညီမနဲ့ ပုလဲတို့ရဲ့ပြဿနာကိုလည်း ကြိုသိပြီးသူမို့ တောင်ရောက် မြောက်ရောက် စကားတွေနဲ့ သူတို့ဘက်က အပြစ်ကို ကြိုကာချင်နေတာလား။

"ကျွန်တော် ပြောချင်တာက ကျော့ကျော့ ဘာလာပြော သွားသွား၊ ခေါင်းထဲက ထုတ်ပစ်လိုက်ပါ"

"အို … ဒီလိုတော့ ဘယ်ဖြစ်ပါ့မလဲ၊ ကျွန်မက ဒီလိုပဲ ခံနေလိုက်ရမှာလား"

"ဒါပေမဲ့ ကာယကံရှင်ဖြစ်တဲ့ ကျွန်တော့်သဘောမှ မပါတာ"

"နေပါဦး၊ ဒီကိစ္စမှာ ကိုမင်းထွဋ်က ဘယ်နေရာကနေ ဝင်ပြီး ကာယကံရှင် ဖြစ်သွားတာလဲ"

"ဟာ … အိမ်ထောင်တစ်ခု ထူထောင်ဖို့ကိစ္စမှာ အဓိက ကာယကံရှင်က အဲဒီ အိမ်ထောင်ပြုရမယ့် ယောကျ်ားနဲ့ မိန်းမပဲပေါ့၊ ဘေးလူတွေက ဘာအရေးကြီးမှာလဲ"

"နေပါဦးရှင်၊ ဘယ်သူနဲ့ ဘယ်သူက ဘာလုပ် … !"





"ခင်ဗျားနဲ့ ကျွန်တော်နဲ့ကို ကျွန်တော့်အမေ ဘယ်လောက်သဘောတူတူ၊ ကျော့ကျော့ ဘယ်လိုဘာပြောပြော။ ကျွန်တော်က ဆန္ဒမရှိဘူး၊ သဘောမတူ လက်မခံနိုင်ဘူးဗျ၊ အားနာပါတယ်"

ပုလဲမှာ ကိုယ့်ကိုယ်ကိုယ် မူးဝေယိုင်လဲ သတိလစ်သွားပြီလားပင် ထင်လိုက်မိပါသည်။ ဘုရား … ဘုရား … လက်သေတ်တော့ သူတို့ဟာ တစ်မျိုးလုံး တစ်ဆွေလုံးနဲ့ချီပြီး အရူးကြီးရူးနေကြတဲ့ အရူးမျိုး အရူးနွယ်တွေပါကလား။ ဒီလိုဆိုရင်တော့ ကျော့စန္ဒာဟာ "အရူးမ"ပါဆိုတဲ့ ကိုယ့်အတွေးဟာ တမင်နှိမ်ဘွေးမိတာမျိုး မဟုတ်တော့ဘဲ တကယ်ပဲ ဖြစ်နိုင်ချေရှိတာသေချာပြီ။ နို့မို့ ဟိုတစ်နေ့ကလို မြို့လယ်ကောင်မှာ ပေါ်တင်ပြောချင်တိုင်း ပြောထွက်နေတာမျိုးကို ဘယ်လူကောင်းတစ်ယောက်က လုပ်ရဲမှာမို့လဲ။

ပုလဲလို ကိုယ့်အိုး ကိုယ့်အိမ်ထောင်၊ ကိုယ့်အဆင့်အတန်းနဲ့ နေနေတဲ့ မိန်းမတစ်ယောက်ကို သူ့ယောကျ်ားနဲ့ စွပ်စွဲပြောဆိုပြီး ပေါ်တင်လာချဲသွားတဲ့ အရူးမကတော့ အရူးမို့ "ငါ့ယောကျ်ားနဲ့ မပတ်သက်နဲ့၊ ငါ့အစ်ကိုနဲ့တော့ သဘောတူတယ်ဟော့"ဆိုတာက ထားလိုက်ပါတော့။

အကောင်းကြီးတွေလို့ ထင်ရလောက်တဲ့ အမေနဲ့ အစ်ကိုကရော ဘာဖြစ်ကြတာတုန်း။ တကယ်ပဲ သူ့အမေကြီးက အဲဒီလို "သဘောတူနေတယ်၊ စီစဉ်ချင်နေတယ်"ဆိုရင် အိမ်ထောင်

ရှိနေမှန်း သိသိကြီးနဲ့ဆိုတော့ အဘွားကြီးရဲ့စိတ်က ကိုယ်ဖြစ်ချင်တာကိုပဲ တွေးပြီးဖောက်ပြန်သွားတာ ဖြစ်နိုင်သလို ...။ အကြောင်းအရာစုံကို သိနေတဲ့ အမေကဖြင့် ဘာမှမပြောဘဲ ဒီလူကသာ ကိုယ်ထင်ချင်ရာထင်၊ ကိုယ်ကြားချင်ရာ ကြားနေတာမျိုးဆိုရင်တော့ ဒီလူဟာ စိတ်ဖောက်ပြန်သူတို့ရဲ့ အဓိကလက္ခဏာဖြစ်တဲ့ Hollucination (စိတ်ဖောက် ချောက်ချား၍ စွဲထင်သည့်အာရုံ)တွေ အကြီးအကျယ်ရနေပြီ။

ဘယ်သူက အမှန်လဲ။ ဒါဖြင့် ကိုယ့်ရှေ့ကဟာကြီးကရော အကောင်းကြီးလား၊ အရူးကြီးလား။ ပုလဲမှာ "နင့်ကိုသဘောမတူဘူး၊ မကြိုက်ဘူး"ဟု အငြင်းခံရသလို ရှိတာကိုမင်မနာနိုင်၊ စိတ်မဆိုးနိုင်အားသေးဘဲ ထိတ်လန့်တုန်လှုပ်မှုတို့သာကြီးစိုးနေပါတော့သည်။

မင်းထွဋ်ကတော့ ကိုယ့်ရှေ့က အမျိုးသမီးရဲ့ ဖြူပျက်ပြောင်းလဲနေတဲ့ မျက်နှာထားကိုပဲ အသာငေးကြည့်နေကာအားနာသနားနေရပါသည်။ နိုင်ငံရပ်ခြားမှာ နေ့ထိုင်တဲ့ အမျိုးသမီးပီပီ ရဲရဲတင်းတင်း ပွင့်ပွင့်လင်းလင်းနဲ့ ဖွတ်ရှေ့တိုးလာမှာစိုးလွန်းလို့သာ ဦးအောင်အမြန်ပြောချလိုက်ရတာ။ ခုလိုကြီးဖြစ်နေတော့လည်း အင်မတန် စိတ်မကောင်းစရာ ကောင်းသည်။ အေးလေ ...၊ သူလည်း နိုင်ငံရပ်ခြားမှာ နေတယ်ဆိုပေမယ့်မြန်မာမပဲ။ ဒီလောက်တော့ ရှိမှာပေါ့။

"အားနာပါတယ်ခင်ဗျာ ... တောင်းပန်ပါတယ်"





"နေ ... နေ ... နေ ... မလိုပါဘူး"

"အမေ့ကိုလည်း ကျွန်တော် ပြန်ပြောပြပါ့မယ်"

"ကျေးဇူးပြုပြီး ဘာမှသွားမပြောပါနဲ့"

"ဟာ ... ဒါကတော့ ပြောကိုပြန်ပြောရမယ့် ကိစ္စပါ"

ပုလဲက ထိုင်ရာမှ အမြန်ဆုံး ထရပ်လိုက်သည်။ အမေနဲ့သား။ ဘယ်သူက မမှန်မှန်းမှ မသိတာ။ သားကမမှန်သူဆိုလျှင် သူ့ကို ဆန့်ကျင်ပြီး ဆက်စကားဆိုနေခြင်းဟာ ကိုယ့်အန္တရာယ်ကို ကိုယ်ဖိတ်ခေါ်နေတာမျိုး ဖြစ်လာနိုင်သလို ...။ အမေက မမှန်တဲ့သူ ဆိုရင်တော့ သားက "ငြင်းပြီးပြီ" လို့ သွားပြောလိုက်တာနဲ့ သူဖြစ်ချင်တာ တစ်ခုကိုပဲတွေးပြီး စိတ်ဖောက်ပြန်နေတဲ့ အဘွားကြီးဟာ ဘာတွေရှေ့တက် ပတ်သက်ချင်လာဦးမည်သေလေ။

အဲဒါကြောင့် "နဂိုကတော့ ဒီလူဒီလူတွေ အဖြစ်လောက်သာ သိနေကြတာ အပတ်အသက်၊ အဆက်အဆံ အပြောအဆိုမှ မရှိကြတာ။ ခုတလော ဒီအဘွားကြီး ငါ့နားကိုရောက်ရောက်လာပြီး ပတ်ပတ်သက်သက်တွေ ရှိနေပါလား" လို့တောင်ထင်နေမိသေးတာလေ။

"တောင်းပန်ပါတယ်၊ ရှင့်ဘက်က ဆန္ဒမရှိတာကိုလည်း လက်ခံနားလည်ပါတယ်။ အန်တီ့ကို ဘာမှသွားပြန်မပြောဖို့ကိုသာ ရှင့်အနေနဲ့ ကျွန်မကို အဲဒီတစ်ခုလေးတော့ ကျေးဇူးပြုပါ"

"ဩော် ... ဟုတ်ကဲ့၊ အဲဒီလို ဆိုရင်တော့လည်း ကောင်းပါပြီ"

ပုလဲမှာ မင်းထွဋ်ရဲ့ရှေ့က မြန်မြန်ကလေး လှည့်ထွက်လာခဲ့ပြီး ကျောခိုင်းရာဘက်ကို ပြန်လှည့်လို့မှ မကြည့်ရဲတော့ပါ။ ဘုရားသကြားမ,လို့သာ ဒီရှုးမှန်းမသိ၊ ကောင်းမှန်းမသိတဲ့လူက ပုလဲကို မနှစ်သက်နိုင်ဘဲ ငြင်းပေတာပဲ။ စိတ်မမှန်တဲ့အမေရဲ့စကားကို အဟုတ်ကြီးထင် သဘောကျပြီး လိုက်ကပ်နေလျှင် တစ်မျိုးဒုက္ခရောက်ရမည် ဖြစ်သလို၊ ကိုယ်တိုင်က ရှုးနေသူရဲ့နှစ်သက်ခြင်းကို ခံရလျှင်တော့ ပိုတောင်ဆိုးပေတော့မပေါ့။

အမယ်လေး ...။ ငါ့နှယ် သားတစ်ယောက်မင်မိန်းမယူလို့ရလောက်သည့်အရွယ်ကို ရောက်နေကာမှ ဒီလိုအဖြစ်မျိုးကို ကြုံရတယ်လို့။

မပြေးရုံတစ်မယ် လှည့်ထွက်သွားသည့် ပုလဲ၏နောက်ကျောကိုကြည့်ကာ ကျန်ရစ်သော မင်းထွဋ်ကတော့ "အခြေအနေတွေ အေးချမ်းတည်ငြိမ်လောက်ပြီ ထင်ရသည့် အချိန်ကျကာမှ ဒီ"ပုလဲ"ဆိုတဲ့ အမျိုးသမီးကို ပြန်ရှာဆက်သွယ်ပြီး သေချာတောင်းပန်ယူဦးမည်"ဟု စိတ်ထဲမှာ ဆုံးဖြတ်ထားလိုက်မိပါသည်။

✦❤✦





တူတော်မောင် ဖိုးစစ်ကို ကျူရှင်အသွားအပြန်၊ အကြိုအပို့တွေကအစ ကလေးကြီးတစ်ယောက်လို ပြန်တာဝန်ယူစောင့်ကြပ်ထိန်းသိမ်းနေရသော တိုင်းကျော်မှာ သင်တန်းရှိရာအဆောက်အအုံထဲမှ ခုထက်ထိ ထွက်ပေါ်လို့ မလာသေးသောစစ်ကို ငုတ်တုတ်ထိုင်စောင့်နေရင်း မေတ္တာတွေပဲ လိမ့်ပို့နေမိပါသည်။

တော်တော်ဒုက္ခပေးတဲ့ကောင်။ တစ်ဖက်မှာကလည်း ကိုယ့်မိန်းမက သူ့အမေကို သွားလွန်ထားတဲ့ကိစ္စကလည်း ရှိနေတဲ့အခါ တိုင်းကျော်မှာ တူတော်မောင်ကို ဘယ်လောက်ပဲမေတ္တာပို့မိမိ တာဝန်ဝတ္တရား တစ်ခုကိုတော့ မပျက်မကွက် ထမ်းရွက်နေရမည်သာ' ဖြစ်ပေသည်။

တိုင်းကျော်မှာ အဆောက်အအုံကြီးရဲ့အောက်ဆုံးထပ်က 'တံခါးမှန်ချပ်ကြီးတွေကို သဲကြီးမဲကြီး စိုက်ကြည့်မိနေဆဲ တူတော်မောင်ကိုတော့ဖြင့် မမြင်ရသေးဘဲ တိုင်းကျော်ရဲ့မြင်ကွင်းထဲသို့ ကလေးမလေးတစ်ယောက်က အရင်ရောက်လာပါ

သည်။ မှန်ချပ်ကြီးတွေကနေ လမ်းမပေါ်သို့ ထွက်လာတဲ့ ကောင်မလေးဟာ ကျောင်းကြိုကားများ ရပ်ထားရာဆီမှာ တိုင်းကျော်ရဲ့ ကားကို လှမ်းမြင်သွားပုံရလျှင် မျက်မှောင်လေးကုတ်ကာ ခြေလှမ်းကို တုန့်ခနဲ ရပ်လိုက်သည်။

ပြီးရင်တော့ ခဏလောက် ရပ်စဉ်းစားလိုက်ပုံရကာ တိုင်းကျော်ဆီသို့ (သိသိသာသာကြီးပင်) ဦးတည်ပြီး လမ်းကူးလာနေပါတော့သည်။ ကိုယ့်အကြံနှင့်ကိုယ်ဖြစ်သော တိုင်းကျော်လည်း ကားတံခါးဖွင့်ဆင်းကာ ကြိုစောင့်နေသယောင် ပြုနေလိုက်သည်။

"အကြံကုန်၊ ဂဠုန်ဆားချက်"လည်း လုပ်သင့်လုပ်ရမည်ဖြစ်တဲ့ တိုင်းကျော်ဟာ တူတော်မောင် "စစ်"ရဲ့နံဘေးက ဒုတိယတစ်ယောက်အဖြစ် သိဖူး မြင်ဖူးခဲ့တဲ့ ဒီကောင်မလေးကို ရင်းနှီးခင်မင်ရလည်း မနည်းဘူးဟု စဉ်းစားလိုက်မိ၍ ဖြစ်ပါသည်။

"စစ်မှာက မပုလဲ သဘောတူ စီစဉ်ချင်တဲ့ မိန်းကလေး ရှိနေတယ်ဆို၊ အမြန်ဆုံး စီစဉ်လိုက်လေ။ ကျွန်တော့်ကို ဟိုကလေးအမေ မိန်းမလည်က အဲဒီအတိုင်း ပြောပြလိုက်တာပဲ။ သူ့ကို စစ်က ပြန်ပြောပြထားပုံ ရပါတယ်"

"ဟယ် ... ဘယ်ကလာ တိုင်းရယ်။ ရှိမှဖြင့် စီစဉ်ပြီပေါ့။ ဒါ သူတို့ချင်းကြားက ထွင်လုံးတွေ နေမှာပါ။ စစ်က သူ့ဟာမကြီးကို ကလီချင် ရှိချင်လို့ မဟုတ်က ဟုတ်က ပါးစပ်ထဲတွေ့ရာ လျှောက်ပြောထားနေမှာပေါ့၊ မရှိပါဘူး"





မပုလဲနဲ့ စကားပြောလိုက်ရတော့ စစ်မှာ ကလေးအမေ မိန်းမလည်ကြီးအပြင် ဘယ်သူမှ မရှိနိုင်တော့ဘူး ဆိုတာကို သိခဲ့ရသည်။ ဒီတော့ စစ်ကိုယ်တိုင် (တစ်ချိန်က) ခင်မင်ပတ်ဝင်စားခဲ့ဖူးပုံ ရှိခဲ့သည့် ဒီကောင်မလေးဟာ တိုင်းကျော်ရဲ့ဆန္ဒတွေအတွက် အထောက်အကူ ပြုနိုင်သည့်၊ အစားထိုးရလဒ်ကောင်းလေးတစ်ခုများ ဖြစ်မလာနိုင်ဘူးလား။ ဒီကောင်မလေးဟာ ဘယ်သူဖြစ်ဖြစ်၊ မျိုးရိုးတွေ၊ အဆင့်အတန်းတွေ၊ ပိုက်ဆံတွေက အသာထား သူ့က်တူစ့ယ်တူ အပျိုစင်ကလေးတစ်ယောက် ဖြစ်နေလျှင်ပင် ဟိုမိန်းမကြီးထက်တော့ အဖုံကြီးသာကာ သင့်တော်ကောင်းမွန်နေနိုင်ပြီလေ။

မန်းမေမှာ ဟိုဘက်လမ်း ပလက်ဖောင်းပေါ်က လူကြီးကို မဝံ့မရဲ အကဲခတ်ကာ လမ်းကူးလာနေရင်းက "ငါ့ကိုလည်း သူက ကြိုသိနေနှင့်ပုံပဲ"ဟု တွေးနေမိပါသည်။ ကားထဲကပင် ထွက်ရပ်ကာ ပြုံးချိုသော မျက်နှာထားနှင့် ကြိုဆိုနေသလို ရှိသူဟာ သဘောကောင်းသူ၊ နားလည်တတ်မယ့်သူ၊ ဆွေးနွေးရလွယ်မယ့်သူမျိုး ဆိုရင်တော့ မန်းမေရဲ့ကံဇာတာက တက်လာစပြုပြီဟု ဆိုနိုင်ပေပြီ။

ဒီလူကြီးဟာ(.........)စားသောက်ဆိုင်မှာ မေမေနဲ့အတူ တွဲမြင်ဖူးလိုက်တဲ့ လူကြီးလေ။ အဲဒီတုန်းကတော့ ဒီလူကြီးရဲ့မျက်နှာက ခပ်တည်တည်သာပါ။ ဒါပေမဲ့ မန်းမေက ဒီလူကြီးဟာ မေမေ စိတ်တိုင်းကျတဲ့ မေမေ့ရဲ့နောက်ဆုံးတစ်ယောက်ဆို

တာ မပြောဘဲလည်း သိပါသည်။ အဓိကသက်သေကတော့ "မေမေ့ရဲ့မျက်နှာ"လေ။ အဲဒီလူကြီးကို လှမ်းကြည့်ငေးကျန်ရင်း ရွှေလမင်းကလေး ပြည့်ပြည့်ဝဝ သာနေသလိုရှိခဲ့တဲ့ မေမေ့မျက်နှာ။ အဲဒီတစ်ချက်နဲ့တင် မန်းမေက ကိုယ့်ဆွေးနွေးကြည့်ရမယ့် သူဟာ ဒီလူကြီးပဲဆိုတာ အဲဒီကတည်းက သေချာခဲ့သည်။ ခုတော့ ဒီလူကြီးကို တိုက်တိုက်ဆိုင်ဆိုင်ပဲ ပြန်တွေ့ခဲ့ပြီ ဆိုတော့။

မန်းမေမှာ အဲဒီလူကြီးနားသို့ ရောက်ရောက်ချင်း ပင် ကိုယ်က ငယ်ရွယ်သူ၊ သူ့ထက်စာရင် ကလေးဆိုတော့ ကိုယ်ကပဲ စိတ်တင်းလိုက်ကာ ခပ်သွက်သွက်ပင် ...

"သမီးက မန်းမေပါ"

"အေး ... သမီး၊ ဘာတုန်းကွ။ ဦးကတော့ တိုင်းကျော်ပါ ကွာ"

"သမီးက ဦးလေးကို ဆွေးနွေးချင်တာလေး ရှိလို့ပါ"

"ဟေ ... ! ဟုတ်လား ... ! ဘာများပါလိမ့် သမီးရယ်"

"ဟို ... ပြီးခဲ့တဲ့ တစ်ပတ်ကျော်က ဦးလေးတို့ကို သမီး (......)စားသောက်ဆိုင်မှာ တွေ့လိုက်ပါတယ်"

တိုင်းကျော်မှာ "ဘာတွေလာပြောနေတာပါလိမ့်" ဟု ဇဝေဇဝါပင် ဖြစ်သွားရပါသည်။ ကိုယ့်ကို တမင်ကြီး လာမိတ် ဆက်သလို ရှိတာကို မအံ့ဩမိသေး။ "စစ် အကြောင်း ပြော လို့ပဲနေမှာ"ဟု နားလည်နိုင်ပါသည်။ ဖုံးသင့်တာ ဖုံးဖိ။ ဖာသင့် တာ ဖာထေးပြီး "ကလေးတွေချင်း ခင်မင်ကြတာကို သဘော





သောက်ခံကြောင်း"တွေကိုပဲ ဖိပြောပစ်ရမည်ဟု တေးထားတာ။ တော့ စကားစပုံက ဘယ်လိုများပါလိမ့်။

"(......)စားသောက်ဆိုင် ... ! "

"ဟုတ်ကဲ့ ...အမျိုးသမီးတစ်ယောက်နဲ့လေ၊ ဟို ... ဆံပင် ကောက်ကောက်နဲ့၊ ဘောင်းဘီစကနဲ့။ ဟို ... ဒေါ်ယုယု ဆိုတဲ့သူနဲ့လေ"

အင်း ...။ ခွကျတာပဲဟေ့။ ကောင်မလေးက စစ် အကြောင်းကို အသေးစိတ်အတွင်းကျကျများ သိထားလေသလား။ နာမည်ကအစ အတိအကျ ထုတ်ဖော်နေတော့တာပါလား။ ဘယ် လိုများ ဖုံးဖိဖာထေးရပါမလဲ။

ကလေးအမေ မိန်းမလည်နဲ့ တိုင်းကျော်တို့ တွေ့ဖြစ် ကြတာကိုတော့ ကလေးမလေးက သေသေချာချာကို မြင်တွေ့ သွားပုံရှိလေပြီ။

စစ်ကို စိတ်ဝင်စားမှုရှိတဲ့ မိန်းကလေးဖြစ်ရိုးမှန်ရင် အဲဒီမိန်းမကြီးနဲ့ စစ်နဲ့ရဲ့အကြောင်းကိုလည်း ကောင်မလေးက သိထားလိမ့်မှာ အမှန်ပင်။ ဦးလေးတပါ သဘောတူကြည်ဖြူပြီး ခေါ်တွေ့စုံစမ်းတယ်လို့ ထင်သွားတာများလား။ ဒါမှမဟုတ် ... စစ်အတွက် စိုးရိမ်ပူပန်ပြီး သူ သိထားတဲ့ သတင်းအချက်အလက် တွေကို အုပ်ထိန်းသူ လူကြီးကို ပေးသိချင်တာမျိုးများလား။ "အဲဒီတစ်ယောက်နဲ့ စစ်နဲ့က ဘာမှမဟုတ်ပါဘူး သမီးရယ်"လို့ ပြောင်ငြင်းလို့မှ ရပါတော့မလား။

မန်းမေမှာ စကားဆက်ရ ခက်နေသဖြင့် လက်ချောင်းလေးတွေချိုးကာ အရှိန်ယူနေမိပါသည်။ ဖြစ်နိုင်ရင်တော့ ဒီလိုခ ရှင်းရှင်း ခပ်အေးအေး ရုပ်ရည်နှင့် လူကြီးမျိုးကို မေမေနှင့်ထ မလွဲစေချင်တော့ပြီ။ မေမေကိုယ်တိုင် ရွေးချယ်ထားပြီးသူဆိုတော့ ဥစ္စာစီးပွားကတော့ အတောင့်သားထဲကနေမှာပါ။ မန်းမေအတွက် ကတော့ ဒါဟာ အကြောင်းမဟုတ်။

အရေးကြီးတာက နောက်ကြောင်းရှင်းသည့် လူလွ မှန်ရင် မေမေ့အတွက် "နောက်ဆုံးလူ"ဖြစ်စေချင်ပြီ။ ပြီးတော့ သမီးဖြစ်သူ မန်းမေကပါ သဘောတူကြည်ဖြူနိုင်ပါသည် ဆိုတာ ရယ်၊ မန်းမေက သူတို့ကို ဘာမှမနှောင့်ယှက်၊ မဟန့်တား ပညာပြမည် မဟုတ်သည့်အတွက် ဒီသမီးကြီး ကြီးကောင့်ကြီးမား ကို စိုးရိမ်တကြီး အဝေးနှင်ဖို့မလိုပါဘူး ဆိုတာရယ်၊ ဒါတွေ ဒီလူကြီးကို သိစေချင်၊ ညှိနှိုင်းချင်လှပါသည်။

"ဟို ... ဟိုလေ ... မန်းမေက ... အဲ ... သမီးက အဲဒီကိစ္စ ကို ကန့်ကွက်ဖို့ မရှိပါဘူး ဦးလေးရယ်။ သမီးသဘောတူ ပါတယ်"

"ဘာ ... ဘယ်လို ... ဘယ်လိုကွယ့်"

"အဲဒီ ဒေါ်ယုယုဟာ သမီးရဲ့မေမေပါ။ မေမေ့ကိစ္စမှန်သမျှ ကို သမီးက အမြဲထောက်ခံ နှစ်သက်သဘောတူခဲ့တာချည်း ပါပဲ။ ခုကိစ္စမှာလည်း မေမေစိတ်ချမ်းသာဖို့က အဓိကပါ။ သမီးက ဆန့်ကျင်ကန့်ကွက်ဖို့မရှိဘူး၊ အဲဒါလေး ဦးလေးကို သိထားစေချင်တာပါ"





တိုင်းကျော် တစ်ယောက် တီကိုဆားနဲ့တို့ ခံလိုက် ရသကဲ့သို့ လိမ်တွန့်သွားပြီး မျက်နှာကြီးတစ်ခုလုံးကလည်း နီရဲမည်းပုပ်သွားပါတော့သည်။ မထင်မှတ်တဲ့ တိုက်ကွက်ပဲ။ ဒါဖြင့် အဲဒီမထော်မနန်းကိစ္စကြီးမှာ ဒီမိန်းကလေးကကော ကြံ ရာပါလား။ တစ်သင်တန်းတည်း တက်ရောက်နေတဲ့ သူငယ်ချင်း သင်တန်းသားကို အမေလုပ်သူနဲ့ ဖြစ်မြောက်အောင် အောင်သွယ် တွန်းပို့ခဲ့တာရော၊ ဒီကောင်မလေးပဲလား။ အောင်မလေး ... ငစစ် ရယ်၊ နွားကျတဲ့ဘဝမှာ ရွယ်တူသမီးကြီး ရှိတာကို သိ,သိရက်နဲ့ ဒီလိုအမေမျိုးကြီးနဲ့မှ ဖြစ်ရသတဲ့လား။

အမေက စိတ်ကုန်စရာဖြစ်သလို သမီးကလည်း လက်တောက်လောက်ကလေးနဲ့ ကိုယ့်ကိုတောင် ဒီလိုလာရင်ဆိုင် ပြီး တက်ပြောရဲသေးတာ ဘယ်လွယ်မလဲ။ ရိုးသလိုလို အေးသလိုလို ရုပ်ကလေးကိုမှ အားမနာ။ ရဲတင်းမျက်နှာပြောင်တိုက်လိုက်တာ များဗျာ။ မဖြစ်ဘူး ... မဖြစ်ဘူး ... ကလေးမလေးပဲဆိုပြီး အား နာနေလို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။

"ဒီမယ် ... ဒီလိုတော့ရှိတယ်ကွယ့်၊ မင်းအမေရော မင်းပါ သဘောထားတွေ စွက်စက်ကိုက်ညီနေတိုင်းလည်း ဒီကိစ္စ က မပြီးဘူး"

"ရှင် ! "

မန်းမေမှာ ရုတ်တရက် အချိုးအချိတ်ရော မျက်နှာ ထားပါ ပြောင်းလဲသွားသည့် ရှေ့ကလူကြီးကို မျက်လုံးဝိုင်းလေး

နှင့်သာ ကြည့်နေမိပါသည်။ ဟိုတစ်နေ့ကများ မြင်လိုက်ရတဲ့ မေမေ့မျက်နှာဟာလေ ချိုသာပြုံးမြဲလို့၊ ခေါင်းကလေးငဲ့ကာ မျက်ဝန်းလေးရီကာနဲ့။

လှမ်းထွက်သွားနေပြီဖြစ်တဲ့ ဒီလူကြီးကို (မကြားနိုင် မသိနိုင်တော့ပြီမှန်း သိရက်နဲ့တောင်) "တာ့တာ"လို့ တိုးဖွဖွလေး လှမ်းနှုတ်ဆက်လိုက်သေးတာ။

ကိုယ့်အမေအကြောင်း ကိုယ်သိပါသည်လေ။ မေမေဟာ ဒီတစ်ယောက်ကို လိုလိုလားလား နှစ်နှစ်ကာကာနဲ့ တားဂက်ထားကို ထားနေပြီ။ အဲဒါကြောင့်လည်း မန်းမေကိုပင် "မန္တလေး ပို့မယ်"လေးဘာလေး လေသံပစ်လာတာပေါ့။ ခုတော့ ... မေမေ့ဘက်က လိုလားမှု၊ စိတ်ပါမှုရှိသလောက် ဒီလူကြီးက ဘယ်လိုများ ဖြစ်ရတာလဲ။

"မင်းအမေမှာက အုပ်ထိန်းသူလို့ မပြောနိုင်ရင်တောင် မင်းရှိနေသလိုပဲ၊ တစ်ဖက်မှာလည်း ကိုယ့်သဘောကိုယ် ဆောင်လို့ရတဲ့ အခြေအနေမဟုတ်နိုင်ဘူး၊ နောက်ခံအသိုင်းအဝိုင်းရှိတယ်။ ထည့်တွက်ရဦးမယ့်လူတွေ ရှိနိုင်တယ်ဆိုတာ မင်း သိထားဖို့ လိုလိမ့်မယ် ကလေးမ"

ဟင် ... ! ဒါဖြင့် ဒီလူကြီးက မန်းမေ ကြိုတင်စိုးရိမ်ခဲ့သလိုမျိုးပဲ လွတ်လွတ်လပ်လပ်ထဲက မဟုတ်ဘူးပေါ့။

"ဦး ... ဦးလေးမှာ မိန်းမရှိလို့လား"

"ရှိတယ်လေ၊ ဒါပေမဲ့ အဲဒါက ဒီကိစ္စမှာ ဘာဆိုင်သလဲ"





မိန်းမက ရှိပေမယ့် မဆိုင်ဘူးဆိုတော့ ကွဲနေတာလား။ သေသွားပြီလား။ ဒါဖြင့် "ထည့်တွက်ရဦးမယ့်သူ"ဆိုတာက သားသမီးတွေကို ပြောတာလား။ မန်းမေတော့ ဘာမှ သေချာရေရာအောင် အရင်မစုံစမ်းလိုက်မိဘဲ သဘောတူကြောင်းကိုပဲ အရင်မဆင်မခြင်ကြီး ပြောချလိုက်မိပြီ။ အရမ်းဆန္ဒစောကာ အလောတကြီး,ကြီး ဖြစ်သွားမိပြီ။ ရှက်စရာကြီး။ ဒါဖြင့် သူ့သားသမီးတွေကတော့ သဘောမတူဘူး၊ မလွယ်ဘူးလို့ ဆိုလိုလိုက်တာပေါ့နော်။

ဟင် ... ! ဟုတ်တယ်လေ။ ဒီလူကြီးက အခု မန်းမေတို့ SAT အင်္ဂလိပ်စာသင်တန်းရဲ့ ကျောင်းကြိုယာဉ်အများစု ရပ်နေတဲ့ ကားရပ်နေရာမှာ လာရပ်နေခဲ့တာပဲ။ ဒါဖြင့် ကျောင်းကြိုယာဉ်ပေါ့။ ဒါဖြင့် သူ့သားသမီး အဆွယ်အပွားတွေက ဒီသင်တန်းထဲမှာပဲပေါ့။ မန်းမေရဲ့ မျက်နှာကလေးက ပို၍ပင်သွေးဆုတ်ကာ ဖြူပပ်ပြူရော် ဖြစ်သွားရပါတော့သည်။

ဒီလိုအခြေအနေတွေနဲ့ဆိုလည်း ဘာလို့ အစတည်းက (မန်းမေ လှမ်းလာနေတုန်းက) ပြုံးချိုဖော်ရွေလိုတဲ့ မျက်နှာကြီးနဲ့ ဆီးကြိုနေခဲ့ရသေးတာလဲ။ ဒါ ကြီးကောင့်ကြီးမား၊ စားနေကျ ကြောင်ဖားကြီးတွေရဲ့ မာယာတွေများလား။

"ဦးလေးက အခု ဘယ်သူ့ကို လာကြိုတာလဲ"

"ဘယ်သူရှိမလဲ ... ဟိုကောင့်ကိုပေါ့။ တစ်စက်မှ စိတ်ချထားလို့ရတဲ့ကောင်မှ မဟုတ်တာ။ လွှတ်ထားလိုက်လို့က

တော့ ဆွယ်တတ်တဲ့လူနောက်ပါပြီး အမြဲထင်ရာစိုင်း
ဟုတ်တာတွေ လုပ်နေတဲ့ကောင်။ မင်းတို့လို ကိုယ့်သဘော
ကိုယ်ဆောင် ကိုယ်ကောင်းပြီးရောဆိုတဲ့ သူမျိုးတွေနဲ့
ကျောင်းတည်း တက်မိနေတော့ ပိုဆိုးဖို့သာ ရှိတာပေါ့
ဒီတိုင်း ဆက်လွှတ်ထားလို့ကတော့ ငါးပါးမှောက်ရုံမ
ဘူး ဘုန်းကြီးကျောင်းပါ ပြိုမယ်"

တိုင်းကျော်မှာ ပြောပြောဆိုဆို အဆောက်အအုံ
ကြီးရဲ့အောက်ထပ် မှန်တံခါးကြီးတွေဆီ အကြည့်ရောက်သွားသော
အခါ မန်းမေမှာလည်း ယောင်ယမ်းပြီးနောက် ပြန်လှည့်ကြည့်
လိုက်မိပါသည်။

မှန်တံခါးဝရှေ့မှာတော့ ကျောင်းပျက်ရက်တွေ များ
ပြီမို့ ဆရာနှင့် ဆွေးနွေးနေရ၍ နောက်ကျကျန်နေသော စစ်က
မှုန်ကုပ်ကပ်နှင့် ဟိုဟိုဒီဒီ ကြည့်လျက်ရှိပါသည်။

"ဟင် ... ! ကိုစစ်"

မန်းမေမှာ စစ်ကိုတစ်လှည့် ရှေ့ကလူကြီးကိုတစ်
လှည့် နှစ်ကြိမ် သုံးကြိမ်စီ အထပ်ထပ် ကြည့်လိုက်ပြီးချိန်မှာ
သွေးလုံးဝမရှိတော့သူလို ဖြစ်သွားခဲ့ရပါပြီ။ တိုင်းကျော်က ခပ်မဲ့မဲ့
နှင့်ပင် ...

"ကဲ ... ဟိုမယ်၊ သူ လာနေပြီ။ မင်းနဲ့ ငါ ဆွေးနွေးဖြစ်
ကြတယ်ဆိုတဲ့ သဘောမျိုးတော့ စစ်ကို မသိစေချင်ဘူး
ကွာ၊ ဟုတ်ပြီလား"



ဒီလူကြီး ဒီလိုပြောမလာခင်ကတည်းကပင် မန်းမေ
ကလည်း လှည့်ပြေးတော့ဖို့ ခြေလှမ်းပြင်နေပြီ ဖြစ်ပါသည်။ စစ်
က မန်းမေတို့ကို လှမ်းမြင်သွားသည်မို့ လမ်းကူးလာနေပြီလေ။

"ပြီးတော့ မင်းအမေဆီကိုလည်း သတင်းစကားတစ်ခု
ပါးလိုက်ပါရစေဦး။ ငါနဲ့သူလည်း အပြီးအပြတ်တော့
ပြောပြီးကြပါပြီ။ ဒါပေမဲ့ ထပ်ပြောလိုက်ပါတယ်လို့။
လုံးဝမဖြစ်နိုင်တဲ့ ကိစ္စမျိုးကို ဇွတ်ရှေ့မဆက်စေချင်ဘူး၊
ခုတင်ကတည်းက ရပ်တန်းက ရပ်ပါတော့လို့။ ဟုတ်ပြီ
လား၊ ပြန်ပြောဖြစ်အောင် ပြောလိုက်ပါ၊ ဟော့ ... နေဦး၊
မင်းအမေတစ်ယောက်တည်း ရှောင်ရှားဆင်ခြင်လိုက်ရုံနဲ့
လည်း မပြီးသေးဘူးနော်၊ မင်းကိုယ်တိုင်ကလည်း အသိ
စိတ် ရှိပေးဖို့ပါ လိုလိမ့်မယ်၊ ဟုတ်ပြီလား၊ အေး ... သွား
လို့ရပြီကွာ"

မန်းမေက တိုင်းကျော် ရှေ့မှ ချာခနဲလှည့်ကာ
ထွက်ပြေးသွားပါသည်။ စစ်က တိုင်းကျော်နားသို့ ချက်ချင်းပင်
ရောက်ရှိလို့လာသည်။

"မန်းမေနဲ့ လေးလေးနဲ့ ဘယ်လိုကဘယ်လို သိကျွမ်းပြီး
ဘာတွေပြောနေကြတာလဲ"

"ဒီလိုပါပဲ၊ ဒါပေမဲ့ ငါပြောမယ်ကွာ စစ်၊ ငါတို့အမျိုးစာ
ရင်းထဲမှာတော့ အဲဒီသားအမိကို ပတ်ပတ်သက်သက် ဝင်
မလာစေချင်ဘူးကွာ။ ငါနဲ့ အဲဒီ'ယု'ဆိုတဲ့ ဂျလည်မကြီး

နဲ့ လုံးဝဆွေးနွေးပြီးပြီ။ မင်းအမေရော မင်းအဘွားပါ ရင်ကွဲနာကျပြီး သေကုန်ကြမယ့် အလုပ်မျိုးကိုတော့ မင်းရှောင်ပေးလိုက်ပါ ဖိုးစစ်ရာ။ မတန်ပါဘူးကွ၊ ငါ တောင်းပန်ပါတယ်"

"ဟာ ... ! ဘာတွေဖြစ်ကုန်တာလဲ၊ ဒီကိစ္စက လေးလေးနဲ့ဘာဆိုင်သလဲ"

"မင်း ... အဲဒီ 'ယု'ဆိုတဲ့မိန်းမရဲ့ရှေ့မှာ အညံ့ခံချင်တိုင်းခံပြီး ဒူးထောက်နေတာ ငါကိုယ်တိုင်တွေ့တယ် ဟေ့ကောင်။ မင်း ဒီအရွယ်အထိ ရောက်လာအောင် မင်းအဘွားနဲ့အတူ ငါကိုယ်တိုင်ပါ အုပ်ထိန်းလာခဲ့တာ။ မဆိုင်ဘူးဆိုတဲ့စကားတော့ မင်း မပြောနဲ့"

"ခု လေးလေးက မန်းမေကို ဘာတွေသွားပြောလိုက်တာလဲ"

"သူ့ဘာသာ လာနှုတ်ဆက်ပြီး မင်းပေါ်လာတာနဲ့ သူ့ဘာသာပဲ ထွက်ပြေးတာနော် ဟေ့ကောင်။ ငါ ဘာမှ အသည်းအသန် နင်ပဲငဆ ပြောမလွှတ်လိုက်ဘူး"

"ဒါပေမဲ့ သူ့အမေနဲ့ သွားဆွေးနွေးတယ် ဆိုကတည်းက လေးလေးတို့ဟာက ဘာအလုပ်လဲ။ ကျွန်တော်က ဒီလောက်မြီးကောင်ပေါက် ကလေးသူငယ်လေးလည်း မဟုတ်ဘူး။ သွားဆွေးနွေးတယ် ဆိုတော့ကော၊ ဟိုကသဘောကောင်းကောင်း ချိုချိုသာသာနဲ့ ဝဲ(လ်)ကမ်းပဲ လုပ်မယ့်အချိန်မှာ





လေးလေးဘက်က ဘာတွေ ဘယ်လောက် နိုင့်ထက်စီးနင်း၊ နှိမ့်နှိမ့်ချချတွေ လုပ်ခဲ့မလဲ။ ခုလိုပုံအတိုင်းဆို တွေးကြည့်လိုက်တာနဲ့ အသိသာကြီးပဲ။ သွားပါပြီဗျာ"

စစ်က ကားတံခါးကို ချိုင်းခနဲ ဆွဲဖွင့်ကာ ဂုန်းခနဲ ဝင်ထိုင်လိုက်ပြီး ခုနကထက်ပင် ပိုဆိုးသေးသည့် "ချိုင်း"သံကြီးနှင့် တံခါးကို ပြန်ဆောင့်ပိတ်လိုက်သည်။ တိုင်းကျော်မှာ တစ်သက်လုံး မလှုပ်မယှက်နှင့် အသံမထွက်တတ်သည့် တူတော်မောင်ရဲ့အဆောင့်အအောင့်များကို သက်ပြင်းတစ်ချက်နှင့်သာ ခံယူရင်း ကိုယ့်ဘက်ကပါ ပြန်ဆောင့်တယ် မဖြစ်ရအောင် တတ်နိုင်သလောက် အသံမထွက်စေဘဲ ကားထဲလိုက်ဝင်ထိုင်လိုက်ရပါသည်။

သွေးဆူတတ်တဲ့အရွယ်ကို ပိုဆိုးပြီး ထင်ရာစိုင်းမသွားစေချင်ရင် တတ်နိုင်သလောက် သည်းခံပြီး၊ လိုက်လျောသင့်တာမှန်သမျှကို အပြုံးမပျက်၊ အကြည်ဖြူမပျက် လိုက်လျောပေးနေဖို့က အုပ်ထိန်းသူကောင်း တစ်ယောက်ရဲ့ တာဝန်ပဲလေ။

ပြဿနာကတော့ အဆိပ်တက်နေတုန်းတော့ ဒီလိုပဲရှိမှာပေါ့။ နောင် ဒီ့ထက်ကြီးပြင်း အရွယ်ရောက်လာလို့ စဉ်းစားဉာဏ်ဦးနှောက် ပိုရှိလာတဲ့အခါ မင်း အရင်ဦးဆုံး ကျေးဇူးတင်ထိုင်ကန်တော့ချင်နေမှာက ငါ့ကိုပဲ ဖိုးစစ်ရေ။

စစ်တို့ကား ထွက်သွားသောအခါ တစ်နေရာကနေချောင်းပြီး ပြန်ကြည့်နေသည့် မန်းမေတစ်ယောက် မျက်ရည်ပူကြီးတွေ အလုံးလိုက်၊ အပေါက်လိုက် စီးဆင်းကျလာပါတော့သည်။

မေမေ့အတွက် ကျလိုက်မိတဲ့ မျက်ရည်လား။ ကိုယ့်ကိုယ်ကိုယ် အတွက် ကျရတဲ့ မျက်ရည်လား။ မန်းမေမှာ မဝေခွဲနိုင်တော့ပါ ပြီ။

ဦးတိုင်းကျော် ဆိုတဲ့ လူကြီးဟာ ခုချိန်မှာ ကိုစစ်ကို ဘာတွေပြန်ပြောနေတော့မလဲ။ ဝေးကြရပြီ ထင်ပါရဲ့ ကိုစစ်ရယ်။ မေမေ့သမီးဖြစ်တဲ့ မန်းမေလည်း တစ်စခန်းရပ်တဲ့ ဇာတ်လမ်းတစ်ခု ကို ဟန်မပျက် ရင်ဆိုင်ကြည့်ဖို့ပဲ ရှိတော့တာပေါ့။ မေမေရော မန်းမေပါ ဘာကြောင့် အဲဒီလောက် ကံမကောင်းကြရတာတဲ့လဲ။

✦❤✦





ဒေါ်မြတ်ဦးမှာ ဒီကောင်ကလေးနဲ့ ကြုံတောင့်ကြုံခဲ၊ ဆုံတုန်းဆုံခိုက် ကိုယ့်အတွက် အကျိုးရှိအောင် တစ်ခုခုတော့လုပ် သွားဦးမှဟု ဆုံးဖြတ်လိုက်မိပါသည်။ ခမည်းခမက်ဖြစ်သူရဲ့ ဘုရားကိုးဆူပွဲကို တစ်ယောက်တည်း ရောက်လာတဲ့ ဒေါ်မြတ်ဦး က သမီးနဲ့သမက်ဖြစ်သူတို့နဲ့ မဆုံသေးခင်မှာ သမက်ဖြစ်သူရဲ့ ဘုတော်မောင်ကလေးနဲ့ အရင်ဆုံလိုက်ရတာ ကံကောင်းလေစွဟု ပင် စိတ်ထဲမှာ တွေးမိသည်။

တကယ်တမ်း ပြောရရင်တော့ လူကြီးတစ်ယောက် ဘန်မဲ့ပဲပြောပြော၊ ဒီကောင်လေးကို ဒေါ်မြတ်ဦးက စိတ်ထဲသိပ် ကြည်လင်လှ၊ ကြည့်ရလှတာ မဟုတ်ပါ။ သမက်ဖြစ်သူရဲ့ဦးစား ပေးသည်းသည်းလှုပ်မှုကို (သမီးကိုယ်စား) အမြင်ကတ်ရတာက တစ်ကြောင်း။ ကလေးမှာတော့ အပြစ်မရှိပေမယ့် သူ့အမေက သမက်တော်ရဲ့ ငယ်ချစ်ဦး ဖြစ်နေကာ သမီးဖြစ်သူရဲ့ စိတ်သေ ပွေကို ထိခိုက်စေနေတဲ့အပြင် ဝင့်ဝါမာန်ထည်လှတဲ့အတွက် အမေ လုပ်သူကို ကြည့်မရတာကလည်း တစ်ကြောင်းပေါ့လေ။

အရင်ကတော့ လူငယ်နဲ့လူကြီးဆိုတော့ ပတ်သက် စရာလည်း သိပ်မရှိလှတာနဲ့ တွေ့ဆုံရင်တောင် ခပ်ကင်းကင်း နေခဲ့သည်။ ခုတော့ ကိုယ့်လိုဘကြီးတစ်ခုနဲ့မို့ တွေ့တုန်းကြုံတုန်း လေးမှာ မရ,ရအောင် စကားစပ်၊ သတင်းနှိုက်ကြည့်လိုက်ရဦးမည်။ သမီးဖြစ်သူအတွက် ကိုယ်ချင်းစာ စိတ်ပူပန်လှ သမက်ရဲ့အခြေအနေ သတင်းပလင်းတွေကို ဝိုင်းနားစွင့်စုံစမ်း ချင်ပါသော်လည်း ကိုယ်က စိတ်သွားတိုင်းကိုယ်မပါ၊ မစွမ်းသာ တော့တဲ့ အသက်အရွယ်ကို ရောက်နေပြီ မဟုတ်လား။ ကြုံတုန်း အကျိုးရှိနိုင်ပါမှ တန်ကာကျတော့မှာလေ။

စစ်ကတော့ အနားသို့ ပြုံးပြုံးကြီး ကပ်လာသော အဘွားကြီးကို လူမှုရေးအရပင် ပြန်ပြုံးမပြချင် ဖြစ်နေချိန်မို့ ခပ် တည်တည်သာ ဆီးကြိုလိုက်ပါသည်။ စစ်က ဦးလေးဖြစ်သူကို အကြီးအကျယ် မကျေမနပ်နိုင်တွေဖြစ်ကာ စိတ်နာနေချိန်ဖြစ်သည်။ ဟိုတစ်နေ့ကစလို့ သင်တန်းသို့ လုံးဝ၊ တစ်ရက်မှ ပေါ်မလာတော့ သည့် မန်းမေနှင့် ရုတ်တရက် အဆက်ပြတ်သွားရတဲ့ အဖြစ်က ဦးလေးတော်ဘုရားရဲ့လက်ချက် မဟုတ်လို့ ဘယ်သူ့လက်ချက် ဖြစ်နိုင်ရမလဲ။

သင်တန်းက အုပ်ချုပ်သူတို့ စာရေးတို့ကလည်း မန်းမေရဲ့လိပ်စာလေး၊ ဖုန်းနံပါတ်လေးလောက် သွားမေးမိတာကို ပဲ ဖောက်ခွဲရေးသမား၊ (terrorist)အကြမ်းဖက်သမားတစ်ယောက်





တွေ့ရသလို အပြင်းအထန် ငြင်းဆန်၊ ကာကွယ်၊ ပုတ်ထုတ် ဒါနေကြတာမို့ စစ်ခမျာ မန်းမေနဲ့ ပတ်သက်လို့ ဘာသတင်း အနမှ မရတော့ဘဲ တကယ့်ကို စုပ်စုမြုပ်စကို ဖြစ်နေရတော့ ပါ။

"သားရေ ... ဘွားဦးလည်း သားနဲ့တောင် တစ်ခါမှအေး အေးဆေးဆေး စကားပြောဖူးတယ်ရယ်လို့ မရှိဘူး။ သား ကလည်း ကိုယ့်ပညာရေးတွေ ကိုယ့်အလုပ်တွေနဲ့ လုံးချာ လည်နေ။ ဘွားဦးတို့ကလည်း လူကြီးတွေဆိုတော့ အိမ်ထဲ ကအိမ်ပြင် သိပ်မထွက်ဖြစ်တာနဲ့ပဲ အရေးအကြောင်းမရှိ ရင် ကိုယ့်ခမည်းခမက်ချင်းတောင် တစ်လနေလို့မှ တစ်ခါ မဆုံဖြစ်ကြတာ။ ဒါပေမဲ့ ဘွားဦးမှာကကျတော့ ကိုယ့်ဘက် မှာကလည်း မြေးအရင်းအချာရယ်လို့ တစ်ယောက်မှကို မရှိတော့ သားကိုပဲ မောင်တိုင်းကျော်ရဲ့တူကလေး သားက လေးဆိုတော့ ကိုယ့်မြေးလေးပဲပေါ့လို့ စိတ်ထဲကမှန်းပြီး ခင်တွယ်နေရတာကွယ့်၊ သိလား လူလေး၊ အေး ...အေး"

စစ်က ဒေါ်မြတ်ဦးကို မသက်မသာနှင့် အကဲခတ်နေ သည်။ ဦးလေးဖြစ်သူရဲ့မိန်းမ၊ စိတ်ပျက်စရာ ကောင်းလှတဲ့ ဒေါ်ကျော့စန္ဒာရဲ့အမေ၊ ဒီအဘွားကြီးသည်လည်း သူ့သမီးနည်းတူ အရင်အခါတွေတုန်းကတော့ စစ်ကို နေရင်း ထိုင်ရင်း ကြည့်မရ၊ ဖော်လိုနေတတ်သူ တစ်ယောက်ပဲ မဟုတ်ဘူးလား။

"ဘွားဦးနဲ့ သားနဲ့ ကြုံတုန်း အေးဆေးစကားပြောကြတာ ပေါ့။ အဘွားတို့မှာက ဒီသမက်တွေ၊ ဒီမြေးတွေပဲ အားထိုး စရာ၊ ခင်တွယ်စရာ ရှိတာကလား"

ဒေါ်မြတ်ဦးမှာ သတင်းပေး ဒေါ်စိန်ချစ်ဆီက ကြား ထားရတဲ့ "မောင်တိုင်းကျော်နဲ့ အမျိုးသမီးတစ်ယောက်နဲ့ ဘာ လိုလို"ဆိုတဲ့ သတင်းကို ဘယ်ကစလို့ ဘယ်လိုမေးကြည့်ရပါမ ခေါင်းထဲမှာ အပြင်းအထန် အကြံထုတ်လျက် ရှိပါသည်။ ဒီကောင် လေးရဲ့အမေလုပ်သူကိုလည်း စိတ်ထဲမှာ သိပ်သက်ာလှတာတော့ မဟုတ်ပေမယ့် "နှင့်ဦးလေးနဲ့ မကောင်းရာမကောင်းကြောင်းဖြစ်နေတဲ့ သူဆိုတာ နှင့်အမေလားဟဲ့"လို့တော့ ဘယ်လိုလုပ် မေးယူလို့ရ မလဲ။ လိမ္မာသလိုပဲ စကားစကို ကွေ့ဝိုက်လှည့်ပတ်ပြီး နှိုက်ထုတ် ကြည့်ရမည်။

"အဘွားစိတ်ထဲမှာ သမက်နဲ့ပတ်သက်ပြီးတော့ သမက်ရဲ့ ဆွေမျိုးအသိုင်းအဝိုင်းကို အားကိုးမယ်လို့ ကြံထားရင်တော့ အဲဒီအကြံကို အဘွားရဲ့ခေါင်းထဲကနေ စောစောစီးစီးပဲ ထုတ်ထားလိုက်ပေတော့"

လူကြီးက ချိုသာပျော့ပျောင်းနေပေမယ့် စိတ်ခုနေ သည့် စစ်က ဘုပဲပြန်တောလိုက်ပါသည်။ စစ်ရဲ့ မယဥ်ကျေးလှ တဲ့ အပြုအမူမှာ ဒေါ်မြတ်ဦးဟာ အံ့အားသင့် စိတ်တိုသွားရမယ့် အစား မျက်လုံးကြီးပြူးသွားမိအောင်ပဲ စိတ်ဝင်စားသွားမိကာ _





"ဟော ... ဘာကြောင့်လဲ ! ဒီသမက်က အားကိုးလို့မရ နိုင်ဘူးလား။ မင်း ... မင်း ... မင်းဦးလေးအကြောင်း ဘာတွေသိထား ကြားထားလို့လဲ"

ဒီအတွေးတစ်ခုပဲ ခေါင်းထဲမှာရှိနေတဲ့ ဒေါ်မြတ်ဦး မှာ သွယ်ဝိုက်လှည့်ပတ်နေဖို့တွေ၊ ဝက်ဝုတ္တိတွေ၊ စကားချီးတွေ ကို ဂရုမစိုက်နိုင်တော့ဘဲ စိတ်နောက်ကိုယ်ပါနှင့် အဖြေပါနေပြီး သား မေးခွန်းမျိုးကိုပဲ လှစ်ခနဲ ထုတ်မေးလိုက်မိပါပြီ။ ဒေါ်မြတ်ဦး ရဲ့ ဆိတ်လန့်တကြား ပြူးတူးပြဲတဲဟန်ပန်ကြောင့် စစ်က ခပ်မဲ့မဲ့ တစ်ချက် ကျိတ်ပြုံးလိုက်မိတော့သည်။

ဩော် ... ဒီလိုလား။ ဒီအဘွားကြီးဟာလည်း သူ့ သမီးလိုပဲ အလကားနေရင်း ဒီသမက်တစ်ယောက်ကိုပဲ စိတ်မချ လက်မချနဲ့ မယုံစားနိုင် ဖြစ်နေတာကိုး။ ပုံမှန်အချိန်ဆိုရင်တော့ ဦးလေးဘက်ကလိုက်ကာ စိတ်ပျက်စရာကောင်းရမယ့် အခြေ အနေ ဖြစ်ပေမယ့်၊ အဲဒီဦးလေးကို မကြည်မလင် ဖြစ်နေရချိန်မျိုး မှာတော့ ဒါဟာ အခွင့်ကောင်းတစ်ရပ်ပင်။

"အဘွားရယ် ... ယောက်ျားပဲ၊ ဒီလောက်တော့ ရှိမှာပေါ့"

"အို ... တန်ဖိုးမရှိတဲ့ စကားလှေးမျိုးကို မပြောချင်စမ်း ပါနဲ့ကွယ်၊ ကလေးဆိုတာ လူကြီးထက် အများကြီးပိုပြီး ရိုးသားဖြောင့်မတ်လေ့ရှိတာ အဘွားသိပါတယ် ငါ့မြေးရဲ့။ ပြောစမ်းပါ၊ သားသိထားတာတွေကို ပွင့်ပွင့်လင်းလင်းသာ အဘွားကို ပြောပြစမ်းပါ"

"ကိုယ်ပေါင် ကိုယ်လှန်ထောင်းရမယ့် အလုပ်မျိုးပဲ"

"ဒါပေမဲ့ အဖြစ်မှန်တွေကို ဖုံးဖိထားရင် ငရဲကြီးတတ်တယ်ကွယ့်။ လူကြီးသူမ တစ်ယောက်ကို ကူညီတာကတော့ ကုသိုလ်ရပါတယ်ကွယ်။ ကဲ ... ပြော၊ မင်းဦးလေးဟာ ခြေမငြိမ်တော့ဘူး မဟုတ်လား။ မိန်းမတစ်ယောက်နဲ့လို့ သတင်းရထားတယ်လေ။ အဲဒါ ဘယ်သူလဲ၊ ငါ့သားသိတာတွေ အဘွားကို အကုန်ပြောပြစမ်းပါ"

"ကြားတော့ ကြားတာပဲ"

"အေး ... အဲဒါ ဘယ်သူလဲ၊ လူသိထဲကတော့ မဟုတ်ဘူး မဟုတ်လား"

ဒေါ်မြတ်ဦး၏ တွက်ကိန်းမှာ"သူ့အမေနဲ့လို့သ
သတင်းပျံ့နေရင် ဒီကောင်လေးဟာ ဒီလောက်ထိအောင်တော
စကားစထွက်လာမှာ မဟုတ်ဘူး"ဟူ၍ပင်။ စစ်ကတော့ ကိုယ်
စပြီး မဟုတ်တာကြီးကို လီဆည်နေတာမဟုတ်။ အဘွားကြီးရဲ့
"လမ်းကြောင်းပြမေးခွန်း"(Leading questions)တွေကိုပဲ အသ
မေးလိုက်သွားရုံနဲ့ ဦးလေးလုပ်သူကို ကောင်းကောင်းအကြောင်
ချောက်ချနိုင်မှာမို့ အင်မတန် ကျေနပ်အားရလို့နေသည်။

"သား ... တွေ့ကော တွေ့ဖူးလား"

"ခပ်လှမ်းလှမ်းကပါ"

"ဟုတ်ပြီ၊ ဘယ်လိုပုံထဲကလဲ၊ ငယ်ငယ်ရွယ်ရွယ်ပေါ
စနီး ပေါက်စနလေးတွေများလား"





"အဲဒီလိုတော့လည်း မဟုတ်ပါဘူး၊ အရွယ်လတ်ပေါ့"

"သေချာပြောပြပါ သားရယ်၊ အဘွား ရင်တွေပူလိုက်တာ"

စစ်မှာ ပါးစပ်ထဲတွေ့ရာ ပေါ်ရာ ပေါက်တတ်ကရတွေကို မျိုးစုံ လျှောက်ပြောနေရင်းက ကိုယ့်နှုတ်ဖျားထက်မှာ ပုံဖော်နေမိသူဟာ "ကိုယ်က မင်းသူငယ်ချင်း မန်းမေရဲ့အမေလေ"ဟု မျက်စချီကာ နှုတ်ဆက်သွားခဲ့တဲ့ ဒေါ်ယုယု ဆိုသူရဲ့ပုံ ဖြစ်မှန်းမသိ ဖြစ်နေတာကို ကိုယ့်ဘာသာ ပြန်သတိထားလိုက်မိပါသည်။

သရီးကွာတား ဂျင်းဘောင်းဘီကလေးလောက်နဲ့ အရွယ်ကသေးသေး၊ နုပျိုစိုဖပ်နေသူ မိန်းမလှတစ်ယောက်ဟာ ဘယ်လိုမှ မထင်မှတ်လောက်ချင်စရာ "မန်းမေရဲ့မိခင်"ပါတဲ့။ ဦးလေးတော်ဘုရားကတော့ "မိန်းမလည်သိန်းကြွယ် ဂျလည်မကြီး" လို့ကို ပစ်ပစ်နှစ်နှစ် ဝေဖန်စွပ်စွဲခဲ့တာပါ။ ကိုယ်မြတ်နိုးမိရသူရဲ့ မိခင်တစ်ယောက်ကို အဲဒီလိုကြီး ပြောတာတော့ မနှစ်လိုမိပေမယ့် အဲဒီ ဒေါ်ယုယုဟာ သူနဲ့စကားယှဉ်ပြောကြည့်တာနဲ့တင် လူတစ်ဖက်သားကို မလှုပ်နိုင်အောင် အပိုင်ချည်ကိုင်ထားနိုင်မယ့်သူမျိုး ဆိုတာတော့ စစ်ကိုယ်၌က (ထိတ်လန့်တကြားနဲ့ပင်) လက်ခံလာခဲ့ရတာပဲ မဟုတ်လား။

စစ်ရဲ့စကားဆုံးတော့ ဒေါ်မြတ်ဦးရဲ့ မျက်နှာက အတော်ကြီးကို ပျက်ယွင်းနေခဲ့ပြီ။

"အို ... ဒီလိုသာဆိုရင် အတော်လည်လည်ဝယ်ဝယ် ဆိုတဲ့ ပုံမျိုးထဲကပေါ့"

ဒီအဘွားကြီးက ဦးလေးလုပ်သူကို "မင်းတူက ဒါ မျိုးပြောလိုက်တယ်ကွယ့် မောင်တိုင်းကျော်ရဲ့"ဟု သွားပြသနာ ရှာမည်ဆိုလည်း စစ်ကတော့ မမှုပါ။ ဦးလေးလုပ်တဲ့သူပဲ ပြော ခဲ့တာပဲလေ။ "အဲဒီမိန်းမနဲ့ ငါနဲ့ လုံးဝဆွေးနွေးပြီးပြီ"ဆို။ ဆွေး နွေးတယ် ဆိုမှတော့ အနည်းဆုံး တစ်ခါလောက်တော့ မျက်နှာ ချင်းဆိုင် တွေ့ဆုံဖူးရမည်ပဲဖြစ်ရာ "အဲဒီလိုပုံသဏ္ဍာန်ရှိတဲ့ မိန်းမ တစ်ယောက်နဲ့တွဲပြီး တွေ့ပါတယ်"ဆိုတာ လုံးဝမဟုတ်တမ်းတရား စကားမျိုးတော့ မဟုတ်တော့ဘူးလေ။

ရှင်းပေတော့ပေါ့၊ သူ့မိန်းမရဲ့ပြဿနာပေးမှုတွေကို ဘဝနဲ့ရင်းပြီးတော့တောင်မှ ခံနေရပါတယ်ဆိုတဲ့ ဦးလေးဟာ မိန်းမနဲ့ မနီးရိုးစွဲပဲဖြစ်တဲ့ ယောက္ခမကြီးနဲ့လည်း ရှင်းလေ၊ ရအောင် ရှင်း။ ဘာမှမဟုတ်တဲ့ကိစ္စမို့ အဖြစ်မှန်ကို ပြေလည်အောင် ပြန် ရှင်းနိုင်တယ် ဆိုရင်တောင်မှ ဒီလိုအဘွားကြီးမျိုးနဲ့ ဦးလေးဟာ အတော်ကြီးတော့ စိတ်မချမ်းမသာ ဖြစ်လိုက်ရမည်။ နောင်အရှည် သဖြင့်အတွက်လည်း မယုံကြည် မသင်္ကာတွေ ဆက်ရှိကာ စိတ် အနှောင့်အယှက်တွေ ထပ်ရချင် ရနိုင်သေးသည်။ ခံပေါ့။ ခံလိုက်။

"ကျေးဇူးတင်လိုက်တာ" သားရယ်၊ ဒီအကြောင်းတွေကို သားဆီက သိရတယ်လို့ မင်းဦးလေးကို အဘွားက ပြန်မ ပြောပါဘူး၊ နောင်လည်း သား ဘာပဲထပ်သိသိ အဘွားကို အကြောင်းကြားပေးနော် သား။ ရော့ ... အဘွားဖုန်းနံပါတ် လေး ယူထား"





နေနှင့်ဦးပေါ့ တေိုင်းကျော်ရယ်။ ခပ်ရိုင်းရိုင်းပြော ရင် "အရူးမကို လင်တော်"နေရတဲ့ သမက်မို့ ဒေါ်မြတ်ဦးက ျေးဇူးတွေချည်း လှိမ့်တင်နေခဲ့ရတာ။ ခုကျတော့ သင်းက ည်းခံ့ပေါင်းနိုင်လှပြီလား မှတ်ပါတယ်၊ တစ်ဖက်မှာ သူလုပ် ျင်တိုင်း လုပ်ခွင့်ရနေလို့ကိုး။ ဒါမျိုးတော့ "ငါအရွယ်အိုပြီ"လို့ ေါ်မြတ်ဦးတို့က ဘယ်ငြိမ်ခံနေပါ့မလဲ။ ကိုယ်လည်း နာမည်တစ် း်နဲ့ တစ်သက်လုံး ခေါင်းမော်နေလာတာပဲဟာ့။ အကြောင်းက ောဘ့ ပြရဦးမှာပေါ့လေ။

ထိုအခိုက်မှာ ယောက္ခမဟောင်းဖြစ်သူရဲ့ ဘုရားကိုး ဆုပွဲသို့ သားဖြစ်သူနဲ့လည်း တွေ့ဆုံရန်အတွက် ဒေါ်ပုလဲက ရောက်ရှိလာပါသည်။ အိမ်ထဲရောက်ရောက်ချင်း မြင်လိုက်ရတဲ့ မြင်ကွင်းကတော့ မျက်လုံးပြူးကြီးတွေ တဝင်းဝင်းတလက်လက် နဲ့ အဘွားကြီးတစ်ယောက်ဟာ အရွယ်နဲ့မှမမျှအောင် ထက်သန် နေတဲ့ဖောတွေ၊ သန်မာနေတဲ့ အားတွေနဲ့ သားဖြစ်သူရဲ့လက် ကောက်ဝတ်ကို သူ့လက်ချောင်းပိန်သေးသေးတို့နဲ့ တအားကြီး ချစ်ညှစ်ဆုပ်ကိုင်ထားခြင်းတည်း။

ဒေါ်ပုလဲမှာ မိုက်ခနဲ၊ ပြာခနဲပင် ဖြစ်ချင်သွားရကာ အဲဒီစားပွဲရှိရာဆီထိ အမြန်ဆုံးပြေးချသွားလိုက်ရင်း ...

"လွှတ် ... လွှတ် ... အန်တီ၊ ဒါဘာလုပ်တာလဲ၊ စိတ် ထိန်းဦးမှပေါ့ရှင့်"

ဒေါ်မြတ်ဦးရော စစ်ပါ အုံအားတသင့်တွေ ဖြစ်ကုန်ကြရပါသည်။ ဒေါ်ပုလဲကတော့ မျက်လုံးကြီးကို ကြည့်လိုက်တာနဲ့ ကြောက်စရာကြီး ဖြစ်နေတဲ့ အဘွားကြီးရဲ့လက်ထဲကနေ စစ်တစ်ယောက် အမြန်ဆုံး လွတ်မြောက်နိုင်ဖို့ကသာ အရေးကြီးနေသည်။ အဘွားကြီးရဲ့လက်နှစ်ဖက်ကို စစ်ရဲ့လက်တွေကနေ အတင်းပဲဆွဲဖြုတ်ပစ်နေရင်း ...

"ကျွန်မကို ပေါက်ကရလျှောက်ပြော၊ ပေါက်ကရကြံစည်ချင်ရုံနဲ့ မလုံလောက်သေးဘူးလားရှင်၊ ကလေးက ဘာဆိုင်လို့တုန်း"

"ဟဲ့ ... ဘာဖြစ်တာလဲ၊ အလိုလေးလေး ... နာလိုက်တာ။ ညည်း ဘယ့်နှယ်လုပ်လိုက်တာတုန်း။ ဘာကိစ္စ ငါ့လက်တွေကို လာလိမ်ချိုးနေရတာလဲ။ ကျွတ် ကျွတ် ... ဘုရား ... ဘုရား ... ညည်း စိတ်မှမှန်သေးရဲ့လား မပုလဲရယ်၊ ဟင်"

"အို ... စိတ်မမှန်တာက ဘယ်သူလဲဆိုတာ လူတိုင်းသိပါတယ်"

ဒေါ်ပုလဲက ဒေါ်မြတ်ဦး လက်ထဲမှ လွတ်သွားသည့် စစ်ကို ခပ်ဝေးဝေး ထွက်သွားရန် တွန်း,တွန်းပြီး လွှတ်လိုက်သည်။ စစ်မှာ နောက်ပြန် နောက်ပြန် ပုံစံနဲ့ ယိုင်နေရင်းက ...

"မေမေ ... ဘာဖြစ်တာလဲ"

"အဲဒီမိန်းမကြီးက စိတ်မမှန်ဘူး သား၊ မင်းအတွက် အန္တရာယ် ရှိနိုင်တယ်၊ အခု မင်းကို သူ ဘာလုပ်ပြီးပြီလဲ"





ဒေါ်ပုလဲ ပြောလိုက်သည့် စကားကတော့ (လူမှုရေးအရ) ခပ်တိုးတိုးသာ ဖြစ်ပါသည်။ သို့သော် စိတ်ဆောင်နေသည့်အတွက် ဒေါ်မြတ်ဦး ပြန်ကြားသွားနိုင်ရုံလောက်တော့ ကျယ်နေပါသည်။

"ဘာဖြစ်တယ် ... !"

"အန်တီ ... တိုးတိုးလုပ်ပါ၊ လူလယ်ကောင်ကြီး စိတ်ထိန်းမှပေါ့"

"ညည်းသာ ထိန်းပါလားဟဲ့၊ စိတ်မမှန်တာက ငါမှမဟုတ်တာ၊ ညည်း ... ညည်း"

ဒေါ်ပုလဲမှာ "ဒီအဘွားကြီး စစ်ရဲ့လက်ကို ဆုပ်ကိုင်ဖမ်းချုပ်ပြီး ထက်ထက်သန်သန်တွေ ဖြစ်နေတာ၊ မဟုတ်မှလွဲရော ငါနဲ့ သူ့သားကို သဘောတူတယ်၊ စီစဉ်ချင်တယ်လို့ စစ်ကိုပါ လျှောက်ပြောနေတာ ဖြစ်မှာပဲ"ဟု တွေးလိုက်မိပါသည်။ ပြောပြီးသွားပြီဆိုရင်လည်း သားတော်မောင်က ဖွေလီကာလီတွေ လျှောက်တွေးကာ သို့လော ဤလော မဖြစ်ရအောင်၊ ပြောဖို့ကြိုးစားနေတုန်းဆိုရင်လည်း ကိုယ်ကအရင် ကြိုပြောပြထားလိုက်မှသာ သားလုပ်တဲ့သူက ဒီအဘွားကြီးက စိတ်မမှန်ရှာလို့ပဲဟု ကြိုသိသွားရအောင် ...

"စစ် ... အဲဒီမိန်းမကြီးက မေမေ့ကို သူ့သားနဲ့ အတင်းလိုက် သဘောတူနေတယ်၊ အဲဒါ သူ့စိတ်အခြေအနေကို မင်းပဲ တွေးကြည့်ပေတော့"

"အမယ်လေး … မြတ်စွာဘုရား၊ မကြားဝံ့ မနာသာ ညည်း … ညည်း … တကယ်စိတ်မမှန်တော့ဘူးကိုး။ သူ့လို အိမ်ထောင်လက်ရှိ ခုနစ်အို ရှစ်အိုနဲ့ ငါ့သားနဲ့ … ဘုရား … ဘုရား"

ဒေါ်မြတ်ဦးနှင့် ဒေါ်ပုလဲတို့ တစ်ယောက်နဲ့ တစ်ယောက် အပြန်ပြန် အလှန်လှန် စိုက်ကြည့် အကဲခတ်နေကြပါသည်။ ပုလဲမှာ ကိုယ့်ကို "ခုနစ်အို ရှစ်အိုကြီး"ဟု ပြောလိုက်တာကိုမှ စိတ်မနာနိုင်။ "ငါ့ကို အလကားနေရင်း သဘောတူပါတယ်တွေ ဘာတွေ လာဖြစ်နေတာ သူ မဟုတ်ဘူးဆိုရင် တကယ့်တကယ် စိတ်မမှန်တာက ဒီအဘွားကြီးမဟုတ်ဘဲ သူ့သားပဲ ဖြစ်နေနိုင်တာပေါ့"ဟု တွက်နေမိပါသည်။

ဒါဆိုရင်လည်း ဘာဖြစ်လို့ လူကြားထဲမှာ စစ်ရဲ့လက်ကို အတင်းဆုပ်ကိုင် ဖျစ်ညှစ်ပြီး တစ်ခုခုကို ဖောတွေထက် သန်နေတဲ့ ပုံမျိုးကြီးနဲ့ ဖြစ်နေရတာလဲ။ စစ်ဟာ အဲဒီလိုပတ်သက်ရာ ပတ်သက်ကြောင်း၊ မကောင်းရာ မကောင်းကြောင်းတွေနဲ့ ဖက်လှဲတကင်း၊ အရောတဝင် ဆက်ဆံခေါ်ပြော နှုတ်ဆက်တတ်တဲ့လူငယ်မျိုး မဟုတ်ဘူးလေ။

ဒေါ်မြတ်ဦးမှာတော့ ပုလဲကို ကြည့်နေရင်း ကြည့်နေရင်းပင် ကျောထဲကတောင် စိမ့်တက်လာရပါသည်။ သမီးဖြစ်သူ ပြောပြောနေတဲ့ "ဒီဘက်မလည်း ဖနီးငုတ်တုတ်၊ သူ့ဘက်မလည်း ခင်ပွန်းငုတ်တုတ်နဲ့ အနေအထိုင်က တစ်ဆိတ်ကလေးမှ





ဆင်ခြင်ဘူး"ဆိုတာ လော်လီဖောက်ပြားစိတ်ရှိတာ၊ ဆိုရှယ်ကျချင်တာ၊ ပတ်ဝန်းကျင်ကို ဂရုမစိုက်တတ်တာတွေထက် လက်စသတ်တော့ စိတ်က ကယောက်ကယက်နဲ့ မမှန်ရှာလို့ ကောင်းမှန်းသိ၊ ဆိုးမှန်းမသိ နေချင်သလိုနေ,နေတာမျိုးများ ဖြစ်နေမလားလို့ပါ တွေးမိလာသည်။ စိတ်မမှန်တာ မဟုတ်ရင်တော့ ငါ့ကို လူကြားထဲမှာ ပြောချင်ရာတွေပြောပြီး ပေါ်တင်အတိအလင်း ဘိုက်ခိုက်ချင်တာ ဘာကြောင့်လဲ။

ဒေါ်မြတ်ဦးက စစ်နဲ့ ပုလဲတို့ကို ချာခနဲ ကျောခိုင်းကာ လှည့်ထွက်လိုက်ပါသည်။ အိမ်ပေါက်ဝအထိပါ မြန်မြန်ဆောက်လျှောက် လှမ်းလာခဲ့တဲ့လမ်းမှာ ခမည်းခမက်ချင်း မျက်နှာချင်းဆိုင်မိနေသော်လည်း အရှိန်က မလျော့၊ မျက်နှာက မပြင်နိုင်တော့ပါ။ တိုင်းကျော်ရဲ့မိခင်၊ စစ်ရဲ့အဘွားခများ ဒေါ်မြတ်ဦးရဲ့ ကြောင့် အံ့အားသင့် အံ့သြကာသာ ကျန်ရစ်ရပါသည်။

ဒေါ်မြတ်ဦးတစ်ယောက် ခြံထဲရောက်ရောက်ချင်း ကိုယ့်အိမ်ကကားဆီ ကိုယ်လှမ်းမသွားနိုင်သေးခင် သမီးနှင့် သမက်ဖြစ်သူတို့နှင့် အရင်ဆုံပါသည်။ ကျော့စန္ဒာနှင့် တိုင်းကျော်တို့က "အမေဦး"ဟု သံပြိုင်ပဲ နှုတ်ဆက်လိုက်ကြစဉ် …

"သမီး … သူ့မရီးယောင်းနဲ့ ဘာပြဿနာမှ သွားမလုပ်မိစေနဲ့။ အဲဒီမိန်းမက အင်မတန်ရိုင်းစိုင်းတဲ့သူ ဖြစ်ချင်ဖြစ်။ ဒါမှမဟုတ်ရင်တော့ သွက်သွက်လည်နေတယ်။ မောင်တိုင်းကျော် … မင်းနဲ့ ငါနဲ့လည်း စာရင်းရှင်းစရာ ရှိသေးတယ်။

သမီးကိုလည်း အိမ်ထဲမှာရှိနေတဲ့ အရူးမနဲ့ စိတ်မချဘူး။ ဒီတော့ မင်းတို့လင်မယား ကားပေါ်ပြန်တက်ပြီး ငါ့ကား နောက်က တစ်ခါတည်း ပြန်လိုက်ခဲ့ကြပေတော့။ ကြားတယ် နော် ... အေး"

တိုင်းကျော် ခမျာ ပါးစပ်အဟောင်းသားကြီး ဖြစ်သွားချိန်၌ ကျော့စန္ဒာက "ကိုကို ... ဘာတွေ မဟုတ်တာတွေ လျှောက်လုပ်ထားလို့လဲ"ဟု တိုင်းကျော်ရဲ့ဗိုက်ခေါက်ကြီးကို အားပါးတရကြီးပင် လိမ်ဆွဲပစ်လိုက်လေသည်။

✦❤✦





## ၃

"အန်တီ ... ဘယ်လိုမှ မထင်ပါနဲ့၊ ကျွန်တော့်ကို ခွင့်ပြုပါ ကျွန်တော် မန်းမေနဲ့ တွေ့ချင်လို့ပါ၊ မန်းမေနဲ့အဆက်အသွယ်မရတော့လို့ ကျွန်တော် အခု အရမ်းစိတ်ထိခိုက်နေရပါတယ်၊ သူ ကျွန်တော့်ကို တမင်ရှောင်နေတာများလားမသိဘူး။ အဲဒီလို ဆိုရင်တော့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ သူ ဘာကိုစိတ်တိုသွားတယ်၊ စိတ်မကောင်း ဖြစ်သွားတယ်ဆိုတာ ကျွန်တော် သိခွင့်ရပြီး ဖြေရှင်းခွင့်လည်း ရမှဖြစ်မှာမို့ပါ"

ယုက ညှိုးငယ်နေတဲ့မျက်နှာနဲ့ တောင်းပန်ခယသလိုရှိနေတဲ့ ကောင်လေးကိုကြည့်ကာ "ဘာဆက်လုပ်ရမလဲ၊ ဘယ်လိုဆုံးဖြတ်ချက် ချရမလဲ"ဆိုတာတွေကို အပြင်းအထန်နဲ့ အမြန်ဆုံးတွက်ချက်ဆုံးဖြတ်နေမိပါသည်။ ဒီကောင်လေးနဲ့ မန်းမေတို့ရဲ့ရင်ထဲက ခံစားချက်ကိုယ်စီကို အတွေ့အကြုံရှိသူပီပီ အတိအကျ

အကဲခတ် သိရှိနိုင်ပြီး ဖြစ်လေတော့ ယုရဲ့ဆုံးဖြတ်ချက်တို့အတွက် အဖြေက ရှုတ်တရက် ထွက်မလာနိုင်ဘဲ ရှိနေရသည်။

ဒီကောင်လေး ခံစားနေရသလိုပဲ ယုရဲ့သမီးလေး မန်းမေ ခမျာလည်း အတော်ကြီးကို ခံစားနာကျင်နေရတာလေ။

"မေမေ ... သူ့အဖေက မေမေနဲ့ သူနဲ့လည်း ရှေ့ဆက်မပတ်သက်ကြတော့ဘူး။ မန်းမေကိုလည်း သူနဲ့ လုံးဝထပ်မပတ်သက်ပါနဲ့တော့လို့ ပြောလိုက်ပါတယ်။ မန်း ... မန်းမေက အဲဒီဦးလေးကိုလည်း အပြစ်မတင် စိတ်မနာပါဘူး မေမေ။ ဘယ်လိုမှ လူကြားလို့မကောင်း နိုင်တဲ့ ဇာတ်လမ်းမျိုးကို သူ ရှေ့မဆက်ချင်တာ သမီးနား လည်ပါတယ်၊ လက်ခံသဘောပေါက်ပေးနိုင်ပါတယ်"

ဟန်မဆောင်တတ်သူလေးပီပီ တပူပူ တဆွေးဆွေး နှင့် ညှိုးမှိုင်နေကာ မစားနိုင် မအိပ်နိုင် ဖြစ်နေရှာသည့် သမီး ဖြစ်သူကို "အကြောင်းရင်းက ဘာလဲ"ဟု မရမက အစ်မေးသော အခါတွင်မှ ထိတ်လန့်စရာကောင်းအောင် တိုက်ဆိုင်နေသည့်အဖြစ် ဆိုးကို ယုလည်း သိလိုက်ရတော့တာ။

စစ်ဟာ ကိုမင်းရဲ့သားပါတဲ့။ ယုက "ကောင်လေးနဲ့ ဘာဖြစ်ကြလို့လဲ၊ သမီးရည်းစားတွေ ဖြစ်ပြီးမှ ပြတ်ကြသလား။ ဒါမှမဟုတ် လူကြားမကောင်းတာတွေကော ဘာတွေများ ဖြစ်နေ သေးသလဲ"လို့ အပြတ်ကို မေးချလိုက်တာလေ။ မန်းမေရဲ့ပြန်ဖြေ ပုံကတော့ ...





"မန်းနဲ့ သူနဲ့ သံယောဇဉ်ရှိကြပါတယ် မေမေ၊ ဒါပေမဲ့ သူ့ကို သမီး ဘာမှတိတိကျကျ ပြန်ဖြေမထားရသေးပါ ဘူး။ ဒါပေမဲ့ ခုလိုအချိန်ကျတော့ ဘာမှပြန်ပြောမထားရ သေးတာကိုပဲ တော်ပါသေးရဲ့လို့ အများကြီး ဝမ်းသာရပါ တယ်၊ သူ ... သူက မေမေ့တစ်ယောက်ရဲ့ သားတဲ့ ... မေမေရယ်"

"ဘာဖြစ်တယ် ... ! "

"ခု မေမေ ရွေးချယ်ထားတဲ့သူ၊ အိမ်ထောင်ပြုဖို့ အထိ တောင် ဆုံးဖြတ်ပြီးထားတဲ့သူ ဘယ်သူလဲဆိုတာ မန်း သိ ပါတယ်။ မေမေနဲ့ စားသောက်ဆိုင်တစ်ခုမှာ အတူရှိဖူး တာကို မန်း တွေ့ဖူးထားတာပါ။ စစ်က အဲဒီတစ်ယောက် ရဲ့သားပါ။ အဲဒါကြောင့် သူ့အဖေက မန်းနဲ့တွေ့ပြီး ရှိရှိ သမျှကိစ္စတွေ ရပ်တန်းကရပ်ကြဖို့ ပြောလိုက်တာပါ"

ယုမှာ အံ့သြလွန်းလို့ပဲ လဲသေလိုက်ရမလား၊ ဒေါသ ထွက် အသည်းယားရလွန်းလို့ပဲ လဲသေလိုက်ရမလား။ တစ်နည်း နည်းနဲ့တော့ သေကိုသေပစ်လိုက်ချင်အောင် ဖြစ်သွားခဲ့ရပါသည်။ မိယုတို့ လည်လှ လည်လှနဲ့ ခုကျတော့ "လူပျိုကြီး"အမည်ခံ၊ အမေခြယ်လှယ်သမျှ လိုက်နာရမယောင်ယောင်တောင် ရိုးအ,ချင် ယောင်ဆောင်ထားသူကြီးဟာ ကလေးတစ်ယောက် အဖေကြီးပါ တဲ့။ ကောင်လေးကတော့ "သူ့အဖေနဲ့ အမေနဲ့က ကွဲနေပြီး နှစ် ယောက်လုံးက နိုင်ငံခြားမှာပါ"လို့ ပြောသား။ ခုတော့ နိုင်ငံခြား

က တစ်ခုလပ်ကြီးဟာ မြန်မာနိုင်ငံထဲ လူပျိုကြီးအဖြစ် ပြန်ဝင်လာတဲ့ သဘောပါလား။

အဲဒီကတည်းက ယုက ကိုမင်းထွင့်ကို အဆက်အသွယ် ဖြတ်ပစ်လိုက်သည်။ မန်းမေကိုလည်း ...

“ဒီလိုတပိန်ပိန် တလိမ်လိမ် ဖြစ်နေတာတွေ ရပ်တော့ မေမေ မမြင်ချင်ဘူး မန်းမေ။ လောကကြီးမှာ ကိုယ့်စိတ်ကိုယ်နိုင်ပြီး ဆုံးဖြတ်ချက်ကို ရဲရဲချနိုင်ဖို့ကသာ အဓိကပဲ။ သမီးဘာသာ ဆုံးဖြတ်ချက် မချနိုင်ရင် မေမေ ဝင်ချမေး မယ်။ အကောင်းဆုံးက မန်းမေ မန္တလေးကို သွားပေတော့ အဲဒီမှာပဲ စည်းကမ်းစနစ်ကြီးပြီး အဆင့်အတန်းမြင့်တဲ့ အုပ်ထိန်းသူ ဘိုးအေဘွားအေတွေရဲ့လက်အောက်မှာ မန်းမေရဲ့ဘဝသစ်ကို ပြန်စပါ။ ငါ့သမီးရဲ့မျက်နှာက ဟောဒီလို မော်နေတာကိုပဲ မေမေ မြင်ချင်တယ်။ ဟုတ်ပြီနော်”

ယုရဲ့အစီအစဉ်အရ မန်းမေမှာ ဒီနေ့ညနေကားနဲ့ပင် မန္တလေးသို့သွားပါတော့မည်။ အဲဒီအချိန်မှာမှ ကောင်ကလေးက ယုထံ မျက်နှာငယ်ကလေး အောက်ချပြီး ရောက်လာကာ“မန်းမေ မှ မရှိရင်တော့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး”တဲ့လေ။ ဘာလုပ်ရမလဲ။ ယု ဘာလုပ်ရမလဲ။

တစ်သက်လုံး ကိုယ်လုပ်ချင်တာကိုချည်း တစ်စိုက် မတ်မတ် လုပ်လာခဲ့တဲ့ ယုဟာ ကောင်လေးရဲ့အစစ်အမှန် ခံစား ချက်မျက်နှာလေးကိုပါ မြင်လိုက်ရချိန်မှာတော့ “ကိုယ့်တစ်ယောက်





တော့ ဘာဖြစ်ဖြစ်၊ သမီးငယ်ကိုတော့ စိတ်ချမ်းသာစေနိုင်မယ့် နည်းလမ်းမျိုးကို ရှာဖွေးလို့ရော မရနိုင်ဘူးလား”ဆိုတာမျိုးလေး ခေါင်းထဲဝင်လာမိပါသည်။

ကိုယ့်သမီးငယ်လေး ပြောနေတဲ့ “လူကြားလို့မှမကောင်းတဲ့ ဇာတ်လမ်းကြီး”ဆိုတာကလည်း “ဒီအမေက ဟိုအဖေနဲ့ ဒီသမီးကတော့ ဟိုကသားနဲ့”ဆိုမှသာ လူကြားမကောင်းသလိုလို ဖြစ်ရတော့မှာပေါ့။ လူကြီးတွေချင်းက ဘာမှထပ်မပတ်သက်ကြတော့ရင် ကလေးချင်း နှစ်ယောက်တည်း ပတ်သက်ကြဖို့ရာက ဘာများ လူကြားမကောင်းချင်စရာ ဖြစ်နေရဦးမှာမို့လဲ။

သူတို့နှစ်ယောက်ရဲ့ဇာတ်လမ်းကို ကိုယ့်တစ်ဦးတည်း ဆုံးဖြတ်ချက်နဲ့ ပြီးမြောက်စေလိုက်ပြီးရင်တော့ ယုဟာ မင်းထွင့်ဆိုတဲ့ လူလိမ်ကြီးနဲ့ မတော်ချင်လို့ မရတော့တဲ့ အမျိုးအရင်းကြီးတွေလိုပဲ ဖြစ်သွားရတော့မည်။ အို ... ဘာအရေးလဲ။ မျက်နှာပြောင်တိုက်၊ ခေါင်းမော်ပြီး ရွဲ့ပြထားလို့လည်း ရနိုင်သလို။ တခြားသားစု ပတ်သက်ရာ ပတ်သက်ကြောင်းတွေမှာလည်း သားနဲ့ သမီးကသာ လင်မယားအရာ မြောက်နေကြတယ်။ လူကြီးချင်းက ဘဝတစ်သက် ဘယ်တော့မှ မျက်နှာချင်းမဆိုင်ကြတဲ့ ခမည်းခမက်မျိုးတွေ ရှိနေတာပဲ မဟုတ်လား။ အပုံကြီးပဲ။

ယုတို့က နေတတ်ပါတယ်။ အဓိက,က မန်းမေပါပဲ။ အမေက ဇွတ်ဝင်စီစဉ်ချင်ရင်တောင် ငြင်းဆန်နေဦးမယ့် သမီး ဖြစ်သူဟာ နှောင်တစ်ချိန်ကျလို့ စိတ်ချမ်းသာ ပျော်ရွှင်နေရပြီ

ဆိုရင်တော့ ယုကို ပြန်ကျေးဇူးတင်၊ သိတတ်မှု ရှိကိုရှိမယ့် သမီး
အလိမ္မာမျိုးလို့ပဲ ယူဆရတာပဲလေ။ ဟုတ်ပါစေ။

"ဒီမယ် … မင်းရဲ့အဖေကတော့ ငါ့သမီးနဲ့ မင်းနဲ့ ဘယ်လိုမှ မပတ်သက်စေချင်ဘူးလိုလိုတွေ ပြောလိုက်သ လား"

"ဖေဖေ … ! ဖေဖေက အဲဒီလို ပြောတယ်"

"ပြောတယ်ဟော့၊ ငါ့သမီးကိုယ်တိုင်က ငါ့ကို ပြန်ပြော တာ"

"ဟို … ပြော … ပြောတာက ဖေဖေ့ညီ၊ လေးလေးကပြော တာ မဟုတ်ဘူးလား"

ယုရဲ့မျက်ဝန်းထဲမှာ "သူ့အစ်ကိုနဲ့ ခင်ဗျားနဲ့ သဘောမတူနိုင်ပါဘူး" လို့ လာပြောဖူးသူတစ်ယောက်ရဲ့မျက်နှာ ကိုပါ ပြန်မြင်လာသည်။

"အေးလေ … သူလည်း ပါချင်ပါမှာပေါ့၊ မင်းဦးလေးက အစစအရာရာ ဟိုပါဒီပါ ပါလေရာ ဖိုးပါကြီးပဲဟာ ဒါပေမဲ့ မင်းအဖေကလည်း ပြောတာပဲတဲ့"

"ဖေဖေကပါ ဒါမျိုးတွေ ဝင်ပြောနေတယ်ဆိုတာကတော့ အင်မတန် အံ့သြစရာကောင်းတဲ့ကိစ္စ ဖြစ်နေပြီ၊ ဒါပေမဲ့ အန်တီ … ကျွန်တော်က အသက်ပဲ(၂၀)ကျော်နေပါပြီ ကျွန်တော့်ရဲ့ဘဝရေး့ရေးဟာ ကျွန်တော့်ဆုံးဖြတ်ချက်ပေါ် မှာပဲ မူတည်ပါတယ်။ ဘယ်သူက ဘာကြီးပဲ ဝင်ပြောနေ





ပြောနေ၊ ကျွန်တော်ရဲ့စကားကသာ ကျွန်တော့်ဆုံးဖြတ်ချက် ပဲ၊ အဲဒီအတိုင်းပဲ ကျွန်တော်ကလုပ်မှာ"

ဟယ် … အားရလိုက်တာ။ ဟိုမှာဖြင့် အိုသေတော့ မယ်၊ "အမေ … အမေ … အမေကြီးကို ကြောက်ရလို့" ဆိုတဲ့ လူလိမ်ကြီးရဲ့စကားတွေနဲ့တော့ဖြင့် အပြတ်အသတ်ကို ကွာနေပါ လား။ အဖေနဲ့သားသာဆိုတယ် တခြားစီပဲ။ ဒီလိုသာဆိုလို့ကတော့ ယုတို့ကလည်း ခပ်ပြတ်ပြတ်ပဲလေ။ ရတယ် …။

"ကောင်းပြီ … မင်းစကားကိုသာ မင်းတည်မြဲပါစေ၊ ငါ့ သမီးက ဒီညနေပဲ မန္တလေးကိုအပြီးသွားတော့မှာ ခုလောက် ရှိရင်တောင် အိမ်ကနေ ကားကြီးဂိတ်ကို သွားနေလောက်ပြီ။ ဒီရန်ကုန်မြေကို ဘယ်တော့မှ ပြန်လာမှာ မဟုတ်တော့ဘူး"

"ဗျာ … အဲဒါ အန်တီ အတင်းလွှတ်တာ မဟုတ်လား၊ သူက မသွားချင်ပါဘူး"

"အမယ်လေး … ငါ့လာစွပ်စွဲနေသေးတယ်။ ဟိုတုန်းက မသွားချင်ပေမယ့် ခုစိတ်ပြောင်းရင် ပြောင်းမှာပေါ့။ မင်း အဖေတို့ ဦးလေးတို့ လုပ်ပုံကမှ မဟုတ်တာ"

"ဒါ … ဒါဖြင့် ကျွန်တော် ဘာလုပ်ရမလဲ"

ယုက ကောင်လေးကို "မင်း ဘာလုပ်မလဲ" ဟုသာ ပြန်မေးလိုက်ပါသည်။ ကောင်လေးကလည်း ခပ်ပြတ်ပြတ်ပင်။ ယုနဲ့စကားပြောနေရာကနေ လမ်းပေါ်မှာ ဖြတ်သွားသည့် အငှား ကားတစ်စီးကို "တက္ကစီ" ဟု လက်လှမ်းပြကာ တားဆီးလိုက်ပါ

သည်။ အင်မတန် စိတ်တိုင်းကျသွားရသော ယုက ကောင်လေး ဝင်ထိုင်လိုက်သော တံခါးကို ပြန်ဆွဲဖွင့်လိုက်ကာ ...

"ဟိုဘက်တိုး။ ငါလည်းလိုက်ခဲ့မှ ဖြစ်မှာပေါ့။ ငါ့သမီး ငါကိုယ်တိုင် သေချာပြောပေးမှ မင်းကိုလက်ခံမှာ။ နို့ မင်းတို့ချင်း အဆင်ပြေမှာ မဟုတ်ဘူး"

တစ်လမ်းလုံး (ဘေးတိုက်အနေအထားနဲ့) အကဲခတ် လာရသလောက်တော့ ဒီကောင်လေးဟာ ယုနဲ့ သူ့အဖေတို့ရဲ့ ဇာတ်လမ်းကိစ္စအကြောင်းကိုတော့ ဘာမှကြိုသိထားပုံမရပါ။ သူ့ အဖေ လူလိမ်လူလည်ကြီးက သူများသားသမီးကိုသာ ချိုးချိုးဖဲ့ဖဲ့ နှိမ့်နှိမ့်ချချနဲ့ စိတ်ဆင်းရဲစေတာ။ သူ့သားကျတော့ နည်းနည်း လေးမှ စိတ်မညစ်စေချင်ဘူးနဲ့ တူပါရဲ့။ အေးလေ ... ပိုကောင်း တာပေါ့။

ခုကြိုသိမထားတော့လည်း နောင် ပြန်သိသွားတဲ့အခါ လူကြီးလူကောင်း မပီမသနဲ့ ခြေဝင်ရှုပ်ရာလည်း မကျအောင် "ဟယ် ... ငါလည်း ဘာမှမှ မသိခဲ့ဘဲ"လို့ ဖြောင်ငြင်းပစ်နိုင် တာပေါ့။ ဘယ်သူက အပြစ်တင်နိုင်ဦးမှာလဲ။

ယုနဲ့ စစ်တို့ရဲ့ တက္ကစီကားကလေးက အဝေးပြေး ကားကြီးဂိတ်ရှိရာ အောင်မင်္ဂလာကားကြီးကွင်းဆီသို့ တရပ်ရိပ် ပြေးလွှားနေဆဲ။ ထိုတက္ကစီကားရဲ့နောက်မှာတော့ ဖြောင်းဆန် ဝုန်းဒိုင်းကြဲနေသော ဒေါ်သစိတ်တို့နဲ့ နောက်ကားတစ်စီးက ထက် ကြပ်ကပ်ပြီး လိုက်ပါလာခဲ့ပါသည်။ နောက်ကားပေါ်ကလူကတော့





...ားလည်းပေးမထား၊ အလစ်လည်းမပေးဘဲ မျက်စိဒေါက်ထောက် ...ပ်ထိန်းထားတဲ့ကြားက အိမ်ကနေ တစ်ယောက်တည်း လစ်ထွက် ...ာက်သွားတဲ့ စစ်ရဲ့နောက်ကို ကမူးရှူးထိုး လိုက်ချလာတဲ့ ...င်းကျော်ပင် ဖြစ်ပါတော့သည်။

လစ်တာနဲ့ အပြေးကိုသွားပြီး ခ,စားတော့တာပဲ။ ...လည်း တက္ကစီတစ်စီးနဲ့ နောက်ခန်းထဲမှာ နှစ်ယောက်တွဲထိုင် ...။ ဘယ်ကိုသွားကြဦးမှာလဲ၊ ဘာတွေလုပ်ကြဦးမှာလဲ။

✦❤✦

"အစ်မ ... အမြန်လာပါ"တဲ့ ...။ မနုက ဖုန်းဆ[illegible]
ခေါ်သည်။

ဟိုအရင်တစ်ခါကိစ္စ ဖြစ်ပြီးသွားကတည်းက [illegible]
ကျော့ဟာ သတင်းမှားတွေ ပေးလေတဲ့ ဟိုလင်မယားနှစ်ယော[illegible]
ကို ဒီတိုင်းများ ပစ်ထားမယ် ထင်ပါသလား။ မောင်သောင်[illegible]
မနုတို့အိမ်ကို မရောက်,ရောက်အောင် ပြန်သွားခဲ့ကာ ...

"ဒီတစ်ခါတော့ ရှိစေနော်။ နောက်တစ်ခါ အဲဒီလိုသတ[illegible]
မှားမျိုးတွေ ပေးဦးမယ် ဆိုရင်တော့ ရှင်တို့ ကျွန်မ[illegible]
အဆိုးမဆိုနဲ့။ မောင်သောင်းလည်း အလုပ်ကထွက်၊ ဒီအ[illegible]
ကလည်း အလုပ်ကပေးထားတဲ့နေရာ မဟုတ်လား။ အ[illegible]
ပေါ်ကပါ တစ်မိသားစုလုံး ဆင်းကြပေတော့။ ကျွန်မ[illegible]
ပြောရင် ပြောတဲ့အတိုင်း လုပ်တာနော်။ ဒါနောက်ဆုံး[illegible]
နောက်တစ်ခါဆို သတင်းမှားတွေ ပေးရင်လည်း ထွ[illegible]





ဆင်း။ သတင်းမှန်တွေ မပေးရင်လည်း ဆင်း၊ ထွက် ...
ဒါပဲ"

အဲသလို ခြိမ်းခြောက်ပြီး သွားကြထားလိုက်တော့
[illegible]ကို့လူယုံတော် မောင်သောင်းရဲ့မိန်းမ မနုခမျာ "သတင်းမှန်တွေ
[illegible]ပေးဘူး"ဖြစ်မှာစိုးလို့ နေ့စဉ်နဲ့အမျှ ဖုန်းလေးတဆက်ဆက်နဲ့
"အစ်မ ... ဆရာ ဒီနေ့ ဘယ်သွားပါတယ်၊ ဘာလုပ်ပါတယ်"
[illegible]ွ လျှောက်ပြောနေလိုက်တာ၊ "ထမင်းစားရေသောက်ကိစ္စ"
[illegible]ွသာမက "အိမ်ပါ ရှူးပေါက်ကိစ္စ"တွေပါ တစ်ပုံကြီး။

"အရေးမကြီးတာတွေပါ လာ,လာပြောမနေစမ်းနဲ့
[illegible]းရှုပ်လိုက်တာ"လို့တော့ အော်မလွှတ်ရဲပေါင်။ အဲဒီဘာမဟုတ်
[illegible]ာတွေကိုပဲ နေ့တိုင်း နားဒုက္ခခံနေခဲ့ရသည်။ အရေးကြီး မကြီး
[illegible] ကိုယ်တိုင်ပဲကြားရသမျှထဲက စီစစ်တွေးယူမယ်လေ။ တော်ကြာ
"အရေးမကြီးဘူး ထင်လို့"ဟု ပြန်မပြောဘဲ ထား,ထားတာတွေ
[illegible]မှ တကယ့်အရေးကြီးနေတာတွေ ဖြစ်နေရင် ဘယ့်နှယ်လုပ်ပါ့
[illegible]လဲ။ သူတို့လို လူမျိုးတွေရဲ့အသိဉာဏ်က ဘယ်လောက်ယုံစား
[illegible] ရနိုင်မှာမို့လဲ။

ဒီနေ့တော့ ထိတ်လန့်တကြား (ဒါပေမဲ့ အံ့ဩဝမ်း
[illegible]ာမှုကလည်း ပါနေသေးတဲ့)အသံနဲ့။

"အစ်မ ... အစ်မ ... အောင်မင်္ဂလာ အဝေးပြေးကားကြီး
ဂိတ်ကို အမြန်ဆုံးလိုက်လာခဲ့ပါ၊ အခုချက်ချင်းနော်"

သူ လှမ်းဆက်တဲ့အချိန်မှာ ကျော့ကျော့က ရုံးပိတ်ရက်ကြီးဖြစ်ရက် ကိုကို တစ်ယောက် လှစ်ခနဲ ဘယ်ပျောက်သွားမှန်း မသိလို့ ကိုယ်လည်း တက္ကစီတစ်စီးပေါ် ပြေးတက်လိုက်ပြီး ဗျာများနေချိန်ဖြစ်သည်။ "ဘယ်လိုက်ရမှန်းလဲ"လည်း မသိ။ ယောက္ခမကြီးထံ ဖုန်းဆက်ကြည့်တော့ "ဒီကိုတော့ ရောက်မလာဘူး၊ စစ် အိမ်မှာမရှိဘူးဆိုလို့ စစ်နောက်များ လိုက်သလားမသိဘူး၊ ဘယ်နားလောက်မှာ ဖြစ်နေမလဲ အမေ မသိဘူး သမီးရဲ့"တဲ့။

ယောက္ခမသာ တော်မနေလို့ကတော့ "ဒါဖြင့် ရှင်သိတာ ဘာများရှိသလဲ"လို့တောင် ဘုတောပစ်လိုက်ချင်တာ။ ပါးစပ်ကို မနည်းထိန်းထားရသည်။

ကျော့ကျော့က ကားပေါ်ကမိန်းမရဲ့ အရိပ်အရောင်ကိုကြည့်ကာ ဟိုနား ဒီနား တဝဲဝဲ တလည်လည် လှည့်မောင်းပေးနေသည့် ကားဆရာကို "အဝေးပြေးဂိတ်"ဟု တစ်လုံးတည်းအော်ဟစ်ညွှန်ကြားလိုက်ကာ ...

"ဘာလဲ မနှ၊ ရှင့်ဆရာလား"

"ဟုတ်ကဲ့ အစ်မ"

"ရှင် ဒီတစ်ခါလည်း သတင်းမှားပဲလား ! "

"ကိုသောင်း ကိုယ်တိုင် လှမ်းပြောတာပါ အစ်မရယ်၊ ခုသူကိုယ်တိုင်လည်း အဝေးပြေးဂိတ်ဝင်းထဲမှာပါ၊ သေချာလောက်ပါတယ်"



"ဘာတဲ့လဲ"

"ဟိုတစ်ခါ အစ်မကို ကျွန်မပြောဖူးပါရောလား။ မိန်းမတစ်ယောက်ဆိုတာ။ အခု အဲဒီမိန်းမပဲတဲ့၊ အဲဒီတုန်းက မိန်းမရဲ့နောက်ကိုပဲ ဆရာက ကမူးရှူးထိုးကို လိုက်နေတာတဲ့။ အဲဒါကြောင့် အစ်မကို ကျွန်မ ပြောတာပေါ့၊ အဲဒီကတည်းက သတင်းမှား မဖြစ်နိုင်"

"ဘာ ... လာပြန်ပြီလား၊ အဲဒီသတင်းပဲ"

"အစ်မရယ် ... ကိုသောင်း ကိုယ်တိုင် တကယ်ပဲပြောတာပါ။ မြွေကြီးမျိုးရစေရဲ့"

"လာပြန်ပြီ မြွေကြီး။ အရင်တစ်ခါတုန်းကလည်း ရှင် ဒီလိုပဲ ပြောတာပဲ၊ ဒါပေမဲ့ ရှင့်ကို ဘယ်ကမြွေကြီးက လာမျိုလို့လဲ။ ရန်ကုန်မြို့ကြီးပေါ်မှာ အဲဒီလို မဖြစ်နိုင်တဲ့ ဟာမျိုးတွေနဲ့တော့ လာကျိန်ပြမနေနဲ့"

"အစ်မကလည်း မြို့ပေါ်လည်း ကျွန်မတို့ရပ်ကွက်တွေထဲမှာတော့ ချုံပုတ်တွေနဲ့ သရက်ပင်၊ အုန်းပင်ကတော့ ရှိတာပဲ။ တကယ်မဟုတ်ခဲ့ရင် အဲဒီကတည်းက တစ်ပင်ပင်ပေါ်က မြွေတစ်ကောင်ကောင် ဆင်းလာပြီးလည်း ဒုက္ခရောက်နိုင်တာပဲ။ လာမမျိုခဲ့တာ သတင်းက အဲဒီကတည်းက မှန်နေလို့ပေါ့"

အသံအရတော့ မတရားကို တက်ကြွနေတာမို့ ဘကယ်လည်း ဟုတ်ချင် ဟုတ်လောက်နိုင်သည်။

"ရှင် အရင်တစ်ခေါက်တုန်းက ကျွန်မကို အဲဒီမိန်းမရဲ့နာမည် ပြောဖူးပါတယ်၊ မေ့သွားပြီ၊ ဘယ်သူတုန်း ! "

"ဟုတ်ကဲ့ အစ်မ ... ယုတဲ့"

"ယု ... ! "

"တော်တော်ကြားဖူးပါတယ်"ဟု တွေးထင်လိုက်မိသော်လည်း Nervous breakdown တစ်ခါ ရဖူးစဉ်က Amitriptyline (tripta) လိုဆေးမျိုးတွေ တော်တော်များများ သောက်ဖူးထားတဲ့ ကျော့ကျော့ရဲ့ဦးနှောက်စွမ်းရည်ဟာ အဲဒီလောက် "ဒက်"ခနဲ မပြေး။ မသွက်လက်နိုင်ပါ။ ကျော့ကျော့ဟာ မနု ပြောတဲ့ "ယု"ဆိုတာကို၊ ဆိုင်တစ်ဆိုင်မှာ ခဏတစ်ဖြုတ်လောက် တွေ့ဖူး ကြုံဖူးလိုက်ပြီး ကိုယ်အင်မတန်နှစ်လိုခဲ့တဲ့ "ယုလို့ မှတ်ထားပေါ့"ဆိုတဲ့ တစ်ယောက်နဲ့ ဆက်စပ်ပြီးတော့ "ဟင် ! နာမည်တူနေပါလား"ဟု မစဉ်းစားမိနိုင်ပါ။

မနုနှင့် ဖုန်းပြောပြီးသွားတော့ ကျော့ကျော့ဟာ ပြေးလွှားနေတဲ့ တက္ကစီကားကလေးနဲ့အပြိုင် စိတ်တွေကလည်း ယောက်ယက်ခတ် ပြေးလွှားကာ မငြိမ်သက်နိုင် ဖြစ်နေသည်။ "အဝေးပြေးဂိတ်"တဲ့။ တစ်ခါမှတောင် မရောက်ဖူးဘူး။ ခရီးရှည်တွေလည်း ဘယ်မှ သိပ်မထွက်ဖူး။ ထွက်ခဲ့ရင်လည်း ကိုယ့်အိမ်ကကားနဲ့ပဲ အမြဲလို ဖြစ်နေတာမို့ "အဝေးပြေးဂိတ်"ဆိုတာက ကျော့ကျော့နှင့် စိမ်းလွန်းလှသည်။





"အဝေးပြေးဂိတ်ဆိုတာ လူတွေအများကြီးနဲ့ ရှုပ်ရှုပ်ထွေးထွေး နေရာမျိုးလား"

ကားဆရာထံ ဘာလိုလိုနဲ့ စုံစမ်းကြည့်သော် သူ့ကားပေါ် စတက်လာကတည်းက သိပ်ဂနာမငြိမ်တဲ့ ဒီမိန်းမတစ်ယောက်ကို ကရုဏာသက်နေဟန်ရှိတဲ့ ကားဆရာက အားပေးအပြုံး မပီမပြင်တစ်ခုနှင့်အတူ ...

"အစ်မက ဘယ်ဂိတ်သွားချင်တာလဲ၊ ဥပမာ မန္တလေးဂိတ်ဆို မန္တလေးဂိတ်လိုင်း၊ တောင်ကြီးဂိတ်ဆို တောင်ကြီးဂိတ်လိုင်း၊ အဲဒီလို ခရီးကိုလိုက်ပြီး ဂိတ်က အမျိုးမျိုးပေါ့။ ဒီခရီးလမ်းကြောင်း တစ်ခုတည်းအတွက်တောင် ဂိတ်အမျိုးမျိုးက နာမည်အမျိုးမျိုးနဲ့ သူ့နေရာနဲ့သူ ရှိတာလေ။ 'အဝေးပြေးဂိတ်'ဆိုတာ တစ်ခုနဲ့ မရဘူး။ ဂိတ်ပေါင်းစုံ၊ လိုင်းပေါင်းစုံနဲ့ဆိုတော့ နာမည်လေးတစ်ခုခု သေချာသိနိုင်မှ အဆင်ပြေမယ်"

စေတနာကောင်းနှင့် ပြောမှန်းသိပေမယ့် "လူကို နလပိန်းတုံးလို အကြည့်မျိုးနှင့် လာကြည့်နေတယ်"ဟု ခံစားရသဖြင့် ကျော့ကျော့က ကားဆရာကို ဘာမှပြန်ပြောမနေတော့ဘဲ ခုနက မနု ဆက်လာသည့် ဖုန်းနံပါတ်ကိုသာ ပြန်လှည့်သည်။ သို့သော် တစ်ဖက်က ဖုန်းနံပါတ်ကား အများပြည်သူအသုံးပြုသည့် လမ်းနံဘေးက PCO ဖုန်းတစ်ခုပဲ ဖြစ်နေပါသည်။ ခုနကဆက်လာသည့် "မနု"ဆိုတာကို မသိပါ ... တဲ့။

အလကားမိန်းမ။ သတင်းပေးပြီး "ပြီးပြီ၊ ငါ့တာဝန်ကျေပြီ" ရယ်လို့ ကျောကော့ပြီး ပြန်သွားတာ နေမှာပေါ့။ ဘာရယ်တော့ အပြည့်အစုံ အတိအကျ ပြောမသွားဘဲနဲ့။ အိမ်အပြန်လမ်းမှာ သစ်ပင်တစ်အုပ် မဟုတ်လို့ မြက်တစ်ဖုတ်ပဲရှိရှိ။ မြွေနဲ့ကိုတိုးပါစေတော်။

ကိုကို့ဖုန်းကို လှမ်းဆက်ပြီး "ခု ဘယ်ရောက်နေလဲ" လို့ မေးကြည့်ဖို့ရာကလည်း အမှန်ဘယ်ပြောမလဲ။ "မောင်သောင်းနဲ့ ပြောချင်လို့၊ အနားမှာ မောင်သောင်းရှိရင် ဖုန်းပေးလိုက်စမ်းပါ" လို့များ ပြောရင် ကောင်းမလား။ ဒီလိုဆိုပြန်တော့လည်း မောင်သောင်းနဲ့ ကျော့ကျော့ရဲ့ အဆက်အစပ်ကို သိထားဟန်မရှိသေးတဲ့ ကိုကိုဟာ "ဟာ ... ထူးထူးဆန်းဆန်း ဒီနှစ်ယောက်ကြားမှာ ဘာများပြောစရာရှိရမှာလဲ" လို့ တစ်ခါတည်း မသင်္ကာတွေ ဖြစ်သွားတော့မှာပေါ့။ အဲဒီ မောင်သောင်းဟာလေ ငါ့ဆီတော့ တစ်ခါတည်း တန်းမဆက်လိုက်ဘဲနဲ့ သူ့မိန်းမ အလကားဟာမဆီပဲ အရင်သံတော်ဦး တင်နေရတယ်လို့။

အစစအရာရာမှာ ကျော့ကျော့ထက် လည်ဝယ်ချက်ချာပြီး အစဉ်အမြဲ အားကိုးလို့ရနိုင်တာ "အမေ" တစ်ယောက်တော့ ရှိမှန်း သတိရပါရဲ့။ ဒါပေမဲ့ ဒီအသက်အရွယ်ကြီးကျကာမှ အမေ့ကိုလည်း ဒုက္ခမပေးချင်တော့သလို၊ ဟိုတလောကပင် အမေဟာ ကိုကို့ကို ခြေမငြိမ်ဟု စွပ်စွဲချက်များနှင့် "မင်း ဒီတစ်ခါ





ဒီသတင်းမျိုး ကြားရရင် ငါ့သမီးနဲ့ ဆက်ပေါင်းလည်း မနေနဲ့တော့" လို့ပါ ရာဇသံပစ်ထားတာ။ တော်တော်ကြာကျ သူ့စကားကို နားမထောင်မှုနဲ့ ကိုကို့ကို ကျော့ကျော့နဲ့ အတင်းခွဲပစ်တော့ ဘယ့်နှယ်လုပ်မလဲ။ နောက်ဆုံးတော့ ကျော့ကျော့ဟာ အားကိုးရာ ကူကယ်ရာကင်းနေတဲ့တူတူ ကြံမိကြံရာ ...

"ကိုမင်း ... ညီမလေးပါ ... ဟုတ်။ ကျော့ကျော့လေ။ ကျော့ကျော့ ခုဒုက္ခတစ်ခု ရောက်နေလို့ ကိုမင်း အမြန်လာပြီး ကူညီပေးပါဦး။ ဟုတ်တယ် ... ဟုတ်တယ်၊ အရေးကြီးတယ် မြန်မြန်လာ။ ခုချက်ချင်း ထ,လာနော်၊ အဝတ်အစားတွေ ဘာတွေတောင် လဲမနေနဲ့တော့၊ ခုချက်ချင်းမှ ခုချက်ချင်းပဲ။ ညီမလေးက ဘယ်နေရာလောက်က စောင့်နေမှာလဲဆိုတော့ ...။ ဟော့ ... ကားဆရာ၊ ရှင်ရပ်ပြီး ခဏစောင့်ပေးနေမယ့် နေရာကို ကျွန်မအစ်ကိုနဲ့ ဖုန်းပြောလိုက်၊ ရော့ ... ရော့"

သို့သော် "လူမစွမ်း နတ်မ" ဆိုသလိုပင် ကျော့ကျော့မှာ ဘယ်သွားလို့ ဘယ်လာရမှန်းမသိ မျက်စိသူငယ်တောင် ဖြစ်နေရလိုက်ပါ၏။ "အဝေးပြေးဂိတ်" ဆိုတဲ့ ဝင်းကြီးထဲသို့ ဝင်ဝင်ချင်းဆိုသလိုပင် ချစ်ခင်ပွန်း၊ လင်ယောကျ်ား ကိုကိုတိုင်းကျော်ကို ရှုပ်ရှုပ် အခြေအနေတွေ ကြားထဲမှာ "ဘွား" ခနဲပင် တန်းပြီး တွေ့လိုက်ရပါသည်။

ကိုကိုကား မိန်းမတစ်ယောက်နှင့်တော့ မိန်းမတစ်ယောက်နှင့်ပါပဲ။ သို့သော် ချစ်ကျီစယ် ကြည်နူးမြူးပျော်နေကြတာ မဟုတ်။ ခွန်းကြီးခွန်းငယ်တွေဖြစ်ကာ ပြဿနာတွေ တက်နေကြဟန်ရှိလေသည်။

✦❤✦





"စစ် ဘယ်ရောက်သွားသလဲ"

အမယ် ... လူကို တရားခံစစ် လာစစ်ပြီး အော်ဟောက် မေးမြန်းနေရအောင် ဒီလိုအခွင့်အရေးမျိုး သူ့ဘယ်သူက ပေးထားလို့လဲ။ ဘာအာဏာ ဘာအခွင့်အရေးမှ မရှိဘဲနဲ့များ။ ရယ်စရာတောင် ကောင်းသေးတော့။ ယုက တမင်ပင် "ဟာ ... ဟာ ... ဟာ" ဟု ရယ်ပေးလိုက်ကာ တိုင်းကျော်ကို မထီမဲ့မြင်ပုံစံနှင့် ကြည့်နေလိုက်ပါသည်။

ဖြစ်ရပုံများ။ ယုတို့ တက္ကစီကားလေးက အဝေးပြေးကားဂိတ်ဝင်းဝထိပ်မှာ ခဏရပ်ပြီး ဂိတ်ဝင်ကြေးပေးနေတုန်းပဲရှိသေး။ ဒီပါလေရာ ဖိုးပါကြီးဟာလေ နောက်မှာ ကားထိုးရပ်ပြီး ပြေးကို ဆင်းချလာတာ၊ ပါးစပ်ကလည်း တကျော်ကျော်နှင့် "ဟော့ ... စစ် ... စစ်" နဲ့ လူကြားမကောင်းအောင် အော်လာလေတော့ ယုက စသတိထားမိသွားတာပေါ့။

"ဟင် ... ! ဟိုမှာ တွေ့ရဲ့လား၊ မင်းရဲ့ဦးလေးဟာ ဘယ်လိုလုပ်ပြီး ဒီအထိတောင်မှ လိုက်ချလာနိုင်ရတာလဲ။ မင်း

ဘာလုပ်လုပ် ကဖျက်ယဖျက်ကြီးပဲ လိုက်လုပ်နေတော့မှာ
လား ... ဟုတ်လား"

"သူပါလာတာ ကျွန်တော် မသိဘူး အန်တီ"

"အေး ... မတတ်နိုင်ဘူး၊ ဒါဖြင့် ကားပေါ်ကဆင်း၊ လစ်
ပေတော့။ မန္တလေးဂိတ်တွေဘက်သာ ပြေးပေတော့
ဟော့ ... ဂိတ်နာမည်က (......)နော်"

ကောင်လေးဟာ ယုရဲ့စကားတောင် မဆုံးလိုက်ပါ။
သူ့ဘက်က တံခါးကို လှစ်ခနဲဖွင့်ပြီး ဖျတ်ခနဲ ပြေးဆင်းသွား
လိုက်တာ သူ့ဦးလေးတော်ကြီး အနားရောက်လာတော့ အစအန
တောင်မှ မမြင်ရတော့ပေ။ တိုင်းကျော်ဟာ တက္ကစီခရှင်းပြီး သူ
ကိုယ်တိုင်လည်း ကားပေါ်ကဆင်းလာတဲ့ ယုနဲ့ပဲ ရင်ဆိုင်လိုက်
ရသည်။

"ဟိုတစ်ယောက်က ဘယ်ပြေးတာလဲ"

တိုင်းကျော်က ယုကို အမောတကော မေးခွန်းထုတ်
လိုက်ပါသည်။

စစ်ဟာ ဒီမကြီးမငယ်မကြီးကို ခဲခဲယယနဲ့ တောင်
ပန်အောက်ကျို့နေရပြီး တက္ကစီတစ်စီးပေါ်မှာ အတူတွဲ ထိုင်ပါသွား
ကတည်းက အတော်ကြီး ဒေါသထွက်နေခဲ့ရတဲ့ တိုင်းကျော်ဟာ
သူတို့တက္ကစီကားရဲ့ ဦးတည်ရာအရပ်က အောင်မင်္ဂလာအဝေး
ပြေးကားဂိတ်ဆီမှန်းလည်း ရိပ်မိလိုက်ရော ငယ်ထိပ်ကို သွေးတက်
ဆောင့်နေပြီ။





ဒါ ... ပြေးကြတော့မယ်ပေါ့လေ။ စစ်ဟာ ဘယ်
ဘက် (၂၀)ကျော်ကျော်၊ အသက်ပြည့်ပြည့်။ ဒါ ဖြားယောင်း
သွေးဆောင်မှု သက်သက်ပဲ။ ယီးတီးယားတား လုပ်နေလို့ကတော့
ရားကိုစွဲပစ်မယ်။ အရှက်မရှိဗျာ။ သုံးဆယ့်ရှစ်နဲ့ နှစ်ဆယ်ကျော်။
ယ်သူကစလို့ ဖြားယောင်းသွေးဆောင်၊ ဦးဆောင်မလဲဆိုတာ
သိသာကြီးပဲ။ ဆယ့်နှစ်ကြိုး ကဝေမကြီးဟာ စစ်ရဲ့အဖေအမေ
ဘိုးအဘွားတွေ ဘယ်လောက်ပြည့်စုံကြသလဲဆိုတာ စုံစမ်းသိရှိ
သွားပြီမို့ ဘယ်လိုမှ လက်လွှတ်မခံနိုင်တော့ဘူးပဲ ရှိမှာပေါ့။
ယောကျ်ားလေးဘက်က သဘောမတူပါဘူး ဆိုတာနဲ့ တစ်ခါတည်း
ယ်အထိ လစ်ပြေးကြဖို့တို ကြံတော့တာပဲလေ။

လူလည်းမိရော ပညာသည်က ကျန်ရစ်ပြီး ကလေးကို
ာ အရင်လစ်ပြေးစေလိုက်တာပေါ့။ စစ်သာလွတ်သွားရင် ပြီး
ော သူကကျတော့ တိုင်းကျော်ရဲ့လက်က၊ မျက်စိအောက်က
ယ်လိုမဆို လွတ်ထွက်နိုင်ပါတယ်၊ အေးဆေးပဲလို့ တွက်ထား
ာ ရှိမှာပေါ့။ တိုင်းကျော်ကို ဒါမျိုးလုပ်လို့ကတော့ ဘယ်ရမလဲ။
"သက်ရောက်မှု"မှ ဖြစ်ကာမှဖြစ်ရော၊ ရတ်ရတ် ... ရတ်ရတ် ဆို
ကတော့ လစ်မပြေးနိုင်အောင် တစ်ခါတည်းဖမ်းဆွဲပြီး မလွှတ်
မ်း ချုပ်ကိုင်ထားပစ်မည်ဟုပဲ ဆုံးဖြတ်ထားသည်။

"ခင်ဗျား ... ဒါ ဘာမှတ်နေလဲ၊ သွေးဆောင်ဖြားယောင်းမှု
နဲ့ တစ်ခါတည်း တရားစွဲပစ်မယ်"

"ဟား ဟား ဟား ... ရှင့်တူက အသက်ပဲ(၂၀)ကျော်နေပြီ"

"ဘယ်လောက်ကျော်ကျော် မဟုတ်တမ်းတရား သွေးဆောင် ဖြားယောင်းလို့ကတော့ အသက်(၁၀၀)ကို သွေးဆောင်ရင် လည်း ဒါပြစ်မှုပဲ"

"အမယ်လေး ... ရယ်စရာကြီး၊ သူ့ဘာသာ ကျွန်မဆီ ရောက်လာ၊ သူ့ဘာသာ ဒီအထိ ဦးဆောင်ပြီးလာ၊ ဘာမှ သွေးဆောင်နေစရာ မလိုဘူး၊ သူ့သဘောသူ ဆောင်နေတဲ့ ကိစ္စတွေချည်းပဲ။ အဲဒါ ဖြစ်ရပ်မှန်ပဲနော်၊ သူနဲ့ပြန်တွေ့မှ မေးကြည့်လိုက်ဦး"

"ပြန်တွေ့ရအောင် ခု သူက ဘယ်လစ်သွားတာလဲ"

ယုက လူများ အမြင်ကတ်ချင်စရာ ပုံစံမျိုးနှင့် လက်ပိုက်၊ မျက်ခုံးပင့်၊ ဟိုဟိုဒီဒီကြည့်တွေ တမင်လုပ်နေလိုက် သည်။

"စစ် ဘယ်ရောက်သွားသလဲ"

အမယ် ... လူကိုများ သူ အော်ငေါက်ပြောတိုင်း ကြောက်ရမယ့် သူ့လက်အောက်ခံမှတ်လို့။ ယုက မကြားချင် ယောင် ဆောင်နေသည်။

"ကိုယ့်အရွယ်ကြီးမှ အားမနာဗျာ၊ သူများတကာ သားပျို သမီးပျို နုနုထွတ်ထွတ်ကလေး တစ်ယောက်ကို သားသမီး ချင်း မစာနာ"

"ဘာပြောတယ် ... !"





"ခင်ဗျားမှာ စစ်နဲ့မှ ရွယ်တူသမီးတစ်ယောက်လည်း ရှိနေ ရက်နဲ့များ ကိုယ့်သမီးနဲ့ သက်တူရွယ်တူကလေးကိုမှ ပန်းကောင်းညွန့်ချိုး လုပ်ချင်ရတယ်လို့။ သူနဲ့ သက်တူ ရွယ်တူ ကောင်လေးတစ်ယောက်ကို ပထွေးတော်ခိုင်းရမှာ၊ ခင်ဗျား ကိုယ့်သမီးကိုယ် မရှက်ဘူးလား၊ မသနားဘူးလား"

ယုမှာ "အင်"ခနဲ အရှိုက်ထိသွားရကာ လက်ထဲက ဆံအိတ်နှင့် တိုင်းကျော်ကို "ကဲဟယ် ... ကဲဟယ်"နှင့် နှစ် လောက်ဆင့်ပြီး ရိုက်ထည့်ပစ်လိုက်ပါသည်။ လူတွေအများ ကြားထဲ ဖြစ်နေတာရယ်၊ အလစ်မို့ ခံလိုက်ရတာရယ်နှင့် ချီလောက် ငုံ့ခံလိုက်ရသော တိုင်းကျော်က တတိယအချီ က်ထပ်အမြှောက်မှာတော့ ယုရဲ့လက်ကို လက်ကောက်ဝတ်က မ်းကိုင်ကာ အတင်းဖျစ်ညှစ်ဆုပ်ဆွဲထားလိုက်ပါတော့သည်။

"ဟင် ... ရှင် ... ဒါဘာလုပ်တာလဲ၊ ကျွန်မ အော်လိုက်ရ မလား"

"အော်လိုက်လေ၊ အဲဒါဆို ကျုပ်ကလည်း မကြီးမငယ်ကြီး နဲ့ သားအရွယ်လေးကို အပျောက်ကြံထားပါတယ်ဆိုတာ လာသမျှလူကို ဆီးပြောပြရမှာပဲ"

"မဟုတ်တမ်းတရားတွေ ပြောမနေနဲ့။ အခြေအမြစ်မရှိ၊ အောက်တန်းကျ စုတ်ပွဲတဲ့ ပါးစပ်ကြီးနဲ့ မဟုတ်တာ မမှန်တာတွေကို အရှက်မရှိ လျှောက်ပြောနေဦးမယ်ဆိုရင် ဒုက္ခဆိုးကြီး ရောက်ပါစေ"

ထိုအခိုက်မှာပင် ယုနှင့် တိုင်းကျော်တို့အပါးသို့ ကျော့စန္ဒာက ရောက်ရှိလာခဲ့ပါသည်။ ယုကို ဘယ်သူမှန်း သတိ မထားနိုင်သေးသော ကျော့ကျော့မှာ ကိုကိုက မိန်းမတစ်ယောက် ရဲ့လက်ကို ဆွဲကိုင်ထားသည်ကို မြင်ရုံနှင့်ပင် သေမတတ် အရှု အမူး ပျာနှမ်းကာ အဲဒီအတွဲလိုက်ဖြစ်နေသော လက်နှစ်ဖက်ကို ခုန်အုပ်ထပ်ကိုင်ပစ်လိုက်ရင်း ...

"လွှတ် ... လွှတ် ... အခုလွှတ်။ ကိုကို ... ဒါက ဘယ် လိုဖြစ်ရတာလဲ"

တိုင်းကျော်မှာ ရုတ်တရက် ရောက်ချလာသော ကျော့ကျော့ကို မြင်မြင်ချင်းပင် မျက်လုံးကြီး ပြူးထွက်သွားအောင် အံ့သြသွားရကာ "သွားပါပြီ"ဟုလည်း စိတ်ထဲကနေ ရှုံ့မဲ့ညည်း တွားလိုက်မိပါသည်။ ယုကတော့ ကျော့ကျော့ကို မြင်မြင်ချင်း_

"ဟာ ! ကျော့စန္ဒာ၊ အတော်ပဲ၊ ရှင့်ယောကျ်ားရှင် ကြည့် ထိန်းပါဦး"

"ဟင် ... ! မယုပါလား၊ ဘယ်လိုဖြစ်တာလဲ"

"မြင်တဲ့အတိုင်းပဲ၊ ရှင့်ယောကျ်ားက ကျွန်မကို မဟုတ်တ ဟုတ်က အယုတ္တအနတ္တတွေ ပြောပြီး လက်ကိုအတင်းဆွဲ ထားတော့တာပဲ"

"ဩော် ... ကိုကို၊ ရှင်က ဒီလိုလား။ ဒါ ကျော့ကျော့ရဲ့ မိတ်ဆွေရှင့်။ မဟုတ်တာ လုပ်တော့မယ်ဆိုရင် လူလည်း ရွေးဦးမှပေါ့ရှင်။ ခုတော့ တစ်ဖက်ကလည်း သဘောမ





ဘဲနဲ့ ကိုကိုကချည်း တစ်ဖက်သတ် လွန်နေတာ ရှက်စရာ ကောင်းလိုက်တာ။ မယုကို ကျွန်မ ဘယ်လိုမျက်နှာပြရတော့ မလဲ။ အမယ် ... လွှတ်လေ၊ ဒီလက်ကြီးက ဘာကိစ္စ ခုထိ ဆက်ကိုင်ဆွဲထားရသေးတာလဲ"

တိုင်းကျော်မှာ "ကျော့ကျော့ ... မင်းစိတ်ထဲ ထင် မြင်ရာတွေ လျှောက်လျှောက်ပြောမနေစမ်းနဲ့ကွာ"ဟုသာ ညည်း ညူးလိုက်ရကာ ယု၏လက်ကိုတော့ လွှတ်ပေးလိုက်ရပါချေပြီ။ တိုင်းကျော်လက်က လွှတ်လွှတ်ချင်း ယုက ကျော့ကျော့ရဲ့ပခုံးကို ခမ်းဖက်ပစ်လိုက်ကာ "လာဦး ... ကျွန်မတို့ချင်း တိုးတိုးပြောစရာ ရှိတယ်"ဟု ဆိုလိုက်ပါသည်။ တိုင်းကျော်နှင့် ခပ်ဝေးဝေးနေရာသို့ ထိရောက်အောင် ဆွဲခေါ်ရင်း သွားရင်း လုပ်နေသဖြင့် တိုင်းကျော် မှာ အဲဒီနှစ်ယောက်တွဲကြီးနောက်သို့ စိတ်မချ လက်မချကြီး ကပ်လိုက်လာရသည့်သကာလ ...။

"ကိုကို ... ရှင်က ဘာလို့ပါလာရတာလဲ၊ နေခဲ့ ... လုံးဝ လိုက်မလာနဲ့"

"မဟုတ်သေးဘူး ကျော့ကျော့ ... မင်း ..."

"နေခဲ့ဆို နေခဲ့နော် ... ဘာလဲ ! ကိုကိုက ရှူးရှူးဝါးဝါး အော်ပြမှပဲ ကျော့ကျော့ရဲ့စကားကို နာခံတော့မယ်ပေါ့"

တိုင်းကျော်မှာ ကျော့ကျော့ကို လက်မြှောက်ပြလိုက် ရကာ နေရာတွင် ခြေစုံရပ်ကျန်ခဲ့ရပါတော့သည်။ ကျော့စန္ဒာက "ပြန်လာခဲ့မယ် ... စောင့်နေ"ဟု လှမ်းအော်ခဲ့ပြီး ယုနောက်

ကောက်ကောက်ပါသွားချေတော့၏။ ဒီလောက်လူများတဲ့ နေ
ကြီးမှာ ခုတောင် လူတွေက သိသိသာသာကြီးတွေ ရပ်အုံကြ
နေကြပြီ။ ကျော့ကျော့ရဲ့ "စူးစူးဝါးဝါး"ဆိုတာကြီးပါ ထပ်ဆ
လိုက်လို့ကတော့ တိုင်းကျော်အဖို့ အရှင်လတ်လတ် မြေမျိုခံလိုက်
ရတာကမှ သက်သာဦးမည် မဟုတ်လား။

တိုင်းကျော်မှာ နောက်ဆုံး ကြံရာမရဖြစ်ကာ ကျေ
ကျော့ကို ပြန်ထိန်းခေါ်သွားနိုင်မည့် ယောက္ခမကြီး ဒေါ်မြတ်ဦး
ရာဆီသို့လည်း လှမ်းဖုန်းဆက်။ စစ်ရဲ့ကိစ္စကြီးအတွက်လည်း
အဓိက ကာယကံရှင် သူ့အမေ မပုလဲထံသို့ "အမြန်လိုက်လာ
ရန်" လှမ်းဖုန်းဆက်။ ကိုယ်တိုင်ကတော့ စစ် ပျောက်တာကိုလည်း
လိုက်မရှာနိုင်။ ကိုယ့်မိန်းမနဲ့ ဟိုကဝေမနောက်သို့လည်း မလိုက်
နိုင်။ နေရာတင် မတ်မတ်ကြီးရပ်ကာ ရှုံ့တွမဲ့ရွဲ့ စိတ်ညစ်ညူးလျှ
ရှိရပါတော့သည်။

✦❤✦





"ရှင်းရှင်းပြောရရင် တို့သမီးနဲ့ သူ့တူနဲ့ကို သူက သဘော
မတူဘူး။ အဲဒါ ပြဿနာရဲ့အစပဲ ကျော့ရေ"

ယုက ပြဿနာရဲ့ တကယ့်အစဖြစ်သော "သူ့
အစ်ကိုနဲ့ ကျွန်မကို သဘောမတူတာက စတာ ကျော့ကျော့ရေ"
ဆိုတာမျိုးကိုတော့ ကျော့ကျော့လို လူမျိုးကို တမင်ပင် မပြောပြ
တော့ဘဲ ဖုံးထားသည်။

"အမယ် ... ကြီးကျယ်လို့၊ ဒီလိုလူတွေနဲ့ သဘောမတူရ
အောင် သူ့တူက ရွှေမှုန့်စားပြီး မွေးထားတာမို့လား၊ ဒါ
သက်သက် မောက်မာတာ"

"အဲဒါလေ အခု ပြဿနာတက်ကြတော့ ရှင့်ယောက်ျား
ဟာ ဘယ်လောက်ဆိုးသလဲဆိုရင် ယုကပဲ သူ့တူကိုဖြား
ယောင်းသွေးဆောင်ထားပါတယ်ဆိုပြီး ယုနဲ့ အဲဒီကောင်
လေးနဲ့ကို ပေးစားစွပ်စွဲပြန်ရောကွယ်"

"ဟယ် ... ..."

ကျော့ကျော့မှာ ရင်ဘတ်စည်တီး၊ အားနာပါးနာကြီး တွေပင် ဖြစ်သွားရကာ ...

"အလကားသက်သက် သည်းတာလေ၊ အသည်းကိုပိုတာ ကိုယ့်ပါးစပ်ကိုယ် အောက်တန်းကျခံပြီးတော့များ အဲသ လောက်အထိ သည်းရတယ်လို့။ အဲဒါ ဘာလို့မှမဟုတ် ဘူး၊ တူကိုချစ်တာထက် သူ့အမေကို မျက်နှာလုပ်ချင်တာ က ခပ်များများ နေမှာပေါ့။ အဲဒါကြောင့် မယု ဟိုတစ်ခါ ပြောသွားတာတွေများ သိပ်မှန်တာ။ အစ်ကိုနဲ့ မဖြစ်နိုင် ရင်တော့ရင် ငါနဲ့ဖြစ်လို့များ ညီက ကြံနေသလား မသိ ဘူး ဆိုတာလေ။ အဲဒီလိုကြံနေလို့သာ ဒီလောက် မျက်နှာ လုပ်ချင်နေတာ ဖြစ်မှာပါ၊ ဟုတ်ပါပြီ။ နဂိုတည်းကိုက သူတို့က ဓာတ်လမ်းပဲဥစ္စာ၊ အခု ပြန်စဖို့ ကြံနေကြပါပြီ"

"ဟမ် ... ကျော့ကျော့၊ ရှင် ဘာတွေပြောနေတယ် ... !"

"ဟိုတစ်ခါ ကိုတိုင်းကျော်နဲ့တူတူ ဆိုင်တစ်ဆိုင်ထဲမှာ တွေ့တဲ့ မိန်းမဟာလေ။ ကျွန်မနဲ့ မယုနဲ့ စတွေ့ဖူးကြတဲ့ ဆိုင်နားမှာ"

"အေးလေ ... အဲဒီမိန်းမက ဘယ်သူ ... ! "

"အဲဒါ ... အဲဒီ သူ့တူ ငစစ်ရဲ့အမေလေ"

"စစ်ရဲ့အမေ ... ! "

"ဟုတ်ပါ"





"ဟို ... ဟို ... ရှင့်ယောက္ခမကြီးက သူ့သားအကြီးနဲ့ အရမ်းသဘောတူနေတယ်၊ ဖြစ်မြောက်စေချင်နေတယ် ဆို တဲ့ မိန်းမဟာလေ၊ ပုလဲဆိုတဲ့ တစ်ယောက်ဟာ"

"ယောက္ခမကြီးက ဘယ်လိုဝင်ပါလာသလဲတော့ ကျော့ လည်း မသိဘူး၊ အဲဒါကတော့ အဲဒီ စစ်ရဲ့အမေရင်းပဲ ဒေါ်ပုလဲက"

ယုမှာ "တောက်"တစ်ချက်ကိုသာ အသာကျိတ် ခေါက်လိုက်မိပါတော့သည်။ လက်စသတ်တော့ ဒီလိုကိုး။ သား လူပျိုနဲ့ အဖေတစ်ခုလပ်ကြီးဟာ လူပျိုကြီးပါလို့လည်း ဟန်ဆောင် သေး။ အမေဖြစ်သူက ကွဲနေတဲ့ မိန်းမဖြစ်သူနဲ့ ပြန်ပေါင်းစေချင် နေတာကိုများ "အမေက သဘောတူထားတဲ့ မိန်းမပါ"ဘာညာ နဲ့ ဖြောင်ကလိမ်သေး။ လက်စသတ်တော့ အဲဒီ သားသားနားနား အဆင့်မြင့်မြင့်နဲ့ မိန်းမဟာ လူလိမ်ကြီးရဲ့ဇနီးဟောင်းကို။ ဇနီး ဟောင်းနဲ့ တိတ်တိတ်ကျိတ်ပြန်ဆက်သွယ်တာများ ငါတွေ့သွား တော့ အသစ်တစ်ယောက်လိုလိုပုံစံနဲ့ ပြောထားလိုက်သေးတယ်။ လုပ်လိုက်ကွ ဦးမင်းထွဋ်ရေ။ လိမ်ထားလိုက်ကွ။

ကောင်းတယ်။ ပိုကောင်းတယ်။ အဲဒီလိုသာဆိုလို့ ကတော့ မန်းမေနဲ့ စစ်တို့ကို ဖြစ်မြောက်စေရေးဟာ ကိုယ့်သမီး လေး စိတ်ချမ်းသာရေးအပြင် သူတို့အားလုံးအပေါ်မှာ ယုက နှာ တစ်ဖျားလေးကပ်ပြီး ကျော်သွားနိုင်မယ့်အရေးပါ ဖြစ်နေလို့ ပိုပြီးတော့တောင်မှ ကောင်းထားလိုက်သေးတယ်။

"ဒီမယ် မယု၊ ဘာမှမပူနဲ့၊ စိတ်အေးအေးသာနေပေတော့၊ အစစအရာရာ ကျော့တာဝန်သာထား"

"ဟုတ်ပါပြီ၊ တို့ကလည်း မပူပါဘူး။ အခုလည်း သူ့တူက တို့သမီးဆီပဲ ရောက်နေလောက်ပါပြီ။ ဒါပေမဲ့ ကားက ညနေ(၅)နာရီကျော်မှ ထွက်မှာ။ ဒီကြားထဲမှာတော့ ရှင့်ယောက်ျားနဲ့ သူ့တူနဲ့ ပြန်တွေ့မသွားဖို့ အရေးကြီးတယ်။ သမီးက သူတို့ကလေးချင်းကိစ္စမှာ ဘယ်လိုဆုံးဖြတ်မလဲ တော့ မသိဘူးလေ။ ဒါပေမဲ့ သူတို့ရဲ့လုပ်ရပ်က သူတို့ရဲ့ အဆုံးအဖြတ်ပေါ်မှာပဲ တည်ရမှာပေါ့။ ရှင့်ယောက်ျားက ဝင်နှောင့်လို့ တစ်မျိုးတစ်ဖုံပြောင်းပြီး ကလေးတွေ ဖြစ်ချင်တဲ့အတိုင်း မဖြစ်ရတော့ဘူး ဆိုတာကတော့ ဘယ်ဟုတ်ပါ့မလဲ၊ မဟုတ်ဘူးလား"

"ဟုတ်တာပေါ့၊ ဒါဖြင့် နေဦး၊ ကျော့ သူ့ဆီပြန်သွားမယ်၊ သူ့ကို ပြန်ထိန်းထားမယ်"

"ကောင်းတယ်၊ ဒါဆို ကျွန်မက ကလေးတွေနောက်လိုက် လိုက်ဦးမယ်"

"ဘယ်နားလဲ"

ယုမှာ လွှတ်ခနဲ ထွက်မိတော့မလို ရှိပြီးမှ "မသိဘူး ကျွန်မလည်း ရှာကြည့်ရဦးမှာ"ဟုသာ ပြောလိုက်ပါသည်။ ကျော့စန္ဒာဟာ ကိုယ့်ကို တကယ်ခင်တွယ်ယုံကြည်နေပြီမှန်း သိသော်လည်း မပြောလိုက်ရဲပါဘူး။ တော်တော်ကြာကျ ဒီမအူမလည်က သူ့ယောက်ျားကို ...





"ရှင့်တူတို့တွေ မန္တလေးသွားမယ့် (......)ကားဂိတ်မှာဆိုတာ ကျော့က ရှင့်ကို ဘာလို့ပြောပြရမှာလဲ၊ တစ်သက်လုံး မပြောဘူး ... ဟား ဟား ဟား"

လူရွှင်တော်တွေ ပြက်ကြသလို၊ ရုပ်ရှင်တွေထဲကလို အဲဒီလို တကယ်ပဲ သွားပြောမနေပါဘူးလို့မှ အာမမှ မခံနိုင်တဲ့ဟာ။ သူ့ပုံစံက လုပ်ချင်လုပ်မှာလေ။

ယုနှင့် ကျော့တို့နှစ်ယောက်သား တစ်ယောက်တစ်နေရာစီ လမ်းခွဲထွက်လိုက်ကြဖို့ ပြင်လိုက်သည့်အခိုက် ယုရဲ့မျက်ဝန်းတို့က မလှမ်းမကမ်း တစ်နေရာသို့ မတော်တဆ ရောက်သွားပြီး ကိုယ်လုံးလေးပင် တုန်ခနဲ ဖြစ်သွားရပါသည်။ ခပ်လှမ်းလှမ်းဆီမှာ ခြေစုံရပ် လက်ပိုက်ရင်း ယုတို့ဘက်ကို ခပ်တည်တည် ခပ်အေးအေးပဲ လှမ်းကြည့်နေသူကတော့ ကိုမင်း။ အဲ ... ဦးမင်းထွဋ်ပါ။

ယုတစ်ယောက် ခြေလှမ်းပျက်သွားသလိုရှိတော့ ကျော့က ယုကို အကဲခတ်ကာ ပြန်ငဲ့ကြည့်လိုက်ပြီးမှ ယုလှမ်းကြည့်နေရာသို့ သူ၏အကြည့်ရောက်သွားပါသည်။

"ဟင် ... ! ကိုမင်းပဲ၊ ကိုမင်း ရောက်လာပြီ၊ အတော်ပဲလာ ... မယု၊ မိတ်ဆက်ပေးမယ်"

"ဟင် ... နေပါစေ"

"ဩော် ... ဟိုးအရင်တစ်ခါကတည်းက ကျော့က မယုနဲ့ ကိုမင်းနဲ့ကို မိတ်ဆက်ပေးချင်နေတာ။ ခုမှ တိုက်တိုက်

ဆိုင်ဆိုင်ပဲ။ ကျော့က မယုနဲ့ အမျိုးတော်ချင်တယ် ဆို
တာလေ၊ အဲဒါ ကိုမင်းကို ပြောတာပေါ့။ ဒါပေမဲ့ ခု မယု
က သမီးအမေဆိုတော့လည်း ...”

အမယ် ... သူ့အမျိုးအဆွေကြီးကကျတော့ လွတ်လွတ်လပ်လပ်ကြီးကျလို့။ သားသည်အဖေ၊ တစ်ခုလပ် လူလိမ်ကြီး ဥစ္စာကို။ ယုမှာ အဆက်အသွယ်ပြတ်နေတဲ့ “ရည်းစွယ်ဖူးသူကြီး”ကို တွေ့လိုက်ရစကတော့ တုန်လှုပ်သလို ဖြစ်သွားမိပေမယ့် “ငါက များ သူ့ကို ဘာရင်မဆိုင်ရဲစရာ ရှိရမှာလဲ”ဟု မာန်တင်းလိုက်ကာ ဆွဲခေါ်နေသည့် ကျော့ကို ပြန်ရုန်းမနေတော့ဘဲ ခပ်တည်တည် ခပ်အေးအေးသာ လိုက်ပါလာခဲ့လိုက်ပါသည်။

“ကိုမင်း ... ဒါ ညီမမိတ်ဆွေ မယုတဲ့”

“ကိုယ်တို့ချင်း သိကြပါတယ် ညီမရယ်”

“ဟုတ်လား ... သိပြီးသားတွေလား။ ဒါဆို ပိုကောင်းတယ်၊ ဒါဖြင့် မယုက ကိုမင်းနဲ့ပဲ နေခဲ့လိုက်လေ။ လိုအပ်တဲ့ အကူအညီရှိရင် သူ့ကိုသာတောင်း။ ကျော့က ကိုကို့ဆီပဲ ပြန်သွားလိုက်တော့မယ်နော်”

“ညီမလေးက ဒုက္ခရောက်နေလို့ဆို”

“ခုမရောက်တော့ဘူး ကိုမင်း၊ မယုနဲ့ တွေ့လိုက်ရတော့ အားလုံး သဘောပေါက် ပြေလည်သွားပြီး ဘာဆက်လုပ်ရမလဲဆိုတာ သိသွားပြီ။ ကိုမင်း ဒီမှာပဲ နေခဲ့လိုက်ပါ။ ကျော့က ဟိုမှာ အရေးတကြီးကိစ္စ ဆက်လုပ်ဖို့ ရှိသေးလို့”





ကျော့ကျော့ ထွက်သွားလျှင် မင်းထွဋ်က ယုဘက်
သို့ လှည့်လိုက်ကာ ...

“ဘာဖြစ်လို့ ဖြတ်တာလဲ။ ဒီအရွယ်ကြီးတွေ ရောက်နေကြပြီ၊ အေးဆေးတည်ငြိမ်သင့်ပြီလို့ မထင်ဘူးလား”

မင်းထွဋ်ရဲ့လေသံမှာ ဒေါသသံ အနည်းငယ်ပါနေပေမယ့် အတော်ကြီး ထိခိုက်ခံစားနေရဟန်မျိုးလည်း ပါနေသေးသောမို့ ယုမှာ ဝမ်းပင်နည်းချင်သွားရကာ ...

“ရှင်က ဒီစကား ပြောသေးတယ်၊ ခုချိန်မှာ ဘယ်သူက ဘယ်သူ့ကိုသာ အပြစ်တင်စကား ဆိုသင့်တာလဲ”

“မင်းက ကိုယ့်ကို အပြစ်တင်စကား ဆိုချင်သေးတယ် !”

“ရှင်က ကျွန်မကို လိမ်တယ်လေ၊ သားကြီးငုတ်တုတ်နဲ့ ဇနီးဟောင်းနဲ့ ပြန်ပေါင်းဖို့ စိုင်းပြင်းနေတဲ့ တစ်ခုလပ်ကြီးက လူပျိုကြီးပါလို့ ညာခဲ့တာ။ ညာခဲ့တဲ့ ရှင်က မရှက်ပေမယ့် အညာခံနေရတဲ့ ကျွန်မက ရှက်တယ်ရှင့်”

“ဟာ ! ... သား၊ ဇနီး၊ တစ်ခုလပ် ... ! ဘာတွေလဲ !”

“ရှင် ဟန်ဆောင်ဆက်ကောင်းမနေပါနဲ့၊ ရှင်နဲ့ကျွန်မ စကားမပြောချင်ဘူး”

ယုမှာ စကားမပြောချင်လည်း ကိုယ့်ရဲ့မူလရည်းစွယ်ဖြစ်တဲ့ မန္တလေးဂိတ်တွေဘက် ထွက်မသွားရဲသေးပါ။ ဦးမင်းထွဋ်ဟာ သူ့ညီလုပ်တဲ့သူက လှမ်းအကြောင်းကြားလိုက်လို့ သူ့သားရှိရာဆီကို လိုက်ချလာတာသာ ဖြစ်မှာပေါ့။ စစ်နဲ့ ဦးမင်းထွဋ်

ကို ဒီအချိန်မှာ ပေးမတွေ့နိုင်ပါ။ ကိုယ်ပဲ စိတ်ဆင်းရဲခံပြီး ဒီနား မှာပဲ ပေကပ်ဆက်ရပ်နေဖို့သာ ရှိပါသည်။

"ယု ပြောနေတာတွေ ကိုယ် နားမလည်ဘူး"

"ရှင် ဒီကိုတောင်မှ ရောက်လာနေပြီ၊ ဆက်ဟန်ဆောင် မနေနဲ့"

"ဒီကို ကိုယ်ရောက်လာတာ ကျော့ကျော့က ကိုယ့်ကိုလှမ်း ခေါ်လိုက်လို့လေ၊ အဲဒါ ဘာဖြစ်လို့လဲ ..."

"ကျော့ကျော့က ... ! အပိုတွေ ပြောမနေနဲ့၊ ကျော့ကျော့ က ရှင့်ကို ဘာဆိုင်လို့ လှမ်းခေါ်ရမှာလဲ၊ ရှင့်ညီကသာ လှမ်းခေါ်လိုက်တာ မဟုတ်လား"

"ကိုယ့်ညီ ! ကိုယ့်ညီက ... ဘယ်သူလဲ"

"ရှင် ဘယ်လိုဖြစ်နေလဲ၊ ရှင့်ကိုယ်ရှင် မင်းသားများမှတ် နေလား၊ ရှင့်ညီဆိုတာ အဲဒီကျော့ကျော့ရဲ့ယောက်ျား တိုင်း ကျော်ကို ပြောနေတာပေါ့"

"သြော် ... တိုင်းကျော်ကို ပြောတာလား၊ တိုင်းကျော်က ကိုယ့်ကို မခေါ်ပါဘူး၊ သြော် ... တိုင်းကျော်လည်း ဒီကို ရောက်နေတယ် ... ဟုတ်လား။ ကိုယ်မသိဘူး၊ ကိုယ့်ကို လှမ်းခေါ်လိုက်တာကတော့ ကျော့ကျော့ပဲ"

ဒီအရွယ်ကြီး ရောက်ကာမှ လက်ထပ်ယူကြတော့ ဖို့အထိ ရည်ရွယ်ပြီး သူက "ဤဘဝ ဤမျှသာ"ဟု ခေါက်ချ သွားတာကို ခံလိုက်ရသဖြင့် စိတ်အနှောင့်အယှက် ကသိကအောက်





တွေ ဖြစ်နေခဲ့ရတဲ့ မင်းထွဋ်ဟာ ယုကို မျက်နှာချင်းဆိုင်ကြီး ပြန် တွေ့လိုက်ရကာမှပင် "ငါတော့ ဝဋ်ပဲ၊ ဒီမိန်းမနဲ့သာကွဲရရင် အဲဒီဒဏ်ကို ငါ ဘယ်လိုမှ ခံနိုင်မှာမဟုတ်ဘူး"ဆိုတာကို ပြက် ပြက်ထင်ထင်ပဲ သိရှိလိုက်ပါသည်။

ကိုယ့်ညီမငယ်နဲ့ အသိတွေဖြစ်နေပြီး စကားပြောဆို နေကြတာကို အဝေးက လှမ်းငေးနေရရုံနဲ့ ကြည်နူးဆွတ်ပျံ့လာတဲ့ အာရုံတစ်ခုကို ကိုယ့်ဘာသာ ပြန်ခံစားရင်း အဲဒီအဖြစ်ကိုပဲ ကျေ နပ်နေလိုက်ရတာ။ သတင်းတွေ ၊ နောက်ကြောင်းတွေ၊ ဇ,တွေ စစ်လှေကြီးနဲ့ ဒီတစ်ယောက်ဟာ ကိုယ့်ဘက်က အဲဒီလောက် ပြော်နိုးနေမိပါရက် သူ့ဘက်ကတော့ ခုချိန်ထိ အတည်တကျမရှိ သေးဘူးလားရယ်လို့ ကရုဏာဒေါသောနဲ့ စိတ်တွေကလည်း ....

ခုကျတော့ ယုရဲ့ပြောပုံဆိုပုံအရ သူ့ဘက်က မတည် ငြိမ်ချင်တာထက် ကိုယ့်ကိုသာ ပေါက်ကရတွေနဲ့ လာစွပ်စွဲအထင် မှားနေတဲ့ သဘောပါလား။ ကောင်းတယ်။ ဒါမျိုးဆို ပိုလွယ်နိုင် တာပေါ့။ မဟုတ်တာကြီးတွေကတော့ ရှင်းပြလိုက်ရုံနဲ့ ကိစ္စက ပြလည်ပြီးစီးသွားမှာပင်။

ယုကတော့ ဒီလူ့ကို လှမ်းခေါ်လိုက်တာ ကျော့ကျော့ ဆို၍ ပထမတော့ ကျော့ကျော့ကို ဒေါသထွက်မိရတော့မလို။ အားလေ ... ဒါပေမဲ့ အဲဒီတစ်ယောက်ဟာ ဘာမှဂနရေရာမသိ တဲ့ အုကြောင်ကြောင် ဂေါက်တောက်တောက်ပဲဟာ၊ ဒီကိုရောက်

လာတာတောင် သူ့ယောက်ျားနောက် နောက်ယောင်ခံလိုက်ပြီး ပါလာတာနေမှာ၊ အကူအညီ ရလိုရငြား သူ့ယောက်ျားရဲ့အစ်ကို ကြီးကို လှမ်းခေါ်လိုက်မိတာပဲ နေမှာပေါ့။ အဲဒီတစ်ယောက်မှာ အပြစ်မရှိနိုင်ပါဘူးလေ။ ဒါဖြင့် ဒီဦးမင်းထွဋ်ဟာ ကျော့ကျော့ကို ကူညီနိုင်ဖို့သာ ဒီကိုလိုက်လာတာဖြစ်ပြီး သူ့သားကိုယ်တိုင်လည်း ဒီဝင်းထဲမှာပဲ ရှိနေတာကိုတော့ သိမထားသေးဘူးလား။ ဒီလိုလား၊ အဲဒီလိုသာဆိုလို့ကတော့ ပိုပြီးတော့တောင်မှ နှုတ်လုံလျှို့ဝှက်ထား ရဦးမည်။

"ဟင် ! ယု ... ပြောပါဦး၊ ခုနကပြောတဲ့ သား၊ ဇနီး တစ်ခုလပ် ဆိုတာတွေက ဘာတွေလဲ။ ကိုယ်နဲ့ အဲဒီစကား လုံးတွေနဲ့ ဘာတစ်ခုမှ မပတ်သက်ဘူးနော်"

တော်တော် မျက်နှာပြောင်တိုက်နိုင်တဲ့ လူပဲ။ နောက်ဆုံးထွက်သက်အထိတောင် ပြောင်လိမ့်ပြောင်လိမ် လုပ်သွားဦးမည့် သူမျိုး ထင်ပါရဲ့။

"ယု အထင်မှားနေတာတွေရှိရင် ကိုယ် အားလုံးဖြေရှင်း ပြနိုင်တယ်"

မယုံဘူး။ သမီးလေးဟာ လုံးဝမညာတတ်သူတစ်ယောက်လေ။ အထူးသဖြင့် သူပါ အသည်းကွဲ ခံစားရမယ့်ကိစ္စမှာ အမေတစ်ယောက်လုံးကိုတော့ ပေါက်ကရတွေနဲ့ လာလိမ်ညာနေမယ့်သူမျိုး မဟုတ်ပါဘူး။ မန်းမေက "မေမေနဲ့တွဲနေတဲ့သူတစ်ယောက်နဲ့ မန်း မျက်နှာချင်းဆိုင် တွေ့ပြီးပြီ၊ အဲဒီဦးလေး





...းက "ဇာတ်လမ်းတွေကို ရပ်တန်းက ရပ်ကြပါစို့"လို့ ပြောခဲ့...ယ်"လို့ကို ဖွင့်ပြောခဲ့တာပဲဟာ။ လိမ်ချင်းလိမ် ဒီလူကသာ...ဦးမလား"လို့ လာထပ်လိမ်နေတာ။ သမီးလေးကတော့ အမှန်...တိုင်းပဲ ပြောမည့်သူဆိုတာ သေချာသည်။

"ဘာမှလာပြောမနေနဲ့၊ ရှင့် ဟဲန်းဖုန်းကိုလည်း မေ့လို့ ပြန်မပေးမိသေးတာ၊ ပြန်ပို့ပေးလိုက်မယ်၊ ဘာမှပူမနေနဲ့"

"ယု"

ယုက အနားသို့ မသိမသာ တိုးကပ်လာသည့် ...မင်းထွဋ်နှင့် ခပ်ဝေးဝေးဖြစ်သွားအောင် နေရာပြောင်းရွှေ့ပြီး ...င်ရပ်လိုက်ပါသည်။ ထိုအခိုက်မှာ "ကိုမင်း"ဟု မာဆတ်ဆတ် ...န်ခတ်ခတ် ခေါ်သံတစ်ခု ထွက်ပေါ်လာ၍ မင်းထွဋ်ရော ယုပါ ...တ်ခနဲ ကိုယ်စီလှည့်ကြည့်လိုက်မိကြသည်တွင် သမီးဇာနဲ့ မူ ...ပျက်ကြီးပျက်ကာ တုန်လှုပ်တင်းမာနေသော ဒေါ်မြတ်ဦးကို ...တွေ့လိုက်ကြရပါတော့သည်။

✦❤✦

"အမေ ... အမေကလည်းဗျာ"

"ကိုမင်း ... ပါးစပ်လေး ငြိမ်ငြိမ်ပိတ်ထားစမ်း၊ ပြီးရင် ကျော့ကျော့နဲ့ တိုင်းကျော်ကိုသာ တွေ့အောင်ရှာ။ မကြီး မငယ်ကြီးနဲ့ ကလေးဆိုးကြီးနွဲ့နေသလိုမျိုး ဂျီဂျအိအများ ပြီး ဂျစ်တိုက်သံကြီးတွေ ထွက်မနေနဲ့"

"ကျော့ကျော့ကို တွေ့လိုက်သားပဲလေ၊ ဘာဖြစ်လို့လဲ"

"ဟင် ! တွေ့လိုက်ရက်သားနဲ့ ဘာလို့ တစ်ခါတည်း ဖမ်းဆွဲမထားလိုက်တာလဲ"

"ဘာလို့ဖမ်းဆွဲထားရမှာလဲ"

"အပြောရ ကျပ်လိုက်တာနော်၊ ကိုယ့်ညီမအကြောင်းလည်း ကိုယ်မသိတာ မဟုတ်။ မင်းနဲ့တွေ့တော့ကော ကျော့ကျော့ က ဘယ်လိုပုံနဲ့လဲ၊ အေးဆေးပဲလား"

"ဘာလို့မအေးဆေးရမှာလဲ၊ သူက သူ့ယောကျ်ားနဲ့ တူတူ လာကြတာပဲဟာ၊ ကိစ္စတစ်ခုရှိလို့ လာကြတာ နေမှာပေါ့၊ အခု သူ့ယောကျ်ားနဲ့ပဲလေ"





"သေချာလို့လား၊ တိုင်းကျော်က အမေ့ကိုပြောတော့ သူ နဲ့ ကျော့ကျော့နဲ့ တစ်တွဲတည်းလို့ မပြောပါဘူး၊ ကျော့ကျော့ တစ်ယောက်တော့ နည်းနည်းဖောက်လာပြီး သောင်းကျန်း နေလို့ အမေမှ လာမခေါ်ရင် ပြဿနာတွေ တက်ကြတော့ မယ်ဆိုတဲ့ပုံမျိုးပဲ ပြောတာ"

မင်းထွဋ်မှာ မျက်ခုံးနှစ်ဖက်မြင့်တက်ကာ ပါးစပ်ပါ ပဲဟဟ ဖြစ်သွားပါသည်။ "ညီမလေး ဒုက္ခရောက်နေလို့ပါ ကိုမင်းရယ်၊ အမြန်လာပါ"ဆိုတဲ့ ဖုန်းသံလေးကိုလည်း ပြန်ကြား ယောင်လိုက်မိသည်။ အဲဒါဆိုရင်တော့ တကယ်ပဲ တစ်ခုခုဖြစ်နေ ခဲ့ပြီလား။

ရေခြားမြေခြားမှာ တစ်သက်လုံး နေနေတတ်တဲ့ မင်းထွဋ်က ညီမငယ်ရဲ့ ပုံမှန်မဟုတ်လှတဲ့ အဖြစ်အပျက်ကိုတော့ သိရှိထားသူပင် ဖြစ်ပါသည်။

မင်းထွဋ်ရဲ့ ပြောင်းလဲသွားတဲ့ ဟန်ပန်ကို ဒေါ်မြတ်ဦး က ရိပ်မိလိုက်သည်။

"ဘာလဲ ... မင်းရုပ်က ဘယ်လိုဖြစ်သွားတာလဲ၊ ကျော့ကျော့ နဲ့ပတ်သက်လို့ တစ်ခုခုတော့ မင်း သိထားပြီ၊ နေပါဦး ... မင်းကကော ဒီကိုဘာလို့ရောက်နေရတာလဲ"

မင်းထွဋ်က ခပ်အမ်းအမ်းနှင့် ...

"သူ လှမ်းခေါ်လိုက်လို့ပဲ"

"ကျော့ကျော့က လှမ်းခေါ်တယ် !"

မင်းထွဋ်မှာ ဝန်မခံပြန်ရင်လည်း ကျော့ကျော့အတွက် ထိခိုက်မှာ စိုးရတာကြောင့် ...

"ဟုတ်တယ်၊ သူ ဒုက္ခရောက်နေလို့ အမြန်လာပါဆိုပြီး ဖုန်းဆက်လို့"

"ဟင် !"

ဒေါ်မြတ်ဦးမှာ အရိုက်ထိသွားသလို ပျာပျာသလဲ ကြီး ထပ်ဖြစ်သွားရကာ ...

"ကြည့်စမ်း ... ကြည့်စမ်း၊ ညီမလုပ်တဲ့သူရဲ့ အခြေအနေက အဲဒီလောက် ဖြစ်နေတာတောင်မှ မင်းက ညီမနဲ့လည်း မျက်နှာချင်းဆိုင် ဆုံကြပါရက် ချော့မော့ဖျောင်းဖျခေါ်ပြီး အိမ်ပြန်တာတို့၊ သူနဲ့ပဲ မခွဲမခွာ ကပ်နေလိုက်တာတို့တော့ မလုပ်ဘဲနဲ့ ဘာလုပ်နေတာလဲ။ ဒါလား အစ်ကို၊ မင်း ... အလကားပဲ"

"ဟို ... သူ့ယောကျ်ားတော့ ရှိနေတယ် ဆိုတာနဲ့"

"ဘာလုပ်ရမှာလဲ ၊ အဲဒီကောင်က၊ အဲဒီကောင်ကြောင့်ပဲ ငါ့သမီးက ခုလိုဖြစ်နေရတာပဲဟာ။ အဲဒီကောင်က ဖောက်လွဲဖောက်ပြန်တွေ လုပ်နေလို့ပဲ ငါ့သမီးမှာ သူ့နောက်ကိုပဲ လိုက်ရချောင်းရနဲ့၊ ငယ်ငယ်က အခြေအနေမျိုး ပြန်ဖြစ်ချင်လာတာ"





ဒေါ်မြတ်ဦးက သူ့စကားကို "အလကားယောကျ်ားတွေ၊ ယောကျ်ားမှန်ရင် ဖောက်လွဲဖောက်ပြန် လုပ်ကြဖို့ချည်း ခေါင်းထဲရှိပြီး မိန်းမကိစ္စပဲ တွေးနေကြတဲ့ဟာချည်းပဲ"ဟု အဆုံးသတ်လိုက်ပါသည်။ ကိုယ့်ကိုပါ တစ်လက်စတည်း ရောတွယ်လိုက်မှန်း သိပေမယ့် အမေနဲ့ သားဆိုတော့လည်း မင်းထွဋ်ခမျာ ငြိမ်ကုပ်ကုပ်သာ နေနေလိုက်ရပါသည်။

ခုနကလည်း အမေလုပ်သူက "ဘွား"ခနဲ အနားရောက်လာတာမို့ ကြုံတုန်းကြုံခိုက် အဆင်တပြေလေးလည်းရှိသွားအောင် "ဟာ ... အမေပါလား၊ ဘယ်လာတာလဲ၊ အတော်ပဲ ကြုံတုန်း မိတ်ဆက် ..."ပဲ ရှိသေး ...

"အေး ... အေး ... ကိုမင်း ... မင်းနဲ့တွေ့တာ အတော်ပဲ လာ ... လာ ... အမေ့နောက် လိုက်ခဲ့ချေဦး"

"ခဏလေး အမေရဲ့ ... ဒါက ..."

"ဟုတ်ပါပြီ၊ တခြားကိစ္စက နောက်မှလုပ်၊ ခု အမေက အရေးကြီးတယ်"

"မဟုတ်ဘူး၊ ကျွန်တော်က ..."

"ကိုမင်း ... ခုချက်ချင်း ငါ့နောက်က လိုက်ခဲ့"

ပြောပြီး ဘာကိုမှ ဂရုမစိုက်ဘဲ လှည့်ထွက်သွားလိုက်တာ မင်းထွဋ်မှာ တကယ်ပဲ ဘာတွေအရေးတကြီး ပြူးတူးပြဲတဲ ဖြစ်နေမှန်းမသိတဲ့ အမေ့နောက်ပဲ ပြေးလိုက်ရနိုးနိုး၊ ပထမတော့ ငေးကြောင်ကာ စိုက်ကြည့်နေပြီးမှ သူလည်းပဲ "ဆတ်"

ခနဲ ကျောခိုင်းပစ်လိုက်တဲ့ ယုကိုပဲ အရင်ဟာတွေနဲ့ပါပေါင်း
ထပ်တောင်းပန်ရရှိနိုး။ ဟိုလိုလို ဒီလိုလို ဇဝေဇဝါတွေ ဖြစ်
ရသခိုက် ...

"ကိုမင်း ..."

"ယု ... ယု ... ကိုယ်ပြန်လာခဲ့မယ်နော်၊ အခုတော့
လေးပါကွာ၊ ဟုတ်ပြီလား ... ပလိစ် ... နော် ... ယု ...
အမေက ဘာတွေအရေးကြီးနေမှန်း မသိလို့ပါ"

ယုကား စကားပြန် ရန်တွေ့ခြင်းမျိုးကိုပင် ဖြ
လုပ်နိုင်လောက်အောင် ကျောခိုင်းလျက်သား ရှိလေသည်။ မင်းထွ
မှာသာ အမေ့ဆီက အသံကြီး နောက်ထပ်တစ်ခွန်း ထပ်မထွ
လာခင် အမေ့ဆီ အပြေးချဉ်းကပ်ရတော့ကာ ...

"အမေ ... အမေကလည်းဗျာ၊ ဘာတွေဖြစ်နေတာလဲ"

အဲဒီတုန်းက မင်းထွဋ်ရဲ့နံဘေးက ယုကို အမေ
သတိမထားမိမှာလည်း မဟုတ်။ တွေ့လည်း တွေ့ပါရက်၊ မင်း
ထွဋ်နဲ့ အဆက်အစပ် အပတ်အသက်ဆိုတာမျိုးကိုလည်း သတိထား
မိနိုင်ပါရက် တမင့်ကို လူမှုရေးမကျေညက်ပြလိုက်တာသာလျှင်
ဖြစ်နိုင်ကြောင်း ခုမှပဲ တွက်မိတော့သည်။ ခုလည်း အတိအကျ
ကြီး မဟုတ်ပေမယ့် စောင်းမြောင်းပြီး ရောတွယ်ပစ်လိုက်ပြန်ပြီလေ

"ကျော့ကျော့က အခု တိုင်းကျော်နဲ့ဆိုရင် အဲဒီတိုင်းကျော်
က ဘယ်မလဲ"

"ဘယ်သိနိုင်မှာလဲ အမေရာ"





"မင်းပဲပြောတော့ ကျော့ကျော့က တိုင်းကျော်နဲ့ဆို။ တိုင်း
ကျော် ဘယ်မှာရှိနေမှန်း မသိဘဲ သူတို့နှစ်ယောက်အတူတူ
ရှိနေမယ်လို့ ဘယ်လိုသိသလဲ"

"ကျော့ကျော့က တိုင်းကျော်ဆီ သွားလိုက်ဦးမယ်လို့ပြော
ပြီး ထွက်သွားတာကိုး"

ဒေါ်မြတ်ဦးရဲ့ရုပ်ရည်မှာ မင်းထွဋ်သာ သူငယ်နှပ်
းအရွယ်လေးသာ ဖြစ်နေလို့ကတော့ လူရှေ့သူရှေ့လည်းမရှောင်
နေရာတင် နှက်ပစ်လိုက်ချင်သော ရုပ်မျိုးတွေပင် ပေါက်လာ
ပါသည်။

"ဒါဖြင့် ဆက်စမ်း ... ဆက်စမ်း၊ အဲဒီကောင်ရဲ့ဟန်းဒ်ဖုန်း
နံပါတ်ကို ဆက်ကြည့်၊ ဘယ်နေရာမှာ ရောက်နေတာလဲ
လို့၊ ကျော့ကျော့ပါ အတူရှိနေသလားလို့ပါ တစ်ခါတည်း
ထည့်မေးလိုက်ဦး။ ကားဂိတ်ဝင်းကြီးကဖြင့် အကျယ်ကြီး
ရယ်ကို ငါ့ကို နေရာအတိအကျ တစ်ခါတည်း မပြောလိုက်
ဘူး၊ ဒီကောင်လည်း တွေ့မှသိဦးမယ်"

မင်းထွဋ်မှာ ယောက်ဖလုပ်သူရဲ့ဖုန်းကို ဆက်ပင်
ဆက်ကြည့်လိုက်ရသေးပါ။ အမေ ဒေါ်မြတ်ဦးက တစ်စုံတစ်
ယောက်ကို ဖျတ်ခနဲ လှမ်းတွေ့သွားကာ ...

"ဟင် ! ဟိုမှာက ဟိုတစ်ယောက်ပဲ။ ဩော်... တိုင်းကျော်
က ဒီဟာမနဲ့ချိန်းပြီး ကားဂိတ်ကို လာကြတာ။ အဲဒါကို

ငါ့သမီးကသိပြီး လိုက်သောင်းကျန်းလို့ တိုင်းကျော်
ငါ့ကို ကိုယ့်သမီး ကိုယ်ပြန်လာထိန်းခေါ်ပေးပါလို့ လုပ်
ကိုး။ လက်စသတ်တော့ ဒီဟာမနဲ့ကိစ္စကြောင့် ငါ့သမီး
ခုလို ပေါက်ပေါက်ကွဲကွဲတွေ ဖြစ်ကုန်ရတာ"

ဒေါ်မြတ်ဦး လှမ်းမြင်လိုက်သူကတော့ တိုင်းကျော်က ဖုန်းဆက်ခေါ်ယူလိုက်၍ သားဇာနှင့် အပြေးအလွှား လိုက်ချလာရသည့် ပုလဲပင်တည်း။ တိုင်းကျော်က "အဝင်ဂိတ်နား တင် ရှိနေမယ်၊ လာခဲ့လိုက်"ဆိုလို့ လိုက်ချလာရသော ပုလဲ တိုင်းကျော်ကို ချက်ချင်းမတွေ့ရသဖြင့် "ဖုန်းဆက်ကြည့်လိုက် မယ်"ဟု ကြံရွယ်နေစဉ်တွင် သူ့ထံသို့ ပြေးလွှားလာနေကြ သားအမိနှစ်ယောက်ကို လှမ်းမြင်လိုက်ရပါသည်။

"ဟင် ... ! အမယ်လေး"

ဘုရား ... ဘုရား ... အဘွားကြီးကလည်း မျက်
ပြူး မျက်ဆန်ပြူးကြီး။ သားလုပ်တဲ့သူကလည်း ဘာရုပ်ကြီးမှန်း မသိနိုင်တဲ့ ရုပ်မျိုးကြီးနဲ့။ အမယ်လေး ... ငါ့ဆီကိုပဲ အပြေး နေကြတာပါလား။ ဘုရားရေ ... ဘာများလုပ်ကြမလို့လဲ။

နောက်ဆုံးမှာတော့ ပုလဲဟာ ဒေါ်မြတ်ဦးကို နှာချင်းဆိုင် ကြောင်ကြောင်ကြီး စိုက်ကြည့်နေမိရာကနေ ခနဲ ကျောခိုင်းပစ်လိုက်ပြီး ပြေးမိပြေးရာ လမ်းတစ်ကြော ကောက်ကာငင်ကာပဲ ထပြေးပါချေတော့သည်။





"ဟင် ... တွေ့လား ... ထွက်ပြေးတယ်။ သေချာပြီ။ လိုက် ... လိုက် ... မင်းထွဋ်ရေ၊ မင်းသာ မီအောင်လိုက်။ အမေ့ကို စောင့်မနေနဲ့၊ အမေက သိပ်မပြေးနိုင်ဘူးဆိုတော့။ အမေနဲ့မင်းတို့နဲ့ မျက်ခြည်ပြတ်သွားလည်းရတယ်။ အရေးကြီးတာက သူ့ကို အုပ်မိဖို့ပဲ။ သူ့ကိုအုပ်မိမှ တိုင်းကျော်ကို ရှာတွေ့ပြီး ကျော့ကျော့ကိုလည်း ပြန်တွေ့မှာ။ လိုက် ... လိုက် ... မင်းက အမေ့ရှေ့က ကျော်အောင်သာပြေးလိုက်"

"အမေ ... အဲဒါ ဟိုတစ်ယောက် မဟုတ်ဘူးလား"

"ဟုတ်တယ်လေ ... ပုလဲလေ၊ မင်းညီမကို စိတ်ဒုက္ခအပြည့်အဝပေးနေတဲ့ တစ်ယောက်ဟာပေါ့။ ကဲပါ ... ဒါတွေမေးမနေနဲ့ မီအောင်သာလိုက်"

"မဟုတ်ဘူးလေ၊ အမေက ကျွန်တော်နဲ့ စပ်လားဟပ်လား"

"ဟယ် ... လာပြန်ပြီတစ်ယောက်။ သူ့လို လူပျိုရွယ်သားကြီးတစ်ယောက်နဲ့ အိမ်ထောင်သည် ခုနစ်အို ရှစ်အိုကို ဘယ်သူက ကိုယ့်သားလူပျိုနဲ့ စပ်ရမှာလဲ၊ ငါက အရူးလား မင်းထွဋ်ရဲ့ ပြောစမ်းပါဦး။ ဒါ မင်းကို အဲဒီတစ်ယောက်က အဲသလိုပဲ လာပြောနေတာ မဟုတ်လား။ ဒီအရူးမဟာ စိတ်ရူးထတိုင်း သူ့ဖြစ်စေချင်တာတွေကို လျှောက်လို့ချည်း ပြောနေတော့တာပေါ့။ ငါ့ကိုပဲ ပြောမယ်ထင်တာ၊ မင်းကိုပါ လာပြောရဲလိုက်သေးတယ်။ အမယ်လေး ... ကြောက်စရာကောင်းလိုက်တာ"

မင်းထွဋ်မှာ "သွားပြီ"ဟု စိတ်ထဲကပဲ ရေရွတ်လိုက်မိကာ ခြေလှမ်းတွေကိုလည်း ရုတ်တရက်ပင် ရပ်တန့်ပစ်လိုက်မိပါတော့သည်။

"ဟဲ့ ... ဘာကိစ္စ ဆက်မလိုက်တော့တာတုန်း။ အရှုံးဖြစ်နိုင်ပေမယ့် မိန်းမနဲ့ယောက်ျား၊ မင်းက ဘာများသူ့ကိုလန့်နေစရာ ရှိရမှာလဲ၊ လိုက်မယ့်သာ လိုက်စမ်းပါ။ သူ့ကို မျက်ခြည်မပြတ်မှ ကျော့ကျော့ကို ပြန်တွေ့နိုင်ပါမှာ ဆိုနေမှ။ တော်ကြာ သူက ကျော့ကျော့နဲ့ အရင်တွေ့သွားပြီး ငါ့သမီးကို တစ်ခုခုလုပ်နေမှ ..."

သို့သော် ... မင်းထွဋ်ရဲ့ခြေဖဝါးတို့ဟာ တစ်လှမ်းမှ ထပ်ရွှေ့လို့ မရနိုင်ပါတော့။ ဒေါ်မြတ်ဦးက မင်းထွဋ်ကို ဒေါသလည်းထွက် အံ့လည်းသြ၊ "ဟဲ့"ဟု အော်ပစ်လိုက်ပေမယ့် မင်းထွဋ်ကား တုတ်တုတ်မျှမလှုပ်။ မပုလဲဆိုတဲ့ မိန်းမတစ်ယောက်ရဲ့နောက်ကို ပြေးလိုက်ဖို့နေနေ၊ ကနေ့မှစလို့ နောင်သေတဲ့အထိ ဘယ်တော့မှ မျက်နှာချင်းဆိုင်လို့ ထပ်မဆုံမိအောင်ပင် ရှောင်ရှားလို့ရရင် ရှောင်ရှားလို့သာ နေရတော့မည်ပဲ မဟုတ်လား။

ကိုယ်က အဆိုးဝါးဆုံး ဖြစ်မှုကြီးကို လုံးလုံးကြီး လွဲမှားစွာ သွားကျူးလွန်လိုက်မိပြီလေ။ သူ့ဘာသာ သူ့အိမ်ထောင်နဲ့သူ ရှိနေတဲ့ မိန်းမတစ်ယောက်ကို နေရင်းထိုင်ရင်း "ကျွန်တော်က ခင်ဗျားကို မယူနိုင်ပါဘူး"လို့ သွားပြောထားမိတဲ့ကိစ္စကြီး။ အဲဒီမိန်းမဟာ အမေ့ကို သွားပြောရုံတင်မက သူ့ဘာသာကမ္ဘာ





လည်ပြီး မကျေနပ်ကြောင်း လျှောက်ပြောနေလည်း အလွန်မရှိပေ။

ခုမှပဲ မင်းထွဋ် ပြောချလိုက်စဉ်က ဖြစ်ပျက်ပြောင်းလဲသွားတဲ့ သူမရဲ့ရုပ်ကို အဓိပ္ပာယ်ဖော်နိုင်တော့သည်။ အကြီးအကျယ် စိတ်ဆိုးဒေါသထွက်သွားရမယ့်အစား တုန်တုန်လှုပ်လှုပ်နဲ့ မပြေးရုံတစ်မယ်ကို ခပ်မြန်မြန် ကျောခိုင်းသွားခဲ့တာလေ။ ခုလိုမျိုးပဲပေါ့။ ခုကတော့ ထွက်ကိုပြေးတာ။ မြင်လိုက်တာနဲ့ကို မျက်လုံးပြူး မျက်ဆန်ပြူးနဲ့ ချာခနဲကို နောက်ကြောင်းပြန်မကြည့်စတမ်း ထွက်လို့ကိုပြေးတာ။

လက်စသတ်တော့ အမေကသာ သူ့ကို အရှုံးမထင်နေတာ၊ သူကလည်း မင်းထွဋ်တို့သားအမိကို "ဒီသားအမိဟာ စိတ်မှ နှံ့ကြရဲ့လား"လို့ တွက်မိသွားတာပဲ ဖြစ်မှာပေါ့။ ဒုက္ခ။ ဒါဆိုရင်တော့ သိပ်မျက်နှာပူစရာမရှိတော့ဘူး ထင်သည်။ ကိုယ်ကတောင် ရှောင်ရှားနေစရာ မလို။ သူကချည်း ရင်မဆိုင်ဝံ့စွာ ထွက်ပြေးနေတော့မှာပဲဟာ ... ဟား ဟား ဟား။

"မင်းထွဋ် ... မင်းပါ ရူးသွားပြီလား၊ ဘယ်မလဲ ဟိုတစ်ယောက်၊ လွတ်သွားပြီ မဟုတ်လား"

"အမေ ... သက်စွန့်ဆံဖျား ကြောက်လန့်တကြား ထွက်ပြေးတဲ့သူ တစ်ယောက်နောက်ကို ဘယ်သူလိုက်လိုက်မမီနိုင်ပါဘူး၊ ကျော့ကျော့ကို ကျွန်တော်တို့ ကိုယ့်ဘာသာပဲ ရှာကြရမှာပါ"

မင်းထွန့်မှာ ပုလဲဆိုတဲ့ တစ်ယောက်ကို အကြီး အကျယ် ပြန်တောင်းပန်ဖို့ ဆန္ဒဖြစ်မိပါသည်။ ဒါပေမဲ့ သူမက အနားသို့တောင်မှ အကပ်ခံပါ့မလား။

✦❤✦





"ဘယ်မှာလဲ ... မင်းအမေ။ ဘယ်မှာလဲ စစ်"

မန်းမေက ကိုယ့်ရှေ့ကလူကြီးကို မျက်လုံးအဝိုင်းသားလေးနှင့်ပဲ ကြောက်လန့်တကြားလေး ကြည့်နေမိပါသည်။

မန္တလေးသို့ ထွက်ကြမယ့် ဂိတ်ကကားတွေထဲမှာ မန်းမေတို့ကားက နံပါတ်(၄)။ ထွက်ဖို့အချိန် လိုသေးသည်ဖြစ်၍ ကားပေါ်သို့ပင် မေးမတက်သေးသည်ဖြစ်ရာ မန်းမေက ဂိတ်ရုံးထဲက ခုံတစ်ခုံမှာ ခပ်ငူငူလေး ထိုင်နေမိဆဲ ဂိတ်ရှေ့ကနေ တစ်ခေါက်က နှစ်ခေါက် ခဏ ခဏ ဖြတ်ဖြတ် လျှောက်နေသည့် စစ်ကို လှမ်းမြင်လိုက်ရတာမို့ မန်းမေက ဂိတ် ရုံးရဲ့ရေချိုးခန်း အိမ်သာထဲ ခနပြေးဝင်ပြီး ပုန်းနေလိုက်ပါသည်။

လူစိမ်းဆိုရင် သူက စကားစပြောဖို့ ဝန်လေးနေတတ်လေ့ရှိတဲ့ စစ်ဟာ ဂိတ်ရုံးထဲ ဝင်လာပြီး "ခရီးသည်စာရင်းထဲမှာ မန်းမေ ဆိုတာပါသလား"လို့လည်း မေးမြန်းစုံစမ်းတတ်မည့် သူမျိုး မဟုတ်ပါ။ မန္တလေး(......)ကားဂိတ်ကို သူ့ကိစ္စနှင့်သူ အကြောင်းရှိလို့ ရောက်လာတာမျိုး မဟုတ်ဘဲ မန်းမေအကြောင်း သတင်းစုံစမ်း ရရှိခဲ့လို့ ဒီအထိ လိုက်ချလိုက်လာတာ ဆိုတာကို

တော့ သူ့မျက်နှာကို မြင်လိုက်ရုံနဲ့ ဘာမှတွေးနေစရာမလို မန်းမေက အတပ်ပင် သိနိုင်ပါသည်။

အဲဒီတော့ ဝမ်းနည်းရသည်။ မဖြစ်နိုင်တာတွေကို ဆက်လုပ်မနေချင်ပါနဲ့တော့ စစ်ရယ်။ ပြီးကျတော့ "မေမေရယ်" ဟု ပါ ထပ်မံညည်းတွားလိုက်ချင်ပါသည်။ စစ် ဒီကိုရောက်လာနိုင်တာ မေမေ့ရဲ့အကြံဉာဏ် အကူညီမပါဘဲ ဘယ်ဖြစ်နိုင်ပါ့မလဲ။ မဖြစ်နိုင်တာတွေကို လုပ်ပေးချင်မနေပါနဲ့တော့ မေမေရယ်။

အိမ်သာထဲကနေ အချိန်ဆိုင်းပြီး ပြန်ထွက်လာတော့ ဂိတ်ရှေ့က ဖြတ်လို့ချည်း လျှောက်နေသည့် စစ်ကတော့ မရှိတော့ပြီ။ သို့သော် ... ခုနက မန်းမေ ထိုင်နေခဲ့တဲ့နေရာ ဂိတ်ရုံးက တာဝန်ခံစာရေးမလေးရဲ့ နောက်နားက ထိုင်ခုံနေရာမှာ ခပ်မိန့်မိန့်ကြီး ထိုင်စောင့်နေသည့် လူကြီးက မန်းမေထံ မေးတစ်ချက် လှမ်းဆတ်ပြလိုက်ရင်း ခပ်တည်တည်နှင့်ပင် ...

"ဘယ်မှာလဲ မင်းအမေ။ ဘယ်မှာလဲ စစ်"

ဩော် ... စစ်ကြည့်ရတာ ဒီဂိတ်ကကားနှင့် မန်းမေ တစ်ယောက် လိုက်ပါမည်ဆိုတာကို သတင်းအတိအကျ ရထားပါ ရက် ဖြတ်လျှောက်နေခြင်းအမှုကို ဆက်မပြုတော့တာ သူ့အဖေကို ဦးအောင်လှမ်းတွေ့လိုက်လို့သာ နေမှာပေါ့။ အဲဒါကြောင့် စစ်က တိမ်းရှောင်သွားပြီး ဒီလူကြီးကကျတော့ အိမ်သာထဲက ပြန်ထွက်လာမည့် မန်းမေကို ဂိတ်အဆောက်အအုံထဲကတောင်မှ လာထိုင်စောင့်နေသည်။





"မသိဘူး ဦးလေး"

"ဟာ ... မင်းမသိလို့ ရမလား။ မင်းတို့အားလုံး တစ်ခုခုကို ဝိုင်းဖွဲ့ကြံစည်ပြီး ဒီမှာ ဆုံဖြစ်ကြဖို့ ချိန်းသားကိုက်ထားကြတာပဲ မဟုတ်ဘူးလား။ ဘာလဲ ... အခုက မန္တလေးကို လစ်ကြမယ့်ကိစ္စမှာ မင်းကကော ပါနေသေးတာလား"

"မန္တလေးက ကျွန်မ တစ်ယောက်တည်း သွားမှာပါ။ လစ်တာလည်း မဟုတ်ပါဘူး၊ ကျွန်မဘာသာ ကိုယ့်အဘိုးအဘွားရှိတဲ့ဆီ ကိုယ်သွားမှာ၊ ဘာကိစ္စလစ်ရမှာလဲ"

"ဒါဖြင့် မင်းအမေနဲ့ စစ်နဲ့က ဒီကို ဘာလာလုပ်ကြဦးမှာလဲ။ မလာပါဘူးလို့တော့ မငြင်းနဲ့နော်။ သူတို့နှစ်ယောက် အတူစီးလာတဲ့ တက္ကစီကားနောက်ကကို ငါက ကပ်ပါလာခဲ့တာ။ အဝင်ဝကျမှ လူစုက ကွဲသွားလို့ ခု ဒီထဲလိုက်လှည့်ပတ်ရှာရင်း မင်းကို ဒီထိုင်ခုံကနေ နောက်ဘက်ထိ လှစ်ခနဲ ပြေးပုန်းသွားတာ မြင်လိုက်လို့ ထိုင်ကိုစောင့်နေတာပဲ။ မင်းတို့ ငါ့ကို ဒီလို လက်တစ်လုံးခြား ရှောင်ပုန်းတစ်ပတ်ရိုက်ချင်လို့ ရမယ် မထင်နဲ့ မိန်းကလေး"

"ကျွန်မက ဦးလေးကို မပုန်းပါဘူး၊ မြင်တောင် မမြင်မိဘူး"

"မလိမ်စမ်းပါနဲ့ကွာ၊ မင်းပုံစံက လှစ်ခနဲ ထလစ်သွားတာ သိသာပါတယ်"

"ဘာဖြစ်လို့ လိမ်ရမှာလဲ၊ ဦးလေးကို မပုန်းဘူးလို့သာ ပြောတာပဲ၊ နောက်တစ်ယောက်ကို ပုန်းချင်ပုန်းမှာပေါ့"

"အဓိပ္ပာယ်မရှိတာတွေ မပြောစမ်းပါနဲ့ သူငယ်မရယ်၊ မင်းမှာ ငါ့အပြင် ဘယ်သူတွေမသိအောင် ခိုးဖုက်လုပ်ထားရတဲ့ တခြားဘာကိစ္စတွေကော ရှိနေသေးလို့လဲ"

မန်းမေမှာ "စစ်ကို" ဟု ပြောလိုက်တာနဲ့ "သူ့သားကိုစစ်ပါ ဒီနားတစ်ဝိုက်မှာ ရှိနေပြီ" ဆိုတာ ဒီဦးလေးကြီး သိသွားနိုင်သည်ဆိုတာကို သိသော်လည်း "လိမ်တယ် ညာတယ်" ချည်း စွပ်စွဲနေတော့တာကို မခံနိုင်တာမို့ ...

"ဦးလေးရဲ့သားကိုပေါ့။ သူ ဒီကိုရောက်လာတာ ကျွန်မခေါ်ယူလိုက်တာလည်း မဟုတ်ဘူး။ လိုက်လာလိမ့်မယ်လို့ ထင်တောင်မထားဘူး၊ သူ့ဘာသာ ရောက်လာတာ၊ ဒါပေမဲ့ ကျွန်မမှာ ဦးလေးပြောထားတဲ့စကားတွေ ရှိတယ်။ လူတစ်ဖက်သား မိဘတစ်ယောက် စိတ်မချမ်းမသာဖြစ်မယ့် ကိစ္စမျိုးတွေကို ကျူးလွန်ဖို့ ကျွန်မ လုံးဝဝါသနာမပါဘူး။ အဲဒါကြောင့် သူ ကျွန်မကိုမမြင်အောင် တမင်ပဲ ထရှောင်နေလိုက်တာ"

"နေစမ်းပါဦး ... စစ်က ငါ့သားလည်း မဟုတ်ရပါဘူး ငါ့တူပါ။ ပြီးတော့ မင်းပြောနေတဲ့ အဓိပ္ပာယ်တွေလည်း ငါ တစ်ခုမှ နားမရှင်းပါလား သူငယ်မ"

"ဩော် ... ကိုစစ်က ဦးလေးရဲ့သား မဟုတ်ဘူး ... တူဟုတ်လား။ အေးလေ ... ဒါပေမဲ့လည်း အဲဒီတူတစ်ယောက်ကိုပဲ ငဲ့တွက်ပြီး ဦးလေးက မေမေ့ကို ဓာတ်လမ်းရပ်ကြဖို့





တွေ ဘာရှတွေတောင် ပြောတယ်ဆိုတော့ ဒီတူတစ်ယောက်ဟာ သားကဲ့သို့ပဲ ဦးလေးအဖို့ အလွန်တရာ အလေးထားထည့်တွက်ရတဲ့ တူမို့သာ ဖြစ်မှာပေါ့"

"စစ်ဟာ ငါ့သားလိုပဲ ဆိုတာတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ သားလောက်မချစ်တဲ့ တူဆိုရင်တောင် မင်းအမေနဲ့ကိစ္စကတော့ ဦးလေးတစ်ယောက်အနေနဲ့ ဘယ်လိုလုပ် ရှေ့ဆက်ဖို့ ဆုံးဖြတ်ခွင့်ပြုလို့ရမလဲ၊ မင်းပဲ စဉ်းစားပေးပါဦး"

မန်းမေမှာ သူ့ဘက်ကတော့ အမှန်ကြီးလိုလိုလုပ်ပြီး ပြောနေသည့် ဦးလေးကြီးကြောင့် မေမေ့ကိုယ်စား ဝမ်းတောင်နည်းလာရပါသည်။ ရက်စိတ်၊ မခံချင်စိတ်တို့နဲ့ ပြည့်လျှံနေပြီး ငိုချလိုက်ချင်နေတာကို အတန်တန်ထိန်းလျက် အသံတုန်လေးနှင့်ပင်။

"ဒါဖြင့် ဦးလေးက ကိုယ့်မလည်း လွတ်လွတ်လပ်လပ် မဟုတ်။ ဘယ်လိုနည်းနဲ့မဆို ပြန်ပြီးငဲ့ကွက်ဆုံးဖြတ်ရဦးမယ့် တူတစ်ယောက်လည်း ရှိနေပါရက်နဲ့ မဖြစ်နိုင်ဘူးလို့ပဲ အဖြေထွက်လာမယ့် ဓာတ်လမ်းတစ်ခုကို ဘာ့ကြောင့် စခဲ့ရတာလဲ။ အစောတည်းက အဖြေကို ကြိုသိနေရင် ဘယ်လူကြီးလူကောင်းမှ တစ်ပါးသူစိမ်းမိန်းမတစ်ယောက်ကို အပျော်ကြံရရုံ ဝေဒနာပေးမယ် မထင်ပါဘူး"

"ဟေ"

တိုင်းကျော်က ကောင်မလေးကို ဇဝေဇဝါကြီးသ
ကြည့်နေမိတော့သည်။ ဘာတွေပြောနေပါလိမ့်။ စစ်နဲ့ သူ့အမေ
ဇာတ်လမ်းဟာ တိုင်းကျော်ကပဲ ကုလားဖန်ထိုး၊ ဖန်တီး၊ ဇာတ်
ဆရာလုပ်ခဲ့သလိုလို အပေါက်မျိုးတွေ ပြောနေပါလား။ ပြီးကျတော့
တိုင်းကျော်မှာ အိမ်ထောင်ရှိမရှိကရော၊ ဒါတွေနဲ့ ဘာဆိုင်လဲ
ဒီကောင်မလေးဟာ အရင်တစ်ခေါက်ကလည်း "ဦးလေးမှာ မိန်းမ
ရှိသလား" ဆိုတဲ့ စကားမျိုးကို မေးခဲ့ဖူးသည်။ ဘာလဲ ... ဒါက

"ကျွန်မအံ့မေဟာ မုဆိုးမပါ။ သမီးတစ်ယောက်မိခင်ပါ
ဒါနဲ့ပဲ သူ့ဘဝမှာ အားကိုးအားထားပြုစရာ လူတစ်ယောက်
ယောက်နဲ့ အတည်တကျ အိမ်ရာထပ်ထူထောင်ခွင့် မရှိရ
တော့ဘူးလား"

"ဟော ... ဒါပေမဲ့ကွယ်၊ ခုဟာကတော့ ..."

မန်းမေရဲ့မျက်လုံးထဲမှာ မျက်ရည်စများကို မြင်လာ
ရ၍ တိုင်းကျော်က လေသံကိုလျှော့လျှော့ပဲ ပြောပါတော့သည်။

"ကျွန်မသမီးတစ်ယောက်တန်မဲ့နဲ့ ဦးလေးနဲ့ အမေ့ကို
သဘောတူပါတယ်လို့ လာပြောဝံ့တာ အရှက်မရှိလို့
ပါးစပ်လွယ်လို့။ အပေါစားမိန်းကလေးတစ်ယောက်မို့လို့
လို့ ဦးလေးက ထင်နေလို့လား။ မေမေက ဒီတစ်ခေါက်
သူ့ရဲ့အိမ်ထောင်ရေးကို မျှော်လင့်ချက်ကြီးကြီးနဲ့ တကယ်
တည်ဆောက်ယူတော့မယ်ဆိုတာ သိလို့။ သမီးတစ်ယောက်
ရဲ့မေတ္တာစကားပါ။ ဦးလေးမှာလည်း အင်မတန်ချစ်တဲ့တူ
ရှိတာပဲ၊ ကိုယ်ချင်းစာပါလား"





"ဟ ... ဟ ... ညည်းအမေနဲ့ ငါနဲ့က ဘာဆိုင်လို့လဲ"

"ဟင် ... !"

မန်းမေမှာ မျက်လုံးတွေပင် ပြာနှမ်းသွားပြီလား
င်လိုက်မိပါသည်။

"မေမေ အိမ်ထောင်ပြုမှာ ဦးလေးနဲ့ မဟုတ်ဘူးလား"

"ဘယ်ကလာ ... ငါ့မှာက ငါ့အိမ်ထောင် ငါ့ဇနီးကြီးနဲ့
ဒါမျိုးစဉ်းတောင်မစဉ်းစားဘူး၊ ကြံကြီးစည်ရာဗျာ"

"ဒါဖြင့် မေမေနဲ့ လက်ထပ်မှာက ဘယ်သူလဲ၊ ဦးလေး
ကကော ကိုယ်နဲ့လည်းမဆိုင်ဘဲနဲ့ဆိုရင် ဘာကိစ္စ ဤဘဝ
ဤမျှသာတွေ ဇာတ်လမ်းကို တစ်စခန်းရပ်ပါတော့တွေ
လာဝင်ပြောနေရတာလဲ"

"ဒါကတော့ ... အဲ ... ဒါကတော့ ..."

တိုင်းကျော်မှာ ဒီကောင်မလေးကို ဘာများဆက်ပြော
ပါမည်နည်း။ လက်စသတ်တော့ ဒီကောင်မလေးဟာ သူ့အမေနဲ့
ာ်တို့ရဲ့ဇာတ်လမ်းကို ဘာမှမသိ။ သူ့ဘာသာ ဘာတွေမှားနေမှန်း
သိဘဲနဲ့ တူနဲ့ဦးလေးကို တစ်လွဲပြောင်းပြန်ကြီး ဖြစ်နေရှာတာ
ကိုး။ ဒါဖြင့် သူ့အမေရဲ့တစ်ယောက်ဟာ သူ့သူငယ်ချင်း ကိုစစ်
ါဆိုတာသာ အမှန်အတိုင်း သိလိုက်ရရင် ဒီဝဲနေတဲ့မျက်ရည်တွေ
ဲ့ ဖြူန်းခနဲများ ငိုချထည့်လိုက်မလား။ လက်စသတ်တော့ ကလေး
လေးခမျာ ကိုယ်နဲ့ရွယ်ရင့်တာတူကို ပထွေးတော်စပ်နိုင်အောင်
ျက်စိမှိတ်ပြီး မိုက်မဲဝံ့နေတာမဟုတ်။ လွဲနေရှာတာ။ ဘာမှမသိ
ှာတာ။

ရုတ်တရက် မန်းမေရဲ့မျက်ရည်ဝဲဝဲတို့ ပျောက်ဆုံ ကုန်ကာ မျက်နှာကလေးကလည်း ဖျတ်ခနဲ ကြည်လင်ရွှင်လန်း သလိုတောင် ဖြစ်သွားတာမို့ တိုင်းကျော် တစ်ယောက် ဘာမှလိုက် မမီပြန်ဘဲ အံ့ဩရပြန်ချေပြီ။

"ဦးလေးနဲ့ မေမေနဲ့ ဘာမှမပတ်သက်ဘူးဆိုတာ တကယ် နော်"

"ကျွတ် ... မဆိုင်ပါဘူးဆိုဟာ"

"ဦးလေး ... ကျွန်မက ခုချိန်မှာ မေမေ့ကိုလည်း မျက်နှာ ချင်းဆိုင် ဖွင့်မေးလို့မရနိုင်သေးတော့ ဦးလေးရဲ့စကားကိုပဲ မျက်စိမှိတ် ယုံကြည်ရမှာ တကယ်နော်"

"ညည်းဘာသာ မျက်စိမှိတ်မှိတ်၊ ဖွင့်ဖွင့် ငါနဲ့ညည်းအမေ နဲ့ကတော့ ဆိုင်တယ်လို့ အထင်ခံရတာတောင် ငါ့မှာ ရာဇဝတ်သင့်နေပါပြီ၊ မဟုတ်ဘဲ ပြောစရာအကြောင်းကို မရှိဘူး"

ဒါဖြင့် မန်းမေတို့က ဘာကိုဆင်ခြင်နေရဦးမှာလဲ။ သားနဲ့အဖေ သမီးနဲ့အမေ. အပြန်အလှန် အပေးအယူ လဲလှယ်ကြ တဲ့သဘောမျိုးဆိုရင်သာ လူကြားလို့ မကောင်းနိုင်တာ။ ခုဟာက အဖေလည်းမဟုတ်၊ ဦးလေးနဲ့တူ။ ပြီးကျတော့ မေမေ့ရည်ရွယ်သူ ဟာ ဒီလူကြီးလည်း မဟုတ်ဘူးဆိုရင် သူ့ဘာသာ စိတ်ရူးပေါက် ပြီး "ဓာတ်သိမ်းခန်း"တွေ၊ "တစ်စခန်းရပ်"တွေ ဘာတွေ ဝင် ပြောနေနေ။ မန်းမေတို့က ဘာကိုဆင်ခြင်နေကြရဦးမှာလဲ စစ်ရေ





မန်းမေက ဒီလူကြီးကို ကျော်ဖြတ်ထွက်ခဲ့ကာ တဲ့ရှေ့က လူရှုပ်ရှုပ်အုပ်စုတွေ ရပ်ထားတဲ့ကားတွေကိုပါ ဆက် ကျော်ဖြတ်ပြီး လမ်းမပေါ်ရောက်တဲ့အထိပင် လူလုံးထွက်ပြနေ က်ပါသည်။ စစ်ရေ ... မန်းမေ ဒီမှာ။

တိုင်းကျော်က မန်းမေရဲ့နောက်က အပြေးအလွှား င် လိုက်လာပါသည်။ ဟိုဟိုဒီဒီ မျှော်ကြည့်လိုက်၊ ခုန်ပေါက် က်၊ ဂနာမငြိမ်တွေ ဖြစ်နေသည့် မန်းမေကို အံ့အားတသင့် ကြည့်နေရင်း ကြည့်နေရင်းနှင့် တိုင်းကျော်မှာ သဘောပေါက်စ ပြုလာသည်။ တစ်ယောက်ယောက်ကို ရှာဖွေနေတာ။ ပိုပြီးတိတိ ကျကျဆိုရရင် ကိုယ်ကလည်း ရှာဖွေ၊ ရှာနေရင်းကလည်း လုံးပါ ပြနေတာ။ တွေ့သွားစေချင်နေတာ။ ဟော ...။

ဟိုလူကြီး မန်းမေကို အံ့ဩနေတာ မန်းမေ သိပါ သည်။ မန်းမေ ကိုယ်တိုင်လည်း ကိုယ့်ကိုယ်ကိုယ် သိပ်အံ့ဩတာ ဲ။ မန်းမေ အဲဒီလောက် ဘာလို့ ရုတ်ခြည်း ရဲရင့်သတ္တိရှိသွားရ တာလဲ။ လုပ်ရဲကိုင်ရဲ၊ ရင်ဆိုင်ရဲ ဘယ်သူ့ကိုမှ မမှုချင်တော့တဲ့ စိတ်တွေ ဘာလို့ ရုတ်တရက် ဖြစ်ထွန်းသွားနိုင်ရတာလဲ။ မန်းမေရဲ့ ဘဝမှာ မေမေ့တစ်မျက်နှာကိုသာ ပထမဦးစားပေးအဖြစ် ထည့် တွက်မည်ဟု ဆုံးဖြတ်ထားပြီးသားဖြစ်ရာ၊ မေမေ့ကိုမှ မငဲ့ရရင် ဘာမဆိုဟာ ကိုယ့်စိတ်ကြိုက်ဖြစ်ခွင့်ရှိပြီ။ သို့သော်လည်း အဲဒီလို ဖြစ်ခွင့်ရှိရုံနဲ့ ဒီလောက်မြန်မြန်ကြီး ဆုံးဖြတ်ချက် ပိုင်နိုင်စွာ ရဲဝံ့ နိုင်သွားရောတဲ့လား။ ဟော ...။

မန်းမေရော တိုင်းကျော်ပါ "ဟော"ခနဲ အသီးသီး ရေရွတ်လိုက်မိကြပြီးသည့်နောက် နှစ်ယောက်သား၏ အနားသို့ စစ်က ပြုံးခနဲပင် ရောက်ရှိလာပါတော့သည်။ ဟိုဒီလှည့်ပတ် ရှာဖွေနေသည့် မန်းမေကို မြင်မြင်ချင်း "ဂုန်း"ခနဲ ပြေးချလာခဲ့ သော စစ်သည် သူ့ဦးလေးပါ ဒီဂိတ်နားမှာ ရှိနေသည်ဆိုတာကို ကြိုသိပြီးနှင့်ဟန်ဖြင့် မျက်နှာထားတို့က ရှုပုပ်လျက်။

မန်းမေကိုမှ ရှာမတွေ့နိုင်သေးဘူး ဆိုလျှင်တော့ ပြဿနာလာရှာနေမည့် ဦးလေးတော်ကို စစ်က ခေတ္တခဏတော့ ရှောင်တိမ်းနေရဦးမှာပေါ့။ ဒါပေမဲ့ မန်းမေကိုပါ တွေ့လိုက်ရပြီ ဖြစ်ရာ စစ်ဟာ လေးလေးကို မှုလည်းမမှု၊ ဂရုလည်းမစိုက်။ ရင် ဆိုင်ပစ်လိုက်ဖို့ စိတ်ဓာတ်ရော သတ္တိပါ အပြည့်နှင့်တည်း။

စစ်က မန်းမေနားသို့ ရောက်ရောက်ချင်းပင် မန်းမေ ရဲ့လက်ကလေးတစ်ဖက်ကို ဖျတ်ခနဲဆွဲကိုင်၊ ကျစ်ကျစ်ပါအောင် ဆွဲကိုင်ပစ်လိုက်ကာ ဦးလေးဖြစ်သူနှင့် ရင်ဆိုင်ပစ်လိုက်သည်။

"ဟေ"

ငိုချတော့မည့် ကောင်မလေး ရုတ်တရက် ထဖျတ် လတ်တက်ကြွနေစဉ်က တစ်ခါ အတော့်ကို အံ့ဩခဲ့ရပြီးတဲ့ တိုင်းကျော်ဟာ ခုတစ်ချီတော့ ခုနကထက်ပင် ဆယ်ခါပြန်မျှ အဇိုက်မိ အံ့အားသင့်ရပါသေးသည်။ "အရွယ်မတူမျှတဲ့ ဂျလည်း ကြီးကို လိုက်အောက်ကျို့ ခယနေတဲ့ ခပ်တုံးတုံး နွားတစ်ကောင်





အဖြစ် ထင်မြင်ထားမိတဲ့ တူတော်မောင်ဟာ ခုကျတော့ "စစ် မျက်နှာဖွင့်၊ တိုက်ပွဲဝင်ရန်အသင့် ... ဆိုတဲ့ သူရဲကောင်းတစ် ယောက်"ရဲ့ အသွင်သဏ္ဍာန်နဲ့။

ရုတ်ခြည်း မူပြောင်းသွားခဲ့တဲ့ ကောင်မလေးဟာ လည်း သူ့လက်ကလေးတစ်ဖက်ကို ဖျတ်ခနဲ ဆွဲအကိုင်ခံလိုက် ရစဉ်ကသာ စက္ကန့်ပိုင်းမျှ (ဒါတောင် သိသာလိုက်တယ်ဆို ဖျတ်ခနဲမျှ) တစ်မျိုးလေး ဖြစ်သွားတာ။ ပြီးကျ ချက်ချင်းပင် သူ့ လက်ကိုဆွဲကိုင်ဆုပ်ထားတဲ့ စစ်ရဲ့လက်ဖမိုးပေါ် သူ့ရဲ့နောက်ထပ် လက်ကလေးတစ်ဖက်ကိုပါ ထပ်၍အုပ်မိုးချလိုက်သေး။ အမယ် နှစ်ယောက်စလုံးဟာ တိုင်းကျော်ကိုပဲ စူးစူးကြီးတွေ ရင်ဆိုင်စိုက် ကြည့်နေကြတော့ကာ ... "ကဲ ... ဘာပြောချင်သေးလဲ။ ဘာဖြစ် ချင်သေးလဲ။ ကိုယ်တို့ကတော့ ရင်ဆိုင်ဖို့အသင့်ပဲ" ဆိုတဲ့ ရုပ်မျိုး လေးတွေနဲ့။

ဒီလိုဆိုရင်ဖြင့်တော့ ဒီကလည်း ဘာမှပြောစရာမရှိ ပေါင်ဗျာ။ ငါ့နှယ် ...။ လူကိုများ သင်းတို့လေးတွေက "ငါတို့ချစ် ခြင်းကိုကွင်းအောင်တစေ" ဆိုတဲ့ "ဂုန်းထီးအို" အဖြစ် သတ်မှတ် ပစ်ချင်ကြတဲ့ ရုပ်မျိုးတွေနဲ့။

နေပါဦး ... ဘာပဲဖြစ်ဖြစ်ကတော့ သေချာအောင် လုပ်ရပါဦးမယ်ဗျာ။

"စစ် ... ဒီသူငယ်မက ..."

"ကျွန်တော် လက်ထပ်ယူမယ့် ကျွန်တော့်ရဲ့ချစ်သူပဲ လေးလေး၊ ဘယ်သူဘာပြောပြော ဘယ်သူနဲ့ပတ်သက်ရသက်ရ ဘယ်သူနဲ့လဲ ရင်ဆိုင်ရ ရင်ဆိုင်ရ"

"အေး ... အေး ... အေးပါကွာ၊ ဟုတ်ပါပြီ ... ဟုတ်ပါပြီ။ ဒါဖြင့် ညည်းကရော ငါ့ကို ဘာများပြောချင်နေသေးသလဲ"

"ဦးလေး ခုနကပြောခဲ့သလို ငါနဲ့ဘာမှကိုမဆိုင်ဘူး၊ မပတ်သက်ဖူးဆိုတဲ့ ကိစ္စဟာ တကယ်ပဲဆိုရင်တော့ စစ်အတွက် ကျွန်မ အားလုံးနဲ့ ရင်ဆိုင်ဖို့ အသင့်ရှိပါတယ်"

အမယ်လေးဗျာ ...။ လက်တွေများလည်း သွေးကြောတွေ ဘာတွေ ပေါက်ထွက်၊ ပြတ်ထွက်ကုန်ကြပါဦးမယ်။ တစ်ဖက်လူရဲ့စကားကိုရော၊ ကိုယ့်စကားကိုယ်တွေမပါ နှစ်နှစ်ခြိုက်ခြိုက်ကြီး၊ သဘောတကျကြီး အားပေးထောက်ခံတဲ့အနေနဲ့ တစ်ခွန်းပြောလိုက်ကြပြီးတိုင်း အဆုပ်အကိုင် အဖျစ်အညှစ်တို့က ပိုပြီးတင်းကျပ်သွားလိုက်ကြတာ၊ တိုင်းကျော်သာ အလိုက်တသိနဲ့ ဒီနားက မြန်မြန်မခွာရင် ကြာကြာနေ ကောင်မလေးရော စစ်ပါလက်တစ်ဖက်စီ သွေးမလျှောက်ကြတော့ဘဲ Gangrene (တစ်ရှူးများပုပ်ခြင်း)တွေလည်း ဖြစ်ကုန်ကြပါဦးမယ်။

မပြောတော့ပါဘူး။ လူကြားမကောင်း၊ သူကြားမကောင်း "ငါက သမီးနဲ့လို့ မထင်လိုက်တာ၊ အမေနဲ့လို့ပဲ ထင်လိုက်မိလို့ပါကွာ"ဆိုတာကြီးကို ဖြေရှင်းလည်း မနေတော့ပါဘူး။ အလကားနေရင်း လူငယ်နှစ်ဦးကြား လိုက်ဝင်နှောင့်ယှက်ဖျက်ဆီး





တဲ့ ဦးလေးစိတ်ပုပ်ကြီးလို့ပဲ ထင်ရင်လည်း ထင်ကြပါစေတော့။ ကိုယ့်ကိုယ်က သေချာမစုံစမ်းဘဲ ကိုယ့်ကိုယ်ကိုယ် အဟုတ်ကြီးထင်ပြီး အပူအပင်တွေဝင်ကြီးနေမိတာကိုး။ ခံလိုက်ပေါ့။

ဒါပေမဲ့ တိုင်းကျော်လိုပဲ "သူ့အမေနဲ့ တိုင်းကျော်နဲ့" လို့ တလွဲကြီးတွေ လာထင်နေလိုက်သေးတဲ့ ကောင်မလေးကကျတော့ အပြီးသတ်ကျ အချစ်အတွက် ရဲဝံ့ခြင်းတွေနဲ့အတူ အပျော်တွေနဲ့ အဆုံးသတ်ရ။ ကိုယ့်မတော့ လွဲသူချင်းတူတူ "စိတ်ပုပ်ကြီး"အဖြစ်သာ သတ်မှတ်ခံရ။ အင်း ... အင်း ... ကောင်းပါတယ်။ တရားမျှတပါတယ်။

ဒီမိန်းကလေးနဲ့ပဲ ရွယ်တူတန်းတူချင်း ဆိုလို့ကတော့ ဘာပြောစရာရှိမလဲ။ အဲ ... မရှိမဟုတ် နည်းနည်းတော့ ရှိတာပေါ့။ ကိုယ်နဲ့ ပြဿနာတွေ တက်ထားဖူးကြသော ဟိုမကြီးမငယ်မိန်းမ၊ ပညာသည်နဲ့တော့ ရှေ့လျှောက်မပတ်သက်လို့ မရတော့တဲ့ ပြဿနာတော့ ရှိတာပေါ့။ ဒါပေမဲ့ လျစ်လျူကတော့ ဒီလိုပဲ ကြည့်ကျက်ရှုရတော့မှာပါပဲ။

မရခင်ကတည်းက ဘေးကမြင်ရတဲ့လူတွေ တလွဲမြင် အထင်မှားရအောင် ယောက္ခမလောင်းကို ဒီလောက် ဒူးထောက်အောက်ကျို့နေရတဲ့အကောင်ဟာလည်း ဒီဦးလေးရဲ့တူပါ ဆိုနေမှတော့ မျိုးရိုးက ဒီလိုပဲ လာမှာပေါ့။ ငါနဲ့ပဲ ကြီးရတာကိုး။ ဒီလောက်တော့ ရှိမှာပေါ့။ တကယ်ပါ ဘာမှကို ထပ်မပြောချင်တော့ပါဘူး။

ကိုယ့်မှာကလည်း လုပ်စရာ၊ ရှင်းစရာတွေက တစ်ပုံကြီး ရှိသေးတယ်လေ။ ငစစ်ရဲ့ယောက္ခမလောင်းရယ်။ ကိုယ့်မိန်းမ ကျော့ကျော့ရယ်၊ ကိုယ့်ယောက္ခမကြီး ဒေါ်မြတ်ဦးရယ်၊ တစ်စက်ကလေးမှ မလွယ်ကြတဲ့ မိန်းမစားတွေ။ ဒီဝင်းကြီးတစ်ခုတည်းမှာတင် စုပုံရောက်ရှိနေကြတဲ့ဟာ နည်းတဲ့ပြဿနာလား။ အာ ... ဘယ် က,ဦးမှာလဲ။ မပုလဲလည်း ခုလောက်ရှိ ရောက်နေလောက်ရောပေါ့။ အား ...။

✦❤✦





နောက်ကြောင်းပြန်မကြည့်စတမ်း ခပ်သုတ်သုတ်ခြေလှမ်းတို့နဲ့ ပြေးလှမ်းနေရတဲ့ ပုလဲဟာ လမ်းခုလတ်တစ်နေရာမှာ ယုနှင့် ဆုံပါသည်။ ယုကတော့ အဲဒီအချိန်မှာ မန္တလေး (......)ဂိတ်ကနေ ပြန်ထွက်လာတာ။ ယု ကားဂိတ်ကိုရောက်သွားတဲ့အချိန်မှာ ကားကထွက်သွားပြီ။ မန်းမေလည်း(အဲ ... မဟုတ်၊ မန်းမေတို့လည်း)ပါသွားကြပြီလို့ သိလိုက်ရတဲ့အခါ သဘောတကျဖြစ်ရတာနဲ့၊ အောင့်သက်သက် နိုင်ရတာနဲ့ နှစ်ခုပေါင်းစပ်ထားတဲ့ အီလည်လည်ခံစားချက်ကြီးနှင့် ဖြစ်နေရချိန် ဖြစ်ပါသည်။

သဘောကျမိတာကတော့ "ကဲ ... သင်းတို့တစ်ဆွေလုံး တစ်မျိုးလုံး ဘာတတ်နိုင်ကြသေးလဲဟေ"လို့ ဟစ်ကြွေးပစ်လိုက်ချင်တဲ့စိတ်နဲ့၊ ယုရဲ့စိတ်ထဲမှာက အဲဒီကောင်ကလေး စစ်ရဲ့ အဖေရော၊ ဦးလေးရော၊ အမေတင်မက ခုနကမှ ထပ်ဆုံလိုက်ရပြန်တဲ့ အဘွားကြီးကိုပါ စိတ်ကအချဉ်ပေါက်ကာ ခါးစူးနေခဲ့ပြီ မဟုတ်လား။

အောင့်သက်သက်ကတော့ ကိုယ်က သမီးပျိုကလေးရဲ့မိခင်ကိုး ... နော်။ ကိုယ့်အလှည့်မှာ ဘာဖြစ်ဖြစ် ဘယ်လောက်ပဲ ဖရုတ်ဖရက်နိုင်နိုင်။ ကိုယ်နဲ့မတူဘဲ တည်ငြိမ်အေးဆေးရိုးသားတဲ့ ကိုယ့်သမီးလေးကိုတော့ သူ့ဘဝလမ်းကြောင်းတစ်ခုအတွက် အိမ်ထောင်ရေးလေးတစ်ခုကိုတော့ ဣန္ဒြေရရလေး ရှိစေချင်မိတာ။ ခုဆိုရင် ကောင်လေးကလည်း မန္တလေးကားနဲ့ ပါသွားတယ်ဆိုတော့ ...။ အင်း ... သမီးကလည်း စဉ်းစားဆင်ခြင်ဉာဏ်ရှိပြီး စည်းကမ်းကြီးတဲ့ ဟိုဘက်အဘိုးအဘွားများကလည်း အချိန်မီလာကြိုအုပ်ထိန်းထားကြမယ် ဆိုရင်တော့ ခုကိစ္စဟာ "ခိုးရာလိုက်" သွားတယ်ဆိုတဲ့ အဖြစ်ကြီးလောက်ထိ မဆိုးဝါးနိုင်သေးပါဘူး ထင်တာပဲလေ။

အဲဒီလို အီလည်လည် ဖြစ်နေချိန်မှာ ပုလဲနှင့်မျက်နှာချင်းဆိုင် ဆုံလိုက်ရတော့ ယုရဲ့ညစ်ကျယ်ကျယ် ရွဲ့စောင်းစောင်းနိုင်ချင်တဲ့ စိတ်တွေက ခေါင်းထောင်လာရသည်။ ကြည့်စမ်းပါဦး ... မပြေးရုံတမယ် ခြေလှမ်းများနဲ့ သူ့သားရှိနေတယ်လို့ သတင်းကြားထားတဲ့ မန္တလေးဂိတ်များဘက်ဆီကို သွားနေတာနေမှာပေါ့။ ဘယ်သူကများ သင်းကိုပါ သတင်းပို့လှမ်းခေါ်လိုက်ပါလိမ့်။ အဖေလုပ်တဲ့လူလား၊ ဦးလေးလုပ်တဲ့သူလား။ ဒါမှမဟုတ် ဒီအဖေနဲ့အမေ၊ ဇနီးဟောင်းနဲ့ခင်ပွန်းဟောင်းတို့ဟာ တစ်ခါတည်းများ အတူရောက်လာကြတာလား။





ဒါနဲ့များတောင် ဟိုလူဟာ ဒီမိန်းမနားက ခွာလာခဲ့ပြီး ငါ့ကို လာဆက်လိမ်ဖို့ ကြိုးစားကြည့်နေသေးတယ်။ တော်တော်အကျင့်ဆိုးတဲ့ သူပါလား။ အဲဒီ စစ်ဆိုတဲ့ ကောင်လေးတစ်ယောက်အတွက်ပဲ တစ်ဆွေလုံး တစ်မျိုးလုံး (အမေ၊ ဦးလေး၊ အဘွား) သည်းသည်းလှုပ် ဗျာများနေကြချိန်မှာ အဖေလုပ်တဲ့လူက ကြုံတုန်း ကြုံခိုက် ဇာတ်လမ်းတစ်ခုကို အပျင်းပြေ ထပ်ဖန်တီးနေချင်သေးသည်။ ကြည့်ကြသေးတာပေါ့လေ။

ယုက ပုလဲနားသို့ အပြေးပင် လိုက်ကပ်သွားလိုက်ကာ နောက်ကနေ လက်ကိုဖမ်းဆွဲထားလိုက်ပါသည်။

"အမယ်လေး"

ရုတ်တရက်မို့ လန့်အော်လိုက်မိတဲ့ ပုလဲဟာ ကိုယ့်ကိုဖမ်းဆွဲထားလိုက်သူက ဟိုသားအမိ မဟုတ်ဘဲ မိန်းမခပ်ရွယ်ရွယ်တစ်ယောက်သာ ဖြစ်နေတာမို့ သက်ပြင်းကြီးတစ်ခုကို မနည်းချလိုက်မိပါသည်။

"ဒီမှာ ရှင် ... စစ်တို့ကို ရှာနေတာများလားလို့"

"စစ်တို့ ... ! ဪ ... ညီမက စစ်တို့နဲ့သိသလား၊ ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... စစ်နဲ့ သူ့ဦးလေးတို့ကို ကျွန်မရှာနေပါတယ်၊ ဘယ်နားမှာများ တွေ့ခဲ့ပါသလဲ"

"သူ့ဦးလေးဆိုတာကိုတော့ မတွေ့မိပါဘူး၊ ကျွန်မပြောတဲ့ စစ်တို့ဆိုတာက စစ်နဲ့ သူ့ဦးလေးနဲ့ကို ပြောတာမဟုတ်ပါဘူး။ စစ်နဲ့ ကျွန်မသမီးတို့ကို ပြောတာပါ"

ပုလဲမှာ ကိုယ့်ရှေ့က မိန်းမရွယ်ကို နားမလည်သလို ကြည့်လိုက်မိရာ ဘာကိုမှန်းမသိ မကျေမနပ် ဖြစ်နေဟန်ရှိတဲ့ရုပ်ကို အရိပ်အကဲ ဖမ်းမိလိုက်ပါသည်။ "ကျွန်မသမီး"တဲ့။ ဒီမိန်းမကတောင်မှ သုံးဆယ်ကျော်ရုံလောက် ရှိဦးမယ့်ပုံဆိုရင် သူ့သမီးဆိုတာက ဘယ်အရွယ်လဲ။ ဆယ့်ငါးနှစ်လောက် ကလေးလား။ တိုင်းက ဖုန်းဆက်ပြီး လှမ်းပြောတုန်းကတော့ ...

"ဟို ... မိန်းမလည်သိန်းကြွယ်၊ ကလေးအမေ လေးဆယ်ကြီးနဲ့ စစ်နဲ့ ထွက်ပြေးကြတော့မယ်၊ အမြန်လာ"ဆို။

ပုလဲဟာ တိုင်းပြောပြောနေတဲ့ စစ်ကို သွေးဆောင်ဖြားယောင်းထားသူ မိန်းမကြီးဆိုသူကို ကြားဖူးရုံကလွဲပြီး မြင်လည်းမမြင်ဖူးသည်ဖြစ်ရာ အခု တစ်ယောက် လာပြောနေပြန်တဲ့ "ဆယ့်ငါးနှစ်သမီး"ကိစ္စကတော့ ကြားပင်မကြားဖူးသေးသည့်ကိစ္စ ဖြစ်ပေသည်။ သို့သော် ..."အမေ"ဆိုသူ တစ်ယောက်လုံးက မကျေမနပ် လာပြောနေသည့် ကိစ္စဆိုတော့ "ဘာတွေလဲ ... ကျွန်မတော့ ဘာမှမကြားဖူးပါဘူး၊ မသိပါဘူး"လို့ ငြင်းပယ်ပစ်လို့ ကောင်းမလား။ ဘာတွေမှန်းမှ မသိတာ။ စစ် ... စစ် ... ဘာတွေလျှောက်လုပ်နေပါလိမ့်နော်။

"ညီမရေ ... အစ်မနားမရှင်းလို့ပါ၊ စစ်နဲ့ ညီမသမီးနဲ့ဆိုတာက ..."

"ကျွန်မသမီးက သူ့ဘာသာ မန္တလေးသွားမယ့်ကိစ္စမှာ စစ်ဟာ ကျွန်မ မရှိတုန်းခဏမှာ ကားပေါ်အတင်းတက်





လိုက်ပြီး ပါသွားတယ်ရှင့်၊ ကဲ ... အဲဒါ လူကြားလို့ကောင်းသလား၊ ဖြစ်သင့်သလား"

"ဟင် ... ဘယ် ... ဘယ်လိုဖြစ်တာလဲ၊ ဒါနဲ့ ညီမသမီးက ဘယ်သူလဲ"

"ကျွန်မသမီးက စစ်နဲ့ အင်္ဂလိပ်စာသင်တန်း အတူတက်နေကြတဲ့ အတန်းဖော်ရှင့်"

ယုမှာ ရုတ်တရက် ဖျတ်လတ်တက်ကြွသွားသလို ဖြစ်သွားတဲ့ ပုလဲရဲ့ပုံစံကြောင့် တစ်မျိုးပင် ဖြစ်သွားရပါသည်။

ပုလဲမှာလည်း ရင်ထဲပင် တဒုတ်ဒုတ် ခုန်လာသလိုရှိသည်။ သူနဲ့အင်္ဂလိပ်စာသင်တန်း အတူတက်တဲ့ ကောင်မလေးတဲ့။ အဲဒီကောင်မလေးတစ်ယောက် အကြောင်းကိုလည်း တိုင်းဆီက ကြားဖူးပြီးသားပဲ။ ဒီတူတစ်ယောက်အပေါ် ဂရုစိုက်လှသည်းလှသည့် တိုင်းထံမှ "အဲဒီတစ်ယောက်နဲ့ ဆိုရင်တော့ မဆိုးဘူး၊ အဲဒီတစ်ယောက်ကိုလည်း စစ်က စိတ်ဝင်တစားတော့ရှိတာပဲ"ဆိုတဲ့ စကားကို ကြားရကတည်းက "အဲဒီကောင်မလေးက မဆိုးဘူးဆိုရင် စစ်ကို အဲဒီဘက်ပဲ လမ်းကြောင်းပြောင်းပြီး စိတ်ဝင်စားသွားအောင် လုပ်ကြည့်ပေးလိုက်လို့ မရဘူးလား တိုင်းရယ်"လို့တောင် ပြန်ပြောထားမိသေးတာလေ။

ပုလဲမှာ တိုင်းကျော်က ပြန်ပြောပြမထားရသေးသည်မို့ နောက်ဆုံးသတင်းဖြစ်သော "ဟိုမိန်းမနဲ့ အဲဒီကောင်မလေးဟာ သားအမိတဲ့"ဆိုတာမျိုးကို လုံးဝမသိသေးသူ ဖြစ်ပါ

သည်။ "သူ့ထက် ဆယ့်ခုနစ်နှစ်လောက်ကြီးသော ကလေးအ မိန်းမကြီးနဲ့ ထွက်ပြေးကြတော့မယ်"ဆိုတဲ့ သားဟာ ရုတ်တရက် လမ်းကြောင်းပြောင်းပြီး "တိုင်း သဘောကျဖူးသည့် အတန်းဖော် ကောင်မလေးနဲ့ပဲ ပါသွားပြီ"ဆိုတဲ့ သတင်းဟာ သားရှင်အ တစ်ယောက်အတွက်တော့ ဘယ်လောက် စိတ်ချမ်းသာချင်စရာ ကောင်းထားလိုက်တဲ့သတင်းလဲ။ ဒီကောင်မလေးရဲ့ နောက်ကြောင်း တွေ မျိုးရိုးတွေက အသာထားဦး။ ရွယ်တူအပျိုစင်ကလေးမလေး နဲ့ဆိုရင်ပဲ ဒီက သားရှင်အမေက ဝမ်းပန်းတသာ ရှိရမယ့်အ အထားမျိုးပဲလေ။

ဩော် ... ဒါဖြင့် ဒီမိန်းမ ခပ်ရွယ်ရွယ်ဟာ သား ရွယ်တူကောင်မလေးရဲ့ မိခင်ပေါ့။ အမယ်လေး နဖပ်လိုက်တာ ဘယ်လိုကုသိုလ်ကံမျိုးပါလိမ့်။ သူ့သမီးဆိုတော့ ဆယ့်ငါးနှစ်သ လောက်ကလေး ထင်မိတာပေါ့။ ပုလဲရဲ့သားဟာ အမေအရွယ် ကြီးကို မှန်းလိုက်၊ အသက်မပြည့်သေးသူကို ကြံစည်လိုက်၊ နေတာမျိုး မဟုတ်ရင်ဘဲ ပုလဲက စိတ်ချမ်းသာလှပြီ။ ဒီမိန်းမတ ယောက်ရဲ့ရုပ်က မကျေချမ်းနိုင်သလိုလို၊ ရင်ဆိုင်ချင်သလို ရုပ်မျိုး လာဖြစ်နေတာလည်း ပုလဲစိတ်ထဲ ဘာမှမရှိ။ သမီး လေ။ ဒီ့ထက် အော်ဟစ်နေရင်တောင် ရသေးသည်။ ကိုယ် သားရှင်ပဲ။ ပြီးကျ သူ့သမီးဘာသာသွားမည့် ခရီးတစ်ခ စစ်က မိခင်တစ်ယောက်ရဲ့အလစ်မှာ ကားပေါ်ကို အတင်းတ လိုက်သွားသည့်ကိစ္စ။ ကိုယ့်သားကပဲ အလွန်တွေချည်းဥစ္စာ။





ပုလဲက ယုရဲ့လက်ကလေးနှစ်ဖက်ကို မြန်မြန်ဆွဲ ကိုင်ပစ်လိုက်ကာ ကိုယ့်ရဲ့ရင်ဘတ်နားအထိပင် ဆွဲယူလိုက်ရင်း က ...

"ညီမရယ် ... ဘာမှမပူပါနဲ့၊ အစ်မသားအတွက်တော့ အစ်မက လုံးဝတာဝန်ယူတယ်။ တစ်ခုခုဆိုရင် သမီးမိန်း ကလေးမှာ ဘာမှမနစ်နာစေရပါဘူး၊ ညီမတို့ဘက်က သဘောတူနိုင်မယ်ဆိုရင် အစ်မတို့က ဘာဆက်လုပ်ပေးရ မလဲ အဆင်သင့်ပါပဲ။ ကိုယ့်သားက လုပ်ပုံမဟုတ်ခဲ့မိရင် တောင် အစ်မတို့ မိဘတွေဘက်က အဲဒီလောက် မရိုင်းပါ ဘူးကွယ်။ သမီးရှင်တွေ ကျေနပ်အောင် လုပ်ပေးရမှာ ပေါ့"

ပြဿနာတွေ ထတက်ကြလည်း သူနိုင်ကိုယ်နိုင် အပြိုင်ကြဲပြရုံပဲဟု ကိုယ့်ဘက်က တမင်ကြီး ဦးတည်ကာ လာတိုက် ချလိုက်တဲ့ ကိစ္စတစ်ခုကို တစ်ဖက်က တုံ့ပြန်လိုက်ပုံက တစ်မျိုး မို့ ယုမှာ ရင်ထဲ"တဖျပ်ဖျပ်"နှင့် ဘယ်လိုကြီး ဖြစ်သွားမှန်းမသိ ပင် ဖြစ်သွားရပါသည်။ ရင်ထဲပဲ ဆို့တက်လာသလိုလို၊ ပျို့အန် ပဲ ထွက်ချင်သလိုလို။ ကိုယ့်တုန်းက ဘဝအခြေအနေတွေနှင့် ယှဉ်တွက်ပြီး သမီးလေးအတွက် ဝမ်းပန်းတသာကြီး ငိုပဲငိုချလိုက် ရတော့မလိုလို။

အင်မတန် အထက်တန်းကျနကာ မာန်တင်းသော၊ အဆင့်မြင့်သော ရုပ်မျိုးနှင့် ဒီမိန်းမဟာ ဘယ်လိုမှ မထင်မှတ်

လောက်ဖွယ်ရာပင် တောင်းပန်ခယှ အောက်ကျို့သံနှင့် "သဘော
တူပါတယ်၊ အားလုံး တာဝန်ယူပါတယ်" ဆိုပါလား။

ပုလဲရဲ့ဆက်ဆံပုံကြောင့် အလကားနေရင်း ရွှဲ့ချင်
စောင်းချင်၊ ရန်ဖြစ်ချင်တွေ ဖြစ်နေကာ အမုန်းတွေ ဆင့်နေရသည့်
ယုတစ်ယောက် အကြောင်းကြောင်းနှင့်ပင် စိတ်ဓာတ်တွေက ပျော့
ပျောင်းပြီး စိတ်ကောင်းလေးတွေ ဝင်လာရပါသည်။ ကိုယ့်လက်
ကို တရင်းတနှီး လာဆုပ်ကိုင်ထားတဲ့ ပုလဲရဲ့လက်တွေကို တခါ
ပြန်ဆုပ်ကိုင်လိုက်ရင်း "ကျေးဇူးတင်ပါတယ်"ဟု ဆိုလိုက်သည့်
ယုရဲ့အသံလေးတွေက တုန်ခါလှိုက်လှဲလို့ နေရလေသည်။

ဒီ ပုလဲ ဆိုတဲ့ အစ်မကြီးဟာ ရုပ်ရည်က အဆင့်
အတန်း မြင့်သလောက် စိတ်ဓာတ်ကျတော့လည်း ခပ်မြင့်မြင့်
ကပါလား။ သားသမီးချင်း ကိုယ်ချင်းစာစိတ်လည်း အပြည့်ရှိ
ရသည်။ "ရှင့်သားက ကျွန်မသမီးကို"ဟု ပြောလိုက်ရုံရှိသေး
"သားအတွက် မိဘတွေမှာ တာဝန်ရှိပါတယ်"လို့ တန်းကိုထွက်
လာတော့တာကိုကြည့်ရင် စစ်နဲ့ မန်းမေတို့ရဲ့ကိစ္စကို သည်းသည်
လှုပ် အသည်းပိုဖြစ်နေကြတဲ့ ဟိုမိသားစုရဲ့စိတ်ဓာတ်တွေနဲ့တော
လုံးလုံးကြီး ဆန့်ကျင်နေတဲ့ သဘောပေါ့။ အေးလေ ... အဲ
ကြောင့်လည်း အဲဒီစိတ်ပုပ် လူလိမ်၊ ကိုယ်ချင်းမစာမိသားစုနဲ့ဘာ
လိုမှ ဆက်စပ်မရခဲ့ဘဲ ကွဲကြ ကွာကြ၊ ခွာပြဲခဲ့ကြရတာနေမှာပေ

သူ့ယောက်ျားဟောင်းနဲ့ ယုတို့ရဲ့ အဆက်အစပ်
ဆက်ဆံရေးကိုလည်း သိထားပုံမပေါ်ပါ။ သိသွားရင်တော့ ဘာ





ယ်နေမယ်မသိ။ သားနဲ့သမီးကို ကိုယ်ချင်းစာစိတ်နဲ့ ချက်ချင်း
း တာဝန်ယူ သဘောတူထားတဲ့ စိတ်ဓာတ်တွေများ ပြောင်းလဲ
သွားလေမလား။ အို ... ဒါ ယုဘက်ကလည်း သိသိကြီးနဲ့ဖြစ်
ာ၊ သူများယောက်ျားကိုလာလုချင်တာမှ မဟုတ်ဘဲ။ ယုလည်း
လိမ်ခံခဲ့ရတဲ့ဟာပဲဟာ။ သူ ပြန်သိသွားပြီ ဆိုရင်တော့ မျက်နှာ
င်းဆိုင် ရှင်းပြလိုက်ပြီး ယုဘက်ပဲပါအောင် ပြောယူကြည့်ရမှာ
။

ယုနဲ့ ပုလဲတို့ တစ်ယောက်နှင့်တစ်ယောက် အပြန်
လှန် စိတ်ထားတွေညီ၊ ဆန္ဒတွေတူ ဖြစ်နေကြချိန်မှာ ယုတို့
ါးသို့ ကျော့ကျော့က ရောက်ရှိလာပါသည်။ ကျော့ကျော့ကား
ဆီက ထွက်လာပြီးတဲ့နောက် တိုင်းကျော်ကိုလည်း ပြန်ရှာလို့
တွေ့တော့သဖြင့် ဒီလောက် လူရှုပ်ရှုပ်၊ လမ်းများများကားဝင်း
း တစ်ခုထဲမှာ ဘယ်သွားလို့ ဘယ်လာရမှန်းလဲမသိ၊ ဒေါသ
ကထွက်၊ စိတ်တွေက ယောက်ယက်ခတ်ပြီး ဗျာများကာ
မှန် ဖြစ်နေချိန်တည်း။

ထိုအချိန်မှာပင် သူ့ ခင်မင်ပေါင်းသင်း၊ ဘက်ပင်း
းချင်သည့် ယုနှင့် သူ့တစ်သက်တာမှာ ဘယ်တော့မှ စိတ်ထဲ
ကောင်းမြင်မိမှာ မဟုတ်တော့သည့် ပုလဲတို့နှစ်ဦး အပြန်အလှန်
က်ချင်းယှက်ကာ ရင်းနှီးနွေးထွေးနေကြတဲ့ မြင်ကွင်းကြီးကို
မြင်လိုက်ရတဲ့ သကာလ အနားသို့ အပြေးပင်ကပ်လာခဲ့ပြီး...

"ဒါက ဘယ်လိုဖြစ်နေကြတာလဲ"

ပုလဲမှာ ကျော့ကျော့ရဲ့ သရဲမရဲစီး ရုပ်ရည်ကြီး မြင်လိုက်ရလျှင် ခုနကခဏ ငြိမ်နေခဲ့သော လန့်ဖျပ်ကြော စိတ်တွေက ပြန်ခေါင်းထောင်လာရပါသည်။ ဘယ့်နှယ်ကြော ဒီတစ်နေရာတည်းမှာ အမေရော၊ အစ်ကိုရော၊ ညီမဖြစ်သူ ဖြစ်သူတို့ပါ တစ်စုတစ်ဝေးတည်း စုပေါင်းရောက်ရှိနေရပါ နော်။

ပုလဲက စစ်ကိုစွအတွက် တိုင်းက လှမ်းခေါ ရောက်လာရတာ။ သူတို့ကလည်း တိုက်တိုက်ဆိုင်ဆိုင် ဘယ က ခေါ်ယူထားလို့ တစ်မိသားစုလုံး ဒီထဲရောက်နေရတာ ပုလဲကို လှမ်းတွေ့လိုက်တာနဲ့လည်း ပြေးလွှားပြီး ချဉ်းကပ်လာ တာချည်းပဲဆိုတော့ကာ သူတို့တစ်မိသားစုလုံးဟာ စွဲမိစွဲရာ ကိုပဲ တန်းတန်းစွဲ အမြင်ကတ်၊ စိတ်ဝင်စားနေကြကာ ပုလဲနော က တမင်သက်သက်ကို ကပ်လိုက်လာကြပြီး ဒီထဲအထိပင်ရော လာကြတာမျိုးလား။

ပုလဲမှာ ခုမှစတွေ့ဖူးသူပေမယ့် အရေးရှိ သူ့ပဲ ထားရတော့မည်ဖြစ်သော သမီးရှင်မိခင်ရဲ့အနားသို့ပဲ တိုး လိုက်မိပါတော့သည်။

"ကျော့ကျော့ရေ"

ယုမှာ ကိုယ်ပဲ အစထောင် ရန်တိုက်ထားသည့် ကို ကိုယ်ပဲ ပြန်ဖြေရှင်းပေးရတော့မှာပဲဟု နားလည်လိုက် သည်။





"ညီမနဲ့ရော သိပြီးသားတွေလား၊ သတိထားနော်၊ သူက စိတ်မမှန်ဘူး"

ပုလဲက ယုကို ခပ်တိုးတိုး သတိပေးလိုက်သည်။ က မပုလဲရဲ့လေသံ အရိပ်အကဲကို အကဲခတ်လိုက်မိတာမို့ ိစ္စ ကျွန်မပဲ ဖြေရှင်းပါ့မယ် အစ်မ၊ စိတ်မပူပါနဲ့"ဟု အား လိုက်ပါသည်။

"မယု ... အဲဒါက ဘာသဘောလဲ။ အဲဒီ ဒေါ်ပုလဲဟာ စစ်ရဲ့အမေ၊ ကိုကို့ရဲ့ရည်းစားဟောင်းလေ။ မယုနဲ့ ကျွန်မ ပြောဆိုထားကြတုန်းကတော့ ကောင်းပြီကောင်းရက်နဲ့၊ ခုတော့ မယုက ဘယ်လိုသဘောလဲ"

"ကျော့ကျော့ရေ ... တို့သမီးနဲ့ စစ်နဲ့ ကိစ္စမှာ သူ့အမေက ဘာမှပြောစရာမရှိဘူးတဲ့ကွယ်။ အခု တို့တွေက မိတ်ဆွေတွေလို ဆွေမျိုးတွေလို ဖြစ်ကြရတော့မှာဆိုတော့ ကျော့ရေ ယုမျက်နှာကို ထောက်ထားပြီး မပုလဲကို ဘာမှပြဿနာမလုပ်စေ့ချင်ဘူး။ မပုလဲက ကျော့ထင်နေသလို မဟုတ်ဘူး၊ တို့အားလုံးသိပြီ။ သူက အေးအေးဆေးဆေးပဲ ကျော့ရဲ့"

"ဟင် ... ! မယုက ဘက်ပြောင်းသွားတာပေါ့လေ"

"မဟုတ်ဘူး ကျော့ရဲ့၊ ကျော့ကိုလည်းလေ အားလုံးအေးအေးဆေးဆေး သိစေချင်တာ"

"ဘာမှမအေးဆေးနိုင်ဘူး၊ ကိုကိုနဲ့ ပြန်ပတ်သက်တော့မယ့် မိန်းမကြီးကို ကျော့ကျော့က ဒီတိုင်း ငြိမ်ခံပြီး လက်ပိုက်ကြည့်နေရမှာလား"

ပုလဲက "အိုး ... ရက်စရာ ကောင်းလိုက်တာ"
ညည်းတွားလိုက်ပါသည်။

"မှားမယ် ကျော့၊ ခုံ မပုလဲက စစ်နှောက်ကို လိုက်
တာပါ။ ကျော့အမျိုးသားနဲ့ ဘာမှမပတ်သက်ဘူး၊
တို့သမီးကိစ္စအတွက်ပဲ ဒီထိရောက်လာတာပါ။ မပုလဲ
သူ့အဆင့်အတန်းနဲ့သူ နေနေတဲ့ဥစ္စာ၊ ကျော့ကျော့ရဲ့
သားနဲ့ ဘာကိစ္စကြောင့် ပြန်ပတ်သက်ရမှာလဲ၊ အဝေး
ပဲ၊ သူလား ဒီလိုလုပ်မှာ မဖြစ်နိုင်တာကွယ်"

ပုလဲမှာ "နားလည်သွားတဲ့အထိ ရအောင်ပြော
ပါ ညီမရယ်"ဟုသာ အကူအညီ တောင်းလိုက်ရသည်။ ကိုယ်
ကတော့ လူကြားသူကြားထဲမှာပင် ကြမ်းတမ်းပစ်တော့မ
အသွင်ကြီးကို ဆောင်နေသည့် ကျော့ကျော့ကို မျက်နှာချင်း
ပြီးတော့တောင်မှ မကြည့်ရဲ။

"အရင်တုန်းကတော့ ... ..."

ကျော့ကျော့ရဲ့စကားက "မယုပဲ ပြောခဲ့တာပဲ"
ဆက်တော့မည်မှန်း ယုက သိလိုက်သည်။ အို ... ဒီဒေါ်ပုလဲ
ဒီလောက်အဆင်တပြေ ရှိနေကြတဲ့ ကာလမှာ ဒီလိုအထင်အ
ပြန်လွဲသွားစေမယ့် စကားမျိုးတော့ ယုက ဘယ်အပြင်အထွက်
မလဲ။ ကျော့ကျော့ကို လက်ကာပြလိုက်ကာ အတင်းပင် စကား
ဝင်ဖြတ်လိုက်ပြီး ...





"အို ... အရင်တုန်းကတော့ အရင်တုန်းက တစ်ကိစ္စလေ၊
ခုက ဘာဆိုင်လဲ၊ မပုလဲဟာ အဲဒီ ဦးတိုင်းကျော်နဲ့လည်း
ဘာမှမပတ်သက်ဘူး။ သူ့အစ်ကိုနဲ့လည်း ဘာမှပြန်ပတ်
သက်စရာ အကြောင်းမရှိတော့ဘူး"

ယုရဲ့စကားကို ပုလဲက "ဟုတ်တယ် ... ဟုတ်တယ်၊
သူ နားလည်အောင် သေချာရှင်းပြပါ ညီမရယ်"ဟု ထောက်ခံ
သိုင်းသဖြင့် အခွင့်ကောင်းယူပြီး ကိုယ်လိုရာဆွဲပြောလိုက်မိသလို
ဖြစ်သည့် ယုမှာ ကိုယ့်အဖြစ်ကိုယ် ရှက်တောင်ရှက်ချင်သွားရပါ
သည်။ ကိုယ့်ကိုယ်ကိုယ် စိတ်လည်းကုန်ရသည်။ သားနဲ့သမီး
ကိစ္စက ဖြစ်မြောက်သွားပြီဆိုရင် ယုနဲ့ ကိုမင်းဟာ ဘယ်လိုမှ
ဆက်လမ်းဆက်လို့ရမှာမှ မဟုတ်တော့တာ။ သူတို့လင်မယား
ကောင်းတွေချင်း ပြန်ပေါင်းပေါင်း မပေါင်းပေါင်း ကိုယ့်အလုပ်
မဟုတ်တော့တဲ့ကိစ္စ။ ဘယ့်နှယ်ကြောင့်များ ပြန်မပေါင်းဖြစ်စေချင်
တဲ့ စိတ်ပုပ်တွေက လှစ်ပြူသွားမိတယ် မပြောတတ်ပါဘူး။

"မယု ... ကျော့ကျော့က မယုကို တအားယုံကြည်တာ
နော်၊ မယု စကားတွေက သေချာရဲ့လား၊ သေချာမှပြော။
မသေချာဘဲနဲ့တော့ ကြားမဝင်ပေးနဲ့နော်။ ကျော့က မယု
နဲ့တော့ ပြဿနာမဖြစ်ချင်ဘူး"

"သြော် ... ကျော့ရယ်၊ တို့က မသေချာဘဲ ပြောမလား။
ဦးတိုင်းကျော်ရော သူ့အစ်ကို ဦးမင်းထွဋ်ရော၊ ဒီက
မပုလဲနဲ့ ဘာမှပတ်သက်စရာ မရှိတော့ပါဘူး"

"ဟင် ... ဘယ့်နှယ်လဲ၊ ဘယ်က ဦးမင်းထွဋ်က ပါလာရ တာလဲ၊ ဘာဆိုင်လို့လဲ"

"ဟာ ... ! ကိုမင်းနဲ့ကော သူက ပတ်သက်နေပြန်တာ လား"

အကြောက်အကန် ငြင်းဆန်လိုက်တဲ့ ပုလဲနဲ့ ခဏ ငြိမ်သွားရာကနေ ဒေါသတကြီး ပြန်ဖြစ်ချင်လာပြန်တဲ့ ကျော့ကျော့ တို့နှစ်ဦးကြားမှာ ယုဟာ ပျာပျာသလဲလေး ဖြစ်သွားရရင်း

"ဟို ... ဟို ... ဦးမင်းထွဋ်လေ ... မပုလဲရဲ့အမျိုးသား ဟောင်း"

"အိုး ... ဘာမှမဆိုင်ဘူး၊ ဘာမှကို မဆိုင်ဘူး၊ အဲဒါဘယ် သူ ပြောတာလဲ၊ သူတို့ပဲ လျှောက်ပြောပြန်တာ မဟုတ် လား၊ ဒုက္ခပါပဲ၊ အဲဒီမိသားစုနဲ့တော့ ... ကျွတ်"

"ဟို ... ဦးတိုင်းကျော်ရဲ့ အစ်ကိုဟာ"

"ကိုမင်းက ဘယ်ကလာ ကိုကို့ရဲ့အစ်ကိုကမှာလဲ။ ကျော့ ရဲ့အစ်ကိုပါ။ ပြီးကျတော့ ဒီလိုမိန်းမကြီးရဲ့ အမျိုးသား ဟောင်း ဘာလို့ဖြစ်ရမှာလဲ။ ကျော့အစ်ကိုက လူပျိုကြီး စစ်စစ်။ သူက ကိုကို့ရဲ့အစ်ကိုနဲ့ကွဲပြီးမှ ခုနောက်အိမ် ထောင်နဲ့ဥစ္စာ၊ ကိုမင်းနဲ့ ပတ်သက်စရာ ဘာအကြောင်းမှ မရှိဘူး။ အမယ်လေး ... မတန်တရာ"

စိတ်အခြေအနေ ပုံမှန်မဟုတ်သူပဲ ဖြစ်ပါစေဦး။ အဲဒီလောက် ရှေ့တင်ထားပြီး မျက်နှာချင်းဆိုင် ပေါ်တင်စော်ကား





နေတော့ ပုလဲလည်း ကြောက်စိတ်တွေပျောက်ကာ ဒေါသကထွက် လာရပါပြီ။

"ဒီမယ် ... ကျော့စန္ဒာ၊ နင် စိတ်မနှံ့တိုင်း ထင်ရာတွေ လျှောက်ပြောမနေနဲ့၊ နင်တို့ဘက်ကများ မတန် တရာ တွေ ဘာတွေ ပြောရအောင် ငါကကော ဘယ်တုန်းက နင်တို့တစ်မျိုးလုံးနဲ့ ပတ်သက်ချင်နေတာမို့လဲ။ တစ်မိသားစု လုံး သည်းခြေပျက်နေတဲ့ဟာတွေကသာ ငါ့နောက်ကို ပြေးလိုက်နေကြတာ။ ခုတောင် ငါ့မှာ မနည်းလွတ်အောင် တောင် ထွက်ပြေးနေရတာ၊ နင့်အစ်ကိုဘာသာ လူပျိုကြီး မကလို့ ဘာကြီးပဲဖြစ်နေနေ စိတ်မနှံ့တဲ့သူနဲ့ တွဲအထင်ခံ ရတာ၊ သတင်းထွက်ရတာ၊ ငါ့ဘက်ကသာ မတန်မရာဟဲ့ ... အရင်အချိန်ကသာ နင့်ခဲအိုနဲ့ ဘယ်လိုပြဿနာရှိခဲ့ရှိခဲ့ ခု လောလောဆယ်တော့ ငါ့ဘာသာ ငါ့အဆင့်အတန်းနဲ့ငါ နေနေတာ၊ မျိုးလိုက် ရိုးလိုက် မိသားစုလိုက် ဦးနှောက် ပျက်နေကြတဲ့ဟာတွေနဲ့ ပတ်သက်မိမှပဲ သိက္ခာကျ အရှက် ရတော့တယ်။ ဘယ်ဘဝက ဝဋ်ကြွေးပါလိမ့်"

ကျော့ကျော့ရဲ့ရုပ်ကို ကြည့်လိုက်တာနဲ့ အခြေအနေ ဆိုးဆိုးဝါးဝါး ပြဿနာကြီးကြီးမားမားကြီး တစ်ခုခုကို ဖန်တီး လုပ်ချပစ်လိုက်တော့မယ့်ပုံဆိုတာ သိသာနေပါပြီ။ တစ်ခုခုဆိုလို့ ကတော့ ယုဟာ သမီးနဲ့ပတ်သက်လို့ ဆွေမျိုးတော်ချင်တော်ရ တော့မည့် မပုလဲဘက်ကပဲ ကာကွယ်ပေးရမလား။ လူပျိုကြီးအစစ်

ဟုဆိုသော ကိုမင်းရဲ့ညီမငယ်ကိုသာ ဘက်ပင်းကာကွယ်ရမလား။ (သူကလည်း ခုလိုပုံဆို ကိုယ့်အတွက် ဆွေမျိုးပြန်တော်လို့ရပြီ လိုလိုလေ ... နော။)

ဟိုဟာလုပ်ရမလား၊ ဒီဟာလုပ်ရမလားနဲ့။ ဘာမှလဲ ထိထိရောက်ရောက် လုပ်နိုင်မှာ မဟုတ်တာကို သေချာနေသည့် ကြားကပင် ယုမှာ ကြားညပ်နေရတဲ့ဘဝကို စိတ်ညစ်ဒုက္ခရောက်နေရမယ့်အစား ရင်ထဲမှာ တလှပ်လှပ်နှင့် ပျော်ရွှင်မော့ပါးလို့သာ နေရပါတော့သည်။ အထင်တွေ မှားနေတာလေ ...။ အထင်မှားနေမိတာ။ အမယ်လေး ... လက်မတင်ကလေး။

✦❤✦





ဒေါ်မြတ်ဦးနှင့် မင်းထွင့်တို့ကို အရင်ဦးအောင် လှမ်းတွေ့သွားပြီး "အမေဦး"ဟု စတင်လှမ်းခေါ်လိုက်သူမှာ တိုင်းကျော်သာလျှင် ဖြစ်ပါသည်။ သို့သော် ခေါ်သံကိုကြားပြီး လှည့်ကြည့်လိုက်သည့် ဒေါ်မြတ်ဦးက တိုင်းကျော်ကို မြင်မြင်ချင်းပင် ...

"ဟော့ ... မင်း ဘယ်မှရှောင်မယ် တိမ်းမယ် ပုန်းမယ်မစဉ်းစားနဲ့ ဘယ်မှလဲ ထွက်ပြေးဖို့ မကြိုးစားနဲ့၊ အဲဒီမှာပဲရပ်နေချေ"

တိုင်းကျော်မှာ ယောက်ဖလုပ်သူကလည်း အနားတင်ပါနေတာမို့ မျက်နှာကြီးကို မဲ့ရွဲ့ပစ်လိုက်ချင်သည့်စိတ်ကိုသာ အနိုင်နိုင်ထိန်းရင်း နှုတ်ကတော့ မပြောသာ ပြောသာကလေး မကြားတကြား ...

"ထွက်ပြေးမယ်၊ ပုန်းမယ်ဆိုရင် လှမ်းတောင်ခေါ်ပါ့မလား"

"ဒီမှာ မောင်တိုင်းကျော်၊ ဘယ်မလဲ ငါ့သမီးကျော့ကျော့"

"ကျွန်တော်လည်း အဲဒါပဲ လိုက်ရှာနေတာလေ အမေဦး"

"ဘာ ... ဒါဖြင့် ငါ့သမီးက ပျောက်သွားပြီပေါ့"

"အာ ... ကလေးမဟုတ် သူငယ်မဟုတ် ဘာကိစ္စ ပျောက်ရမှာလဲ၊ ဒီဝင်းထဲ တစ်နေရာရာမှာ ရှိနေမှာပေါ့"

"ဒါပေမဲ့ ဒီနေရာကြီးကို ငါ့သမီးက ဘယ်တုန်းက ရောက်ဖူးလို့လဲ၊ ငါတောင် ခုမှ ပထမဆုံးအကြိမ် ရောက်ဖူးတာ။ ကလေးမဟုတ်လည်း မရောက်ဖူးတဲ့နေရာမျိုးကို တစ်ယောက်တည်း ရောက်နေရတဲ့ဥစ္စာ"

သမီးဖြစ်တဲ့သူဟာ ဒီလိုနေရာ ဒီလိုအခြေအနေနဲ့ ယောကျ်ားလုပ်သူကိုလည်း စိတ်တိုနေသေးတယ်ဆိုရင် စိတ်က ပုံမှန်ပကတိ၊ ခပ်အေးအေး မဖြစ်နိုင်တော့ဘဲ ခပ်ဖောက်ဖောက် လည်း ဖြစ်နေနိုင်သေးတဲ့အတွက် ပိုတောင်ပူစရာကောင်းသေးတယ် ဆိုတာမျိုးကိုတော့ ကိုယ့်စိတ်ထဲပဲ ရှိစေလျက် ဒေါ်မြတ်ဦးက သမက်ဖြစ်သူကိုတော့ ဘယ်တော့မှ ဖွင့်ပြောလိမ့်မည်မဟုတ်ပါ။

"သူ့မှာ ဖုန်းတော့ပါနေလိမ့်မယ်နဲ့တူတယ်၊ ခေါ်ကြည့်လိုက်ရင်ကော"

"ဘာ ... ! မင်းက အခုမှ အဲဒီအကြံကိုရသလား။ ဒါလား ပျောက်နေတဲ့သူကို ရှာနေတဲ့သူ။ မင်းသာ တကယ်ရှာနေရင် ဒီစိတ်ကူးကို အစောကတည်းက ရရမှာပေါ့။ အဲဒါ မင်း တကယ်ရှာမနေလို့ပဲ။ ငါနဲ့တန်းတိုးမှ ကျွန်တော်လည်း လိုက်ရှာနေတယ်လို့ မင်းက လွယ်လွယ်နဲ့ ဖြီးလိုက်တာ မဟုတ်လား၊ တကယ့်တကယ်က မင်း ဘာလုပ်နေတာလဲ"





ဒေါ်မြတ်ဦးက ပြောပြောဆိုဆို ဟိုဟိုဒီဒီ လှည့်ပတ် အကဲခတ်ရင်း ပုလဲကိုပဲဖြစ်ဖြစ် တခြားမသင်္ကာစရာကောင်းမည့် မိန်းမတစ်ယောက်ယောက်ကိုပဲဖြစ်ဖြစ် တိုင်းကျော်ရဲ့အနီးပတ် လည်တစ်ဝိုက်မှာ ရှာဖွေကြည့်နေပါတော့သည်။

"ကျွန်တော်တို့ ခေါ်ကြည့်ပြီးပြီ ကိုတိုင်းကျော်၊ သူကဖုန်း မကိုင်ဘူး"

"မကြားတာလည်း ဖြစ်နိုင်ပါတယ် ကိုမင်း၊ သူကဖုန်းကို သူ့ပိုက်ဆံအိတ်ကြီးထဲမှာ ကြိုကြိုကြားကြား ချောင်ဂလောင် ထဲကို ပစ်ထည့်ထားတတ်တာမျိုးဗျ"

"ဟော့ ... ဟော့ ... စကားရော ဖွဲ့ရော လုပ်မနေနဲ့။ ငါ့ သမီးပျောက်နေတဲ့ကိစ္စက ဘယ်လိုလုပ်မလဲ။ ခုပဲ ငါးနာရီ ခွဲ ရှိနေပြီ။ ခဏကြာနေဆို မှောင်လာတော့မယ်၊ မင်း ဘာလုပ်မှာလဲ"

"ဒီလိုပဲ ဖုန်းကိုလည်း အဆက်မပြတ် ခေါ်ကြည့်နေရင်း နဲ့ လူစုခွဲပြီး လှည့်ပတ်ရှာ ..."

"ဘာလူစုမှ မခွဲဘူး။ ခွဲချင်းခွဲလည်း ကိုမင်းသာ သူ့တစ် ယောက်တည်းခွဲပြီး လှည့်ပတ်ရှာချင်ရှာပေ့စေ။ မင်းကတော့ ငါနဲ့ပဲ ပူးပေါင်းပြီး ရှာရမယ်။ မင်းကို ငါက မျက်နှာချင်း ဆိုင်တွေ့ပြီးမှတော့ ပြန်လွှတ်လိုက်မယ် ထင်နေသလား။ မရဘူးဟော့နော်၊ ဒီမှာ မောင်တိုင်းကျော်။ မင်း ချိန်းထားတဲ့ မိန်းမနဲ့ မင်းထင်ရာလုပ်ပြီး လှည့်ပြန်လစ်လို့ရအောင် ငါ့ ကို တစ်ပတ်ရိုက်ထားခဲ့မယ်တော့ မကြံနဲ့"

တိုင်းကျော်မှာ စိတ်ပျက်လက်ပျက်နှင့် "ကျွတ်"ခနဲ တစ်ချက်မြည်တမ်းကာ ခေါင်းခါယမ်းရင်း သက်ပြင်းကြီးသာချ လိုက်မိစဉ် မင်းထွဋ်က ယောက်ဖလုပ်သူကို အားနာစိတ်နှင့် "အမေ့"ဟု တစ်ခွန်း သတိပေးသလို ဆိုလိုက်ပါသည်။

"ကိုမင်း ... မင်းဘာသာ ငါးတစ်ကောင်လို ရေထဲချည်း နေနေတဲ့ကိစ္စ။ ဒီမှာ ဘာတွေဖြစ်နေတယ်၊ ကိုယ့်ညီမလေး ဘယ်လိုခံစားနေရတယ်။ ဘာမှမသိဘဲနဲ့ ဘာမှဝင်မပါချင်နဲ့။ မင်းညီမခမျာ အခုလို ယောက်ယက်တွေ ခတ်နေရတာ ဒီကောင် မကောင်းလို့။ အဲဒီ မင်းယောက်ဖကို မင်းက ဘာများမှတ်နေသလဲ။ ခြေမငြိမ်လိုက်တာမှ။ ခုနက ငါတို့ ကိုတွေ့လို့ တစ်ချိုးတည်း ထွက်ပြေးတဲ့ဟာမလည်း သူ နဲ့ပဲ။ အဲဒီဟာမ မဟုတ်တဲ့ ဒီ့ပြင်တစ်ယောက်လည်း ရှိ သေး"

ဒေါ်မြတ်ဦးမှာ စိတ်လိုက်မာန်ပါတွေနဲ့ ပြောနေရင်း က တစ်စုံတစ်ခုကို ပြောနေရင်း မတ်တတ်ကပင် သတိရသွားရ ကာ ပြောလက်စ စကားကို "ဟော"ခနဲ အဆုံးသတ်ပစ်လိုက် ရင်း ...

"ဟော ... ဟော ... ကြည့်စမ်း ... ကြည့်စမ်း၊ စောစော ကလေးက တစ်ယောက်လေ၊ ခုတင်ကတစ်ယောက်။ ကိုမင်း ... မင်းနဲ့လည်း သိသလိုလို တစ်ယောက်ဟာလေ၊





အဲဒါ ဘယ်သူလဲ။ အဲဒီတစ်ယောက်လည်း သူ့တစ်ယောက် ပဲ။ ကြည့်စမ်း ... ဘုရား ... ဘုရား ... ငါ့သမီးလေး ပျာယာခတ်လှပြီလား ထင်ပါတယ်။ လက်စသတ်တော့ သင်းက ဒီတစ်နေ့ရာတည်းတင် ဟောတစ်ယောက်၊ ဟော တစ်ယောက်။ ဒီနားတစ်ယောက်၊ ဟိုနားတစ်ယောက် ချိန်းတွေ့နေတော့တာကိုး"

ခုနကတော့ သမီးဇောနဲ့ ဘာမှစိတ်ထဲမရှိခဲ့တဲ့ ဒေါ်မြတ်ဦးဟာ ခုလောလောဆယ်လေး "ဖျတ်"ခနဲ ထပေါက်သွား တဲ့ အတွေးစိတ်ထဲမှာ ယုရဲ့ပုံစံကို ရှင်းရှင်းပြတ်ပြတ်ကြီးပင် ပြန်စဉ်းစားလိုက်မိနိုင်ပါပြီ။ ဟိုကောင်ကလေးလေ။ စစ်ဆိုတဲ့ ကောင်ကလေး။ "ငရဲကြီးမယ်နော်"လို့ ခြိမ်းခြောက်လိုက်တော့ တူအရင်းကိုယ်တိုင်က ဦးလေးလုပ်သူရဲ့ မကောင်းကြောင်းကို ခရေစေ့တွင်းကျ ချက်ကျလက်ကျ နတ်သံနှော၊ သတင်းပေး၊ အကုန်ဖော်သွားခဲ့တာလေ။

အမယ်လေး ... ခုမှပဲ ကွက်ကွက်ကွင်းကွင်းနဲ့ မျက်ဝါးထင်ထင်ကြီး ပြန်မြင်လိုက်ရသလို ရှင်းရှင်းလင်းလင်း သဘောပေါက်သွားပါရဲ့။ ဟုတ်ပါရဲ့။ အဲဒီတစ်ယောက်လေ။ ကောင်လေး ပြောပြသွားတာ အဲဒီပုံပဲပေါ့။ ပါးစပ်နဲ့တင် ပုံဖော် ပြသွားတာ ဖြစ်သော်လည်း ဒီလောက် တိတိကျကျ ထပ်ချမတ်ချ ဖြစ်နေတာ အဲဒီတစ်ယောက်ပဲမို့လို့ပေါ့။

"အမေ ... ဘာတွေလျှောက်ပြောနေတာလဲ အမေရာ"

"ငါ့ကို စိတ်ပျက်သံကြီးနဲ့ လာခေါ်မနေနဲ့၊ ခုနက မင်း ငါနဲ့မိတ်ဆက်ပေးမယ်ဆိုလား၊ အဲဒီတစ်ယောက်က ဘယ်သူ"

"ဩော် ... အဲဒါက ဘာဆိုင်လဲ၊ သပ်သပ်ပဲ"

"သပ်သပ်မသပ်သပ် ဘယ်သူလဲ၊ အဲဒီတစ်ယောက်နာမည်က"

"သူက ... ယု တဲ့။ ဒါပေမဲ့ မဆိုင်ဘူးလေ"

"မင်း မသိရင် ပါးစပ်ပိတ်နေ၊ အဲဒါလည်း သူ့ဟာမဟုတ် သူနဲ့ ဖြစ်နေကြတာပဲ"

စတွေ့ကတည်းက လက်ညှိုးငေါက်ငေါက်ထိုးပြီး ထင်ရာမြင်ရာတွေ စွပ်စွဲအော်ဟစ်နေတော့တဲ့ ယောက္ခမကြီးကို ဘာမှပြန်ပြောချင်စိတ် မရှိတော့လို့ ငြိမ်ပဲနေလိုက်တော့သည် တိုင်းကျော်လည်း ခုမှ အထိတ်တလန့်နှင့် "ဗျာ"ခနဲ ထအော်မိ ရပါပြီ။ ခုနကတော့ "ဘာပြောပြော၊ သူပြောနေတာတွေ ငါမဟုတ်ရင် ပြီးတာပဲ"ဟုသာ သဘောထားထားတာလေ။ "ဇနီးဖြစ်သူ ကျော့ကျော့ရဲ့ သိပ်မှုမမှန်လှတဲ့ တစ်ဖက်စွန်း အစွန်းရောက်စိတ် ဓာတ် (Eccentric)ခပ်ကြောင်ကြောင် ဖြစ်နေခြင်းဟာ သူ့အမေ ကြီးဆီက ရလာတဲ့ မျိုးရိုးပါ ဗီဇအမွေပဲ ဖြစ်မှာပဲ"လို့တောင် ခံယူထားလိုက်ပြီးသား။





ခုဟာကတော့ ငြိမ်နေလို့ ဘယ်ဖြစ်ပါတော့မလဲ။ "ယု"တဲ့။ ဘုရား ... ဘုရား။ ဒါဖြင့် ဟိုတစ်ယောက်ပေါ့။ အစ က တူတောင်မောင်ရဲ့ မဒီကြီးအဖြစ် အထင်မှားနေရရာက အော် ကိုမက်တစ် ယောက္ခမလောင်း ဖြစ်သွားတဲ့ တစ်ယောက်ပေါ့။ ဘကယ့်ချောက်ပေါက်နဲ့မှ လာတစ်လွဲအထင်မှားနေရတယ်လို့။

နေ ... နေပါဦး။ ဒီအဘွားကြီး အဲဒီလို မဟုတ်က ဟုတ်က(-) တစ်လွဲတွေ လျှောက်ပြော သတင်းဖြန့်နေလို့ပဲ ဟိုကလေးမလေး အထိပါ သတင်းကပျံ့ပြီး ကောင်မလေးခမျာ အဲဒီလိုပဲလို့ တကယ် ထင်နေရှာတော့တာများလား။

"ပေါက်ကရ အမေဦးရာ၊ လုံးဝပေါက်ကရ။ တစ်လွဲ။ အမှားကြီး"

မင်းထွင့်မှာကား ဒီတစ်ခါတော့ အမေ့စကားကို နာခံတတ်တဲ့ သားလိမ္မာမို့ ပါးစပ်ပိတ်သွားရခြင်းမျိုး မဟုတ်ဘဲ "ဘာတွေလဲ"ဟု သံသယစိတ်ကြီးက ဝင်သွားသည်မို့ ခပ်မဆိတ် နေလိုက်ခြင်းသာ ဖြစ်ပါသည်။

ပါးစပ်ပိတ်ထားပေမယ့် မျက်လုံး နဲ့ဦးနှောက်ကို တော့ မပြတ်တမ်း အလုပ်ပေးထားကာ အမေနဲ့ ယောက်ဖဖြစ်သူ ကို တရစပ် အကဲခတ်လျက်ရှိသည်။

ယုလိုမိန်းမမျိုးကို စွဲမယ့်သာ စွဲလမ်းမိ၊ မြတ်နိုးမိရတာ "ယုံကြည်ရပါ့မလား"ဆိုတဲ့ သံသယစိတ်ထားကလည်း အမြဲဒွန် တွဲနေခဲ့ရတာ မဟုတ်လား။ ကျော့ကျော့လို မိန်းကလေးမျိုးကို

မချစ်မနှစ်သက်ဘဲ မိဘအသိုင်းအဝိုင်းရဲ့ အစပ်အဟပ်နဲ့ အိမ်ထောင်ဖက်ထားရတဲ့ ယောက်ဖတော်ကို အနည်းငယ်မျှလောက် ဟိုဟိုဒီဒီ စိတ်ယိုင်ဖွဲဖောက်ချင်လျှင်တောင် မင်းထွဋ်က "ငါ့ညီမကိုအပြီး သတ်ကျ ကန်မထုတ်၊ ကွာမပစ်ရင်ပြီးရော"ဟု ကြည့်ကျက်နား လည်ပေးမိချင်ပါသေးသည်။ သို့ပေမဲ့ ... ခုဟာကကျတော့ "ယု" နဲ့ဆိုပါလား။

မပြောနိုင်ဘူးလေ။ မင်းထွဋ်လို နိုင်ငံတကာလှည့် နေရတဲ့ သဘောအရာရှိတစ်ယောက်နဲ့စာရင် ကိုယ့်နိုင်ငံထဲတင် အခြေကျ တောင့်တင်းနေတဲ့ စီးပွားရေးသမားတစ်ယောက်ရဲ့ ဝင်ငွေနဲ့ ပိုင်ဆိုင်မှုတို့က အပုံကြီး သာချင်သာနေမှာပေါ့။ ယောက်ဖ ဟာ တကယ်ပဲ "ယု"နဲ့ ဖောက်ပြန်နေသလား။ ယုဟာ အဲဒါ ကြောင့်ပဲ မင်းထွဋ်ကို အခြေအမြစ်မရှိတဲ့ "မယားတွေ သားတွေ နဲ့" ဘာညာ စွပ်စွဲပြီး အပြုတ်ဖြုတ်လေရော့သလား။

"မင်း မငြင်းနဲ့၊ လူကြီးကို မလိမ်နဲ့၊ ငါက အတိအကျကို သိတာ"

"ဒါဖြင့် အမေဦးရဲ့ အဲဒီအတိအကျ ဆိုတာကို သက်သေ ပြလေ"

မင်းထွဋ်မှာ ယောက်ဖဖြစ်သူရဲ့ ဂျစ်ကန်ကန် ရွှတ် ဆတ်ဆတ် လေသံကို မကြိုက်လှသော်လည်း ကိုယ်တိုင်ကလည်း "သတင်းအတိအကျဆိုတာကို သက်သေပြနိုင်တယ်"ဆိုရင် သိချင် နေတဲ့သူ ဖြစ်နေတာမို့ ငြိမ်သွားရာကနေ ဝင်ပြီး ...





"ဟုတ်သားပဲ၊ အမေ တကယ်သိတယ်ဆိုရင် ဘယ်ကသိ သလဲ၊ ဘယ်လိုသိသလဲ သေချာပြောလိုက်လေ။ မဟုတ်ဘဲ ပြောမိတာမျိုးဆိုရင် ဘယ်ကောင်းမလဲ"

"ဒီ့ထက်မလွဲနိုင်တာတော့ မရှိတော့ဘူး၊ သူ့တူအရင်းကိုယ် တိုင်က ပြောပြထားတာပဲ။ ငါက ကလေးကို သားဆီက သိရတယ်လို့ မင်းဦးလေးကို ပြန်မပြောပါဘူးလို့ ကတိခံ ထားမိလို့သာ ပြန်မပြောချင်တာ"

မင်းထွဋ်ရဲ့အကြည့်တို့က တိုင်းကျော်ပေါ်သို့ စိုက် ရောက်လျက်ရှိသည်။ တိုင်းကျော်မှာတော့ "ဟိုက်"ခနဲပင် ဖြစ် သွားရတော့ကာ "စစ် ... စစ် ... အင်း"ဟု သွားစေ့ အံကြိတ်သံ ကြီးနှင့်သာ ရေရွတ်လိုက်မိပါတော့သည်။ ငါ့ကို ကောင်းကောင်း ကို ရိုက်ချပစ်ခဲ့တာပေါ့လေ။ ကောင်းရောပေါ့ကွာ။ ပိုင်လိုက်တဲ့ ဆိုရောက်လိုက်တဲ့ ရိုက်ချက်။ အင်း ... အင်း ...။

"ဒီလိုပါ ကိုမင်းရာ၊ ကျွန်တော်နဲ့ အဲဒီတူတော်မောင်နဲ့ က မတည့်အတူနေတွေပါ။ ဒီကောင်ဟာ သူနဲ့မတည့်တဲ့ ဦးလေးကို ချောက်ချချင်ရင်တောင် သူ့ယောက္ခမလောင်း ကိုတော့ ဒီလိုထည့်ပြောပစ်လိုက်ဖို့ မကောင်းပါဘူး။ ဘာ အကြံနဲ့လဲတော့ မပြောတတ်ဘူး။ တကယ်တော့ သူပြော သလို ဟုတ်နေဖို့နေနေ သူ့ကိုအုပ်ထိန်းရင်းက ကျွန်တော်နဲ့ အဲဒီ ဒေါ်ယုယု ဆိုတဲ့ ဒီကောင့် ယောက္ခမလောင်းနဲ့က ပြဿနာတွေပဲ အကြိမ်ကြိမ် တက်နေရတဲ့သူတွေပါ။ ဒီ

ကောင်ဟဲ့လေ … တကယ့်ကောင်ပါလား။ ပြောမယ့်ပြောတော့လည်း အမေဦးကိုမှ သွားပြောလိုက်တယ်လို့”

တိုင်းကျော်မှာ အဘွားကြီးနဲ့စာရင် ယောက်ျားချင်းကလည်းဖြစ်၊ အမေတွေ ညီမတွေနဲ့မတူဘဲ နည်းနည်းလည်း စိတ်ထားမှန်မယ့်ပုံရသော မင်းထွဋ်ကိုပဲ ဦးတည်ကာ ရှင်းပြနေရပါလေတော့သည်။

✦❤✦





“ကျော့ကျော့”

တိုင်းကျော်က ကျော့ကျော့ရဲ့လက်တစ်ဖက်ကို ဝင်တွဲလိုက်ချိန်၌ နောက်ဘေးတစ်ဖက်မှာတော့ ဒေါ်မြတ်ဦးက အလိုက်သင့် ဝင်ကပ်ရပ်လိုက်ပါသည်။

“ကိုကို … ဒီမှာ ဒီမိန်းမက ရှိရှိသမျှ လူအားလုံးကို သိမ်းကျုံးပတ်ယမ်းပြီး စော်ကားနေတာ။ သူ ဒီလိုဆက်လုပ်နေရင် ကျော့ကျော့က ကိုကို့မျက်နှာလည်း ထောက်မနေနိုင်ဘူး၊ ဘယ်သူ့မျက်နှာမှ မထောက်နိုင်ဘူး”

“အေး … အေး … ဟုတ်ပြီ၊ ပစ်ထားလိုက်၊ သူ့ကိုခေါင်းထဲက ထုတ်ထားလိုက်တော့၊ ကိုယ်တို့ ပြန်ကြမယ်”

“ပြန်ကြစို့ သမီးရယ်”

“မေမေကရော ဘယ်လိုလုပ် ရောက်လာရပြန်တာလဲ၊ မေမေ့ဘာသာ မေမေ ပြန်လေ၊ ကျော့ကျော့က ဒီမှာ ကိုကို နဲ့ စာရင်းရှင်းစရာ ရှိသေးတယ်၊ ကျော့တို့ကိစ္စက မပြတ် သေးဘူး၊ ကျော့တို့ ခဏနေခဲ့ဦးမယ်”

"မဟုတ်ဘူး ကျော့ကျော့၊ ကိုယ်ကပြန်မှာ"

"ကိုကိုက ပြန်မယ်ဆိုရင် သူက ဘယ်လိုလုပ်မှာလဲ၊ ဒီမှာ သူက ကိုကိုလှမ်းခေါ်လိုက်လို့သာ ရောက်လာတာလို့လို့ ပြောနေတာနော်"

"မခေါ်ပါဘူး၊ မခေါ်ဘူး၊ ကိုယ်က ကိုယ့်ကိစ္စနဲ့ကိုယ်၊ မပုလဲက သူ့သားကိစ္စနဲ့ ဒီရောက်လာတာ၊ သပ်သပ်စီပဲ"

"အဲဒါဆို ဘယ်လိုလုပ် သပ်သပ်စီ ဖြစ်မလဲ။ ခုနက မယု နဲ့ ကိုကိုနဲ့ စကားများနေကြတာလည်း အဲဒီကိုကို့တူနဲ့ မယုသမီးနဲ့ကို ကိုကို့ဘက်က သဘောမတူနိုင်ဘူးဆိုတဲ့ ကိစ္စကြောင့်နဲ့ပဲ စကားများနေကြတာပဲ မဟုတ်လား။ ဒီ ကောင်လေးတစ်ယောက်ကြောင့်ပဲ ကိုကိုတို့နှစ်ယောက်လုံး ဒီရောက်လာကြတာဆိုရင် ဘယ်လိုလုပ် သပ်သပ်စီ ဖြစ်နိုင်မလဲ"

"မဟုတ်ဘူးလေ၊ အဲဒါကတော့ တစ်ယောက်နဲ့တစ်ယောက် နည်းနည်း အထင်မှား အမြင်မှားလေးတွေ"

သောင်းကျန်းပေါက်ကွဲပစ်လိုက်ဖို့ အဆင်သင့်ဖြစ်နေသည့် ကျော့ကျော့ကို တိုင်းကျော်က ခပ်တိုးတိုး ချော့မော့ ဖျောင်းဖျနေဆဲမှာ၊ ကျန်တဲ့လူတွေကတော့ တစ်ယောက်နဲ့ တစ်ယောက် လှည့်ပတ်အကဲခတ်လို့ နေကြပါသည်။ မင်းထွဋ်က ယု နဲ့တိုင်းကျော်တို့ရဲ့ ဆက်ဆံပုံ၊ ကြည့်ရှုပုံ၊ မျက်နှာချင်းဆိုင်ပုံတွေ ကို မပြတ်အကဲခတ်လျက်ရှိပြီး၊ ပုလဲကတော့ အုပ်စုတောင့်လွှန်း





သွားပြီဖြစ်တဲ့ မူမမှန်မိသားစုသုံးယောက်စလုံးကို တရစပ် အကဲ ခတ်ရင်း ပြေးပေါက်ရှာနေပါသည်။ တစ်ဖက်ကလည်း ကျော့ကျော့ ရဲ့စကားကြောင့် တိုင်းဟာ သားနဲ့ဟိုကလေးမလေးကို ဘာ့ကြောင့် များ သဘောမတူ ဖြစ်သွားရပြန်ပါလိမ့် ဆိုတဲ့ သိချင်စိတ်တွေ အပြည့်နှင့် ...။

ယုကတော့ ဒေါ်မြတ်ဦးနှင့်သာ မျက်လုံးချင်းဆုံမိ ကြရင် ယုဘက်ကစတင်ပြီး တရိုတသေလေး ပြုံးပြလိုက်တော့ဖို့ ရည်ရွယ်ဆုံးဖြတ်လိုက်ပြီးပြီဖြစ်ရာ ဒေါ်မြတ်ဦးနှင့် မျက်လုံးချင်း မဆုံ,ဆုံအောင် ကိုယ့်ဘက်ကပဲ မျက်တောင်မခတ် အဆက်မပြတ် လိုက်စိုက်ကြည့်လျက်ရှိပါသည်။

သမီးလေး မန်းမေကို စစ်ရဲ့မေမေ ဒေါ်ပုလဲက ၁မ်းသာအားရပင် "သဘောတူပါတယ်၊ တာဝန်ယူပါတယ်"ဟု ပြောလိုက်စဉ်က ကိုယ် ဘယ်လောက် ကြည်နူးသွားခဲ့ရသလဲ။ ဘယ်လောက် မင်္ဂလာရှိသွားလိုက်သလဲ။ ယုတုန်းကဆိုရင် ပထမ တစ်ချီကလည်း မန္တလေးက ဘိုးဘွားများက ခါးခါးသီး ကန့် ကွက်ဆန့်ကျင်ပစ်ခဲ့ကြဖူးတာလေ။ ခုတစ်ချီမှာတော့ ကိုမင်းအပေါ် ယုဘက်က အမြင်ရှင်းလင်း ကြည်လင်သွားနိုင်ပြီဆိုရင် ကိုမင်းရဲ့ အမေကြီးဆီက"သဘောတူပါတယ်"ဆိုတာမျိုး မဟုတ်တောင် တုံ့ပြန်အသိအမှတ်ပြုတဲ့ အပြုံးလောက်မျှ ပြန်ရလျှင်ပဲ ယုကကျေ နပ်နိုင်ပြီမို့ပါ။

"ဒီလိုဆိုရင် အစ်မတော့ ပြန်လိုက်တော့မယ် ညီမ"

ပုလဲက ယုကို ခပ်တိုးတိုး နှုတ်ဆက်လိုက်သည်။ ခုနေ သူတို့ချင်း ရှုပ်နေကြတုန်း မြန်မြန်ပြန်လစ်လိုက်တာကသာ ကိုယ့်အတွက် အလုံခြုံနိုင်ဆုံး မဟုတ်လား။

"ကားပါလာလို့လားဟင်၊ တက္ကစီနဲ့ပဲ လာတာဆိုရင် အဖော်ရအောင် အတူပြန်လိုက်ခဲ့ပေးရမလား"

ယုရဲ့စကားကို နားစွန်နားဖျား ကြားသွားသည့် ကျော့ကျော့က "မယု ... တက္ကစီနဲ့ တစ်ယောက်တည်း ပြန်ရမှာဆိုရင် ကိုမင်းကို လိုက်ပို့ခိုင်းလိုက်မယ်၊ ကိုမင်း ... ညီမလေးမိတ်ဆွေကို အိမ်ပြန်ပို့ပေးလိုက်ပါ"ဟု ဝင်ပြောလိုက်ပါသည်။ ကိုယ်လည်း ကားပါမလာဘဲ တက္ကစီနဲ့ တစ်ယောက်တည်းရောက်လာရတာမို့ ယုရဲ့အဖော်စပ်စကားကို လက်ခံလိုက်တော့ဖို့ ဟန်ပြင်လိုက်သည့် ပုလဲက ဝင်ပြောလိုက်သည့် ကျော့ကျော့ရဲ့စကားကြောင့် တွန့်ခနဲပင် ဖြစ်သွားရတော့သည်။ အမယ်လေး ... အဲဒီလူက ယုကို လိုက်ပို့မည်ဆိုလျှင် ပုလဲကတော့ ဘယ်နည်းနဲ့မှ ယုနဲ့အတူ အိမ်မပြန်နိုင်တော့ပါဘူး။

"နေပေ့စေ ညီမ၊ တစ်ယောက်တည်းပဲ ပြန်လိုက်ပါ့မယ်ဒါပေမဲ့ ..."

ပုလဲက ယုနား ပိုတိုးကပ်လိုက်ကာ ခပ်တိုးတိုးနှင့်_

"ခုနကတည်းက ဒီတစ်ယောက်က မမှန်ဘူးလို့ ပြောပြီးပြီနော်။ ညီမနဲ့လည်း အသိတွေပဲဟာ ညီမလည်း သိနေမှာပါ။ အဲဒါ ထပ်ပြောရဦးမယ်။ အဲဒီ မိန်းမတစ်ယောက်တင်





မကဘူးနော်။ အစ်ကိုလုပ်တဲ့သူရော၊ အမေကြီးပါ အားလုံး တစ်ပုံစံတည်း၊ တစ်သဘောတည်းချည်းပဲ။ သူ့ညီမက ထင်ရာပြောနေတိုင်း လက်ခံပြီး အဲဒီတစ်ယောက်က ပြန်ပို့မယ်ဆိုတဲ့ စကားကို လက်မခံလိုက်နဲ့။ စဉ်းစားဦး သိလား"

ယုမှာ မပုလဲရဲ့ စိုးရိမ်တကြီး စကားကို ရယ်ချင်သွားရတာရော၊ ယုဘက်က "အိုကေ"နေပြီ၊ ပြေလည်ငြိမ်းချမ်းနားလည်ပြီးပါပြီ ဆိုတာကို ကိုမင်း တစ်ယောက် သိပါစေတော့ ဆိုတဲ့ သဘောနဲ့ပါ မပွင့်တပွင့် လေသံကလေးနဲ့ ...

"မပုလဲ ... အဲဒါကလေ ... ဟို ... ကျွန်မရဲ့အမျိုးသားပါ၊ ဟိုသင်းလေ ... Boy friend ပေါ့၊ အဟင်း ... ဟင်း ..."

ပုလဲမှာ "ဟင်"ခနဲပင် ဖြစ်သွားရကာ "ဘယ့်နှယ်လဲ"ဟု တွေးမိသွားရချိန်၌ ခပ်တိုးတိုးပေမယ့် ဂုဏ်ယူသံကြီးတွေ အပြည့်အဝ ပါနေတဲ့ အဲဒီစကားကို သူတို့လည်း အတိအကျကြီးတွေပင် ကြားလိုက်ကြရတဲ့ ဒေါ်မြတ်ဦးနဲ့ တိုင်းကျော်တို့မှာ ယုကို ပါးစပ်အဟောင်းသားကြီးတွေနဲ့ ငေးစိုက်ကြည့်နေမိကြလျက်။

မျက်လုံးချင်း ဆုံခွင့်ရလိုက်ပြီဖြစ်သော ယုက ဒေါ်မြတ်ဦးကို နှစ်နှစ်ကာကာကြီး စပြုံးပြလိုက်လျှင် ဒေါ်မြတ်ဦးမှာ အယောင်ယောင် အမှားမှားနှင့် တန်ပြန်ပြုံးပြလိုက်မိပြီးမှ ...

"ကိုမင်း"

မြတ်စွာဘုရား။ ပုလဲလို မိန်းမမျိုးကိုပင် "ခုနစ်အိုး ရှစ်အိုး၊ ဆယ်အိုးနဲ့ ငါ့သားလူပျို" ဘာဘာညာညာ နှိုင်းယှဉ်ပြော ထားမိသော ဒေါ်မြတ်ဦးအဖို့ အနုကြုံမယ့်ကြုံရတော့ ကိုယ့်သမက်ရဲ့တူတော်မောင်ရဲ့ ယောက္ခမလောင်းဆိုတာက ကိုယ့်သားနဲ့ပြန်တွက်တော့ ကိုယ့်အတွက် ချွေးမလောင်းတဲ့။ ဘုရား ... ဘုရား။

"ကိုမင်း"

မင်းထွဋ်မှာ ယုရဲ့ အားလုံးရှေ့မှာ (အထူးသဖြင့် မင်းထွဋ်အတွက်ကတော့ တိုင်းကျော်ရဲ့ရှေ့မှာတင်) ရဲရဲဝံ့ဝံ့ ပြောချထည့်လိုက်တဲ့ လုပ်ရပ်ကို စိတ်တိုင်းကျ ကျေနပ်သွားရသော်လည်း ကိုယ့်အမေအကြောင်း ကိုယ်အသိဆုံးမို့ ယုကို လက်မတစ်ချောင်းထောင်ပြပြီး အားပေးဂုဏ်ပြုလိုက်ချင်တာကိုပင် ရဲရဲတင်းတင်း မြင်မြင်ထင်ထင်ကြီး မလုပ်လိုက်ရဲပါ။ လက်မကို ထောင်ကာ ကိုယ့်မေးစေ့ ကိုယ်ပြန်ကုတ်နေသလိုလို ဘာလိုလိုနှင့် ယုမြင်,မြင်အောင် လုပ်ပြနေမိလေသည်။

ပုလဲနဲ့ တိုင်းကျော်တို့ကတော့ တစ်ယောက်နဲ့တစ်ယောက်၊ မျက်ရိပ်မျက်ခြည်၊ မျက်မှောင်၊ မေးဆတ် စသဖြင့်တွေနဲ့ အသံတိတ် ဆက်သွယ်နေဖြစ်ကြသည်။ တိုင်းကျော်က ပုလဲကို ...

"ခင်ဗျားနဲ့ အဲဒီတစ်ယောက်နဲ့က ဘယ်တုန်းက ဒီလောက်ရင်းနှီးနေကြတာလဲ။ ကျုပ်ယောက်ဖနဲ့ အဲဒီတစ်ယောက်ရဲ့ကိစ္စကိုရော ခင်ဗျား ဘယ်လိုမြင်သလဲ"

လို့ မေးမြန်းချင်နေတာ။





ပုလဲကတော့ ...

"အစကတော့ တိုင်းပဲ အဲဒီကောင်မလေးက မဆိုးဘူးဆို။ ပြီးကျမှ သဘောမတူပါဘူး၊ ဘာညာစကားများကြရတယ်ဆိုတာ သူ့အမေ ဒီတစ်ယောက်ကို မကြိုက်လို့လား။ ဒီတစ်ယောက်က နောက်လူတစ်ယောက်နဲ့ ကြိုက်နေတယ်ဆိုတော့ ကောင်မလေးက အဖေမရှိတော့လို့လား။ တိုင်းရဲ့ယောက်ဖနဲ့ ဒီတစ်ယောက်နဲ့ ကြိုက်နေကြတာကိုရော တိုင်းက ကြိုသိထားသလား၊ ဟုတ်လား"

လို့ မေးကြည့်ချင်နေတာမျိုး ဖြစ်ပါသည်။

ကိုယ်က "ကလေးအမေ လေးဆယ်ကျော်ကြီး" နဲ့ မဟုတ်၊ "ရွယ်တူတန်းတူ အတန်းဖော်သူငယ်ချင်း" နဲ့ ဆိုတာနဲ့တင် ဝမ်းသာအားရ ဘုမသိဘမသိ "သဘောတူပါတယ်၊ တာဝန်ယူပါတယ်" တွေ လျှောက်လုပ်ထားမိပြီလေ။ တော်တော်ကြာကျသမီးကတော့ ဟုတ်ပါရဲ့။ အမေက လက်မခံချင်စရာစရိုက်နဲ့ဖြစ်နေတော့ ဘယ့်နှယ်လုပ်ကြမလဲ။

ခုတိုင်းဆိုရင်တောင် ဟိုမှုမမှန် မိသားစုထဲက အစ်ကိုလုပ်တဲ့သူနဲ့ ပုလဲတို့က ရေစက်ကို မလွတ်နိုင်သေး။ ယုနဲ့ပတ်သက်ရင် အဲဒါတွေနဲ့လည်း လှည့်ပတ်သွယ်ဝိုက်ပြီး တစ်နည်းတစ်ဖုံနဲ့ ပတ်သက်ရဦးမယ် ဆိုတာမျိုး တွက်ရရင် ထိုစိတ်မှန်ပုံမရတဲ့ လူတစ်ယောက်ဟာ ပုလဲရဲ့ခမည်းခမက်လောင်းလျာပေါ့။ အို ... စိတ်ကုန်လိုက်တာ။

ပုလဲနဲ့ တိုင်းကျော်တို့နှစ်ယောက်ရဲ့ မျက်ရိပ်၊ မျက်ခြည်၊ မျက်စ၊ မျက်နှတို့ကို ကျော့ကျော့က မြင်တွေ့သွားပါသည်။

"ဟင် ... မဟုတ်ဘူး၊ မဟုတ်ဘူးနဲ့ တွင်တွင်ငြင်းနေကြတာလည်း သူတို့။ ဒီလောက် ပတ်သက်ရာ ပတ်သက်ကြောင်း လူတွေတစ်ပုံကြီးရှေ့မှာတောင် လျှို့ဝှက်အချက်ပြ ဆက်သွယ်ပြီး မထိန်းနိုင် မသိမ်းနိုင်၊ မအောင့်အီးနိုင်ဖြစ်နေကြတာလည်း သူတို့။ ရှင် တော်တော်အမြင်ကတ်ဖို့ကောင်းပါလား ကိုကိုရဲ့။ မယု ... ရှင်ပဲ ကျော့ကျော့ကို သေချာပါတယ်လို့ ကတိတွေပေးထားတာလေ။ အခု ဒီကိစ္စက ဘယ်လိုလုပ်မှာလဲ၊ အဲဒါ ရှင်ပဲရှင်း"

အကျယ်ကြီး ထအော်ပစ်လိုက်ပြန်သည့် ကျော့ကျော့ကို တိုင်းကျော်မှာ ပါးစပ်ကို လက်ဝါးနှင့် ပိတ်အုပ်လို့လည်းမမီ။ အမေရှေ့၊ အစ်ကိုရှေ့မှာဆိုတော့ ဟိုအရင်တစ်ခါ မြို့ထဲကဆိုင်တစ်ဆိုင်မှာ လာဝင်ကြဲတုန်းကလို ချုပ်နှောင်ပြီး အတင်းဆွဲခေါ်ချသွားတာမျိုးလည်း လုပ်လို့မကောင်း။ တိုင်းကျော်ရော ဒေါ်မြတ်ဦးပါ ဘာလုပ်ရမှန်းမသိ ဒုက္ခတွေ ရောက်သွားကြရချိန်၌ ယုက ကျော့ကျော့ရဲ့ပခုံးတစ်ဖက်ကို တိုင်းကျော်ဆီကနေ အသာဆွဲယူလိုက်ကာ ခပ်ကျစ်ကျစ်ဖက်ရင်း လူစုနဲ့ဝေးရာသို့ တစ်လှမ်း နှစ်လှမ်း ဆွဲခေါ်သွားလိုက်ကာ ယုနဲ့ ကျော့ကျော့တို့ တီးတိုး တီးတိုး။





အဲဒီမြင်ကွင်းကို ဒေါ်မြတ်ဦးရော၊ တိုင်းကျော်ပါ တွေတွေကြီး ဆက်ငေးနေမိကြပါသည်။ ကျော့ကျော့ဟာ ယုနဲ့ဆိုရင် ရတယ်။ အဲဒီတစ်ယောက်ပြောရင် လက်ခံပုံပေါ်တယ်။ သူနဲ့ဆိုရင် ငြိမ်တယ်။ ဒေါ်မြတ်ဦးရဲ့အသည်းနှလုံးစိုင်ထဲမှာ တဖျပ်ဖျပ်နဲ့ ဘာကို ဝမ်းနည်းရမှန်းမသိ ဝမ်းနည်းလာရပါသည်။

ကိုယ်က အသက်ကြီးပြီ။ ကိုယ်မရှိနိုင်တော့ချိန်မှာ ဒီသမီးတစ်ယောက်ကို စိတ်ချလက်ချ ဘယ်သူနဲ့ ထားပစ်ခဲ့ရမလဲ။ အချိန်ထိတိုင်တော့ ရိုးသားနေဆဲဟု ဖွတ်ယူဆ ကျေးဇူးတင်နေရမည့် သမက်သူတော်ကောင်းနဲ့လား။ ကလေးငယ်တစ်ယောက်လို ခေါင်းတညိတ်ညိတ်နှင့် လိုက်နားထောင်နေရလောက်အောင် အပြောကောင်း၊ ချက်ချာ၊ လည်ဝယ်၊ ဦးဆောင်တတ်မယ့်ပုံရတဲ့ မိန်းမတစ်ယောက်ဆီမှာလား။

ကျော့ကျော့နှင့် ယုထံ အားလုံး အာရုံရောက်နေကြခိုက် အခွင့်ကောင်းချောင်းနေသည့် ပုလဲက သူတို့အားလုံးရဲ့အပါးကနေ "ဖျတ်"ခနဲ အသာလစ်ထွက်လာခဲ့ပါသည်။ စိတ်ထဲမှာလည်း ကိုယ့်သားနဲ့ သူ့သမီးကိစ္စကြီးကို ဘာဆက်လုပ်ရမှန်း၊ ဘာကို ဘယ်လိုဆုံးဖြတ်လိုက်ရမယ်မှန်း မဝေခွဲနိုင်စွာ၊ စိတ်တွေထွေပြားသျက်။ ခြေလှမ်းကို သွက်သွက်လှမ်းရင်း အဝင်ဝဂိတ်ဘက်သို့ ဦးတည်နေခဲ့တဲ့ ပုလဲရဲ့စိတ်တို့ကတော့ အနောက်ဘက်မှာကျန်ခဲ့တဲ့ ယုဆိုတဲ့ မိန်းမတစ်ယောက်ဆီသို့သာ ဦးတည်ပြီး တရစ်ဝဲဝဲကျန်ရစ်သည်။

အိမ်ထောင်တစ်ခု မအောင်မမြင်နဲ့ ပြိုကွဲပျက်စီးတဲ့ ဒဏ်ကို ပုလဲလို ဘယ်သူ့မှမဂရုစိုက်တတ်တဲ့ မိန်းမမျိုးပင် လိုမ့်နေအောင် ခံရသေးလျှင် သားလေးစစ်လို ကလေးမျိုးဟာ နည်းနည်းလောက် အနှောင့်အယှက်ရှိလျှင်ပင် ခံနိုင်ရည်ရှိရှာပါ့မလား။ ယုလို သာမန်မြင်တွေ့ကြုံနေကျ ယောက္ခမမျိုးတွေကနေ အသွင်ကွဲထွက်နေတဲ့ ယောက္ခမျိုးရဲ့သမီးနဲ့ ပတ်သက်ရတဲ့အဖြစ်ကိုကော (ကိုယ်တိုင်လည်း သာမန်ပုံမှန်တစ်ယောက်တော့ သိပ်မဟုတ်တဲ့) စစ်တစ်ယောက် အသားကျ နေပျော်နိုင်ပါ့မလား။

"မပုလဲ ... မပုလဲ"

ဘုရားရေ ...။ ဟိုလူ့အသံ။

"မပုလဲ"

ပုလဲမှာ ရုပ်ပျက်ဆင်းပျက် ထပြေးရင်တောင်မှ မလွတ်တော့မယ့်တူတူ စိတ်နှလုံး မကြည်သာစွာနဲ့ပဲ နောက်ဘက်ကို သမင်လည်ပြန် ငဲ့ကြည့်လိုက်ရလျှင် ကိုယ့်နောက်ကနေ ခပ်သွက်သွက် အပြေးလိုက်ပါလာတဲ့ မင်းထွဋ်နဲ့ ရင်ဆိုင်လိုက်ရပါချေတော့သည်။

"ကျွန်တော် တောင်းပန်စကားလေး ပြောချင်လို့ပါ"

စိတ်ကုန်လိုက်တာနော် ...။ စိတ်ဆင်းရဲလိုက်တာ။

✦❤✦





တကယ်တော့ စစ်နဲ့ မန်းမေတို့ဟာ အဝေးပြေး Experss ကားကြီးနဲ့ မန္တလေးအထိ လိုက်ပါမသွားဖြစ်ခဲ့ကြပါ။ ရန်ကုန်ထဲက ထွက်ခွာစကလေးမှာပင် နှစ်ဦးသား ညှိနှိုင်းပြေလည်သဘောတူညီမှုတွေရကာ ကားကိုရပ်ခိုင်းပြီး ကားပေါ်က အထုပ်တွေပါ ပြန်ချ၊ နှစ်ဦးသားဟာ ဆင်းကျန်နေရစ်ခဲ့ကြတာသာ ဖြစ်ပါသည်။ စစ်ရဲ့အိမ်က အခြေအနေတွေကို လောလောဆယ်ဆယ် အတိအကျ မသိနိုင်ကြသေးတာမို့ မန်းမေရဲ့အိမ်သို့ပဲ ပြန်လာခဲ့လိုက်ကြသည်။

မန်းမေတို့နှစ်ယောက်ကိုမြင်တော့ အိမ်ကအဘွားက ခပ်မဲ့မဲ့နှင့် ဆီးကြိုကာ ...

"ဒါက မန္တလေး မရောက်ဖြစ်တော့ဘူးပေါ့"

"မန်းမေ မန္တလေးသွားမှာကို အဘွားလည်း သဘောမကျဘဲနဲ့များ"

"ဒါဆိုလည်း ကောင်းပါလေ့အေ။ ညည်းအမေဟာ မဦးမချွတ် ချိုးချိုးဖွဲ့ဖွဲ့နဲ့ ကိုယ့်သမီးကိုယ် ယောကျ်ားနောက်ပဲ ပါသွားသယောင်ယောင် ငါ့ကို ပြောပြသွားလို့ပါ"

"ဟင် … မဟုတ်ပါဘူး အဘွားရယ်၊ ဒါဖြင့် မေမေလည်း အိမ်ပြန်ရောက်လာပြီပေါ့၊ ဟုတ်လား … အဘွား"

"ဒါပေမဲ့ မရှိဘူး"

"ဟင် … ဘာလဲ … အဘွားစကားကြီးက"

"ညည်းကို တစ်နေ့ကျ ရင်ဆိုင်နိုင်ဖို့ အမြဲအသင့်ပြင်ထားပါလို့ အဘွားပြောခဲ့ပါကောလေ၊ အဲဒါပဲ၊ ညည်းအမေဟာလေ ငါလည်းပြောမရပါဘူး။ ဒါဆိုဒါ။ ခုဆိုခု"

"ဟင် … ဟုတ်လား အဘွား၊ တကယ်လား၊ အဟုတ်ပဲလားဟင်"

မန်းမေရဲ့ ဝမ်းသာအားရ ကျေနပ်ရင်ခုန်သံကြီးကြောင့် အဘွားခမျာ မျက်စိမျှားပင် လည်ရပါသည်။ မြေးလုပ်တဲ့သူက လိမ်လိမ်မာမာနဲ့ အိမ်ပြန်ရောက်လာခဲ့တဲ့အချိန်မှာ သမီးလုပ်တဲ့လူက ပြောမရ တားမရ တစ်ဇွတ်ထိုး မျက်ကန်းဆန်ဆန် လုပ်ချင်ရာ သွားလုပ်နေတဲ့ကိစ္စကို အဘွားနဲ့မြေးပေမယ့် အဘွားမှာ မြေးမငယ်ကို အပြောရခက်၊ ထွက်ဖို့အားနာ ရှိရပါသည်။ ဒါပေမဲ့ မြေးမက အဘွားစကားကြောင့် ဝမ်းနည်းအားငယ်သွားရမယ့်အစား ကျေကျေနပ်နပ်ကြီးပင် ခုန်လို့ပေါက်လို့ပါလား။

"ဘယ်သူနဲ့တဲ့လဲဟင် … အဘွား"

"ဘယ်သူနဲ့မှန်း မသိဘဲနဲ့တောင် ညည်းက ဘာကြောင့် ဒီလောက် ခုန်ပေါက်နေရတာလဲ"





"မေမေ့ကို အခြေတကျနဲ့ စိတ်ချမ်းသာ ပျော်ရွှင်နေတာပဲ မြင်ချင်တာကိုး အဘွားရဲ့"

"လိုက်လည်းလိုက်တဲ့ သားအမိတော်။ ဦးမင်းထွဋ်တဲ့။ တစ်နေ့ တစ်ရက်တောင် မဆိုင်းနိုင်ပါဘူးဆိုပြီး ဒီအချိန်ကြီးကျကာမှ ရုံးကိစ္စတွေ၊ စာချုပ်စာတမ်းကိစ္စတွေ ပြေးလွှားစီစဉ်နေကြလေရဲ့။ မနက်ဖြန်ခါကျ လက်မှတ်ထိုးဖြစ်ကြမယ်တဲ့"

မန်းမေမှာ မေမေ့အတွက် ဝမ်းသာကျေနပ်နေပေမယ့် အံ့သြသလိုကြီး ဖြစ်နေတဲ့ စစ်ကို ရင်ဆိုင်ရမှာကိုတော့ ခပ်ရှက်ရှက်နှင့်ပင်။

"ကိုစစ်ကို ပြောဖူးသားပဲဟာ၊ မေမေက နောက်အိမ်ထောင်ပြုတော့မှာပါဆို၊ မန်းမေတို့နှစ်ယောက်ကို နှစ်ဦးသဘောတူ ထွက်သွားကြပြီလို့ ထင်လို့ မေမေက နောက်ဆံမတင်းတော့ဘဲ သူ့ကိစ္စကို ချက်ချင်း ကောက်စီစဉ်လိုက်တာ ဖြစ်မှာပေါ့"

"ဟုတ်ပါပြီ၊ ဒါပေမဲ့ ဦးမင်းထွဋ် ဆိုသလားလို့ပါ"

"ဘာဖြစ်လို့လဲ"

"နာမည်တူနေတာ မဟုတ်ရင်တော့ အဲဒါ ဦးလေးမိန်းခရဲ့ အစ်ကိုပဲ"

"ဟုတ်လား၊ ဒါဖြင့် ကိုစစ်နဲ့ အကြောင်းသိတွေပေါ့၊ သူတို့က ကောင်းကြသလားဟင်"

"အစ်ကိုတော့ မပြောတတ်ဘူး၊ ညီမကတော့ ..."

စစ်က ပခုံးကို တစ်ချက်တွန့်ပြလိုက်သည်။

"ဟင် ... ! ဆိုးတယ်ပေါ့"

"အမယ်လေး ... မပူနဲ့မြေးရေ၊ ယောက်မလျောင်းဆိုတာပါ၊ ပါလာပါရဲ့။ ညည်းအမေနဲ့ လက်ထပ်မှာ သူလားတောင် ထင်ရတယ်။ အားလုံးထဲမှာသူ အပျော်ဆုံးပဲဖြစ်နေတာ။ ကျော့ကျော့ ဆိုတာကို ပြောနေတာ မဟုတ်လား။ အမယ်လေး ... လုံးဝမပူနဲ့ ... မပူနဲ့"

မန်းမေရဲ့မျက်နှာကလေးက ဝင်းပပနှင့် ရွှန်းမြလို့နေသည်။ စစ်ကလည်း ပြုံးစေ့စေ့ ဖြစ်လာကာ ...

"သူ့မိန်းမရဲ့အစ်ကိုရဲ့မိန်းမ။ ဟား ဟား ... လေးလေးတော့ ဘယ်လိုမှ ဂျစ်တိုက်ငြင်းဆန်လို့ မရတော့ဘူး။ သူ့မိန်းမက သူ့ကို မလှုပ်နိုင်အောင် ဟောသလိုလေး ကိုင်ထားပါလိမ့်မယ်"

"ကိုစစ် ... ဒီလိုဆို အိမ်ပြန်လိုက်တော့လေ"

"အင်း ... ပြန်လိုက်တော့မယ်၊ နက်ဖြန်ခါကျ လက်မှတ်ထိုးပွဲ ရှိတယ်ဆိုရင် လိုက်သွားမှာလား"

"ဟုတ် ...။ လိုက်လိုက်ရင် ကောင်းမယ်ထင်တယ်နော်"

"မန်းမေ လိုက်ဖြစ်မယ်ဆိုရင် ကျွန်တော်လည်း လေးလေးကိုပြောပြီး ဧည့်သည်အနေနဲ့ လိုက်ခဲ့လိုက်မယ်လေ၊ ရလား"





"ရမှာပေါ့၊ မန်းမေ မေမေ့ကို ပြောထားမယ်လေ။ ဘယ်ချိန်လောက် သွားကြမယ်၊ ဘယ်မှာလုပ်ဖြစ်မယ် ဆိုတာတွေ ကိုစစ် ဦးလေးကိုပဲ မေးကြည့်မလား၊ မန်းမေပဲ ကိုစစ်ဆီ ဖုန်းပြန်ဆက်ပေးရမလား"

"မန်းမေ ဆက်ပေးပေါ့၊ ညကျရင် ဖုန်းပြောကြမယ်နော်"

"ဟုတ်"

အဘွားက ကလေးနှစ်ဦးကို ပြုံးပြုံးကြီးပင် စိုက်ကြည့်နေတာမို့ စစ်မှာ မန်းမေရဲ့လက်ဖျားကလေးကို ကိုင်ဆုပ်နှုတ်ဆက်ခွင့်၊ နဖူးကလေးကို တစ်ချက်လောက် ရှိုက်နမ်းပြီးနှုတ်ဆက်ခွင့်။ ဆန္ဒတွေအားလုံးကို အသာအယာပဲ မျိုချသိမ်းဆည်းလိုက်ရကာ လက်ကလေးပဲ တစ်ချက်ထောင်ပြ နှုတ်ဆက်လိုက်ရရင်း ...

"သွားပြီ မန်းမေ။ သွားပါဦးမယ် အဘွား"

✦❤✦

ဒေါ်ပုလဲ တစ်ယောက် ဘယ်လိုဆုံးဖြတ်ချက်မျိုးကို ယတိပြတ်ချနိုင်လိုက်ပါသလဲ။ မန်းမေလေး ညကျ စစ်ဆီ လှမ်းဖုန်းဆက်တဲ့အခါ ရှောရှောရှူရှူ လွယ်လွယ်ကူကူနဲ့ စစ်နဲ့တွေ့ခွင့်၊ စကားပြောခွင့်တွေ ရနိုင်ပါ့မလား။ နက်ဖြန်ခါ ဒေါ်ယုယုတို့ရဲ့ ပွဲကိုကော စစ်တစ်ယောက် လိုက်ပါလာခွင့် ရှိပါ့မလား။ ယုကတော့ ကံကောင်းသွားပြီ ဖြစ်ပေမယ့် မန်းမေဒါကော ဆက်ကံကောင်းနိုင်ပါ့မလား။

✦❤✦

ပုဏ္ဏမီ